

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com








1 April,
2010

www.burmeseclassic.com

www.burmeseclassic.com







"ကဲ ... အိပ်ပုပ်လေး၊ ထတော့လေ၊ မနေ့ကပြောခဲ့တော့ ဖြင့် ဒီနေ့ April 1 သံချိုလေးကို April Fool လုပ်ရမယ် ဆို"

ဂမုန်းသည် မျက်လုံးတွေကိုစုံမှိတ်၊ အိပ်ရာပေါ်မှာ ဟိုဒီလူးလိမ့်နေခိုက်မှာပင် ချစ်လှစွာသော အန်တီထွေးရဲ့အသံ ကြားမှ ကပျာကယာ ထထိုင်လိုက်မိသည်။

ဟုတ်သားပဲ။ ဒီနေ့ Best friend ကြီး သံချို့ကို Online ကနေ April Fool လုပ်ဖို့ စီစဉ်ထားခဲ့တာပဲ။ အန်တီထွေး က သစ်သီးရနံ့သင်းစေသော အဲဖရက်ရှာကို ဂမုန်းရဲ့အခန်းဝန်း ကျင်အနှံ့ လိုက်ဖျန်းပေးရင်း ...

"ထတော့ ... ထတော့ ... ဂမုန်း၊ ဘာ mail တွေ ရောက် နေလဲ ဖွင့်ကြည့်လိုက်ဦး၊ သံချိုလည်း အရင်ဦးအောင် April Fool လုပ်မထားဘူးလို့ မပြောနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... Thank you အန်တီထွေး၊ သမီးအိပ်ရာ ဒီတိုင်းထားထားနော်၊ ပြီးမှ ပြန်လာသိမ်းမယ်"

"အောင်မယ်လေးတော်၊ ကိုယ့်ကိစ္စသာ ကိုယ့်ဟာကိုယ်ပြီးအောင်လုပ်ပါ၊ နောက်ဆံတင်းမနေပါနဲ့"

ဂမုန်းက အဒေါ်ဖြစ်သူရဲ့ခါးကို တစ်ချက်ကလိထိုးကာ ကွန်ပျူတာထားရာအခန်းထဲသို့ အပြေးအလွှား ဝင်လာခဲ့ပါသည်။ ပြီးတော့ mail ဖွင့်သည့် အစီအစဉ်ကို ဦးဆုံးအကောင်အထည်ဖော်သည်။ Inbox ထဲ ဝင်ကြည့်တော့ မနက်အစောကြီးတုန်းက ပို့ထားနှင့်သော သံချို့ mail ကို တွေ့လိုက်ရသည်။

"ဟား ... ဒီမိန်းမ ငါ့ထက်ပိုပြီး လက်ဦးသွားပြန်ပြီ၊ ဘာတွေများ April fool ကြိုလုပ်ထားပါလိမ့်"

ဂမုန်း တစ်ယောက်တည်း ပွစိစိရေရွတ်ရင်း ချစ်သူငယ်ချင်းကြီးရဲ့ mail ကို ဖွင့်ကြည့်လိုက်ရာ ...

"ဂမုန်းရေ ...

ငါ့ကိုခွင့်လွှတ်ပါ သူငယ်ချင်းရယ်၊ မိဘတွေ သဘောမတူနင်လည်း သဘောမတူတဲ့ သူ့ကို ချစ်စိတ်တစ်ခုတည်းနဲ့ နှစ်ဦးသဘောတူ လက်ထပ်ဖို့ ဒီနေ့ ငါ သူနဲ့ခိုးရာလိုက်သွားပါပြီ၊ ငါတို့ ရုံးတက်ပြီးလက်မှတ်ထိုးမယ်၊ ပြီးမှ ရှေ့ဆက်လုပ်စရာရှိတာတွေ ညှိနှိုင်းတိုင်ပင်ပြီး လုပ်ကြမယ် ...

ဘာပဲဖြစ်ဖြစ် ငါ နောင်တမရပါဘူး၊ ဒါပေမဲ့ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်တဲ့ နင် ငါ့ကို နားလည်ပေးပါနော်၊

အခြေအနေတွေ ဘယ်လိုပဲ ခြားနားသွားပါစေ ...

နင်ကတော့ ငါ့ရဲ့ထာဝရအချစ်ဆုံး သူငယ်ချင်းပါပဲ ...

နင့်ရဲ့အချစ်ဆုံး ...

သံချိုသောင်း"

ဂမုန်းသည် ကိုယ့်မျက်လုံးပင် ကိုယ်ပြန်မယုံနိုင်ဖြစ်ကာ သံချို့ mail ကို နောက်တစ်ခေါက် ထပ်ဖတ်ကြည့်ပြန်သည်။ ဒုတိယအကြိမ်ဖတ်ပြီးမှ ခါးသီးဖွယ် အဖြစ်အပျက်တစ်ခုကို အံ့အားသင့်စွာ လက်သင့်ခံလိုက်ရသည်။

သံချိုက သူ့ချစ်သူနောက်ကို မိုက်မိုက်မဲမဲ လိုက်သွားခဲ့ပြီတဲ့။ ဒါ ဂမုန်းကို သံချို April fool များ လုပ်လိုက်တာလား။ ဂမုန်းသည် သံချို့အကြောင်း တွေးနေစဉ်မှာ ထိုလူတစ်ယောက်ရဲ့မျက်နှာကိုပါ ယှဉ်တွဲမြင်ယောင်လိုက်မိပါသည်။

သူ့ပုံကို လွှန်ခဲ့သော သုံးလကျော်လောက်က သံချိုပို့သော mail ထဲမှာ ဂမုန်း အမှတ်မထင် တွေ့ခဲ့ရသည်။ နောက်ထပ် အကြမ်းဖျင်းသိရသည်ကတော့ သံချို့ဘက်က သူနဲ့သဘော

www.burmeseclassic.com



မတူကြောင်း၊ သူဟာ Broken Family မှ ဆင်းသက်ပေါက်ဖွားလာသည်ဆိုသော သတင်းများသာဖြစ်သည်။ ထိုအကြောင်းခြင်းရာများကြောင့် ဂမုန်းကပါ သံချို့ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သေးသည်။

မိဘရှေ့ အချစ်ဆုံးသူငယ်ချင်းကပါ တားမြစ်ပိတ်ပင်လာသည်မို့ သံချိုက နောက်ပိုင်း သူ့လူအကြောင်းနှင့် ပတ်သက်ပြီး စကားဟမလာခဲ့တော့ချေ။ တဖြည်းဖြည်း အချိန်တွေကြာလာရာ ဘာမှပြောသံမကြားရတာမို့ ဂမုန်းက သူတို့နှစ်ယောက်ပြတ်သွားပြီဟုပင် ထင်ခဲ့မိပါသည်။

ခုမှပဲ သံချို မိုက်လုံးကြီးပုံကို မမျှော်လင့်ဘဲ သိခွင့်ရတော့တာဖြစ်သည်။

ဂမုန်းသည် ကွန်ပျူတာရှေ့မှာ ငေးငိုင်ထိုင်ရင်း အတွေးတို့က ဟိုဒီလွင့်ဝဲလျက်။

ဘာဆက်လုပ်ရမလဲ။ သံချိုက အပြင်ပန်းကြည့်လျှင်သာ အေးအေးပျော့ပျော့လေးနှင့် အင်မတန် ခေါင်းမာပြီး တဇွတ်ထိုးဆန်သူဖြစ်ကြောင်း ဂမုန်း အသိဆုံးပင်။

ခုချိန်လောက်ဆို သူတို့နှစ်ယောက် တရားရုံးမှာ လက်မှတ်ထိုးပြီးလောက်ပြီ။ ဂမုန်းနဲ့ သံချို ဆိုတာ ဟိုးနှပ်ချေး





တွဲလောင်းဘဝတည်းက လည်ပင်းဖက် ပေါင်းလာသော သူငယ်ချင်းများဖြစ်ကာ သံယောဇဉ် ခိုင်မြဲပုံကလည်း ဘယ်သူမှ လိုက်မမီနိုင်အောင် ကြီးမားခဲ့ပါသည်။

တစ်ဦးတည်းသောသမီး ဖြစ်တာချင်းတူကာ တစ်ယောက်ကိုတစ်ယောက် ချစ်လိုက်ကြပုံက မြင်ရသူတိုင်း ချီးကျူးအားကျဖွယ် ကောင်းလှသည်။

ခုတော့ ထိုလူတစ်ယောက်ကြောင့် ဂမုန်းတို့သူငယ်ချင်းနှစ်ယောက်ရဲ့ ဘဝတွေ တကွဲတပြားစီ ဖရိုဖရဲ ဖြစ်ခဲ့ရပြီ။ ဂမုန်းသည် တောက်တစ်ချက် ခပ်တိုးတိုးခေါက်ရင်း စားပွဲပေါ်အသင့်တင်ထားသည့်ဖုန်းကို အလုပ်ပေးလိုက်မိသည်။

ဒီအချိန်တားလျှင် အချိန်မှ မီပါလေစ။ ဘာပဲဖြစ်ဖြစ် ဆက်ကြည့်တာ မှားနိုင်မည် မထင်ပါ။

ဂမုန်းက သံချို့ဖုန်းကို မနားတမ်း တောက်လျှောက်ခေါ်သော်လည်း တစ်ဖက်က တစ်ခုတည်းသော အဖြေကိုပြန်ပေးသည်မှာ "ဆက်သွယ်မှုဧရိယာပြင်ပ"ဟူ၍သာတည်း။ ထိုမျှမကသေး။ အိမ်ကိုဆက်ကြည့်တော့လည်း အဆင်မပြေ။ ဖုန်းကိုင်မည့်သူ မရှိ။ ကြည့်ရတာ အန်တီကြူတို့ သံချိုတို့ နှစ်ယောက်အားအသည်းအသန် လိုက်ရှာနေကြဟန်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ ကြာလာသည်နှင့်အမျှ ဂမုန်း ရင်တွေ အဆမတန် ပူလောင်လာသည်။ သံချို့ဖုန်းက Network busy ဖြစ်နေရာမှ နောက်ဆုံး "စက်ပိတ်ထားပါတယ်"ဆိုသည့်ဘက်ကို ရောက်သွားပြန်သည်။

ဂမုန်းမှာ မျက်နှာသစ်၊ ရေချိုးပြီး တစ်နေ့တာလုပ်ငန်းစဉ်မှန်သမျှ ဘေးချိတ်လျစ်လျူရှုကာ ဖုန်းတစ်လုံးနှင့်သာ ဗျာများနေတာမို့ နောက်ဆုံး အန်တီထွေး ပြောယူရသည်အထိပင်။

"ဟဲ့ ... ငါ့တူမ၊ ဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့ကျမှ အသည်းအသန် ဖုန်းနဲ့မျက်နှာကို မခွာတော့ဘူး၊ သံချို့ကို April fool လှမ်းလုပ်ပြီးပြီလား"

"သူကအရင် fool လုပ်သွားပြီ အန်တီထွေးရဲ့၊ ဒီမိန်းမနဲ့ အဆက်အသွယ် ရမှကိုဖြစ်မှာ၊ ပြဿနာရှင်းစရာ ရှိနေတယ်"

"အလိုတော်၊ ဘာတွေ-ဖြစ်နေကြလို့လဲကွယ်"

"ခဏလေး အန်တီထွေး၊ သမီးလည်း အဲဒါကိုပဲ အခုသိချင်နေတာ၊ တိတိကျကျသိမှ ပြောပြမယ်နော်၊ ခုလောလောဆယ် ထပ်ခေါ်ကြည့်လိုက်ဦးမယ်"





အန်တီထွေးက "မပြောချင်တော့ဘူး"ဆိုသည့် ဟန်ဖြင့် နှုတ်ခမ်းမဲ့ကာ ဆိုလာသည်။

"ကဲ ... ကဲ၊ အစားအသောက်လေး အေးအေးဆေးဆေး စားဖို့လည်း လုပ်ဦးနော်၊ စားရင်းနဲ့ဆက်၊ ဟုတ်ပြီလား"

"အိုကေ ... အန်တီထွေး"

ဂမုန်းက အန်တီထွေး ချပေးသော မနက်စာပိုင်းကို တစ်ချက်မျှသာ ငဲ့ကြည့်ပြီး ကိုယ်နဲ့မဆိုင်သလို သဘောထားကာ ဖုန်းဘက်ကိုသာ အာရုံပြန်စိုက်လိုက်ပါသည်။

သံချို့ ... သံချို့။ နင် ဘယ်ရောက်နေလဲ။ ဘာပဲဖြစ်ဖြစ် နင် ဖုန်းကိုင်ဖို့တော့ ကောင်းပါတယ်။

ဂမုန်းသည် တစ်နေကုန် ဖုန်းခေါ်ခြင်းအလုပ်ဖြင့် အချိန်တွေ ကုန်ဆုံးလာခဲ့ကာ ညနေစောင်းလောက်ကျမှ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်အားလျော့သလို ခံစားမိလာသည်။

သံချို့ တစ်ယောက် သူ့ချစ်သူနှင့် မိုးမမြင်လေမမြင် ပျော်မြူးပြီး အရာအားလုံးကို မေ့နေလောက်ပြီ ထင်ပါသည်။ နောက်ဆုံးတော့ ဂမုန်း တစ်ယောက် ခြေကုန်လက်ပန်းကျလျက် ဖုန်းပစ်ချကာ ငေးငိုင်နေမိသည်။

ရင်ထဲမှာလည်း အချစ်ဆုံးသူငယ်ချင်းရဲ့ ကိုယ့်အပေါ် စွန့်ခွာမှုအတွက် နင့်သီးစွာ နာကျင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းသည် ကစဉ့်ကလျား အတွေးများဖြင့် ငြိမ်သက်နေရာမှ နောက်ဆုံး ထိုင်ရာမှ ဖြည်းဖြည်းချင်း ထရပ်ပြီး အခန်းထဲမှထွက်ဖို့ ပြင်လိုက်စဉ် ...

"တီတီ ... တူတူ"

ဟော ...။ ဒါဟာ ဖုန်းသံ။

ဂမုန်းက Display ပေါ် အလျင်စလို ကြည့်လိုက်ရာ ...

"ဟင် ! သံချို"

ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သံချို့ဖုန်းကိုဖွင့်ကာ တရစပ် ရေရွတ်မိတော့သည်။

"ဟဲ့ ... မိန်းမ၊ နင် တော်တော်ရက်စက်ပါလားဟယ်၊ ငါ တစ်နေ့လုံး နင့်ဆီ တောက်လျှောက်ခေါ်နေတာ၊ နင်လုပ်ချင်ရာ လုပ်သွားပြီးတော့ ဘာမှမတတ်နိုင်ဘူးဆိုတာ ငါလည်း သိပါတယ် ...

ဒါပေမဲ့ ငါ့ကို ပစ်ထားတာတော့ မကောင်းပါဘူး၊ ကဲ ... ပြောစမ်းပါဦး၊ ကောက်ကာငင်ကာကြီး လင်နောက်လိုက်ရတဲ့ကိစ္စကို"

"ဂ ... မုန်း"





"အေး ... ပြောလေ၊ နေဦး ... နင့်အသံက သိပ်မကြည်ဘူး၊ နင် အခု ဘယ်ကပြောနေတာလဲ၊ နင့်လူရော ဘေးမှာရှိလား"

"ငါ ... ငါ"

"ဟဲ့ ... သံချို၊ နင် ဘာဖြစ်နေတာလဲ၊ မြန်မြန်ပြောစမ်းပါ၊ ငါ စိတ်ပူအောင် မလုပ်နဲ့နော်၊ ငါ နင့်အတွက် တစ်နေ့လုံး ရတက်မေ့နေရတယ်ဟဲ့"

ဂမုန်းသည် စိတ်ထဲအမှန်ပင် အားမလို အားမရဖြစ်ကာ အသံကုန် ကျူးအော်မိသည်။ သူငယ်ချင်းအပေါ် ကရုဏာဒေါသောကြီးစွာ ဖြစ်နေရတာမို့ လိုတာထက်ပိုပြီး ပေါက်ကွဲချင်နေပါသည်။ သံချိုသာ ဂမုန်းအနီးမှာရှိလျှင် လုံးဝမလွယ်ပါ။

"ဂမုန်းရယ် ... ငါ ... ငါ မှားပြီဟဲ့၊ ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ဘူး၊ ငါ့ကို ကယ်ပါဦး သူငယ်ချင်းရယ်၊ သူ ... သူ ..."

သံချို့ဆီက တုန်ယင်အက်ကွဲသော စကားလုံးတချို့ ကြားလိုက်ရစဉ်မှာ ဂမုန်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။ သံချို့အသံဟာ ပုံမှန်မဟုတ်၊ ငိုသံပါကြီးနှင့် တစ်ခုခုအတွက် အကြီးအကျယ် ဖီးလ်ဖြစ်နေသလိုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ... သံချို ဘာဖြစ်နေတာလဲ။ အင်မတန်မှ ဘရိန်းပြေးလှသော ဂမုန်းသည် ဟိုကောင်နဲ့ ပတ်သက်ပြီး သံချို တစ်စုံတစ်ရာ အဖြစ်ဆိုးနှင့် ရင်ဆိုင်နေရပြီမှန်း ကွက်တိ ရိပ်စားမိလိုက်ပါသည်။

အတတ်နိုင်ဆုံး အားပေးရန် စဉ်းစားလိုက်မိကာ ...

"သံချို ... နင့်စိတ်ကို Calm (တည်ငြိမ်)ဖြစ်အောင် ခဏ ထိန်းထားစမ်း၊ နင် အခု ဘာတွေဖြစ်နေလဲ၊ ငါ့ကို အေးအေးဆေးဆေးပြောပြ၊ ဒါမှ ငါ အကြံပေးလို့ရမှာပေါ့ ...

နေဦး ... ငါ ဟွန်းတီးသံတွေလည်း ကြားနေရတယ်၊ နင် အခု ကားမောင်းရင်း ပြောနေတာလား"

သံချိုက ရုတ်တရက် ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်နေသည်။ သို့သော် ရှိုက်သံတစ်ချက်တော့ ဂမုန်း ကြားလိုက်ရပါသည်။ ဂမုန်းရင်ထဲက စိုးရိမ်မှုက အထွတ်အထိပ်သို့ ရောက်လာတော့သည်။

"ငါ ... ငါ အိမ်မပြန်ချင်ဘူး ဂမုန်းရယ်၊ သူ ... သူ အရမ်းရက်စက်တယ်၊ ငါ့အပေါ် လုပ်ရက်တယ်၊ ငါအရမ်း စိတ်နာတယ်"

"ဘယ်သူလဲ ... နင့်လူလား သံချို"





"ဟုတ်တယ်၊ ငါတို့ ဒီနေ့ နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးဖို့ စီစဉ်ထားတာ၊ ငါ့အိမ်ကိုတောင် စာတစ်စောင်ပဲ ရေးထားပြီး ထွက်လာခဲ့မိတာပါ ...

ဒါပေမဲ့ သူ ... သူ ရောက်မလာခဲ့ဘူး၊ ငါ တရားရုံးရှေ့မှာ တစ်ယောက်တည်းစောင့်နေတာ၊ ပြီး ...'ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ၊ ဆက်ပြောလေ သံချို"

"ငါ့ဆီကို ဖုန်း ... ဖုန်းပဲဆက်ပြီး ပြောတယ်၊ ဘယ်လိုမှ ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့ဘူးတဲ့၊ အဲ ... အဲဒါ အိမ်ပြန်လိုက်တော့တဲ့၊ သူ့ကိုလည်း တစ်သက်လုံး ခွင့်မလွှတ်..."

"ဘာ ! ဘာရယ် ... သံချို၊ နင် ..."

"ငါ သူ့ကို အရမ်းချစ်လွန်းလို့ အားလုံးကို သံယောဇဉ်ဖြတ်ပြီး သူ့နောက်လိုက်ဖို့ ဆုံးဖြတ်ခဲ့တာပါ၊ ဒါ ... ဒါပေမဲ့ ..."

"တောက် ... သင်း ... သင်း ယုတ်မာလှချည်လား၊ မိန်းကလေးတစ်ယောက်အပေါ် ဒါမျိုးလုပ်စရာလား၊ သံချို... ဒီမှာ ငါပြောမယ် သေချာနားထောင်နော်၊ နင် အခုအိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်လိုက်၊ ခုချိန်မှာ နင့်အတွက် အန္တရာယ်ကင်းဆုံး နေရာက နင့်အိမ်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ငါပြောသလိုလုပ်နော် သူငယ်ချင်း၊ နင်က အရမ်းခေါင်းမာပြီး ဇွတ်တရွတ်နိုင်တတ်တာ ငါ အသိဆုံးပဲ”

“ငါ မပြန်ချင်ဘူး ဂမုန်းရယ်၊ ဒီလိုပဲ ခြေဦးတည့်ရာလျှောက်သွားနေချင်တယ်၊ ငါ နင့်ကိုလည်း အရမ်းသတိရတယ်”

“သံချို ... ကျွတ် ... နင် ငါ့စကားနားထောင်ပါဟာ၊ အိမ်ပြန်လိုက်နော်၊ ဒီလိုကောင်တစ်ကောင်အတွက် ဘာမှ ဒီလောက်ကြီး စိတ်လွတ်ကိုယ်လွတ် ဖြစ်နေစရာ မလိုဘူး ... နင် အခု ကားမောင်းနေတာလား”

“ဟုတ် ... ဟုတ်တယ်”

“ကြည့်စမ်း ... စိတ်လှုပ်ရှားလွန်းအားကြီးပြီး ကားမောင်းရင် အန္တရာယ် ဖြစ်နိုင်တယ်ဆိုတာ နင် မသိဘူးလား ဟဲ့ ...

ပြန် ... ခုချက်ချင်း ကားထိုးရပ်ပြီး အိမ်က ဒရိုင်ဘာကို လှမ်းခေါ်လိုက်၊ နင် သိပ်မမိုက်မဲနဲ့နော် သံချို”

“ငါ ... ငါလေ”

“ကဲ ... ဘာမှဆက်မပြောနဲ့ ... ရပ်လိုက် အခု”

ဂမုန်းသည် ဒီဘက်ကနေ မရိုးမရွတွေဖြစ်ကာ သံချို နားဝင်အောင် မနားတမ်း တတွတ်တွတ် ရေရွတ်ဖျောင်းဖျ





နေရသည်။ ဖြစ်နိုင်လျှင် ခုချက်ချင်း သံချို ရှိရာ အပြေးပေါက်ချသွားလိုက်ချင်ပါသည်။

အော်ရလွန်း၍ အသံတွေပင် ပြာအက် တိမ်ဝင်နေရပြီ။

“သံချို ... နင် ငါ့စကား နားထောင်စမ်းပါဟဲ့”

“ငါ သူ့ကို အရမ်းချစ်တာပဲ ဂမုန်းရယ် ... ငါ ... ငါ”

ဂမုန်းတစ်ယောက် စက္ကန့်ပိုင်းမျှကြာအောင် ဆွံ့အငြိမ်သက်နေခိုက်မှာပင် ...

“ကျွိ”

“ဝုန်း ... ဒုန်း ... ဝှမ်း”

“အား”

“ဟာ ... လမ်းကွေ့နားမှာ Accident ဖြစ်သွားပြီ၊ ဟော့ ... မြန်မြန်သွားကြည့်ရမယ်၊ လာ ... လာကြ”

“ဘုရား ... ဘုရား ... မှန်ကွဲစတွေတောင် လာစဉ်တယ်၊ တော်တော်ပြင်းထန်တာပဲ”

“ကြည့်စမ်း ... ဆလွန်းထဲက ကားမောင်းတဲ့ ကောင်မလေး ခေါင်းတစ်ခြမ်းနဲ့ မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားပါလား၊ အသက်မှ ရှိသေးရဲ့လား”



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း လက်ထဲက ဖုန်းလေးမှာ ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲ။ ထိုအတူ ဂမုန်းနှလုံးသားလည်း ဖြုတ်ခနဲ ကြွေကျ သွားသည့်နှယ်။

ဂမုန်း အာရုံထဲမှာ နောက်ဆုံး သိလိုက်တာ တစ်ခု က နေရာမှာတင် အရုပ်ကြိုးပြတ် လဲကျသွားခြင်းပဲ ဖြစ်တော့ သည်။

၀ း ၀





ဂမုန်းသည် ခရီးဆောင်သေတ္တာထဲသို့ အဝတ်အစား တွေ လုံးထွေးထည့်သိုနေရင်း လူက စိတ်နဲ့ကိုယ်မကပ်၊ မျက်ဝန်း တွေကြောင်စီစီနှင့် အိပ်မက်ထဲမှ လမ်းထလျှောက်သူလို ယောင် ဝါးဝါး ဖြစ်နေသည်။

အန်တီထွေး စကားတို့ကလည်း နားထဲမဝင်တစ် ချက်၊ ဝင်တစ်ချက်။ အာရုံတွေ လွင့်ဝဲနေသည်မှာ ဆိုဖွယ်ရာမရှိ တော့ပါ။

"သမီးရယ် ... ပညာရေးတစ်ပိုင်းတစ်စနဲ့ ကောက်ကာ ငင်ကာကြီး ထပြန်ဖို့ စီစဉ်ရတယ်လို့၊ ကျောင်းက ဘယ် လိုလုပ်မှာတုန်း၊ ငါ့တူမနဲ့တော့ ခက်တာပဲကွယ်"

ဂမုန်းက အန်တီထွေးကို ခပ်တွေတွေ စိုက်ကြည့် ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြန်မှဖြစ်မယ်၊ သန်ဘက်ခါ သံချို့ Funeral (အသုဘ)ရှိတယ်၊ သံချို့ကို နောက်ဆုံးအကြိမ် နှုတ်မဆက်ရဘူးဆိုရင် သမီး ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး တာဝန်မကျေသလို ခံစားနေရမှာ ...

ခုချိန်မှာ ဂျပန်နိုင်ငံက ဗိသုကာကျောင်းကိစ္စထက် မြန်မာနိုင်ငံက သမီးသူငယ်ချင်း သံချိုညောင်းရဲ့ အ,မင်္ဂလာပွဲကိုပဲ သမီး ပိုပြီးစိတ်ဝင်စားတယ် ...

သမီးကို ခွင့်ပြုပါ အန်တီထွေး"

ဂမုန်း စကားအဆုံးမှာ အန်တီက သက်ပြင်းတစ်ချက် မသက်မသာချရင်း တုံ့ပြန်သည်။ ထို့နောက် ဂမုန်း နားသယ်စပ်က ဆံစလေးများကို ခပ်ဖွဖွ ပွတ်သပ်ပေးကာ ...

"သမီး ခံစားချက်ကို အန်တီ နားလည်ပါတယ်ကွယ်၊ အင်းပေါ့လေ သံချိုနဲ့ သမီးက နှစ်ကိုယ့်တစ်စိတ် အချစ်ဆုံးသူငယ်ချင်းတွေဆိုတော့ ဒီဖြစ်ရပ်ကြီးကို လက်သင့်မခံနိုင်တာ သဘာဝကျပါတယ် ...

သမီး ဂျပန်ပြန်လာဖို့ အစီအစဉ်ရော ရှိသေးရဲ့လား"

"ပြန်လာဖြစ်မယ်လို့ ထင်ပါတယ် အန်တီ၊ ဒါပေမဲ့ သမီးအတွက် ရှင်းစရာကိစ္စလေးတွေ ပြီးပြတ်မှ ပြန်လာပါရစေ၊ အန်တီထွေး ဖေဖေတို့ကို ဘာမှာဦးမလဲဟင်"





"ကိုကြီးနဲ့ မမလေးတို့အတွက် ထွေထွေထူးထူးတော့ မှာစရာမရှိပါဘူး၊ အန်တီနဲ့ တစ်ချိန်လုံး contact ရနေတာပဲ၊ ဒါပေမဲ့ ဒီတူမလေးကိုပဲ လွမ်းနေရမှာ"

ဂမုန်းက ယုံ့ယုံ့လေးသာ ပြုံးမိပါသည်။

ဂမုန်းမေမေ ဒေါ်ခင်ခင်လေးရဲ့တစ်ဦးတည်းသောညီမ ဒေါ်ခင်ခင်ထွေးဟာ ဂမုန်းအတွက်တော့ အလွန်ချစ်စရာကောင်းလှသော အဒေါ်အပျိုကြီးပဲဖြစ်သည်။

ဂမုန်း ဂျပန်မှာ ဗိသုကာနှင့် ကျောင်းတက်နေစဉ်အတွင်း အန်တီထွေး ကူညီစောင့်ရှောက်ပေးမှုများကြောင့် အစစအရာရာ လိုလေသေးမရှိ ပြည့်စုံခဲ့ပါသည်။

ဂျပန်ရောက်တာ ဆယ်နှစ်ကျော် သက်တမ်းရှိပြီး ကုမ္ပဏီလုပ်ငန်းများဖြင့် ကြီးပွားချမ်းသာနေသူ အန်တီထွေးကလည်း တစ်ကိုယ်တည်း အထီးကျန်သူပီပီ ဂမုန်း ဂျပန်မှာကျောင်းလာတက်စဉ် မြန်မာပြည် မပြန်တော့ဖို့ တဖွဖွ နားချဖျောင်းဖျခဲ့သည်။

သို့သော် ဂမုန်း ပြန်ကိုပြန်ရပါမည်။

ခုလို သံချို့ ကိစ္စ ဖြစ်ပြီးချိန်မှာ ဂမုန်း ဂျပန်နိုင်ငံ၌ တစ်မိနစ်လေးပင် မနေလို။



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း အတွက် ရှေ့ဆက်လုပ်ဆောင်စရာ ကိစ္စတွေ အများကြီး ရှိသေးသည်။

ဂမုန်းသည် လိုအပ်သမျှ အားလုံးစုစည်းသိမ်းဆည်းပြီးချိန်မှာ ခုတင်ပေါ် စိတ်လွတ်ကိုယ်လွတ် ပစ်လှဲချလိုက်မိသည်။ ရင်ထဲမှာလည်း ခြေဖျက်လို့မရနိုင်သော ဒဏ်ရာဒဏ်ချက်များဖြင့် မွမွကြေကာ နာကျင်နေပါသည်။

မျက်လုံးများကို အသာမှေးမှိတ် ငြိမ်သက်နေခိုက် ထင်မှတ်မထားသော မျက်နှာတစ်ခုက အတွေးထဲ ဘွားခနဲဝင်ရောက်နေရာယူလာသည်။

ဒီမျက်နှာဟာ ဂမုန်း တစ်သက် ဘယ်တော့မှ မေ့ပျောက်လို့ မရနိုင်တော့မည့် မှတ်ကျောက်တင်စရာ မျက်နှာပင် ဖြစ်ပါသည်။ သူဟာ ထီမတင်အပြုံးနှင့် ညှို့အားပြင်းပြင်း မျက်ဝန်းများကို ပိုင်ဆိုင်သည်။ သူ့အကြည့်စွမ်းအားက မိန်းကလေးအများစုရဲ့ ရင်ခုန်သံတွေကို Tempo မြှင့်ပေးနိုင်စွမ်းရှိသတဲ့။ ထို့ပြင် လေဒီတို့ရဲ့ပါးစပ်ဖျားမှာ သူ့သတင်းက အထူးရေပန်းစားသေးသည်။

နောက်ထပ် ဂုဏ်ပုဒ်တစ်ခုကတော့ သူဟာ ရည်းစားများလွန်း၊ ပွေရှုပ်လွန်းသော နေရာမှာ ဘုရင်တစ်ပါးလို ကျော်ကြားသည်တဲ့။





သူ့နာမည်နဲ့ သူ့ဘဝဖြစ်တည်မှု၊ သူ့အရည်အချင်း၊ သူလက်ကိုင်ကျင့်သုံးနေသော မူတို့ဟာ တစ်ထပ်တည်း ကျလွန်းလှသည်။

သူ့နာမည်က "ဝက်ပါ"တဲ့။

ဂမုန်းသည် မျက်လုံးများကို မှေးမှိတ်ထားရာမှ နာနာကြည်းကြည်းပင် ပြုံးလိုက်မိပါသည်။ ထို့ပြင် ဝက်ပါ (သို့) Labyrinth ဟု အမည်ရသည့် လူတစ်ယောက်ကို April Fool သားကောင်အဖြစ် သတ်မှတ်ပစ်လိုက်သည်။

ဝက်ပါဆိုသော အရာသည် ...

မည်မျှပင် ရှုပ်ထွေးပွေလီပြီး ကမ်းမရှိ၊ လမ်းမရှိ လှောင်ပိတ်သိပ်သည်းနေပါစေ ...

ဂမုန်းကတော့ တရွေ့ရွေ့ တိုးဝင်လျှောက်လှမ်း စူးစမ်းအဖြေရှာဖို့ ဆုံးဖြတ်ပြီးပြီဖြစ်ပါသည်။

○ ❢ ○



www.burmeseclassic.com

www.burmeseclassic.com



အသုဘမချရသေးသော ခန်းမကျယ်ကြီးထဲ ရုပ်ကလပ်ပြင်ထားသည့်အနားမှာ ဂမုန်း တွေတွေကြီး ရပ်နေမိသည်။ သက်ရှိထင်ရှား ရှိစဉ်က အလွန် လှချစ်လှခင်များခဲ့သော သံချို့ရဲ့နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ကြသူများက ဒုနဲ့ ဒေးပင်။

ဂမုန်းသည် ခုချိန်မှာ ဆောဘီဝဲယာကိုလည်း ဂရုမပြုမိ၊ နားထဲမှာတော့ အသံမျိုးစုံ ကြားနေရပါသည်။

"သံချိုရယ် ... မေမေတို့ကို ခဏလေး ထကြည့်ပါဦး သမီးရဲ့၊ အမယ်လေး ... အဖြစ်ဆိုးလှတဲ့ မေမေ့ချစ်သမီးလေး၊ အီးဟီးဟီး ... ကိုကျော်ဇောရယ်၊ ကျွန်မသမီးကို နိူးပေးပါဦး"

"စိတ် ... စိတ်ကိုထိန်းပါ မိန်းမရယ်၊ ငါလည်း ရင်တစ်ခုလုံး မွမွကြေအောင် နာကျင်နေတာပဲ"



သံချို့မိဘများရဲ့ မချိတင်ကဲ အော်ဟစ်ငိုယိုသံ၊ မိတ်ဆွေအပေါင်းအသင်းများထံမှ ယူကျုံးမရ အော်ငိုသံ စသည် စသည်တို့ဟာ ဂမုန်းနားစည်ထဲမှာ ကြောက်စရာကောင်းလောက်အောင် ပဲ့တင်ထပ်နေသည်။

ဂမုန်းရော ငိုနေသလား။

ငိုတော့ ငိုနေတာပဲ။ သို့သော် ဘာကြောင့်မှန်းမသိ မျက်ရည်တွေ ခန်းခြောက်နေသလိုပင်။ ရင်ထဲမှာ ကျစ်ခဲသိပ်သည်းပြီး အပူထုကြီးတစ်ခု ကြီးစိုးနေတာ ကိုယ့်ဟာကိုယ်သာ သိသည်။ ဂမုန်းသည် ကျောက်ရုပ်လို တုပ်တုပ်မလှုပ် ငြိမ်သက်နေရင်းက သံချို့ မျက်နှာလေးကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိပါသည်။ သံချို့မေမေ အန်တီကြူက ဂမုန်း လက်မောင်းကို တင်းတင်းကျပ်ကျပ် ပွေ့ဆုပ်ယမ်းခါရင်း ဗလုံးဗထွေးရေရွတ်လာပြန်သည်။

"ဂမုန်း ... သမီး သူငယ်ချင်းကို ခေါ်ပေးပါဦးကွယ်၊ အန်တီ သူ မရှိဘဲ နေလို့ရမှာ မဟုတ်ဘူး၊ သူ အိပ်ပျော်နေတာပါ၊ သူ့ကို နိူးပေးပါ သမီးရယ်"

အန်တီကြူ တစ်ယောက် အသံများ ပြာအက်တုန်ခါလာသည်အထိ အော်ဟစ်ရင်း နေရာမှာ ပုံခနဲ လဲကျသွားသည်။ အန်ကယ်ကျော်ဇော အပါအဝင် လူအားလုံး စက္ကန့်ပိုင်းအတွင်း ယောင်ယာခတ်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းကတော့ ထိုအရာအားလုံးကို မျက်ကွယ်ပြုကာ သံချို့ရုပ်ကလပ်ကိုသာ မမှိတ်မသုန် ငေးစိုက်ကြည့်နေဆဲ။ ထို့ပြင် အံကိုပါ တင်းတင်းကြိတ်ထားမိသည်။

ရှင်သန်စဉ်တုန်းက သံချို့အလှအပတွေဟာ ခုချိန်မှာ အစအန ရှာမရအောင် ပျောက်ဆုံးနေသည်။ အက်ဆီးဒင့်ကြောင့် မျက်နှာတစ်ခြမ်းလုံး ဆိုးဝါးပျက်စီးနေသည်မှာ ဂမုန်းသူငယ်ချင်း သံချို့ပါဟု ယုံရအခက် ဖြစ်နေပါသည်။

အခမ်းနားဆုံး လှပအောင်ပြင်ဆင်ထားသော ဈာပနဖြစ်ပေမယ့် ဇောတစ်ခုနှင့် ရုပ်ပျက်ဆင်းပျက် သေဆုံးခဲ့ရသော သံချို့ဟာ ဘယ်နည်းနဲ့မှ သေပန်းလှသူတစ်ယောက် ဖြစ်မနေချေ။

ဂမုန်းသည် မှန်ခေါင်းနား တရွေ့ရွေ့ တိုးကပ်ကာ သံချို့မျက်နှာကို နောက်ဆုံးအကြိမ်အဖြစ် စူးစူးနစ်နစ် ကြည့်မိသည်။ ထို့ပြင် ရင်ထဲကနေ နှုတ်ဆက်စကားတချို့၊ တိုင်တည်စကားတချို့လည်း တိတ်တိတ်လေး ရေရွတ်နေမိပါသည်။

ဒီအကြွေးကို ငါကိုယ်တိုင် ပြန်ဆပ်ပါရစေ သံချို့။

နင့်ကို သတ်ခဲ့တဲ့ ကရားခံအတွက် လှပသိမ်မွေ့သလောက် ဆိုးဝါးကြမ်းတမ်းတဲ့ လက်စားချေမှုတစ်ခု ငါ့လက်နဲ့ ပြန်ဖန်တီးပေးမှာပါ။



ငါ သူ့ကို ပြန်သတ်မယ်။

ဒါပေမဲ့ လူကိုတော့ မဟုတ်ဘူး။ သူ့ဘယ်ဘက်ရင်အုံအတွင်းမှာ နေရာယူနေတဲ့ နှလုံးသားကို တရိရိနဲ့ ပြန်ညှဉ်းသတ်မှာ။ ရှင်ရက်နဲ့ သေနေရတဲ့ လူတစ်ယောက်ရဲ့ ခံစားချက်မျိုး အဲဒီဝက်ပါဆိုတဲ့လူ ကိုယ်တိုင်ကိုယ်ကျ ပြန်ခံစားစေရမယ်။

နင် ငါ့ကို နားလည်ပေးပါ သံချို့။

ဒါဟာ နင့်အတွက် ငါ အကောင်းဆုံးပြန်ပြီး ပေးဆပ်လိုက်တာပါ။ ငါ့ဆုံးဖြတ်ချက်ကို တမလွန်ကနေ ခွင့်လွှတ်ပေးနိုင်ပါစေ သူငယ်ချင်းလေးရယ်။

ဂမုန်းသည် သံချို့ကို စကားတွေ တဝကြီးပြောပြီးချိန်မှာ ထိုင်ရာမှ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ မလှမ်းမကမ်းမှာတော့ မေ့လဲသွားသော အန်တီကြူ့ကို ဝိုင်းဝန်းယပ်ခတ်ပေးသူများ၊ တစ်ယောက်တစ်ပေါက် ဇံအော်မာစ်သံများဖြင့် ပွက်လောရိုက်နေသည်။

ဂမုန်း ဘယ်သူ့ကိုမှ နှုတ်မဆက်ပဲ တစ်ယောက်တည်း လှည့်ထွက်လာခဲ့သည်။ အပြင်ဘက်ရောက်တော့ အသုဘလိုက်ပို့သော ကားတွေအနီးမှာ လက်ပိုက် မတ်တတ်ရပ်နေသည့် သူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခန်းမထဲမဝင်ဘဲ အဝင်ဝ သံဆိုင်းဘုတ်ရှိ စက္ကူဖြူပေါ်က နာမည်ကို တွေတွေကြီး စိုက်ကြည့်နေသည်။ ပတ်ဝန်းကျင်ကိုလည်း သိပ်သတိမထားသည့် ပုံစံမျိုးဖြစ်ပါသည်။

ဂမုန်း ထွက်လာတာကိုလည်း သူ မြင်ပုံမရပါ။ ဂမုန်းက ကိုယ့်ကားထဲ ဝင်ထိုင်ရင်း မောင်းမထွက်သေးဘဲ ထိုလူ့ကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်မိသည်။ ဖက်ဖူးစိမ်းရောင်တီရှပ်အပေါ်က အညိုမှိုင်းမှိုင်းဂျာကင်တစ်ထည်ထပ် ဝတ်ထားသောသူ။ သူက လက်ပိုက်ထားရာမှ ဂျင်းဘောင်းဘီအိတ်ထဲ လက်ထိုးနှိုက်ကာ ဆက်လက်ငြိမ်သက်နေဆဲ။

အဝေးကကြည့်တာနှင့် ဂျလေဘီပုံစံပေါက်နေသော သူဟာ ဓာတ်ပုံထဲမှာထက် အပြင်မှာ ပိုပြီးဆွဲဆောင်မှုရှိသည်ဟု ဝန်ခံရမလိုပင်။

သူဟာ သံချို ဘဝတစ်ခုလုံးနဲ့ရင်းပြီး ချစ်ခဲ့ရသော "ဝက်ပါ"ဆိုသည့် လူတဲ့လား။ သံချိုဟာ သူ့အပေါ်မှာ မမြင်ဖူးမူးမြစ်ထင် စုံလုံးကန်းကာ ပုံအပ်ချစ်ခဲ့ပုံရသည်။

အခုရော သံချို့ နောက်ဆုံးခရီးကို သူ ဘာရည်ရွယ်ချက်နှင့် လိုက်ပို့ခဲ့သလဲ။ သူ့ရင်ထဲမှာ နောင်တရစိတ်တွေများ ဖြစ်ပေါ်နေမလား။





ဘာပဲဖြစ်ဖြစ် သံချို့ကို သတ်ခဲ့သော အမိကတရားခံဟာ သူလို့ပဲ ဂမုန်းကတော့ တစ်ထစ်ချ ယူဆပါသည်။ အဲဒီနေ့က သူတို့နှစ်ယောက် ရုံးတက်လက်မှတ်ထိုးပြီး ခိုးပြေးသွားခဲ့သည် ဆိုလျှင်တောင် ဂမုန်းအတွက် ဖြေသာစရာရှိသေးသည်။ သံချို့ကို အပြီးအပိုင် ဆုံးရှုံးခဲ့မှာ မဟုတ်ပါ။

ခုတော့ ဘာတစ်ခုမှ ပြင်ဆင်လို့မရအောင် ဆိုးဆိုးဝါးဝါး ပျက်စီးသွားခဲ့ပြီ။

ဂမုန်းသည် ခုချိန်မှာ သူ့မျက်ဝန်းထဲက အဖြေကို တိတိပပ အဖြေရှာချင်ပေမယ့် အခွင့်မသာပါ။ သူက ထိုနေရာမှာ အတန်ကြာအောင် ရပ်နေပြီးမှ အသင့်ရပ်ထားသော သူ့ကားပေါ် တက်ထိုင် စက်နှိုးကာ မောင်းထွက်သွားလေသည်။

သူ ထွက်သွားပြီးတော့ ဂမုန်းကပါ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။ သူ့ကားအမျိုးအစားနှင့် နံပါတ်ကိုလည်း မန်မိုရီထဲ အမိအရ မှတ်သွင်းလိုက်သေးသည်။

သူက နာရီဝက်မျှကြာအောင် မောင်းလာရာမှ တစ်နေရာအရောက်မှာ ကားထိုးရပ်လိုက်သည်။

ဂမုန်း မသိမသာ စူးစမ်းလိုက်တော့ ဘီယာဆိုင်တစ်ဆိုင် ဖြစ်နေပါသည်။ ဂမုန်းက မှဲပြူးတစ်ချက်ပြူးကာ သူ ဘာဆက်လုပ်မလဲ သိချင်စိတ်ဖြင့် အကဲခတ်ကြည့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားသော့ကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ ခေါင်းငိုက်စိုက်ချလျက် ဆိုင်ထဲဝင်သွားသည်။ ဒါကဘာအထာလဲ။ သံချိုသေလို့ အသည်းကွဲပြီး ဘီယာသောက်ရင်း အရာအားလုံးကို မေ့ဖျောက်ပစ်ဖို့လား။

ဒါဆို ဒီလူ မှားသွားပြီထင်သည်။

သူက ခဏတာ မှုံမိုက်ပြီး တဒင်္ဂမေ့ကောင်းမေ့သွားလိမ့်မည်။

သို့သော် သံချိုက ပြန်ရှင်သန်လာမှာ မဟုတ်တော့တာ သေချာသည်။ ဒီလိုမဖြစ်အောင် အစတည်းက ကြိုတင်ဆင်ခြင်ခဲ့ဖို့ မကောင်းဘူးလား။

ဂမုန်းသည် ကားမောင်းမထွက်နိုင်သေးဘဲ အချိန်တော်တော်ကြာအောင် အတွေးနယ်ချဲ့နေမိသည်။ သူ ပြန်ထွက်မလာတော့မှန်း သေချာတော့မှ စက်နှိုးကာ ဖြည်းဖြည်းချင်း မောင်းထွက်ခဲ့ပါသည်။ ခေါင်းထဲမှာလည်း ကြိုတင်ကြံစည်ထားသော အစီအစဉ်များက တစ်ခုပြီးတစ်ခု နေရာယူထားလျက်ရှိသည်။

အိမ်ရောက်တော့ မေမေက ဂမုန်း မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ကြည့်ကာ မေးခွန်းထုတ်လာပါသည်။





"သမီး ဘယ်လိုအခြေအနေရှိလဲ၊ အသုဘမှာ အုတ်အော်သောင်းနင်းတွေရော ဖြစ်သေးလား"

ဂမုန်းက ကားသော့နှင့် ဖုန်းကို ဆက်တီပေါ် ပစ်တင်လိုက်ရင်း ဆိုဖာထက် ဇွေ့ခနဲ ပစ်ထိုင်ချလိုက်ပါသည်။ ပြီးတော့ မေမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ...

"သံချို သမီးကို တကယ်ပဲ ပစ်ထားခဲ့ပြီ မေမေ၊ ဟိုးကလေးဘဝ မူကြိုတက်တုန်းက သံချို မလာတဲ့နေ့ဆို သမီး အော်ကြီးဟစ်ကျယ် ငိုခဲ့တာ မေမေ မှတ်မိလားဟင်"

"မှတ်မိတာပေါ့ သမီးရယ်၊ အဲဒီတုန်းက မေမေတို့ ပျာယာခတ်အောင် ချော့ခဲ့ရတာပဲ"

"ဟုတ်တယ် ... အဲဒီတုန်းက မေမေ ပြောတဲ့စကား ခုချိန်ထိ မှတ်မိနေသေးတယ်၊ သံချိုက ဒီနေ့ နေမကောင်းလို့ ကျောင်းမတက်တာ၊ မနက်ဖြန် လာမှာပေါ့တဲ့"

မေမေက ဂမုန်း ဘာပြောချင်နေသည်ဆိုတာ ရိပ်မိသွားတာမို့ စိတ်မသက်မသာဟန်ဖြင့် သက်ပြင်းချပါသည်။

ထို့နောက် ဂမုန်း ကျောပြင်ကို ခပ်ဖွဖွပုတ်ရင်း အားပေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နားလည်ပါတယ် သမီးလေးရယ်၊ သမီးနဲ့သံချို က ဒပ်ဖရင်မှာ တစ်နေ့တည်း၊ တစ်ချိန်တည်း မွေးတာချင်း တူတယ်၊ ဟိုးငယ်ငယ်တုန်းတည်းက အရမ်းကိုချစ်ခဲ့ကြ တာပဲ"

"အဲဒီတုန်းက သံချို ဒီနေ့ကျောင်းမတက်ရင် မနက်ဖြန် ရောက်လာဦးမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သမီး မျက်ရည် တိတ်ခဲ့ရတယ်၊ တကယ်လည်း နောက်တစ်နေ့မှာ သံချို ရောက်လာခဲ့တယ်၊ သမီး ပျော်လိုက်တာ ပြောမနေပါနဲ့ တော့ မေမေရယ် ...

သမီးတို့ ဆယ်တန်းထိ အတူတူ တက်ခဲ့ကြတယ်၊ ဒါပေမဲ့ တက္ကသိုလ်ရောက်တော့ ကွဲသွားကြပြန်တယ်နော်"

"အင်းပေါ့ ... သမီးတို့က ဖြစ်ချင်တဲ့ ဝါသနာရည်မှန်း ချက်ချင်းမှ မတူကြတာ၊ သမီးက မိန်းကလေးတန်မဲ့ ဆောက်လုပ်ရေးပိုင်းကို စိတ်ဝင်စားလို့ အင်ဂျင်နီယာဖြစ် လာတယ်၊ သံချိုကတော့ ငယ်ငယ်ကတည်းက မဟာဆန် ဆန်၊ သိမ်သိမ်မွေ့မွေ့လေးဆိုတော့ ရိုးရိုးမြန်မာစာပဲယူ ခဲ့တယ်"

"အနေအထားတွေက အဲလိုပြောင်းလဲခဲ့ပေမယ့် သမီးတို့ ဘယ်တော့မှ မဝေးသွားခဲ့ကြဘူးနော် မေမေ"





ဂမုန်း စကားအဆုံးမှာ မေမေ သက်ပြင်းချပြန်သည်။ မေမေ့အမူအရာက ဂမုန်းကို ဘယ်လိုနှစ်သိမ့် နားချပေးရမလဲဟု အသည်းအသန် စဉ်းစားခန်း ဝင်နေပုံပင်။

ဂမုန်းက ဗိုတိုစတန်းဖြင့် ထည့်ထားသော စားပွဲ ပေါ်က ဓာတ်ပုံလေးကို ဆွဲမြည့်စွာ စိုက်ကြည့်ရင်း ...

"ဒီပုံလေးကို သမီးတို့ ဆယ်တန်းအောင်စာရင်း ထွက်တဲ့ နေ့မှာ အမှတ်တရ ရိုက်ထားတာ၊ ကြည့်စမ်းပါဦး မေမေ ရယ်၊ အဲဒီမိန်းမ သံချိုလေ အရမ်းကို လှနေတာ"

"သမီး ... ဂမုန်း၊ ပင်ပန်းလာတယ် မှုလား၊ အေးအေး ဆေးဆေး အနားယူလိုက်တော့နော်"

"မေမေ"

"ဘာလဲ သမီးရယ်၊ သံချို့အတွက် မေမေလည်း ပြောမပြ နိုင်အောင် စိတ်ထိခိုက်ရပါတယ်၊ ဒါပေမဲ့ ကိုယ့်စိတ်ကို ထိန်းပြီး တရားနဲ့ဖြေတာ အကောင်းဆုံးပါပဲကွယ်"

"သံချိုက သေနေ့မစေ့ပဲ သေခဲ့ရတာ မေမေ"

"ဟဲ့ ... သမီး"

"ဟုတ်တယ်၊ သူက သေကြောင်းကြံစည်ခံရတာ၊ လူတစ် ယောက်ရဲ့ခန္ဓာကိုယ်ကို မားနဲ့ထိုးပြီး သတ်ပစ်မှ လူသတ်မှု အထမြောက်တာ မဟုတ်ဘူး မေမေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူရဲ့စိတ်ကို နာကျင်အောင် ရိုက်ချိုးပစ်တာလည်း တစ်နည်းပြောရရင် လူသတ်မှုပဲ၊ လူတစ်ယောက်ဟာ စိတ်ကြောင့် ရှင်သန်နေတာ၊ ခံစားချက်နဲ့ ရပ်တည်နေတာ၊ အဲဒီအရာတွေ ပျက်စီးသွားရင် ကိုယ့်ခန္ဓာကိုယ်ကိုလည်း ကိုယ်တိုင်ထိန်းချုပ်နိုင်ဖို့ မလွယ်တော့ဘူး ...

သံချိုက စိတ်နုတယ်၊ တစ်ခုခုဆို ခံနိုင်ရည် မရှိတတ်လို့ ခုလို ဖြစ်သွားရတာလည်း ...”

“ကဲ ... ကဲ ... သမီး၊ တော်တော့ကွယ်၊ မေမေ အလုပ်ရှိသေးတယ်၊ ခုချိန်မှာ သံချိုနဲ့ ပတ်သက်ပြီး အရမ်းခံစားနေရမယ်ဆိုတာ မေမေ နားလည်တယ် ...

ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ထပ်ပြီးမနှိပ်စက်ပါနဲ့နော်”

မေမေက ပြောပြီး ဂမုန်း ခေါင်းကို ဖွဖွလေးပုတ်ကာ နေရာမှ ထထွက်သွားပါသည်။

ဂမုန်းကတော့ သံချို နောက်ဆုံးပြောခဲ့သော စကားတစ်ခွန်းကို ခုချိန်ထိ ပြန်သတိရမိကာ လူတစ်ယောက်အပေါ်မှာ တနင့်တပိုး နာကြည်းစိတ် ဝင်နေမိသည်။

“ငါ သူ့ကို အရမ်းချစ်တာပဲ”တဲ့။



ဒါဟာ သံချို့ နောက်ဆုံးထွက်သက်မှာ ရေရွတ်မြည်တမ်းခဲ့သော စကားဖြစ်သည်။

နင် စိတ်ကြိုက် ချစ်သွားနိုင်ပါတယ် သံချို။

ဒါပေမဲ့ ငါတို့နှစ်ယောက်ကို အဝေးတကာ့အဝေးဆုံး တစ်နေရာဆီရောက်အောင် တွန်းပို့ပေးခဲ့တဲ့ အဲဒီယောက်ျားအတွက် တစ်စုံတစ်ရာတော့ ငါ ပြန်ပေးဆပ်ပါရစေ။

သိပ်အများကြီးတော့ မဟုတ်ပါဘူး။

အပေါ်ယံရုပ်ထိရုံ ပါးပါးလေးပါ။

○ ❢ ○



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ ဒီည မပြန်ဘဲ ငါ့ဆိုင်မှာပဲ အိပ်လိုက်ရင် ပိုအဆင်ပြေမယ်ထင်တယ် သားကြီး"

သူက ဆိုင်အပေါ်ထပ် သီးသန့်ခန်းထဲမှာ တစ်ယောက်တည်း အေးအေးလူလူ ရေချိုးနေရာမှ ဖြိုးဝေအသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်ပါသည်။

ဖြိုးဝေက သူ့ဘေးနား ဝုန်းခနဲ ပစ်ထိုင်ချရင်းဆိုသည်။

"ငါလည်း တစ်နေ့လုံး လက်မလည်ဖြစ်နေတာနဲ့ ဘော်ဒါကြီးနဲ့တောင် မျက်နှာချင်း မဆိုင်ရသေးဘူး၊ မင်းကိုမေးရဦးမယ်၊ Funeral မှာ ဘာထူးခြားသေးလဲ၊ မင်းကို သူ့ချစ်သူမှန်း မသိကြဘူးလား"

သူက စီးကရက်ကို တစ်ရှိုက်ထပ်ဖွာပြီး လေးပင်စွာ ခေါင်းယမ်းပြမိသည်။





"ငါ့ကို မှတ်မိလို့ကတော့ အဲဒီ အသုဘမှာတင် နောက်တစ်လောင်းထပ်ပြီး သင်္ဂြိုဟ်လိုက်ရမှာပေါ့ကွာ၊ မင်းဆိုကို ဒီလို အကောင်းပကတိ ပြန်လာနိုင်ပါ့မလား၊ သူ့အသိုင်းအဝိုင်းဘက်က ခုဆို ငါ့အပေါ် ပိုပြီးခါးခါးသီးသီး ဖြစ်နေကြမှာ"

"မင်း အထဲထိ မဝင်ခဲ့ဘူးလား"

"ဟင့်အင်း၊ ခန်းမအပြင်ကနေပဲ စောင့်ကြည့်ပြီး ပြန်လာတာ၊ တကယ်ဆို ငါ့မှာ အပြစ်မရှိဘူးဆိုတာ မင်းတစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိကြဘူးလေ ...

သူ ခုလိုဖြစ်ရတာ ငါ့ကြောင့်ဆိုပြီး အားလုံးက လက်ညှိုးဝိုင်းထိုးနေကြတာ၊ တကယ်တော့ ငါ့စေတနာက ဝေဒနာဖြစ်သွားတယ် ဖြိုးကြီးရာ ...

ငါ အဲဒီနေ့က နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်တာလည်း အစိက သူ့အတွက်၊ သူ့ဘဝအတွက်ပါကွာ"

"စိတ်ကိုဖြေပါ သူငယ်ချင်းရာ၊ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ၊ ငါ မင်းကို တစ်ခုတော့ အကြံပေးချင်တယ် သားကြီး"

သူက "ဘာလဲ"ဟူသည့်ပုံစံ မေးဆတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မိန်းမတွေနဲ့ မပတ်သက်တော့တဲ့ ဘဝကို တစ်ယောက်တည်း ဖြတ်သန်းပါလားကွာ၊ မင်းကတော့ ကိုယ့်ကိုတကူးတက လာအိတဲ့သူတွေကို အလိုက်အထိုက် ပြန်ရောလိုက်တာပဲ ...

ဒါပေမဲ့ လူတွေက မင်းကို နာမည်နဲ့လိုက်တဲ့ငပွေ၊ ငရှုပ်ဆိုပြီး ဝိုင်းသတ်မှတ်ထားကြတာ၊ ကြာတော့ မင်းပဲ နာမည်ဆိုးနဲ့ ကျန်ခဲ့ရတယ်"

"ငါလည်း သံချိုညောင်း တစ်ယောက်နဲ့ တော်တော်လေး သင်ခန်းစာ ရသွားပါပြီကွာ၊ ငါ အဲဒီနေ့တည်းက ဆုံးဖြတ်ထားတယ်၊ ရှေ့လျှောက် ဘယ်မိန်းမနဲ့မှ မပတ်သက်တော့ဘူးလို့"

"တကယ်ဆို မင်းက အပျော်တမ်းတွဲရုံတွဲပြီး ဘယ်သူ့အပေါ်မှာမှ နစ်နာအောင် မလုပ်ခဲ့ဘူးဆိုတာ ငါ အသိဆုံးပဲ၊ ဒါပေမဲ့ ပတ်ဝန်းကျင် ဆိုတာလည်း အခက်သားပဲကွ ...

ယောကျာ်းလေးတစ်ယောက် ရည်းစားများပြီဆို ဒီကောင် အကျင့်မကောင်းတဲ့ကောင်၊ ယုတ်မာတဲ့ကောင်ဆိုပြီး ရှေ့မကြည့် နောက်မကြည့် ဝိုင်းစွပ်စွဲချင်ကြတာ၊ ဘယ်မိန်းမအပေါ်မှာမှ အသားမယူတတ်တဲ့ မင်းကောင်းကွက်ကို ဘယ်သူမှ မမြင်ကြဘူးကွ"





သူက ဖြိုးဝေ အပြောကြောင့် မချိတင်ကဲ ပြုံးမိသည်။

သူဟာ **Broken Family** မှ ဆင်းသက်လာသူပီပီ စိတ်ဓာတ်က သာမန်နဲ့ မတူအောင် အနည်းငယ် ကြမ်းရိုင်းတတ်သည်။ နေချင်သလိုနေ၊ လုပ်ချင်ရာလုပ်ပြီး ဘယ်သူ့ကိုမှလဲ သိပ်ဂရုမစိုက်တတ်ခဲ့ပါ။

သို့သော် သူ့စိတ်ရင်း အမှန်ကတော့ သူတစ်ပါး အပေါ် ကူညီဖေးမလိုစိတ်၊ အားပေးလိုစိတ်ရှိကြောင်း သူ့ကိုယ်သူသာ သိသည်။ သူ လူမှန်းသိတတ်စ အရွယ်တည်းက နေ့စဉ်နေ့တိုင်း ဆုံစည်းပတ်သက်ရသည့် အရာများမှာ သူ့အဖေနဲ့အမေရဲ့ ရန်ပွဲများပင် ဖြစ်ခဲ့သည်။ အဖေက အမေ့ပေါ် အမြင်စောင်းသလို အမေကလည်း အဖေ့အပေါ် နားလည်မှု မပေးနိုင်ခဲ့ပါ။

သို့သော် သူကာ သားတို့ရဲ့ထုံးစံအတိုင်း အဖေ့ထက် အမေ့ကိုသာ ပိုမြတ်နိုးခင်တွယ်ခဲ့ပါသည်။

သူ့ရဲ့ဇာတိမြေ မိုးကုတ်မှာ မေမေ ဆုံးပြီး အဖေက နောက်မိန်းမယူကာ မိထွေးနှင့် အတူမနေချင်တာမို့ သူတစ်ယောက်တည်း ရန်ကုန်ဆင်းလာခဲ့သည်။ ရန်ကုန်မှာ တိုက်ခန်းကစ်ခန်းဝယ်ယူကာ အဖေပို့သမျှငွေ အရံသင့် ထိုင်သုံးပြီး ပေတေလေလွင့်နေသော သူဟာ E မေဂျာဖြင့် ဒုတိယနှစ်စာမေးပွဲကို အကြိမ်ကြိမ်ရှုံးလျက် ပညာရေးဘက် လျစ်လျူရှုထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျောက်တွင်းသူဌေး သူ့အဖေ အားကိုးဖြင့် အလုပ်လုပ်ဖို့လည်း အထူးတလည် စိတ်မကူးမိ။ သူ့ဘဝမှာ မိဘမေတ္တာ တစ်ခုကလွဲ၍ ကျန်တာအားလုံး ပြီးပြည့်စုံခဲ့ပါသည်။

သူ့ရဲ့နေ့စဉ်ပုံမှန်အလုပ်က ညတိုင်း ကလပ်တက်မည်။ ဖြိုးဝေဆိုင်မှာ အားတိုင်း အချိန်ဖြုန်းမည်။ ရင်ခုန်ချင်စရာ အလန်းဇယားတွေ တွေ့တိုင်း အလိုက်သင့် ရင်ခုန်မည်။ ရည်းစားတွေ မှိုလိုပေါက်အောင်ထားမည်။

ဒါတွေထက် ဘာမှမပို။

ရည်းစားဆိုသည့်အတိုင်း သူက အားလုံးကို တကယ့်ရည်းစားအဖြစ်သာ သတ်မှတ်ထားခဲ့သည်။

သူ့ဘဝမှာ ချစ်သူဆိုတာ မရှိခဲ့ဖူးပါ။

သို့သော် နောက်ဆုံးတွဲခဲ့သော သံချိုညောင်း ဆိုသည့် တစ်ယောက်ကိုတော့ သူက အားလုံးထက်ပိုပြီး နေရာပေးမိခဲ့သည်။ သူမက သူတွဲခဲ့ဖူးသော ခပ်ကဲကဲရဲရဲဟာမျိုးတွေနှင့် လုံးဝတခြားစီ ဖြစ်သည်။

သူတို့နှစ်ယောက် ဆုံစည်းမှုကလည်း ရိုးရိုးလေးသာပင်။ Shopping Centre တစ်ခုမှာ နှစ်ယောက်သား ဝင်တိုက်မိ၊ တောင်းပန်စကားတွေဆို၊ နောက်ဆုံး ခင်မင်သွားကြကာ ရုပ်ရှင်ထဲကလို သာမန် Plot များသာ ဖြစ်ခဲ့သည်။





သံချိုက သူ့အမြင်မှာတော့ သာမန်မိန်းကလေးတွေနှင့် မတူအောင် ဖြူစင်အပြစ်ကင်းပါသည်။ အချဉ်မဟုတ်သော သူက သံချို့ကိုပါ ရင်ခုန်သံအသစ်နှင့် ပရိုပို့စ်လုပ်ခဲ့သည်။

ရည်းစားသနာကိစ္စ အင်မတန် ကင်းရှင်းခဲ့ဟန်တူသော အမျိုးကောင်းသမီးလေး သံချိုကလည်း သူ့အချစ်ကို ပြန်လက်ခံခဲ့ရာ နောက်ဆုံး သူတို့ ချစ်သူတွေ ဖြစ်သွားခဲ့သည်။

သို့သော် ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသည့်အတိုင်း သူ သံချို့လက်ကို ဆက်တွဲထားရမှာ ဝန်လေးလာသည်။ သံချို့မိဘအသိုင်းအဝိုင်းဘက်ကလည်း သူ့သတင်းကြားထားရာ အပြင်းအထန် ကန့်ကွက်ခဲ့ကြပါသည်။

သံချိုက ဘာကိုမှ ဂရုမစိုက်ဘဲ ရှေ့ဆက်တိုးဖို့ စိုင်းပြင်းခဲ့သည်။ သူ့ကို ဇွတ်မှိတ်ယုံကြည်ပြီး ချစ်ခဲ့သော သံချိုဟာ နှစ်ဦးသဘောတူ လက်ထပ်ဖို့ကိစ္စကိုပင် သူမဘက်က စတင်ကမ်းလှမ်းခဲ့တာဖြစ်သည်။

အဲဒီနေ့အထိ သူ့စိတ်တွေက ဟိုလိုလို ဒီလိုလိုတွေဝေဗျာများနေခဲ့ကာ နောက်ဆုံး သံချို့ဆန္ဒကို လိုက်လျောဖို့ သဘောတူ ခေါင်းညိတ်ခဲ့မိသည်။ တကယ်တော့ သူ အရာအားလုံးကို ရှေ့ဆက်မတိုးခင် သေသေချာချာ စဉ်းစားသုံးသပ်ခဲ့သင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သံချိုနှင့် ပြတ်ပြတ်သားသား လက်ထပ်ခါနီးကျမှ သူ့စိတ်ထဲ တွေဝေမှုတွေ ဝင်ရောက်ကြီးစိုးလာတော့သည်။ ထို့ကြောင့် သူ ဖြစ်ချင်ရာဖြစ် သဘောထားကာ ထိုအစီအစဉ်ကို သူ့ဘက်ကစပြီး ဖျက်သိမ်းပစ်ခဲ့တာပင်။

သူ မှားမှန်း၊ သူ လွန်မှန်း သိပါသည်။

သို့သော် သံချို ဤမျှထိ ဖြစ်သွားလိမ့်မည်ဟု ထင်မထားခဲ့တာကြောင့် ခုလို ပေါ့ပေါ့တန်တန် ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်သည်။ ခုတော့ သံချိုသေဆုံးမှုဟာ သူ့ကြောင့်ဆိုသည့်နာမည်ဂုဏ်ပုဒ်ဆိုးဖြင့် တစ်သက်လုံး ဖက်တွယ်ရှင်သန်သွားရတော့မည်။

သူ ခုချိန်မှာ အတော်လေးလည်း နောင်တရနေခဲ့ပြီ ဖြစ်ပါသည်။

"ငါ ဒီနေ့ကစပြီး ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်တော့မယ် ဖြိုးကြီး၊ ဘယ်မိန်းကလေးကိုမှ ကြုံရင်ကြုံသလို ဖြစ်မအီတော့ဘူး၊ အတတ်နိုင်ဆုံး မိန်းမတွေကို ခေါင်းထဲက အပြီးထုတ်ထားလိုက်တော့မယ်ကွာ ...

ငါ သံချိုနဲ့ Rhythm မကိုက်ဘူးလို့ သိသွားတဲ့အချိန်မှာ ရှေ့ဆက်မတိုးနိုင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ နောက်ဆုတ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ဒါပေမဲ့ ငါ့ကြောင့် သူ ခုလိုဖြစ်သွားရတော့ ဘယ်လိုမှ ရင်ထဲမကောင်းနိုင်ဘူး၊ ငါ သူ့အပေါ်မှာ တစ်သက်လုံး အကြွေးတင်သွားသလို ခံစားရတယ်ကွာ"





"ဟုတ်တယ် သားကြီး၊ မိန်းကလေးတွေက ငါတို့ယောကျ်ားလေးတွေထက် ပိုပြီး ခံစားချက် ပြင်းထန်ကြတယ်ကွ၊ အဲ ... မာကျောပြတ်သားတဲ့ နေရာမှာလည်း သူတို့အပြင်နှစ်ယောက်မရှိဘူးနော် ...

သံချိုကတော့ အရမ်းပျော့ပျောင်းလွန်းတယ်၊ ပြီးတော့ သူက မင်းအပေါ် အလိုလိုက် သည်းခံပြီး ချစ်လာခဲ့တဲ့သူဆိုတော့ မင်း ခုလို လုပ်လိုက်တဲ့အချိန်မှာ ဘယ်လိုမှ ခံနိုင်ရည် မရှိဘဲ Shock ရသွားတဲ့သဘောပေါ့ကွာ၊ သူ့အသိုင်းအဝိုင်းကိုတောင်စွန့်ပြီး မင်းဘဝထဲကို ခြေစုံပစ်ဝင်လာဖို့ ဆုံးဖြတ်ရဲတဲ့သတ္တိက နည်းနည်းနောနောတော့ မဟုတ်ဘူး သားကြီး ...

ဘာပဲဖြစ်ဖြစ် ငါ သံချို့ကို သနားမိတာ အမှန်ပဲ"

"ငါလည်း သူ့ကို တကယ်မချစ်ခဲ့ပေမယ့် သံယောဇဉ်တော့ ရှိပါတယ်ကွာ၊ သူက ငါ့ဘဝမှာ တန်ဖိုးအရှိဆုံး၊ အဖြူစင်ဆုံး မိန်းကလေးပါ၊ ငါ့ကြောင့် သူ့ဘဝ မနစ်မွန်းစေဖို့ အချိန်မီ ဆုံးဖြတ်ခဲ့ကာမှ ဒီလိုဖြစ်သွားရတာ လုံးဝစိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး၊ ဖြစ်နိုင်ရင် ငါ့ကိုယ်ငါ ပြင်းပြင်းထန်ထန် အပြစ်ပေးချင်တယ်”

“ထားလိုက်ပါ သားကြီးရာ၊ မင်း အခု အမှားကိုသိပြီး အမှန်ပြန်ပြင်ဖို့ ရည်ရွယ်နေပြီပဲ၊ ဒါ မင်္ဂလာတစ်ပါးပဲပေါ့”

“ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီအသိကို သံချို အသက်ရှင်နေစဉ်အတွင်း သူနဲ့ စမပတ်သက်ခင်တည်းက ငါ သိခဲ့ရမှာ ဖြိုးကြီး ...

ငါ့ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းတော့မယ်ကွာ၊ ဒီနေ့ ဝက်ပါနဲ့ မနက်ဖြန် ဝက်ပါ လုံးဝကွဲပြားစေရမယ်”

သူ မျက်လုံးစုံမှိတ်လျက် ခိုင်ခိုင်မာမာ ဆိုလိုက်မိသည်။

ဖြိုးကြီးတစ်ယောက် ဘာမှဆက်မပြောဘဲ သူ့ဘေးမှ ထထွက်သွားလေသည်။ သိပ်မကြာခင်မှာပဲ ဘီယာအရှိန်နှင့် ပင်ပန်းနွမ်းနယ်မှုတို့ ရောပေါင်းကာ သူ မှေးခနဲ အိပ်ပျော်သွားတော့သည်။



# ဝက်ပါမိုးတိမ်ထက်သို့...

www.burmeseclassic.com

www.burmeseclassic.com



သူသည် Estee Lauder ရေမွှေးပုလင်းဆီ လက်လှမ်းလိုက်စဉ် ဘေးနား လှစ်ခနဲ ကပ်ပေါ်လာသည့် လက်ဖျံတစ်ဖက်ကြောင့် ဘေးဘက်ငဲ့စောင်းကြည့်လိုက်မိသည်။

ဩော် ... လက်စသတ်တော့ သူ့လိုပဲ ဒီရေမွှေးကို ဝယ်ဖို့ဆန္ဒရှိသော နောက်ထပ်ဈေးဝယ်သူတစ်ယောက် ထင်ပါရဲ့။ ထိုလက်ဖျံနဲ့ လက်မောင်းထက်မှာ ရွှေအိုရောင်မွေးညင်းရှည်ရှည်လေးတွေ ယှက်ဖြာနေတာမို့ သူ ရုတ်တရက် ထိုမြင်ကွင်းမှ အကြည့်မလွှဲဖယ်မိပါ။

သူ့စိတ်ထဲလည်း အင်မတန်မှ ထူးဆန်းသွားရသည်။

ဒီလက်ဟာ မိန်းကလေးတစ်ယောက်ရဲ့လက် ဆိုတာ အာရုံခံမိချိန် သူက အလိုလိုနေရင်း ကိုယ့်လက်ကိုယ် ပြန်ရုပ်ပြီးသား ဖြစ်သွားရသည်။ Lady First ဆိုသည့် စကားအတိုင်း လိုက်နာလိုက်သော်လည်း တစ်ဖက် ဘ တုံ့ပြန်မှုက သူ့ရင်ကိုနင့်သွားစေသည်။





ကြည့်စမ်း ...။ သူ့ကို နဂါးတစ်ကောင်လို စူးခနဲ မျက်စောင်းထိုးလိုက်ပုံက အနှစ်နှစ် အလလက ရန်သူတော်ကြီးများသဖွယ်။

ထို့နောက် သူမက ကျောလယ်မရောက်တရောက် ဂျူးလိယက်လိုပုံစံ ရွှေအိုရောင်ဆံနွယ် ပျော့စင်းစင်းများကို ဝဲခနဲ ခါယမ်းကာ သူ့ရှေ့မှ လှည့်ထွက်သွားတော့သည်။

လုပ်ပုံက သိပ်အထာမကျ။ သူ့ကိုဘလိုင်းကြီးခွပ်သွားပုံက ပျော့ပျော့လေးနှင့် မာကျောရင့်သီးလှသည်။ သူမ ယူမည်ဆိုလျှင်တောင် ဆိုင်မှာတစ်ပုလင်းတည်းသာရှိသော ဒီရေမွှေးကို သူက လုံးဝစွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ပြီးသွားပင်။

ခုတော့ သင်းလေးပုံစံက ရေမွှေးကြောင့်လည်း ဟုတ်ဟန်မတူ။ အလိုလိုနေရင်း သူ့အပေါ် မျက်မုန်းကျိုးနေသလိုပဲ ဖြစ်သည်။ ကေန္တ ယောကျ်ားမုန်းတီးရေးဝါဒကို လက်မလွှတ်တမ်း ဆွဲကိုင်ထားသူတစ်ယောက်များလား။

နောက်ဆုံးတော့ သူ့ရင်ထဲ မတင်မကျစိတ်များအင်အားပြင်းထန်လာကာ သူမနောက်သို့ အလျှင်စလို လိုက်လာမိသည်။ သူ ဒီကိစ္စကို ဖြေရှင်းရမှကို ကျေနပ်နိုင်ပါမည်။ —

"ဟော့ ... ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက လှည့်မကြည့်။ သူ့မှာ မိန်းမတွေနှင့်မပတ်သက်တော့ပါဘူးဟု ဆုံးဖြတ်ပြီးကာမှ မျက်စိရှေ့က သူမစတိုင်လ်ကို အကဲခတ်ဖြစ်အောင် ခတ်နေမိသေးသည်။

အဖြူဆွတ်ဆွတ် တီရှပ်ကျပ်ကျပ်ပေါ် ခါးတစ်ဝက်မီးပြာရောင် ဂျင်းဂျာကင်လေး ထပ်ဝတ်ထားသော သူမက အောက်ပိုင်းမှာ Skinney အောက်ရှုံ့ဂျင်းအနက်ရောင်နှင့်ဖြစ်သည်။ အဖြူရောင် adidas ဝေါ့ကင်းရှူး(စ်) စီးထားသော သူမအရပ်က သိပ်မမြင့်မနိမ့် အနေတော်ပင်။ ခန္ဓာကိုယ်ကတော့ သာမန်ထက် ပိုပိန်သွယ်သည်ဟု ထင်ရသည်။

ဟာ ... သူ ဘာတွေလျှောက်ကြည့်ပြီး တွေးနေမိတာလဲ။ သင်းနဲ့သူ ပြဿနာရှင်းဖို့ကိစ္စကိုသာ အမြန်ဆုံး အကောင်အထည်ဖော်ရမည်။

သူက သူမဘေးမှကပ်လျှောက်ကာ ထပ်ခေါ်လိုက်ပါသည်။

"ဒီမှာ ... မင်း ခုနက ဘယ်လိုအပေါက်မျိုး ချိုးသွားတာလဲ၊ မင်းနဲ့ ငါ တစ်ခါမှလည်း မဆုံဖူးဘဲနဲ့ ဘာလို့ ဘလိုင်းကြီး မျက်စောင်းထိုးသွားရတာလဲ ...

အဲဒီရေမွှေးကို ငါက ကြည့်ရှုသက်သက်ပါ၊ မင်းနဲ့ပြိုင်လုပြီး မဝယ်ပါဘူး"





သူမက ပုံမှန်အတိုင်း လျှောက်နေရာမှ ခြေလှမ်းများကို တုံ့ခနဲရပ်ကာ သူ့ဘက် ဖြည်းဖြည်းချင်း လှည့်ကြည့်သည်။ အညိုရောင်သမ်းပြီး မှုန်မှုန်ပြောင်ပြောင်လေး ဝင်းနေသော သူမမျက်နှာက အဆိုတော် အိမ့်ချစ်နှင့် ဆင်ဆင်တူသည်ဟု သူကောက်ချက်ချမိပါသည်။

ချောသည်ထက် ယဉ်ပြီး ကြည့်မဝသည့်ဘက် ပိုပေါက်သော မချွေမိက သူ့ကို မျက်လုံးဝိုင်းဝိုင်းများဖြင့် စူးစိုက်ကြည့်ကာ ...

"Estee Lauder ရေမွှေးတစ်ပုလင်းအတွက်နဲ့ ရှင့်ကို မကျေမချမ်း မျက်စောင်းထိုးသွားတယ်လို့ ထင်နေတာလား"

"ဟုတ်တယ်လေ၊ ကိုယ်နဲ့မသိတဲ့ ယောကျ်ားတစ်ယောက်ကို ဘာကိစ္စ ဒီလိုအချိုးမျိုး ချိုးရတာလဲ၊ မင်းက ဘာအထာလဲ"

သူ့မေးခွန်းအဆုံးမှာ သူမက ကိုရီးယားသရုပ်ဆောင်တွေလို နှုတ်ခမ်းကို ခပ်ဟဟစွဲ့ဖွင့်ပြီး "ဟွန့်"ခနဲဆိုသည်။ ဒီစတိုင်(လ်)မျိုး လုပ်တတ်သူက တော်တော်ရှားပါသည်။ တစ်ဖက်သားအတွက် မခံချိမခံသာ ဖြစ်စေသော စတိုင်(လ်)မျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စကားတစ်ခွန်း ကြားဖူးမယ် ထင်တယ်"

"ဘာလဲ ? "

"တချို့တွေ ပြောတတ်ကြတယ်လေ၊ လူတစ်ယောက် ချစ်ဖို့ကောင်းပြီဆို ဟယ် ... သူ့မျက်နှာလေးက မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ဆုနဲ့ ပြည့်စုံတယ်လို့"

သူက ပဟေဠိမမကြောင့် ရုတ်တရက် နားမလည် နိုင် ဖြစ်သွားရသည်။ ဘာကိုပြောချင်တာပါလိမ့်။

"အဲဒါ ဘာဖြစ်လဲ၊ အဲဒီစကားနဲ့ ခုကိစ္စက ဘာဆိုင်လို့ လဲ"

"သိပ်ဆိုင်တာပေါ့၊ လောကမှာ မျက်နှာမြင် ချစ်ခင်စေတဲ့ လူမျိုးရှိသလို မျက်နှာမြင်လို့ မုန်းစိတ်ဝင်ရတဲ့ လူစားမျိုး တွေလည်း ရှိသေးတယ် ...

ဥပမာ ... ရှင့်လို ချစ်မွေးမပါတဲ့လူမျိုးပေါ့၊ ကျွန်မ ရှင့်ကို မြင်မြင်ချင်း မုန်းတဲ့စိတ် ဖြစ်မိလို့ ဒီလိုပုံစံဆက်ဆံ လိုက်တာ၊ နောက်ပြီး ပဇ္ဇည်းတစ်ခုတည်းကို အပြိုင်အဆိုင် လုဝယ်ရတဲ့ ခပ်ရီးရီး Plot မျိုးတွေ သုံးရမှာလည်း ကျွန်မ စိတ်မဝင်စားဘူး၊ ရှင်းတယ်နော်"

သူမက ထို"ရှင်းတယ်နော်"ကို လက်ညှိုးတစ်ချောင်း ထောင်ကာ ပမာမခန့် ပြောလိုက်ခြင်းဖြစ်သည်။ သူ့မှာ တစ်သက်





နဲ့တစ်ကိုယ် မကြားဖူးခဲ့သော ထူးဆန်းထွေလာပုံပြင်တစ်ပုဒ် နားထောင်လိုက်ရသလို ရင်ထဲ "ဟား"ခနဲပင် ဖြစ်သွားရပါသည်။

ဒီလို မာရေကျောရေ နိုင်လွန်းသော မိန်းကလေး မျိုး သူ နေထိုင်ရာကမ္ဘာထဲမှာ ရှိနေသေးတာ သူ့မှာ ယုံရအခက် ပင်။ တိုက်တိုက်ဆိုင်ဆိုင် သူလို ဆော်ကြည်ဘဲနဲ့မှ ဒီကောင်မ လေး တွေ့တော့ဆုံရလေခြင်း။

သူမက ပြောပြီး သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွား သည်။ သူလည်း ဆန္ဒတစ်ခု၏ စေ့ဆော်မှုကြောင့် သူမနောက် မှ အပြေးတစ်ပိုင်းနှင့် လိုက်ချလာခဲ့ပြန်သည်။

စိတ်ထဲမှာလည်း သူမလုပ်ရပ်ကြောင့် မခံချိမခံသာ ဖြစ်ပြီးရင်း ဖြစ်နေရပါသည်။

"ဒီမှာ ... နေစမ်းပါဦး၊ မင်းက ..."

သူ့စကားမှ မဆုံးသေးခင် သူမက လက်ဝါးကာ ပြကာ ...

"ဓလေး ... ရှင် နားလည်အောင် ပြောထားရဦးမယ်၊ ဒီလိုပုံစံမျိုးနဲ့ ရှင့်စိတ်ဝင်စားမှုရအောင် တကူးတက လုပ် ယူလိုက်တယ်လို့ ထင်မနေနဲ့ဦးနော် ...

ရှင့်ကို မြင်မြင်ချင်း မုန်းသွားတာပဲရှိတယ်၊ အဲဒါ ကြောင့် စိတ်ထဲရှိတဲ့အတိုင်း မုန်းလို့မုန်းတယ်ပြောခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာ အားလုံးပြီးပြ ... OK ၊ ရှင် ဆက်မလိုက်လာခဲ့ပါနဲ့၊ ကျွန်မ ရှင်ထင်သလို အချဉ်မဟုတ်ဘူး၊ ကိုယ့်နောက်က လိုက်နေတဲ့ ဘယ်ဘဲမဆို ပြန်ရင်ခုန်သာယာနေတတ်တဲ့ အတန်းအစားမျိုးထဲမှာ ကျွန်မ မပါဘူး”

“ဟ ... မင်း ... မင်း၊ ဘာကြီးလဲကွ၊ မင်းက ဘယ်လိုမိန်းမမျိုးလဲ၊ မင်း စကားတွေက တဖြည်းဖြည်း စော်ကားတဲ့ဘက်ကို ဦးတည်နေပြီနော်၊ ဘလိုင်းကြီးပါလားကွ”

“ဒါကတော့ ရှင့်ဘက်က ထင်ချင်သလို ထင်နိုင်တယ်၊ ကျွန်မနဲ့ မဆိုင်ဘူး၊ ကျွန်မနဲ့ဆိုင်တာ ပြောရရင် ရှင် ဒီနေရာမှာ ခြေစုံရပ်ပြီး ကျန်ခဲ့ပါ၊ ဒါပါပဲ”

ဒီတစ်ခါတော့ သူ ပါးစပ်အဟောင်းသားပွင့်လျက် သူမပြောသလို နေရာမှာတင် မလှုပ်မယှက် ကျန်ခဲ့တော့သည်။ ထူးဆန်းလွန်း၍ ဘယ်လိုလက်ခံရမှန်းပင် မသိတော့ပါ။

သူမဟာ တစ်ခုခုတော့ တစ်ခုခုပဲဟု သူ ထင်သည်။

သို့သော် ဘာတစ်ခုခုပါလိမ့်။ သူ မစဉ်းစားတတ်ပါ။ သေချာတာကတော့ သူ ထိုမိန်းကလေးရဲ့ကာရိုက်တာကို စက္ကန့်ပိုင်းအတွင်းမှာပဲ အထူးတလည် စိတ်ဝင်စားသွားမိပြီဖြစ်သည်။

သူမဟာ သူနဲ့ပတ်သက်ခဲ့ဖူးသမျှ မိန်းကလေးတွေနဲ့ ဘာမှမဆိုင်လောက်အောင် အကွာကြီးကွာသည်။ နားလည်ရ





ခက်သော သူမအကြောင်းကို သူ ဖြိုးဝေထံတင်ပြဖို့ စဉ်းစားရင်း စောစောက ကျန်ခဲ့သော Estee Lauder ရေမွှေးပုလင်းကို ပြန်ဝယ်ဖို့ ဆိုင်ဘက်ခြေဦးလှည့်လိုက်ပါသည်။

သို့သော် ထိုရေမွှေးကို သူ သုံးဖြစ်၊ မသုံးဖြစ်တော့ သိပ်မသေချာ။ လောလောဆယ်မှာ ပါကင်ပိတ်အတိုင်း သိမ်းဆည်းထားဖို့သာ ဆန္ဒရှိနေပါသည်။

၀ ႏ ၀

www.burmeseclassic.com



ဂမုန်းသည် သံချို့အကောင့်ထဲမှာ ရှိသည့် mail အကောင့်တစ်ခုကို အမြင်မှာ မျက်ဝန်းများက အတောက်ပဆုံး လင်းလက်သွားကြသည်။

ဂမုန်းနဲ့ သံချိုက g-mail အကောင့်ကိုယ်စီဖွင့်ထား ကြသလို တစ်ယောက် mail အကောင့်ရဲ့ password ကို ကျန် တစ်ယောက်ကပါ နှိက်နှိက်ချွတ်ချွတ် သိပါသည်။

ဂမုန်းတို့ကြားမှာ လျှို့ဝှက်အပ်သော ကိစ္စဆိုလို့ တစ်ခါမှ မရှိဘူးခဲ့။ (သံချို့ဘက်က ဝက်ပါဆိုသည့် လူတစ်ယောက် အကြောင်း အနည်းငယ် ထိမ်ချန်ထားခဲ့တာက လွဲလျှင်ပေါ့။)

Labyrinth ဆိုသည့် အကောင့်ကို ဂမုန်းက ကိုယ့် ဆီကနေလှမ်းပြီး Invite လုပ်လိုက်ပါသည်။ သူက Online ပေါ် မှာ မရှိတာမို့ ကိုယ့်ကိုပြန်ပြီး Accept လုပ်,မလုပ် သိပ်မသေချာ သေး။





ဂမုန်းက မေမေအသင့်ဖျော်ပေးထားသော Mocha ကော်ဖီကို တစ်ငုံ,ငုံကာ ဟိုလှည့်ဒီလှည့် အကြောဆန့်တန်းပြီး ကွန်ပျူတာရှေ့မှ မျက်နှာခွာလိုက်သည်။

အချိန်ကြည့်လိုက်တော့ ညဆယ့်နှစ်နာရီ။ သိပ်မအိပ် ချင်သေးတာမို့ ဟန်းဖုန်းကို ဝတ်ထားသော ကာကီရောင်ချည် ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ ခြံထဲဆင်းလာခဲ့ပါသည်။

ဖေဖေကတော့ စာကြည့်ခန်းထဲမှာ စာဖတ်လျက် သား။ မေမေလည်း ခုချိန်လောက်ဆို ဘုရားဝတ်ပြုပြီး အိပ်ရာဝင် နေလောက်ပြီထင်သည်။

ဒီနေ့ဟာ သံချိုဆုံးသော နှစ်ပတ်တင်းတင်းပြည့် သည့်နေ့ဖြစ်သည်။ သံချို့ကိုလွမ်းသောစိတ်များက ဂမုန်းတစ်ကိုယ် လုံးကို ဝါးမျိုရစ်ပတ်ထားကာ အာရုံတွေ နွမ်းနယ်ဖျော့တော့နေ တာ အလွန်တရာ ဆိုးဝါးသော ခံစားချက်ဖြစ်သည်။

သံချို ဘယ်ဘုံဘဝသို့ ရောက်နေလေမလဲ။ ကောင်း ရာသုဂတိမှလားပါ့မလား။ ဂမုန်းသည် တွေးရင်းနှင့် ရင်ထဲဆို့သွိုက် ကာ နောက်ဆုံး ချုံးပွဲချငိုချလိုက်မိသည်။ အားရအောင်ငိုပြီးချိန် မှာ ...

"တိတိ ... တူတူ"



www.burmeseclassic.com

www.burmeseclassic.com



ဒိုန်းမြည်သံကြောင့် မျက်ရည်စများကို ခွင့်ကြမ်းကြမ်းပွတ်သုတ်ပြီး ဖွင့်နားထောင်လိုက်တော့ ...

"ဂမုန်း"

"အန်တီကြူ ... အန်တီကြူလားဟင်"

"သမီးကို သတိရလွန်းလို့ ဆက်လိုက်တာပါကွယ်၊ သမီး မအိပ်သေးဘူးလားဟင်"

အန်တီကြူလည်း ငိုထားပုံရပါသည်။ အသံကပုံမှန်မဟုတ်။ တုန်ယင်လှိုက်ခါနေသည်။

"သမီး အိပ်မပျော်လို့ပါ၊ ညဥ့်အရမ်းနက်နေပြီ အန်တီရယ်၊ တော်ကြာ ကျန်းမာရေး ထိခိုက်ဦးမယ်၊ အိပ်လိုက်ပါတော့လား"

အန်တီကြူက သက်ပြင်းတစ်ချက်နှင့်အတူ ခပ်ညည်းညည်း ဆိုလာပါသည်။

"အန်တီလည်း သမီးလိုပဲပေါ့ ဂမုန်းရယ်၊ သံချို မရှိတဲ့ အချိန်ကစပြီး ညတိုင်း စိတ္တဇလိုဖြစ်နေတာ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့တာ ဒီညထိပါပဲ၊ အဲဒါကြောင့် သံချို့ အလွမ်းပြေ သမီးနဲ့ စကားပြောချင်စိတ် ပေါ်လာလို့ လှမ်းဆက်လိုက်တာ ...





ပြီးတော့ သမီးကို ကျေးဇူးတင်စကား ထပ်ပြောရဦးမယ်"

"ဘာများလဲ အန်တီ"

"သမီးဘဝအတွက် အရမ်းအရေးကြီးတဲ့ ကျောင်းကိစ္စကို မျက်ကွယ်ပြုပြီး သံချို့ ခရီးကို နောက်ဆုံးအကြိမ် လိုက်ပို့ပေးခဲ့တဲ့ သမီးကို အန်တီ အရမ်းအားနာတယ် ဂမုန်း ...

ဒါနဲ့ သမီး ဘယ်တော့ ဂျပန်ပြန်မှာလဲ၊ မပြန်ခင် တစ်ရက်လောက် အေးအေးဆေးဆေး လာလည်ပါဦးကွယ်၊ သမီးကိုမြင်ရင် အန်တီ စိတ်ဖြေသိမ့်စရာလေး ဖြစ်လို့ပါ"

"သမီး ဂျပန်ပြန်ဖို့ တစ်နှစ်လောက် ကြာဦးမှာ အန်တီ"

"ဟင် ! ဘယ်လို ... သမီး"

"ဟုတ်တယ် အန်တီ၊ သမီး ဒီမှာ လုပ်စရာလေးတွေရှိသေးလို့ပါ၊ နောက်မှ အန်တီ့ဆီကို လာလည်ပါ့မယ်"

ဂမုန်းက ကိုယ့်အစီအစဥ်နှင့်ကိုယ်မို့ ခုလို ပြောလိုက်ခြင်းဖြစ်ပါသည်။ ဂမုန်း အကြံအစည်ကိုသိလျှင် အန်တီကြူ ကန့်ကွက်မှာ သေချာသလောက်ရှိသည်။

ဂမုန်းက ကိုယ့်လမ်းကိုယ် တစ်ကိုယ်တည်း လျှို့ဝှက်စွာ လျှောက်လှမ်းဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးနော်၊ သံချိုမရှိပေမယ့် သမီးတစ်ယောက်လုံး အန်တီ့သမီးအဖြစ် ရှိနေသေးတာပဲ၊ ဘာမှအားမငယ်နဲ့နော်"

"အင်း ... အန်တီလည်း တရားနဲ့ဖြေနိုင်ဖို့ ကြိုးစားတုန်းပါပဲ၊ သမီး ဦးကလည်း ကြွရင်ကြွသလို နားချပေးပါတယ်၊ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲတဲ့ ...

ကဲ ... သမီးလေး၊ အချိန်မနည်းတော့ဘူး၊ တော်ကြာ အိပ်ရေးမဝဘဲနေမယ်၊ အိပ်ရာဝင်တော့နော်"

"ဟုတ်ကဲ့ ... ဂွတ်နိုက်ပါ အန်တီ"

"ဂွတ်နိုက်ပါကွယ်"

ဂမုန်းက အန်တီကြူနှင့် ဖုန်းပြောပြီးနောက် အိမ်ထဲသို့ တရွေ့ရွေ့ လှမ်းလျှောက်ဝင်လာခဲ့ပါသည်။ အခန်းထဲရောက်သော် ကွန်ပျူတာဆီ တစ်ချက်လှမ်းကြည့်လိုက်သည်။

Labyrinth ဆိုသည့် အကောင့် Online ပေါ်ရောက်နေတာမြင်လျှင် ဂမုန်းက ဟက်ခနဲပင် တစ်ချက်ရယ်လိုက်မိသည်။ သူက ဂမုန်း Invite လုပ်ထားတာကို သဘောတူလက်ခံစွာ Accept ပြန်လုပ်ထားပါသည်။

သို့သော် ဂမုန်းက ချက်ချင်းပဲ Sign Out လုပ်ကာ Chatting ထဲက ထွက်လိုက်သည်။





ဝက်ပါ (သို့) Labyrinth ရေ။

နောက်ညတွေကျမှပဲ ကျွန်မ ရှင့်ကို ထူးဆန်းခြင်းလက်ဆောင်တချို့ ဆက်လက်ပေးကမ်းပါရစေတော့။

ခုလောလောဆယ်တော့ Good Night နော်။

○ ❢ ○



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... သားကြီး၊ ဒီမှာ ... ဒီမှာ တက်လာပြီ၊ မင်းကို မနေ့ညက အကြောင်းရိုက်ပြီး Sign Out လုပ်သွားတဲ့တစ်ယောက်၊ ဘာတဲ့ ... သူ့အကောင့်က ...

Gamoneshade တဲ့၊ ဒါ သူ့နာမည်ထင်တယ်"

ဝက်ပါက ဂျာနယ်(လ်)တစ်စောင်ကို လှန်လှော ရူးစမ်းနေရာမှ ဖြိုးဝေ အသံကြောင့် ကွန်ပျူတာရှေ့ အပြေးသွားမိသည်။ မှန်လိုက်လေခြင်း။ သင်း ... သင်း။ ညက သူ့ကို Invite လှမ်းလုပ်ပြီး ဘာမပြော ညာမပြော Sign Out လုပ်သွားခဲ့သော တစ်ယောက်။ Gamoneshade တဲ့။

ဒီအကောင့်ပိုင်ရှင်ဟာ မိန်းကလေးတစ်ယောက်ပဲ ဖြစ်ရမည်ဟု သူ့စိတ်ထဲ အလိုလိုနေရင်း ခန့်မှန်းမိနေသည်။ နာမည်ရင်းကို အကောင့်ဖွင့်ထားရိုးမှန်လျှင် သူမနာမည်က "ဂမုန်းရိပ်"ပေါ့။





သူက ဒီဘက်ကနေ အလျှင်စလို Hi ဟု လှမ်းလုပ်လိုက်ပါသည်။ တစ်ဖက်မှ တော်ရုံနှင့် အကြောင်းပြန်မလာဘဲ ငြိမ်ချက်သား ကောင်းနေတာမို့ သူ စိတ်မရှည်ဖြစ်မိကာ တစ်ဆင့် ထပ်တက်လိုက်ပြန်သည်။

"Hello friend ! How are you"

ထိုသို့ရိုက်ပြီး စောင့်နေစဉ်မှာပင် ...

"မြန်မာလို မရိုက်တတ်ဘူးလား"ဟူသည့် စာသားတချို့ ပြန်ပေါ်လာလေသည်။ သူက ဟိုဘက်မှ Reply ကြောင့် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိသည်။ Chatting သရဲဖြစ်သော သူဟာ Online မှာ ဖွန်ကြောင်တိုင်း ဘယ်တော့မှ မြန်မာလိုမရိုက်တတ်ပါ။ ခုတော့ Gamoneshade ရဲ့ အလိုကျ သူ နည်းပြောင်းရတော့မှာဖြစ်သည်။ သူက ဒီဘက်ကနေ ...

"ရိုက်တတ်ပါတယ်၊ မနေ့ညက Invite လုပ်ပြီးပြီးချင်း ဘာလို့ထွက်သွားတာလဲ"ဟု ပြောလိုက်ပါသည်။ ဖြိုးဝေက သူ့လက်မောင်းကို တစ်ချက်ပိတ်ထိုးကာ ဆိုလာသည်။

"ပြောတော့ဖြင့် ဘယ်မိန်းမကိုမှ မပတ်သက်တော့ပါဘူးလေး ဘာလေးနဲ့၊ မင်းက တကယ့် ခွေးမြီးကောက်ပဲကွ"

"ဟော့ကောင် ... ဒီအကောင့်က Male (or) Female မသေချာသေးဘူးလေကွာ၊ အဲဒီအဖြေကို အရင်သိအောင် ရှာရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"သိရင် ဘာဆက်လုပ်မလို့လဲ"

"နေစမ်းပါဦးကွာ၊ ဒီမှာ ... ဒီမှာ ပြန်လာပြီ၊ ဖြိုးကြီး မင်း ခပ်ဝေးဝေးသွားနေကွာ၊ အာရုံလာနှောက်မနေနဲ့"

သူက ကွန်ပျူတာ Screen ပေါ် စူးစိုက်ကြည့်ပြီး ဖြိုးဝေကိုပါ အတင်းတွန်းလွှတ်ရသည်။ ဖြိုးဝေ ပေစောင်းစောင်း ရှိုးကာ ထွက်သွားတော့မှ Chatting ထဲ အာရုံပြန်စိုက်မိပါသည်။

"ညက အရှမ်းအိပ်ငိုက်နေလို့ပါ၊ အခု ယူ ဘာလုပ်နေတာလဲ Labyrinth"

"Chatting ထိုင်နေတယ်လေ၊ မေးရဦးမယ်၊ ကိုယ့်အကောင့်ကို ဘယ်ကရတာလဲ၊ ယူက မ,လား၊ ကျားလား"

"ဟင်း ... ဟင်း ... ဟင်း"

သူက ထိုစာလုံးများကို အမြင်မှာ မျက်မှောင်တစ်ချက် တွန့်သွားရသည်။ ဒီရယ်ပုံဟာ ချက်တင်ထဲမှာ မဟုတ်ဘဲ သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး ရယ်လိုက်သလို ခံရခက်လှပါသည်။

"မင်း ဘာရယ်တာလဲ"

"သဘောကျလို့ပါ၊ ယူက ဘို့ကို ဘယ်လိုထင်လို့လဲ"

"သိဘူးလေ၊ မသိလို့ မေးတာပေါ့"





"ယူ့အတွက် ဒီအကွက်တွေက ရွှေ့ခဲ့ပေါင်းများပြီထင်တယ်နော်၊ ဘို့ကို ချက်တင်သရဲလို့ ထင်နေတာလား၊ ဒါဆို ယူ မှားမယ်နော် ...

ယူ့အကောင့်ကို ဘော်ဒါတစ်ယောက်ဆီကရတာ၊ ဝက်ပါဆိုတဲ့ နာမည်ကို စိတ်ဝင်စားလို့ Invite လုပ်လိုက်တာပါ"

သူ တကယ်ကို ဖျားသွားရတော့သည်။

အင်း ... ဒီအမိကို သိပ်လျှော့တွက်လို့ ရဟန်မတူ။ အချဉ်မဟုတ်တာတော့ သေချာသလောက်ရှိပြီ။

"ဟိတ် ... ဘယ်လိုလဲ၊ ငြိမ်လှချည်လား၊ ဘာတွေစဉ်းစားနေတာလဲ၊ ကဲပါ ... ဘို့တွေ ဘော်ဒါလုပ်ကြတာပေါ့ ...

ဘို့နာမည်က အကောင့်ထဲကအတိုင်းပဲ ဂမုန်းရိပ်ပါ၊ ယူ့နာမည်ရင်းကရော ဘယ်လိုခေါ်လဲ ...

ထင်တာပြောရရင် ယူလည်း ဘို့လိုပဲ ဖြစ်မယ်ထင်တယ်၊ ယူ့ Name က ဝက်ပါလား"

"မင်း မဆိုးဘူး တော်တယ်၊ မှန်းနိုင်တယ်"

"ဒါက သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး၊ ယူ့နာမည်မကဘူး၊ ယူ့ကာရိုက်တာကိုပါ မှန်းပေးရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



“ကဲ … ဟောစမ်းပါဦး ဗေဒင်ဆရာမကြီးရယ်၊ ဒီမိ အတိုင်းဆို မင်းဟာ တကယ့် မိန်းမစစ်စစ်တစ်ယော ဆိုတာ သံသယဝင်စရာမရှိတော့ဘူး ဂမုန်းရိပ်”

“ဟား ဟား၊ ကဲ … ဟောပြီနော်၊ ယူက ဝက်ပါဆို အတိုင်း ဘဝတစ်လျှောက်လုံး ရှုပ်ထွေးပွေလီမှုတွေနဲ့ပ သက်ခဲ့သူဖြစ်မယ်၊ ဥပမာ … မိသားစုရေး၊ အချစ်ရေ

“ဟိုး … ဟိုး …”

သူက သူမ ရိုက်လို့ မပြီးခင် အလျှင်စလို “ဟိုး” လိုက်ရသည်။ ခေါင်းထဲမှာလည်း သံသယအတွေးတချို့ ကြီး လာပါသည်။

သူ တစ်ခုခုကို ရိပ်စားမိလိုက်သလိုပင်။

“ဒီမှာ … မင်းကို တစ်ခုမေးမယ်၊ အမှန်တိုင်းဖြေနော်”

“ဘာလဲ၊ မင်း ငါ့သတင်းကို ဘယ်ကကြားပြီး ဘာလို ကြီးဝင်လုံးတာလဲ၊ ငါ ထားခဲ့ဖူးတဲ့ ရည်းစားပေါ သောင်းခြောက်ထောင်ထဲက တစ်ယောက်ယောက်နဲ့ ဆ နွယ်ပြီး ငါ့ဆီရောက်လာတာလား၊ မင်း ရည်ရွယ်ချက် ဘာလဲ …

ဒါတွေပဲ မေးမှာမဟုတ်လား၊ တို့ ထင်တာပြောတာနော်





သူသည် ရုတ်တရက် ခွန်းတုံ့မပြန်နိုင်။ အံ့သြလွန်း၍ ဆွံ့အသွားရလေသည်။ ဂမုန်းရိပ် ဆိုသည့် သူမကို အထူးဆင်ခြင်ပြီး ပြောဆိုဆက်ဆံမှ ရတော့မည်ဟု ရိပ်စားမိချိန်မှာ …

“ငါထင်တာ မှန်နေပြီ ဂမုန်းရိပ်၊ မင်း ဘယ်သူ့စပိုင်လဲ”

“ဘယ်သူ့စပိုင်မှ မဟုတ်ပါဘူး၊ တို့က တစ်ယောက်တည်းသမားပါ၊ ယူ့နာမည်ကိုကြည့်ပြီး ခန့်မှန်းလိုက်မိတာပါ၊ ဘာမှလျှောက်တွေးမနေနဲ့တော့နော်၊ ဒီနေ့ကစပြီး ယူနဲ့တို့ ဘော်ဒါတွေ ဖြစ်သွားပြီ၊ ဟုတ်လား”

သူက သိပ်မကျေနပ်လှသော်လည်း ဂမုန်းရိပ် ဆန္ဒအတိုင်း လိုက်လျောမိပါသည်။

“ထားလိုက်ပါတော့၊ မင်းက အခု ဘယ်မှာလဲ”

“ဘာလဲ၊ foreign မှာ ထင်လို့လား၊ တို့ မြန်မာပြည်ထဲမှာပဲ ရှိပါတယ်”

“အတိအကျပြောလေ၊ မြန်မာပြည် ဘယ်ပြည်နယ်၊ ဘယ်မြို့၊ ဘယ်နေရာ”

“ယူကရော အခု ဘယ်မှာလဲ”

“စင်ကာပူ”



www.burmeseclassic.com

www.burmeseclassic.com



“ဟား ဟား … စင်ကာပူဘုန်းကြီးကျောင်းမှာလား၊ လာဖိန့်မနေပါနဲ့ကွယ်၊ ကဲပါ … အတည်ပြောမယ်၊ တို့ အခုရန်ကုန်မှာပဲ၊ ယူရော”

“အတူတူပဲပေါ့၊ တို့တွေ online ဘော်ဒါ မလုပ်ဘဲ real ဘော်ဒါတွေ လုပ်ရအောင်”

“ဘယ်လို”

“ဟုတ်တယ်လေ၊ Online မှာ ခင်တဲ့သူ အများစုက လန်ကျူတ်(လုပ်ကြံ)ဇာတ် ခင်းတာများတယ်၊ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် အမှန်မပြောတတ်ကြဘူး …

ငါတို့က အဲလိုမဟုတ်ဘဲ အမှန်အကန် လုပ်မယ်လို့ ပြောတာ၊ မင်းကို ငါ တကယ်ခင်ပါတယ် ဂမုန်းရိပ်၊ မင်း Face book သုံးလား”

“No တို့ အဲဒါတွေ သိပ်စိတ်မဝင်စားဘူး၊ အခုသုံးနေတဲ့ g-talk အကောင့်တောင် သူများဖွင့်ပေးတာ”

“မင်းကို online ကနေ အိတ်တဲ့သူတွေ ရှိမှာပေါ့”

“အမှန်တိုင်း ပြောရရင် ရှိတယ်၊ ဒါပေမဲ့ ပြောနေရင်းနဲ့ မရိုးမသားတွေ ဖြစ်လာရင် ချက်ချင်း Block လုပ်ပစ်လိုက်တယ်”

“အခု ငါ့ကို Invite လုပ်တာကရော”





“ပြောပြီးပြီလေ၊ ဝက်ပါဆိုတဲ့ နာမည်ကို သဘောကျလို့ပါဆို၊ ကျန်တာ ဒီထက်မပိုဘူး”

“ဟုတ်ပါပြီ၊ ဘယ်သူက စွပ်စွပ်စွဲစွဲ ပြောနေလို့လဲ၊ ဒါနဲ့ မင်း Phone No ကရော”

“ဟိတ် … တို့က သာမန် Chatting girls တွေလို မဟုတ်ဘူးနော်၊ ဒါ ယူဆင်နေကျ ခွင်တွေလား”

“မင်းက လူကိုနှိပ်ကွပ်တဲ့ နေရာမှာ ဆရာကြီးထင်တယ်နော်၊ ငါက ခင်လို့တောင်းတာပါ၊ မပေးချင်လည်းရပါတယ် …

ငါ့နံပါတ်တော့ ယူထားလိုက်နော်၊ မင်း တစ်ခုခု အရေးအကြောင်းရှိရင် အကူအညီ လှမ်းတောင်းလို့ရအောင်၊ 0951……”

“တို့ မှတ်ထားလိုက်ပါ့မယ်၊ Thank you နော်၊ တို့နံပါတ်တော့ နောက်မှပဲယူတော့”

“မင်း VZO ရော မသုံးဘူးလား”

“ဘာလဲ … ယူ တို့ရုပ်ကြီးကို မြင်ချင်နေပြီလား”

“အမှန်အတိုင်း ဝန်ခံရရင် တစ်ခါလောက်တော့ တွေ့ဖူးချင်တယ်၊ ဒါလည်း ငါဆင်နေကျခွင်လို့ မင်း ပြောဦးမှာပဲလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … ဒီကိစ္စတွေက သဘာဝပဲ၊ တို့ နားလည်ပါတယ်၊ ဒါပေမဲ့ လူချင်းတွေ့ဖို့တော့ စောပါသေးတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ တို့ ကိုယ်ထင်လာပြဖြစ်မှာပါ"

"အောင်မယ် … ကိုယ်ထင်လာပြမယ် ဆိုတော့ မင်းက နတ်သမီးပေါ့ … ဟုတ်လား"

"ယူ ထင်ချင်သလို ထင်နိုင်တယ်"

"တကယ်လို့ မင်းသာ နတ်သမီးဆိုရင် ငါ ရဲလေးသီချင်း တစ်ပုဒ် ဆိုပြချင်တယ်၊ နာမည်ကြီးပဲ၊ မင်း ကြားဖူးမှာပါ …

ရင်ခုန်စရာ အိပ်မက်လေးတော့ … တစ်ခါပြန်လည် မက်ခွင့်ပေးပေါ့ … အိပ်မက်တွေထဲမှာ … နင် နတ်သမီးပေါ့"

"ဟေး … ယူနဲ့ တို့ ဘော်ဒါတွေနော်၊ စည်းမဖောက်နဲ့"

"အလကား စတာပါကွာ၊ ငါ အခု စိတ်တွေ ပေါ့ပါးလန်းဆန်းနေတယ် ဂမုန်းရိပ်၊ မင်းနဲ့ စကားပြောရတာ ပျော်နေသလိုပဲ"

"ယူ့မှာ စိတ်ညစ်စရာတွေ ရှိနေလို့လား"

သူက ထိုမေးခွန်းကြောင့် တစ်ချက် ငိုင်တွေသွားရသည်။ သံချို့အကြောင်း ခုမှသိသော သူမကို ပြောပြဖို့ သင့်တော်ပါ့မလား။ သို့ပေမယ့် ဂမုန်းရိပ်ဆီမှာ တစွန်းတစရင်ဖွင့်ချင်သော ဆန္ဒတွေ့ သူ့ရင်ထဲ ကိန်းအောင်းနေပြီမို့ …



"ငါ ခုတလော နည်းနည်းနွမ်းနေတယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့် ဆိုပါတော့"

"ဟုတ်လား … ရင်ဖွင့်လိုက်လေ၊ ယူ့ရည်းစားကြောင့်လား"

"ဟုတ်တစ်ဝက်၊ မဟုတ်တစ်ဝက်ပဲ"

"အင်း … ဒါမျိုးတွေက ဖြစ်တတ်ပါတယ်၊ အခု ယူ ဘာတွေပြောပြချင်နေလဲ၊ ဆန္ဒရှိရင်လည်းပြော၊ မရှိရင်လည်း မပြောနဲ့နော်၊ ဘာလို့လဲဆိုတော့ ယူနဲ့တို့က ခုမှစသိတဲ့ အစိမ်းသက်သက်တွေလေ"

"ငါ မင်းကို ပြောပြချင်ပါတယ်၊ ဒါပေမဲ့ စိတ်မချမ်းသာစရာကိစ္စတွေ ဖြစ်နေလို့ ပြောရမှာ အားနာတယ်၊ ကဲပါ … ဒီအကြောင်းတွေ ခဏထားလိုက်ပါ …

မင်းနာမည်တော့ သိပြီးပြီ၊ မွေးနေ့၊ အသက်၊ အလုပ်အကိုင် ဒါတွေ ထပ်သိပါရစေဦး"

"တို့ Life က သာမန်ပါပဲ၊ အသက်အစိတ်မကျော်သေးဘူး၊ မိဘနဲ့နေတယ်၊ Birthday အတိအကျတော့ မပြောတော့ဘူး၊ B.E နဲ့ ကျောင်းပြီးထားတယ်၊ ခုလောလောဆယ်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် မယ်မယ်ရရမရှိ၊ မိဘလုပ်စာထိုင်စား တစ်ရှာကိုး တစ်ရှာတစ်ဆယ် ဘ၀ဆိုးလှတယ်၊ ဟဲဟဲ ... အဲဒီလို"

"မင်းက B.E ဆိုတော့ အင်ဂျင်နီယာမလေးပေါ့၊ တော် တယ်နော်"

"ထင်လို့လား"

"ငါကြားဖူးတာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေက တော် တယ်တဲ့၊ ဝင်ငွေလည်း အရမ်းကောင်းတယ်ဆိုပဲ"

"တို့က အင်ဂျင်နီယာလုပ်ရတာ ဝါသနာပါပါတယ် ဒါပေမဲ့ အနုပညာနဲ့ ခံစားပြီးလုပ်ရတဲ့ စာရေးဆရာ အလုပ်ကို ပိုဝါသနာပါတာ၊ ဒါပေမဲ့ စာမရေးတတ်လို့ ခက်နေတာ"

"ဟင် ! မင်းကလည်း၊ စာရေးဆရာနဲ့ အင်ဂျင်နီယာလစ် ကြောင်းချင်းက တခြားစီပဲ၊ ဖြစ်ချင်တယ်ဆိုရင်လည်း စမ်းရေးကြည့်ပေါ့"

"ဖြစ်မှာ မဟုတ်ပါဘူး၊ ကျွန်တဲ့အလုပ်တွေက စမ်းလုပ် ကြည့်ရင်းနဲ့ တတ်ကျွမ်းသွားတာရှိတယ်၊ ဒါပေမဲ့ စာရေး ဆရာဆိုတာမျိုးက ပါရမီပါမှဖြစ်တာ၊ တို့က ပါရမီရေး အဓိပတိပါ မပါဘူး"





"မင်း တော်တော်နောက်တတ်တာပဲနော်၊ ငါ မေးဦးမယ်၊ နောက်ညတွေ ဒီအချိန် ပုံမှန်ချက်တင်ထိုင်မှာလား"

"ထိုင်မှာလားလို့ မေးမယ့်အစား ထိုင်ပါလားလို့ တောင်း ဆိုလိုက်တာ ပိုမှန်လိမ့်မယ်နော်၊ ယူပဲ တို့နဲ့စကားပြောရ တာ စိတ်ထဲမှာ လန်းဆန်းပေါ့ပါးနေတယ်ဆို"

"ကဲ ... ဟုတ်ပါပြီ တီချယ်ကြီးရေ၊ ထိုင်ပါလို့ ကျွန်တော် တောင်းဆိုပါတယ်၊ ဒီအချိန်ပုံမှန်နော်"

"အိုကေ ... ဒါပေမဲ့ ညတိုင်းလို့တော့ အာမ,မခံဘူး၊ ပြီး တော့ အချိန်တစ်နာရီအတိပဲ ပေးနိုင်မယ်"

"ရပါတယ်၊ ကျေနပ်ပါတယ်"

"ဒါဆို တို့ အိပ်တော့မယ်၊ Good bye"

သူက သူမ နှုတ်ဆက်ပြီး offline ပေါ်လာတော့မှ ကိုယ်တိုင်ပါ sign out လုပ်ပြီး ထွက်လိုက်တော့သည်။ ဘယ်က တည်းက အကွက်ချောင်းနေလဲ မသိသော ဖြိုးဝေ တစ်ယောက် တော့ဖြင့် သူ့ဘေးနား ပြုံးစစလုပ်ရင်း ရောက်လာကာ ...

"ဘယ်လိုလဲ၊ မင်း ဒီတစ်ယောက်ကို နည်းနည်းလေးတော့ စိတ်ဝင်စားသွားပြီမှလား၊ မညာနဲ့နော်"

သူက ပခုံးတစ်ချက်တွန့်ရင်း လက်ဝါးခါပြလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဘာပုံစံလဲ ဒါက၊ စိတ်ဝင်စားရင် ဝင်စားတယ်ပေါ့၊ ဝန်ခံရမှာ ရှက်နေတာလား"

"မရှက်ပါဘူးကွာ၊ ငါ သူနဲ့စကားပြောရတာ အဆင်ပြေတယ်၊ သံချို့ကိစ္စနဲ့ မွန်းကျပ်နေတဲ့ ငါ့စိတ်တွေက သူနဲ့ Chat ရတဲ့အချိန်လေးမှာ လန်းနေတာ အမှန်ပဲ၊ ဒါပေမဲ့ အရင်လိုဖွင့်ချင်တဲ့ ဖီလင်မျိုးတော့ မရှိဘူး၊ ငါ့သော်ဒါရင်းလို သဘောထားမိတာ၊ ဒီလောက်ပါပဲ"

"နေစမ်းပါဦးကွ၊ ငါ မေးဦးမယ်၊ မင်းနဲ့ Shopping Centre မှာ Estee Lauder ချင်းဆုံတဲ့ တစ်ယောက်ကရော ဘယ်လိုလဲ၊ မင်း ပြောတဲ့ ကျောက်ခဲမလေး ဆိုတာလေ"

သူက ဖြိုးဝေ စကားကြောင့် အာရုံထဲမှာ အိမ့်ချစ်ကလုံး ကောင်မလေးကို ဖျတ်ခနဲ တွေးမြင်လိုက်မိပါသည်။ သူ့အတွက် ကမ္ဘာပေါ်မှာ အမာကျောဆုံး၊ အပြတ်သားဆုံး၊ နားလည်ရခက်ဆုံး မိန်းကလေး။

အင်း ... ဘယ်မိန်းမကိုမှ မပတ်သက်တော့ပါဘူးလို့ ဆုံးဖြတ်ပြီးခါမှ ထူးထူးခြားခြား ထပ်ဆုံရသည့် ဂမုန်းရိပ်နဲ့ မယ်ကျောက်ခဲ။ ဆုံစည်းရချိန်ကလည်း ရှေ့ဆင့် နောက်ဆင့် မတိမ်းမယိမ်း။





"အဲဒီဟာလေးကိုတော့ ခေါင်းထဲက ထုတ်ထားလိုက်ပါပြီကွာ၊ ဒါပေမဲ့ သင်း ရွေ့သွားတဲ့အကွက်က ငါ့အတွက်တော့ တကယ့် အဆင်သစ်ပဲ ဖြိုးကြီး၊ တစ်ခါမှ မကြုံဖူးခဲ့တဲ့အသစ် ...

ထားလိုက်ပါကွာ၊ မိုးလည်းချုပ်နေပြီ၊ ငါအိပ်တော့မယ်၊ မင်းလည်း အိပ်တော့"

သူက ပြောပြီး အိပ်ရာပေါ် ဝုန်းခနဲ ခုန်တက်ကာ စောင်ခေါင်းမြီးခြုံလိုက်ရာ ဖြိုးဝေ ပွစိ ပွစိ ရေရွတ်ကျန်ခဲ့ပါသည်။ မကြာမီမှာပင် သူ မှေးခနဲ အိပ်ပျော်သွားတော့သည်။

○❢○



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဝက်ပါသည် ကန့်တော်ကြီးထဲ အစီအစဥ်မရှိ ကားပတ်မောင်းလာရင်းမှ မျက်စိရှေ့မှ မြင်ကွင်းတစ်ခုကြောင့် ပါးစပ်အဟောင်းသား ပွင့်သွားရတော့သည်။

သူမ ... မယ်ကျော့ကခဲ။

သူမက ipod နားကြပ်လေး နားမှာတပ်ကာ ပြေးသည်ဆိုရုံမျှ ခြေလှမ်းများကို သွက်သွက်လေး လှမ်းလာသည်။ ဘေးမှာ အနက်ရောင်လိုင်းစင်းများပါသည့် မိုးပြာရောင် အားကစားဝတ်စုံ အထက်အောက်ဆင်တူနှင့် သူမဟာ ဆံနွယ်ဖြောင့်စင်းစင်းများကိုတော့ ခပ်မြင့်မြင့်လေး စည်းနှောင်ထားပါသည်။ သူက တစ်ချက် ငေးခနဲ ဖြစ်နေရာမှ သတိဝင်လာချိန်မှာ သူမအနားသို့ ရောက်အောင် ကားကိုဖြည်းဖြည်းချင်း မောင်းလာခဲ့သည်။





သူ့ကို ဘယ်လောက်ပဲ မုန်းပါတယ်ပြောပြော။ တိုက်တိုက်ဆိုင်ဆိုင် ဆုံခွင့်ရနေသော ထိုကောင်မလေးကို သူနှုတ်မဆက် အရောမဝင်ဘဲ မနေနိုင်တာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့အားသင့်နေရသည်။

သူမက ဘေးနားရောခနဲ ထိုးဆိုက်လာသော ကားဘက် တစ်ချက်ငဲ့စောင်းကြည့်သည်။ ထို့နောက် မျက်မှောင်တွန့်ရင်း ဆတ်ခနဲ မျက်နှာလွှဲကာ ရှေ့ဆက်ပြေးသွားပါသည်။

သူလည်း ဇွဲမလျှော့ဘဲ လိုက်မြဲအတိုင်း ဆက်လိုက်ကာ နှုတ်မှလည်း အော်ခေါ်မိသည်။ သူမ သူ့ကို မမှတ်မိတာလား၊ တမင်ပဲ ရှုးချင်ယောင်ဆောင်နေတာလား မသေချာပါ။

"ဟေ့ ... ရှေ့က၊ ဟို မိုးပြာရောင်နဲ့ တစ်ယောက်"

ထိုသို့ခေါ်မှ သူမခြေလှမ်းတုံ့ကာ သူရှိရာသို့ ဖြည်းဖြည်းချင်း လှည့်ကြည့်လာသည်။ ဒီတစ်ခါတော့ မျက်နှာလွှဲမသွားတော့ပါ။ သူက ကားကို လမ်းဘေးထိုးရပ်ပြီး တံခါးဖွင့်ဆင်းကာ သူမရှိရာ လျှောက်လာခဲ့သည်။ မယ်ကျော့ကခဲကတော့ ရှုတည်တည်နဲ့ ဆက်ရှိုးနေဆဲပင်။

"တစ်ယောက်တည်းလား"

"ဘာလာပြီး အကြောင်းရိုက်နေတာလဲ၊ ရှင့်ကို ကျွန်မ မသိဘူး၊ ဖယ် ... ရှေ့က"



www.burmeseclassic.com

www.burmeseclassic.com



သူမက စွာကျယ်ကျယ်နှင့် ပက်ခနဲ ပြန်အော်ကာ သူ့ဘေးက လှည့်ထွက်ဖို့ ပြင်တာမို့ ...

"နေ ... နေပါဦး၊ မင်း ငါ့ကို မမှတ်မိဘူးလား၊ သေချာကြည့်ပါဦး၊ အသက်ငယ်ငယ်လေးနဲ့ ဘာလို့ သတိမေ့လွယ်ရတာလဲ"

ဒီစကားကိုတော့ဖြင့် သင်းလေး မခံချင်ဖြစ်သွားပုံရသည်။ ခါးထောက်ပြီး သူ့မျက်နှာကို စူးခနဲ စိုက်ကြည့်လာပြန်သည်။

"မင်းနဲ့ငါက သာမန်မဟုတ်ဘဲ ဆုံခဲ့ရတာလေ၊ မြင်မြင်ချင်း ချစ်မွေးမပါလို့ အရမ်းမုန်းပါတယ်ဆိုတဲ့ ယောက်ျားတစ်ယောက်ကို မင်း လွယ်လွယ်နဲ့တော့ မေ့လောက်မယ်မထင်ဘူး"

သူက ဤသို့ ဤနှယ် လမ်းစဖွင့်ပေးလိုက်မှ သူမမျက်ဝန်းတွေ တစ်မျိုးအရောင်ပြောင်းသွားသည်။

ကဲ ... မင်း အိပ်ပျော်နေရင်လည်း နိုးထလိုက်ပါတော့ ချာတိတ်ရယ်။

"ဩော် ... ဟော် ... ဟော် ... ဟား ... ဟား"

"ဘာလှောင်သလို ရယ်နေတာလဲ၊ မှတ်မိပြီလား"





"ဟုတ်သားပဲ၊ ခုမှ ရုပ်လုံးပေါ်လာတော့တယ်၊ ကဲလေ ... တိုက်တိုက်ဆိုင်ဆိုင် ထပ်ဆုံရပြီ ဆိုပါတော့၊ ရှင်က အခု ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်တာလဲ ..."

ရုပ်ရှင်ထဲက Plot တွေတော့ လာမသုံးနဲ့နော်၊ ဒါမျိုးတွေက ရိုးနေပြီ၊ နောက်ပြီး ရှင်က ကျွန်မမုန်းတဲ့ယောကျ်ား ဖြစ်နေတော့ မိတ်ဆွေဖွဲ့ဖို့လည်း သိပ်အဆင်မပြေဘူး"

"အဲဒါကိုပဲ ငါ ထူးဆန်းနေတာ၊ အဲဒီနေ့က မင်းနဲ့လမ်းခွဲပြီး ပြန်လာတော့ ငါစိတ်ထဲမှာ တစ်ခုတွေးမိတယ်"

"ဘာလဲ"

"မင်း ငါ့ကို မြင်မြင်ချင်း မုန်းတယ်ဆိုတာ သိပ်အဓိပ္ပာယ်မရှိဘူးလို့၊ အကြောင်းမဲ့သက်သက်တော့ မဖြစ်နိုင်ဘူး"

"အဲဒီတော့ ရှင်က ဘယ်လိုထင်လို့လဲ"

"ငါ့အထင် ! အင်း ... မင်းက ဘယ်သူ့စပိုင်လဲ"

သူက တဲ့ပင်မေးလိုက်ရာ မယ်ကျောက်ခဲရဲ့ မျက်လုံးဝိုင်းက ပိုလို့စူးရှတောက်လက်သွားကြသည်။

"ဒီမှာ ... ကျွန်မကို အံ့စားအောင် လာလုပ်မနေနဲ့၊ ရှင်ပြောတာတွေ နားလဲမလည်ဘူး၊ စိတ်လည်းမဝင်စားဘူးဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခ ... ခဏလေးပါ၊ မင်းက တကယ်စိတ်ကြီးတာပဲ၊ ငါ မင်းဆီမှာ အကူအညီတစ်ခုလောက် တောင်းချင်လို့၊ အဲဒါ တစ်ဆိတ်လောက် ကူညီပေးနိုင်မလား"

"ကျွတ် ... ခက်တာပဲ"

သူမက စိတ်ကုန်သလိုပုံစံနှင့် စုတ်သပ်ပြီး တစ်ဖက် လှည့်သွားသည်။ မျက်နှာအနေအထား အကဲခတ်ကြည့်ရတာတော့ တင်းမာမှုတွေ အနည်းငယ် ပြေလျော့စပြုနေသလိုဖြင့်။

"ကဲ ... ပြော ... ပြော၊ ဘာလဲ၊ ကျွန်မ အချိန်သိပ်မရ ဘူး"

"ငါ့ကို ဗေဒင်က ဟောထားတယ်၊ တနင်္ဂနွေနေ့မနက် အစောကြီးမှာ ပထမဆုံး စတွေ့တဲ့ မိန်းကလေးတစ်ယောက် ကို အဲဒီနေ့မှာပဲ မနက်စာကျွေးရင်း ယတြာချေရမယ်တဲ့ ...

ဒီကိစ္စ မင်းကို အကူအညီ တောင်းချင်တယ်"

သူမက သူ့စကားအဆုံးမှာ ဟက်ခနဲ ရယ်သည်။ ပြီးတော့ ...

"ရှင့်အကြံကို ကျွန်မ သိနေပါတယ်"ဟု အစိမ့်ယ ရသည့် မျက်ဝန်းများဖြင့် ခပ်လှောင်လှောင် ကြည့်လာသည်။ သူမကလည်း ခေသူ မဟုတ်ပါ။ သူ့အ ကွက်တွေကို ကြိုမြင်ပြီးဖြစ် ဟန်တူပါသည်။





"အဲလို ယတြာချေလိုက်ရင် ရှင့်ဆီမှာရှိနေတဲ့ အညံ့တွေ အကုန်ပျောက်သွားမယ်လို့ ထင်နေလား"

"ဒါပေါ့၊ မင်းလည်း ကုသိုလ်ရပါတယ်၊ ကူညီပါနော်"

"အင်း ... အပန်းမကြီးတဲ့ကိစ္စ၊ ကိုယ် အိတ်မစိုက်ရမယ့် ကိစ္စ ဆိုတော့လည်း ကူညီရမှာပေါ့၊ ဒါပေမဲ့ ကျွန်မ ရှင့် ကို အချိန်ဆယ့်ငါးမိနစ်ပဲပေးမယ်"

"ရပါတယ်၊ လုံလောက်ပါတယ်"

"မေးပါရစေဦး၊ တနင်္ဂနွေနေ့မှာ ကျွေးရမယ့်ပစ္စည်းက ဘာနေ့နံနဲ့ပတ်သက်တဲ့ ပစ္စည်းလဲ"

သူ တစ်ချက် စဉ်းစားဟန်ပြုသည်။ အင်း ... မှင် သေသေနဲ့ဆက်ရှီးရတော့မှာပင်။ သူ အမြဲသွားစားနေကျ ဒင်းဆမ်း ဆိုင်တစ်ဆိုင်ကို ရုတ်တရက် သတိရလိုက်မိကာ ...

"ကျွေးရမယ့်ပစ္စည်းက စနေနံစတဲ့ပစ္စည်းတဲ့၊ တ,ထ,ဒ,ဓ,န ဆိုတော့ ဒင်းဆမ်းဆို မကောင်းဘူးလား၊ ဘယ်လိုနေလဲ၊ မင်း ကြိုက်ရဲ့လား"

"OK ... ခုချိန်မှာ ကျွန်မ ဗိုက်ဆာနေတော့ ဘာဖြစ်ဖြစ် ရပါတယ်၊ သွားတာပေါ့"

သူက အလိုက်တသိပင် ကားတံခါးဖွင့်ပေးတော့ သူမက ခပ်တည်တည်ပင် ဝင်ထိုင်သည်။ သူ့ရှေ့မှာ ရှိန်လန့် ရှက်ရွံ့နေတာမျိုး မရှိဘဲ သူမပုံစံက အေးအေးဆေးဆေးပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းဆမ်း စားတော့လည်း သူမက သူ့ကိုရှိတယ် လို့ပင် သဘောမထားဘဲ အစားအသောက်ကိုသာ အာရုံစိုက်စားနေပါသည်။ ကြာတော့ သူ့စိတ်ထဲ ခံရခက်လာသည်။

“ဒါ မင်းကို မေးစရာတစ်ခုရှိသေးတယ်”

သူမက လက်ကာပြရင်း ...

“ခဏလေး ... ရှင် မမေးခင် ကျွန်မ ပြောမယ်၊ ရှင့်ကို ယတြာချေဖို့ကိစ္စ အထမြောက်သွားအောင် ကူညီနေတာ နော်၊ ကျွန်မအလုပ်က ရှင်ကျွေးတဲ့ စနေနံဘရိတ်ဖက်(စ်) ကိုစားဖို့ တစ်ခုတည်းပဲ ...

မုန့်ကျွေးရင်း နာမည်သိချင်လို့ မေးတာတွေ ရှင့်ဘက်က တစ်ဆင့်တက်ပြီး ထပ်လုပ်လာရင် သေချာတယ်၊ ရှင့်ယတြာ ပျက်သွားလိမ့်မယ်၊ သဘောပေါက်ထား”

“ဟား ... ကွာ”

သူ တကယ်ကို ဘာဆက်ပြောရမှန်း မသိတော့ပါ။ ဒီကောင်မလေးဟာ သူ တွက်ထားတာထက်ပင် ပိုပြီး ဆရာကြီးကျလွန်းနေပါပေါ့လား။ သူမ ထင်မြင်ယူဆချက်များက အမှန်တွေချည်းပဲမို့ သူ ရက်ရက်နှင့် ရယ်နေမိပါသည်။

“ဘယ်လိုလဲ၊ ကျွန်မဗေဒင်က ရှင့်ကိုဟောခဲ့တဲ့ ဗေဒင်ထက်တောင် ပိုမှန်နေပြီမှလား”





“ကိုယ့်ရှူးကိုယ်ပတ်ဆိုတာ ဒါမျိုးထင်တယ်၊ ထားလိုက်ပါတော့လေ၊ ယတြာပျက်သွားမှာစိုးလို့ ဘာမှထပ်မမေးတော့ပါဘူး”

“အင်း ... ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကဲ ... ကျွန်မလည်း စားလို့ပြီးပြီ၊ ရှင့်ကိစ္စလည်း ပြီးမြောက်အောင်မြင်ပြီ ဆိုတော့ ပြန်ဖို့ပဲ ကျန်တော့တယ်၊ ကျွန်မ လစ်ပြီနော်”

“မင်း ငါ့နာမည်ကိုရော မသိချင်ဘူးလား”

“ရှင့်နာမည် ! သိချင်တယ် မဟုတ်ပေမယ့် သိထားသင့်တယ်လို့တော့ ထင်တာပဲနော်၊ တော်ကြာ ကိုယ့်ကို ဒါနပြုခဲ့တဲ့ ဒကာရှင်နာမည်တောင် မသိလို့ ကျွန်မ ညံ့ရာကျနေဦးမယ် ...

ပြောပါဦး ... ဘာလဲ”

“ငါ့နာမည် ဝက်ပါ”

“ဝက်ပါ ! ”

သူမက သူ့နာမည်ကို ခပ်တိုးတိုး သံယောင်လိုက်င်း သူ နားလည်ဖို့ ခဲယဉ်းစေသော အပြုံးတစ်ချက်ဖြင့် တုံ့ပြန်သည်။ ထိုအပြုံးထဲမှာ တစ်စုံတစ်ရာ ပါဝင်နေသလိုပင်။

“ရှင်က နာမည်နဲ့ လူနဲ့လိုက်လား၊ ဝက်ပါဆိုတဲ့အတိုင်း ရှုပ်ထွေးပွေလီတဲ့ လူစားမျိုးလား”



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဗေဒင်ဆရာမကြီးပဲ၊ ဟောကြည့်ပါလား"

"ခုတော့ ဟောဖို့စောသေးတယ်၊ ကျွန်မ ဓာတ်မကျသေးဘူး၊ ပြီးတော့ အချိန်လည်း မရှိဘူး၊ လစ်တော့မယ်"

"ငါ လိုက်ပို့ပေးမယ်လေ"

"ဟား ဟား ... ယတြာထဲမှာ မုန့်ကျွေးဖို့ တစ်ခုတည်းပဲ ပါတာနော်၊ ပျက်မယ် ... ပျက်မယ်၊ သတိထား"

သူမက သူ့အားနည်းချက်ကို ကိုင်ပေါက်ပြီး နှိပ်ကွပ်ပြန်တာမို့ သူ မချိတင်ကဲပြုံးရင်း ငြိမ်နေလိုက်ရသည်။

သူမ တက္ကစီကားပေါ် တက်သွားတော့မှ သူ့ခေါင်းထဲ အချက်ပြမီးသီးတစ်လုံး လင်းလာသည်။

ကြည့်စမ်း ... သူမ online တက်,မတက် သူ ဘာလို့မေးဖို့မေ့နေခဲ့ပါလိမ့်။ သူ သံသယဝင်သည့်အတိုင်း ဂမုန်းရိပ်နဲ့ သူမဟာ အတူတူပဲလား။

နှစ်ယောက်စလုံးက အချဉ်တွေ မဟုတ်ဘူးဆိုတာတော့ သူ တဖြည်းဖြည်း နားလည်လာခဲ့ရပြီဖြစ်သည်။

အင်း ... သူဟာ ဖြိုးဝေ ကောက်ချက်ချသလို တကယ့်ခွေးမြီးကောက် ကျည်တောက်စွပ်များ ဖြစ်နေပြီလား။ မပတ်သက်တော့ပါဘူးဟု စိတ်ပိုင်းဖြတ်ထားခါမှ တစ်ကွေ့မဟုတ် တစ်ကွေ့ လာထပ်ဆုံနေရသည်။





သေချာတာတစ်ခုကတော့ ထိုနှစ်ယောက်မှာ သူက ဂမုန်းရိပ်ကို တကယ့်ဘော်ဒါရင်းချာလို ရှင်းရှင်းလင်းလင်းသဘောထားနိုင်ပြီး အိမ့်ချစ်ကလုံး သူမအပေါ်တော့ အနည်းငယ်စိတ်ဝင်စားမှု ပိုနေခြင်းပဲ ဖြစ်ပါသည်။

ခံစားချက်ချင်းက မတူ။ ဒါလည်း ထူးဆန်းသော အချက်ပင်။

O ❢ O



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဝေက သူ ဇာတ်စုံခင်းသမျှကို မျက်လုံးပြူးလိုက် ခေါင်းညိတ်လိုက်၊ အာမေဋိတ်သံမျိုးစုံထွက်လိုက် အမူအရာ အမျိုးမျိုး တုံ့ပြန်ကာ နားထောင်ပေးရှာပါသည်။

အားလုံးပြီးသွားတော့မှ "အဟမ်း"ဟု ချောင်းဟန့် ကာ ...

"ဒါဆို ဒုတိယအကြိမ် တွေ့ဆုံမှုက မင်းအတွက် weather တော်တော်လေး fine တယ် ဆိုရမှာပေါ့၊ ဟုတ်လား ... သားကြီး"

သူ ပြုံးရင်း ခေါင်းညိတ်ပြမိသည်။ ခုတလော ည ဘက်ပိုင်းတွေမှာ သူ ဖြိုးဝေဆိုင်၌ စတည်းချဖြစ်တာများပါသည်။ သူတို့ သူငယ်ချင်းနှစ်ယောက်က အမြဲဒီလိုပဲဖြစ်သည်။

သူ့အိမ်သွားနေလိုက်၊ ကိုယ့်အိမ်လိုက်နေလိုက်ဖြင့် နှစ်အိမ့်တစ်အိမ် ပေါင်းနေဖြစ်ကြတာ နှစ်ပေါင်းအတော်ကြာခဲ့



လေပြီ။ မိသားစုကံမကောင်းသော သူဟာ ကိုယ်နဲ့ဘဝချင်းတူ သည့် ဥတစ်လုံး တစ်ကောင်ကြွက် ဖြိုးဝေကိုတော့ အတော် သံယောဇဉ် ကြီးခဲ့ရပါသည်။

ဒီညလည်း သူ အိမ်ပြန်ဖြစ်မှာမဟုတ်။

"ဒါပေမဲ့ မင်း မယ်ကျောက်ခဲနာမည်သိအောင် မကြိုးစား နိုင်ခဲ့တာတော့ ညံ့တယ်ဆိုရမယ် သားကြီး"

"မင်းပြောလည်း ခံရတော့မှာပဲ၊ သူက အရမ်းနပ်တာကွ၊ ဘာရိန်းပြေးလိုက်တာလည်း လုပ်ခနဲ လုပ်ခနဲနေတာပဲ"

"ဒါဆို online က ဂမုန်းရိပ်နဲ့ သူ့မသာ ကိုယ်မသာပဲ ပေါ့၊ ဂမုန်းရိပ်ကလည်း ဆရာကြီးဆို"

"ငါလည်း သူတို့နှစ်ယောက် တစ်ယောက်တည်းဖြစ်နေ မလားလို့ သံသယဝင်ခဲ့သေးတယ်၊ ဒါပေမဲ့ feeling ချင်း မတူဘူးကွ၊ အဲဒါ ကွာတယ်"

"လင်းစမ်းပါဦး၊ ဘယ်လိုကွာတာလဲ"

"နှစ်ယောက်စလုံးကိုတော့ ဘယ်လိုတွေပါလိမ့်ဆိုပြီး စိတ် ဝင်စားတယ်၊ ဒါပေမဲ့ ဂမုန်းရိပ်ကို သူငယ်ချင်းလို၊ သူ့ ကိုတော့ ရင်ခုန်သလိုလို ဖြစ်နေတာ"

"အင်း ... မင်းအကျင့်ကတော့ သေမှပဲ ပျောက်တော့မယ် ထင်တယ် သားကြီးရာ၊ သံချို့ကိစ္စမှ ပြီးသွားတာ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးဘူး၊ တစ်စခန်း ထလာပြန်ပြီ၊ မင်းရင်ကလည်း ခုန်ပဲ ခုန်နိုင်လွန်းတယ်၊ တော်တော်လွန်တဲ့ကောင်"

"ဒီမှာ ဖြိုးကြီး၊ အရင်က ငါပွေခဲ့ ရှုပ်ခဲ့သမျှ ဇယားတွေ အားလုံးက ငါ့ဘက်က တကူးတက စခင်းခဲ့တာတွေမဟုတ်ဘူးဆိုတာ မင်း အသိဆုံးပဲနော် ...

ငါက မေမေဆုံးပြီးကတည်းက မိခင်မေတ္တာ ငတ်မွတ်ခဲ့ရသူပီပီ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတစ်ခု အမြဲလိုချင်ခဲ့မိတယ်၊ ငါ့ဘဝပေး အခြေအနေအရ စိတ်သာယာမှုနောက်ကို လိုက်ခဲ့တာများတယ်ကွာ၊ ဒါပေမဲ့ ကြာလေကြာလေ အဲဒါတွေ အားလုံး အတုအယောင်တွေဆိုတာ သိလာရတယ် ...

သံချို့ကိုတော့ ငါ ချစ်သလိုလို ခံစားခဲ့ရတယ် ဖြိုးကြီး၊ အဲဒီခံစားချက်မှားမှန်းကိုတော့ သူနဲ့နှစ်ဦးသဘောတူ လက်ထပ်ခါနီးမှ သိခဲ့တာ၊ ငါ သူ့ကို တကယ်ချစ်ခဲ့တာ မဟုတ်ဘူး"

"အဲဒါကြောင့် မင်း တကယ်မချစ်ဘဲနဲ့ ဘယ်သူ့ကိုမှ ထပ်မအိဖို့ ငါ. အကြံပေးတာပေါ့ သားကြီးရာ"

"ငါနားလည်ပါတယ်ကွာ၊ သံချို့ကိစ္စနဲ့ တော်တော်လေး သင်ခန်းစာ ရနေပါပြီ"





"သေချာတွေးကြည့်ရင် ထူးတော့ ထူးဆန်းတယ်နော် သားကြီး၊ သံချို့ဇာတ်လမ်းပြီးမှ အံ့ဩစရာကောင်းတဲ့ မိန်းကလေးနှစ်ယောက် မင်းကမ္ဘာထဲမှာ ထပ်ပေါ်လာရတယ်လို့၊ ရိုးမှရိုးရဲ့လား"

"ငါလည်း စဉ်းစားနေတုန်းပဲ ဖြိုးကြီး၊ သူတို့နှစ်ယောက်လုံးက အထူးသတိပြု ကိုင်တွယ်ရမယ့် စက်ပစ္စည်းလေးတွေနဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ၊ မလျှော့မတင်း အလိုက်အထိုက်လေးပဲ water follow fish follow လုပ်ရမှာ"

"လုပ်ပါ ... လုပ်ပါ၊ သတိလည်းထားဦး၊ တော်ကြာ လည်လွန်းတဲ့ဘီး ချေးသင့်နေဦးမယ် ... ဟွန်း"

"ခုလို ဝိုင်းပူပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ ဟာ ... ဂမုန်းရိပ်နဲ့ chat ဖို့ အချိန်တောင်ရောက်ပြီ၊ ကဲ ... ဖြိုးကြီး၊ ခုချိန်ကစပြီး မင်း ငါနဲ့ ခပ်ဝေးဝေးမှာ သွားနေတော့ ...

ငါ အာရုံကင်းကင်း၊ အနှောင့်အယှက်ရှင်းရှင်းနဲ့ Chatting ထိုင်တော့မယ်၊ OK "

ဖြိုးဝေက သူ့ကျောပြင်ကို လက်သီးဖြင့် ပိတ်ထိုးကာ "နာဘူး လဒ"ဟု ထောပနာပြုပြီး အနားမှထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ခုမှ ကိုယ့်ပုံမှန်အလုပ် လုပ်ရတော့မည်။ online ပေါ်မှာ အဆင်သင့်ရှိနေသော ဂမုန်းရိပ်က သူတက်လာတာကိုမြင်သော် ဟိုဘက်ကနေ "ဟိတ်"ဟု လှမ်းလုပ်သည်။

"ဂမုန်းရိပ် ... ဘယ်ကတည်းက တက်နေတာလဲ"

"သိပ်မကြာသေးပါဘူး၊ ယူနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ"

"ဒါဆို ငါ့ထက်အရင်ဦးအောင် ပြောနေတဲ့သူ ရှိတာပေါ့"

"ဟင့်အင်း ... တို့ တခြား website တွေ ကြည့်နေတာ ဒီဘက်ကို Busy လုပ်ထားတာ ယူ မတွေ့ဘူးလား၊ တို့ ကြုံတိုင်း ပြန်ကျူတတ်တဲ့ ကြိုကျူမဟုတ်ဘူးနော်၊ ယူ့ စိတ်နဲ့ လိုက်မနှိုင်းနဲ့"

"ဟွန်း ... စပါပြီ၊ နှိပ်ကွပ်ဖို့က အရင်ပဲ၊ ကဲပါ ... ဘော်ဒါကြီးရယ်၊ စိတ်မဆိုးပါနဲ့"

"တို့ စိတ်ဆိုးတယ်လို့ ပြောမိလို့လား"

"သိဘူးလေ၊ မင်းမျက်နှာကိုမှ မမြင်ရတာ၊ စိတ်ဆိုး မဆိုး ဘယ်လိုသိမှာလဲ"

"ဒါတွေ ထားလိုက်ပါ၊ ယူ့ကိုမေးစရာတွေ ရှိသေးတယ်"

"ဆိုစေ ... အင်ဂျင်နီယာမကြီး ခင်ဗျာ၊ တိုက်ဆောက်ဖို့တော့ ကမ်းလှမ်းမလာနဲ့နော်၊ ငါက ခုလောလောဆယ် တိုက်ခန်းဝယ်ပြီးနေတာ၊ လုံးချင်းမဆောက်သေးဘူး"





"မနောက်နဲ့နော်၊ အကောင်းမေးမလို့၊ ယူ့အိမ်တွင်းရေး မိသားစုရေးလေး နည်းနည်းလောက် သိခွင့်ရှိမလား"

"ဘာလုပ်မလို့လဲ၊ ငါ့ family က သိပ်မကောင်းဘူးကွ၊ နည်းနည်းဖယားရှုပ်တယ်"

"ယူက ဝက်ပါပဲ၊ ယူ့ဘဝက ရှုပ်ထွေးမယ်ဆိုတာ သိပါတယ်၊ ယူကျတော့ သိချင်တာတွေ မေးသွားပြီး တို့အလှည့်ကျ တွန့်ကိုနေတယ် ဟုတ်လား၊ မခင်ဘဲနေလိုက်မှာနော်"

"မလုပ်ပါနဲ့ကွာ၊ ပြောပြပါ့မယ်၊ ငါ့မှာ အမေမရှိတော့ဘူး၊ အဖေက နောက်အိမ်ထောင်နဲ့ မိုးကုတ်မှာနေတယ်၊ ငါက Stepmother နဲ့ တစ်အိမ်ထဲ မျက်နှာချင်းမဆိုင်ချင်လို့ ရန်ကုန် ဆင်းလာတာ၊ တစ်ကောင်ကြွက် တစ်မျက်နှာပေါ့၊ ငါ့ဘဝက တော်တော်လေး ကြမ်းပါတယ်"

"ဒါက ကမ္ဘာပေါ်မှာ ယူတစ်ယောက်တည်း ကြုံရတဲ့ဒုက္ခ မဟုတ်ပါဘူး၊ ယူ့လိုဘဝတူတွေ အများကြီး ရှိပါသေးတယ်၊ အခု တစ်ယောက်တည်းနေပြီး ဘာတွေလုပ်လဲ၊ Education ကရော"

"မင်းလို B.E ဘွဲ့ရ အင်ဂျင်နီယာမကြီးတော့ မဟုတ်ဘူးနော်၊ ငါ E မေဂျာ ဒုတိယနှစ်နဲ့ တန်းလန်းရပ်ထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကတော့ မယ်မယ်ရရ မရှိသေးဘူး၊ ငါ့အဖေ ကျောက်တွင်းသူဌေးရဲ့စည်းစိမ်ဥစ္စာတွေကို ဖြည်းဖြည်းချင်း ထိုင်ဖြုန်းပေးနေတယ်၊ တော်ကြာ ငါမဖြုန်းရင် ဟိုမိန်းမကြီးလက်ထဲ အကုန်ပါသွားမှာစိုးလို့"

"ဟား ဟား ... ယူက ကလေးဆန်တယ်နော်၊ အမွေတွေ မိထွေးလက်ထဲပါမှာ အရမ်းစိုးရိမ်နေတာလား"

"ဒါကတော့ ကိုယ်တိုင်ခံစားဖူးမှ သိတာ၊ လောကကြီးမှာ ကိုယ့်မိဘရင်းပစ္စည်းကို ကိုယ်ကလွဲပြီး သူစိမ်းလက်ထဲ အပါမခံနိုင်တာ သားသမီးတိုင်းရဲ့ တူညီတဲ့ဆန္ဒပဲ"

"ဟုတ်ပါပြီ၊ တို့ နားလည်ပေးလို့ ရပါတယ်၊ ဒါပေမဲ့ အမွေဆိုတာ ထိုက်မှရတာနော် ဝက်ပါ၊ ပစ္စည်းသခါရ လူသခါရတဲ့၊ ဘယ်ဟာမှ သေရင် ကိုယ့်နောက်မပါဘူး"

"မင်း သီလရှင်တော့ မဟုတ်လောက်ပါဘူးနော် ဂမုန်းရိပ်"

"ဟားဟား ... သီလရှင်ဆို ဘယ်လိုလုပ် Chatting ထိုင်လို့ရမှာလဲ ဝက်ပါရဲ့၊ တို့လည်း ကြားဖူးနားဝတရားတွေ ပြန်ပြောပြတာပါ၊ တို့ ... ယူ့ကို အကြံတစ်ခု ပေးချင်တယ်"

"ဘာကိုလဲ"





"ယူ ကျောင်းပြီးအောင် ဆက်တက်လိုက်ပါလား၊ ဘွဲ့တစ်ခု ရပြီးရင် အကျိုးရှိတဲ့အလုပ် လုပ်ပြီး တိုးတက်ရာ တိုးတက်ကြောင်းရှာပေါ့"

သူက ထိုစကားတို့ကိုဖတ်ပြီး တစ်ချက်စဉ်းစားဟန်ပြုသည်။ ဂမုန်းရိပ်ဟာ သူ့အပေါ် တိတ်တခိုးတွယ်ငြိနေသူတစ်ယောက်များလား၊ သူ့ဘဝကို ထိန်းကျောင်းပဲ့ပြင်ပေးချင်ပုံကို ကြည့်ခြင်းအားဖြင့် သာမန်ထက်ပိုသော ခံစားချက်များ ရှိနေလို့လား။

Online ကနေ စတင်ဆုံစည်းပတ်သက်မိ ကြိုးစားသာသည်ကပင် မသင်္ကာဖြစ်စရာ ကောင်းလှသည်။

သူက မိန်းကလေးတွေနှင့် ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးဝင်ခဲ့သူပီပီ အခု ဂမုန်းရိပ်ကိုလည်း အရင်ယောက်တွေထဲ ထည့်သွင်းလိုက်မိကာ ...

"မင်း ငါ့ကို ဘာဖြစ်စေချင်တာလဲ၊ လူတစ်ယောက်ရဲ့ ဘဝကို အကောင်းဘက်ရောက်အောင် ပဲ့ကိုင်ပြုပြင်ပေးချင်တဲ့ စေတနာဟာ အပြည့်အဝ ရိုးသားမှု ရှိရဲ့လား ဂမုန်းရိပ်"

"ယူ ဘာကိုသိချင်တာလဲ၊ တဲ့မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း မေးရသေးတာပေါ့၊ မင်း ငါ့ကို တစ်ဖက်သတ်များ စိတ်ဝင်စားနေလို့လား"

"ဟား ဟား ဟား ... ဟား ဟား ဟား"

သူက ဒီလို တုံ့ပြန်ခြင်း ခံလိုက်ရတာမို့ အတော်လေး မခံချိမခံသာ ဖြစ်သွားရသည်။ ဒီ"ဟား ... ဟား"တွေက တဆက်တည်း ပေါ်လာတာ မဟုတ်ပါ။

"ဟား"တစ်လုံးရိုက်လိုက် Enter တစ်ခါခေါက်လိုက်နှင့် သူ့ကိုပညာပြနေပုံရတာမို့ ကြာတော့ သူ ဆက်ပြီးသည်း မခံနိုင်တော့ချေ။ ဟွန်း ... ဒီမိန်းမတော့ တွေ့ကြသေးတာပေါ့။

"ဟိတ် ... ဘယ်လိုဖြစ်နေတာလဲ၊ ရယ်ကြောများပြတ်သွားလို့လား၊ မင်း လွန်နေပြီနော်"

"ယူလည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီး၊ ဘဝင်မြင့်တတ်တဲ့ လူစားမျိုးတွေထဲမှာ ပါနေတာပဲကိုး၊ ယူသိအောင် ပွင့်ပွင့်လင်းလင်း ရှင်းပြထားရဦးမယ် ...

ယောကျ်ားတစ်ယောက်ကို တစ်ဖက်သတ် လိုက်ကြိုက်ပြီး ရူးသွပ်နေတဲ့ မိန်းမမျိုးတွေထဲမှာ ဂမုန်းရိပ် မပါဘူးဆိုတာ ယူ သဘောပေါက်ထားပါ၊ တို့အတွက် စာမဖွဲ့လောက်ဆုံး၊ အရေးမပါလောက်ဆုံး အရာက အဲဒီ အချစ်ပဲ ...





တို့က ကိုယ့်ကိုယ်ကိုယ်လည်း သိပ်မချစ်သလို သူစိမ်းလူသားတွေအပေါ်မှာလည်း ချစ်ဖို့ခဲယဉ်းတယ်၊ ကမ္ဘာပေါ်မှာ တို့အချစ်ဆုံး လူသားနှစ်ဦးက ဖေဖေနဲ့ မေမေပဲ"

သူက ထိုစကားများကြောင့် သူမအပေါ် အားနာစိတ်ဝင်သွားမိပါသည်။ အင်း ... ဂမုန်းရိပ်ဟာ သူထင်သလို မိန်းကလေးမျိုးမဟုတ်တာတော့ သေချာပါပြီ။ သူ့ကိုယ်သူ ကိုယ်ညီသွေးမိသည့်အတွက် တော်တော်လေးတောင် ရှက်သွားရသည်။

"ဆောရီးနော် ဂမုန်းရိပ်၊ ငါ ထင်တာတွေ ရမ်းသမ်းပြောမိတာ တောင်းပန်ပါတယ်"

"ယူ့တို ကောင်းစေချင်တဲ့ စေတနာတစ်ခုတည်းနဲ့ ခုလို လမ်းညွှန်ပေးမိတာ၊ သေချာတာတော့ အဲဒီစေတနာဟာ စေတနာသန့်သန့်ပဲ၊ တဏှာမပါဘူး ...

ရှင်းလား ဝက်ပါ"

"တကယ်ကို ဆောရီးပါကွာ၊ ဘာလဲ ... မင်း ငါ့ကိုစိတ်ဆိုးသွားပြီလား ဂမုန်းရိပ်"

"တို့ စိတ်ဆိုး၊ စိတ်ကောက်ရတဲ့ ကလေးကလားကိစ္စမျိုးတွေ ဝါသနာမပါဘူး၊ တို့အတွက် အဲဒါတွေထက်အရေးကြီးတဲ့ အလုပ်လုပ်စရာ အများကြီး ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ခင်ဗျ၊ ဒါဆိုလည်း ပြီးတာပါပဲ၊ မင်းပြောတဲ့ စကားကိုလည်း ငါ နားထောင်ချင်ပါတယ်"

"ကျောင်းပြီးအောင် ဆက်တက်ဖို့လား"

"ဟုတ်တယ်၊ ငါ့ကိုယ်ငါ ပညာရေးလမ်းဆုံးနေပြီလို့ ထင်ထားတာ၊ ခုမှ မင်းဆန္ဒကို ဖြည့်ဆည်းပေးချင်မိတယ်"

"ယူ တစ်ခုတော့ မှားနေပြီနော်၊ တို့က ယူ့ကို ဒါလေး လုပ်လိုက်ရင် ကောင်းမယ်လို့ အကြံပေးရုံပေးတာ။ တို့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ထက် ယူ့ကိုယ်ယူ တန်ဖိုးရှိတဲ့ သူတစ်ယောက် ဖြစ်ဖို့က အဓိကမဟုတ်လား၊ အဲဒါအတွက် ကြိုးစားရမှာလေ"

သူက စကားပြော အလွန်ပါးနပ်ကျွမ်းကျင်လှသော အင်ဂျင်နီယာမကို ဒီဘက်ကနေ အလေးတွေသာ အထပ်ထပ်ပြု နေမိတော့သည်။

"ယူ ... ဒီညတော့ ဒီလောက်နဲ့ ရပ်လိုက်ရအောင်"

"တစ်နာရီတောင် မပြည့်သေးဘူး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့တို့ အခု Engineering နဲ့ပတ် သက်တဲ့ သင်တန်းတစ်ခု တက်နေတယ်၊ အဲဒါ စာတွေ နည်းနည်းပိနေလို့ပါ၊ နောက်ညမှ ဆုံမယ်လေ"





အမှန်တော့ သူ ဒီမိန်းကလေးနှင့် စကားပြောရတာ မဝသေးပါ။

သို့သော် သူမကို အားနာလှသည်မို့ ...

"OK လေ၊ ဒါဆို ဂွတ်နိုက်ပါ ဂမုန်းရိပ်၊ နောက်ညတွေ မင်းမအားရင်လည်း မထိုင်ပါနဲ့၊ တော်ကြာ ငါ့ကြောင့် စာကျက်ချိန်တွေ ပုပ်ကုန်ဦးမယ်၊ ငါက မင်းအတွက် အရေးမပါ၊ အကျိုးမရှိစေတဲ့ကောင်ပါ"

"ဟေး ...၊ ဘော်ဒါချင်း စိတ်ခုသွားပြန်ပြီလား၊ ယူ ကလေးသိပ်မဆန်နဲ့နော်"

"ခုပါဘူး၊ ကဲပါ ... စာကျက်တော့၊ လူချင်းရော ဘယ် တော့ တွေ့ဖြစ်မှာလဲ"

"မကြာမီ လာမည် မျှော်ပေါ့ကွယ်၊ ဝက်ပါ ... ဂွတ်နိုက် နော်၊ see you later"

သူမက "ဘိုင့်"ဟု နှုတ်ဆက်ကာ ချက်တင်ထဲက ထွက်သွားသည်။ သူ့ရင်ထဲ ဟာတာတာကြီး ဖြစ်ကျန်ခဲ့ရပါသည်။

နောက်ထပ် Invite လုပ်လာသော အကောင့်တို့ကို လည်း သူ ဘာတစ်ခုမှ လက်မခံဘဲ "No"တွေ လုပ်ပစ်လိုက် သည်။ ဘာကြောင့်မှန်းမသိ။ သူ့အပေါ် စာနာနားလည်မှုတာချို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖေးမလမ်းညွှန်ကာ စိတ်ဓာတ်မြှင့်အား မြှင့်တင်ပေးသည့် ဂမုန်းရိပ်နှင့်သာ စကားတွေ မနားတမ်း ပြောချင်နေသည်။

သူမကို သူ သံယောဇဉ် ရှိလာပါသည်။

သို့သော် ထိုသံယောဇဉ်ဟာ အဖြူထည်သက်သက်ဆိုတာတော့ ထူးဆန်းစွာ ခံစားသိရှိရသည်။ သူမပြောခဲ့သလို ဘာတဏှာမှ မပါပါ။ ပကတိ ဖြူစင်အေးချမ်းမှုအတိနှင့်သာ ပြည့်စုံနေခဲ့သည်။

○ ❢ ○





ထိုနေ့နောက်ပိုင်းမှစ၍ သူနဲ့ ဂမုန်းရိပ် online မှာ ပ်မတွေ့ဖြစ်ကြတော့ပါ။ သူမ စာတွေပိပြီး အချိန်မရှိလောက် ာပဲ ဖြစ်မှာဟု သူ နားလည်စွာ တွေးပေးခဲ့မိသည်။

သို့သော် Message တိုလေးများကိုတော့ သူ ချက် ာင်ထိုင်တိုင်း အမြဲလိုလို တွေ့ရတတ်လေသည်။ ဥပမာ ...

"ဝက်ပါ ... တို့ ခုတလော နည်းနည်း busy ဖြစ်နေလို့ ညပိုင်း မထိုင်ဖြစ်တာ ဆောရီးနော်၊ ယူ ကျန်းမာရေးဂရုစိုက်ပြီး နေကောင်းအောင်နေ၊ တို့ အကြံပေးထားတဲ့ကိစ္စတွေလုပ်ဖို့လည်း သတိရဦး"

စသဖြင့် တစ်မျိုး ...

"ယူနဲ့တို့ သိပ်မကြာခင်မှာ လူချင်းဆုံရတော့မှာပါ၊ တို့ဆီမှာ ယူ့ Phone နံပါတ် ရှိနေတာပဲ၊ အရေးကြီးရင် ဆက်သွယ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကတစ်ဖုံ။ မရိုးနိုင်အောင် ပို့ပေးထားမြဲ။

သူမနဲ့ ဝေးကွာနေသော ရက်ပိုင်းမှာ သူ့ရဲ့လက်ရှိ ဘဝ နေထိုင်မှုပုံစံလည်း အနည်းနဲ့အများ ပြောင်းလဲသွားခဲ့ပါ သည်။ ဖြိုးဝေ မိတ်ဆွေတစ်ယောက်နှင့် ရှယ်ယာစပ်ကာ ကား အလှဆင်ပစ္စည်းမျိုးစုံရောင်းသော ဆိုင်တစ်ဆိုင် ဖွင့်လှစ်ဖြစ်ခဲ့သည်။ လိုအပ်သောအရင်းအနှီးကိုတော့ သူက မိုးကုတ်မှ ကျောက်တွင်း သူဌေး သူ့အဖေ ထံ လှမ်းပြီးလက်ဝါး ဖြန့်လိုက်ပါသည်။

ထို့ပြင် ဂမုန်းရိပ်ရဲ့စကားကို နားထောင်ချင်သော ဆန္ဒဖြင့် သူဒုတိယနှစ်စာမေးပွဲပြန်ဖြေဖို့ စိုင်းပြင်းမိသေးသည်။ သူက ဘော်ဒါကြီး ဂမုန်းရိပ်နှင့် အဆက်ပြတ်နေပေမယ့် မျှော် လင့်သော တစ်နေ့မှာ မမျှော်လင့်သော ကောင်မလေးတစ်ယောက် နှင့် တိုက်တိုက်ဆိုင်ဆိုင် ထပ်ဆုံခဲ့ပြန်သည်။

သူမကတော့ တခြားသူ မဟုတ်ပါ။ သူ့ရဲ့ဇာတ် လိုက်ကျော်ကြီး မယ်ကျောက်ခဲပင်ဖြစ်သည်။ အဲဒီနေ့က မိုးမျှော် သည်းသည်းထန်အောင် ရွာနေခဲ့ပါသည်။

သူက ကားပစ္စည်းဆိုင်မှအထွက် သူ့ဆိုင်နဲ့ မလှမ်း မကမ်း မိုးရွာထဲမှာ ရပ်ထားသည့် ကားဘေးနား အူကြောင်ကြောင် မတ်တတ်ရပ်နေသော သူမကို အရင်စတွေ့လိုက်သည်။ ကြည့်ရတာ ကားပျက်နေသည့်ပုံပင်။





အဝေးကလှမ်းကြည့်တာနဲ့ သူမမှန်းသိလိုက်သော သူက သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သူမရှိရာခပ် သွက်သွက် သုတ်ခြေတင်လာခဲ့သည်။

တီရှပ်နှင့် သရီးကွာတားဂျင်းပန်ကို Free Style ဝတ်ဆင်ထားသည့် သူမက ဂေါက်ထီးကြီးကြီး ဆောင်းလျက် နှုတ်ခမ်းကိုပါ အစွမ်းကုန် စူထားတော့သည်။

"ဟော့ ... ဘာလုပ်နေတာလဲ၊ မိုးရွာကြီးထဲမှာ"

သူမက သူ့အသံကြောင့် ဆတ်ခနဲ လှည့်ကြည့်ပြီး နှုတ်ခမ်းလေးတွေ ပိုင်းစက်သွားပါသည်။ ထို့နောက် ...

"ရှင် ... ကိုယတြာ"

ဟု ဆိုရာ သူ့မှာ ရယ်ချင်ပက်ကျိ ဖြစ်သွားရ သည်။

"ယတြာမဟုတ်ပါဘူး၊ ဝက်ပါ,ပါကွာ၊ မင်းကလည်း"

"ဟို ... ဆောရီး၊ ရှင့်ကို ရုတ်တရက် မြင်လိုက်ရတော့ စနေနံ ဒင်းဆမ်းနဲ့ ယတြာချေတာကို သွားသတိရမိလို့ပါ"

"ကား ဘာဖြစ်လို့လဲ"

သူမက ခေါင်းတစ်ချက်ကုတ်ရင်း ရှုံ့ရှုံ့မဲ့မဲ့ပုံစံဖြင့် ညည်းညူသလို ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်မှန်း မသိဘူး၊ မောင်းနေရင်းနဲ့ ဒီနားရောက်မှ ထိုးရပ်သွားတာ"

"မင်း မြင့်မြင့်ချင်းမှန်းတဲ့ ငါက ဒီကိစ္စ ကူညီပေးမယ်ဆိုရင် လက်ခံနိုင်ပါ့မလား"

"ဟို ... အဲ၊ ရပါတယ်၊ ကျွန်မ ခုပဲ အိမ်ကိုဖုန်းလှမ်းဆက်မလို့ စဉ်းစားနေတာပါ"

သူမစကားကြောင့် သူ သဘောကျစွာ ရယ်မိပါသည်။

"ကဲပါ ... ကဲပါ၊ ငါ တတ်သလောက် မှတ်သလောက် ကြည့်ပေးပါ့မယ်၊ အခက်အခဲ ဖြစ်နေတဲ့ မိတ်ဆွေတစ်ယောက်ကို မျက်နှာလွှဲနိုင်လောက်တဲ့အထိ ငါ မရက်စက်တတ်ပါဘူး၊ ခဏပဲစောင့်"

သူ ချက်ချင်းပဲ စက်ဖုံးဖွင့်ကာ ဟိုနှိုက်၊ ဒီနှိုက် လုပ်လိုက်သည်။ ကားအကြောင်း အတော်အတန် နားလည်သော သူက လတ်တလော ပြဿနာကိုလည်း အဆင်ပြေအောင် ဖြေရှင်းလိုက်နိုင်ပါသည်။

သူမကတော့ သူလုပ်သမျှကို လက်သည်းကိုက်ရင်း ငေးနေကာ ဘာမှဝင်မမေး၊ ဝင်မပြောပါ။ ဆယ့်ငါးမိနစ်လောက် အကြာမှာ သူ အားလုံး လက်စသတ်နိုင်တော့သည်။

"ကဲ ... အမိ၊ ပြီးပြီ၊ နှိုးကြည့်ပါဦး"





သူမ ကားပေါ်တက်ထိုင်ပြီး စက်နှိုးကြည့်တော့ အိကနေတာ တွေ့ရသည်။ သူမက သူ့ကို အချိုသာဆုံးပြုံးပြရင်း ...

"ကောင်းသွားပြီ၊ အရမ်းကျေးဇူးတင်ပါတယ် ဝက်ပါ၊ ကျွန်မ ရှင့်ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမလဲဟင်"

"ရပါတယ် မလိုပါဘူး၊ မင်း အဆင်ပြေရင် ပြီးတာပဲ"

"ကျွန်မ ရှင့်ကို ကော်ဖီတိုက်ချင်တယ် ဝက်ပါ၊ ရှင် နာရီဝက်လောက် အချိန်ပေးနိုင်မလား"

သူ့ရင်ထဲ ထိတ်ခနဲ ခုန်သွားတာ ငြင်းမရ။ ထို့ပြင် ယဉ်ကျေးကြမ်းခဲ့ရဲ့ ရှားရှားပါးပါး ကမ်းလှမ်းမှုအတွက် အံ့အားသင့်ကာ ရုတ်တရက် စကားတောင် ပြန်မဆိုနိုင်ချေ။

သင်းလေးက သူ့ကို ကော်ဖီတိုက်ချင်သတဲ့။

သူ အိပ်မက်များ မက်နေရသလား။

"ဘယ်လိုလဲ ဝက်ပါ၊ လိုက်မှာလား"

"အင်း ... အင်း၊ ကိုယ့်ကို ဒါနပြုချင်တဲ့ မင်းဆန္ဒကို လိုက်လျောပေးပါ့မယ်၊ ဘယ်ဆိုင်သွားမလဲ"

"ကျွန်မ အရမ်းကြိုက်တဲ့ ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီကိုပဲ သွားမယ်လေ"

"OK"

www.burmeseclassic.com

www.burmeseclassic.com



သူက မိုးအေးအေးမှာ ထိုကောင်မလေးနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ကော်ဖီသောက်ရမည့်အရေး တွေးရင်း သူမကားထဲ ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။ ခုချိန်မှာ သူမနဲ့သူ ဟာ အနည်းငယ် ရင်းနှီးကျွမ်းဝင်မှု ရှိလာသလို သူ့စိတ်ထဲ ခံစားမိလာရပါသည်။

ဆိုင်မှာ ထိုင်ကြပြီးတော့ သူမက သူ့ဆန္ဒကို အရင်ဦးစားပေးပြီး အလိုက်သိသိ မေးသည်။

"ရှင် ဘာသောက်တတ်လဲ"

"**Mocha**"

"ဟား ... ကြည့်စမ်း၊ ရှင်နဲ့ ကျွန်မ အကြိုက်ချင်း Same ဖြစ်နေတာပဲ"

သူမက သူ့ဆီမှ သဘောတူညီချက် ရပြီးသော် Mocha coffee နှင့် ဟမ်ဘာဂါတချို့ မှာသည်။ ထို့နောက် သူ့ဘက်က စတင်ကာ မေးခွန်းတချို့ စမေးဖို့ ကြိုးစားမိပါသည်။

"မင်းကို ငါ ဘယ်လိုခေါ်ရမလဲ"

ခေသူမဟုတ်သော မယ်ကျော့ခက်ခဲကလည်း "ရှင် ဘာဖြစ်ချင်လဲဆိုတာ ကျွန်မ သိပါတယ်"ဟု အဓိပ္ပာယ်ရသည့် အကြည့်ဖြင့် ခပ်ပြုံးပြုံး ကြည့်လာသည်။





"စိတ်ချပါ၊ အခု ကျွန်မ ရှင့်ကို မမုန်းတော့ပါဘူး၊ ရှင့်ရဲ့သူတစ်ပါးအပေါ် ကူညီတတ်တဲ့ စိတ်ဓာတ်ကိုလည်း လေးစားပါတယ်၊ အဲဒီတော့ ရှင် သိချင်တာ ကျွန်မ ပြောပြရမှာပေါ့"

"မဆိုးဘူး၊ မင်း နပ်တယ်"

"ကျွန်မနာမည် မုန်းလို့ပဲ မှတ်ထား"

ထိုစကားကြောင့် သူ ရုတ်တရက် ကော်ဖီသီးသလို တောင် ဖြစ်သွားသည်။ မုန်း ဆိုပါလား။ မဟုတ်မှလွဲရော သူမဟာ ...

သူက သူမမျက်နှာကို စေ့စေ့ကြည့်ရင်း သိချင်သမျှကို ဆက်မေးဖို့ ကြိုးစားလိုက်ပြန်သည်။

"မင်းနာမည် အပြည့်အစုံက ဘာလဲ၊ မုန်းတစ်လုံးတည်းတော့ မဖြစ်နိုင်ဘူး"

"ဟောတော့ ... ဖြည်းဖြည်းမေးပါ၊ နောက်က ကျားလိုက်တာ ကျနေတာပဲ၊ ပြူးပြူးပျာပျာနဲ့ ဘယ်လိုဖြစ်ရတာလဲ"

"ဆောရီး၊ ငါ သိချင်ဇောကြီးသွားလို့ပါ"

"နာမည်အပြည့်အစုံက အရှည်ကြီးပဲ၊ ငါးလုံးတောင်ရှိတာ၊ ရှင် ခေါ်ရခက်မှာစိုးလို့ မုန်း တစ်လုံးတည်း မှတ်ထားလို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုသို့ပြောမှ သူ့ရင်ထဲက သံသယတချို့တစ်ဝက် ပြေလျော့သွားရသည်။ ငါးလုံးဆိုတော့ ဂမုန်းရိပ် မဖြစ်နိုင်တာ သေချာသည်။ အင်းလေ ... မုန်းဆိုတဲ့ နာမည်ကလည်း ကမ္ဘာပေါ်မှာ တစ်ယောက်တည်း ရှိနိုင်တာမှ မဟုတ်တဲ့။ မင်းသမီး နဝရတ်ရဲ့ညီမတစ်ဝမ်းကွဲ မော်ဒယ်(လ်) "မုန်း"ဆိုတာတောင် ရှိသေးတာပဲ။

သို့သော် သူက စိမ်ပြေနပြေ ကော်ဖီသောက်နေသော သူမကိုကြည့်ပြီး မေးခွန်းထပ်ထုတ်မိပြန်သည်။

"မင်း အင်တာနက် သုံးလား မုန်း"

သူမက ဆတ်ခနဲ ခေါင်းညိတ်ပြကာ ပေါ့ပေါ့ပါးပါး ပင်ဆိုလာသည်။ ပုံစံက သံသယဝင်လောက်စရာ တစ်ကွက်မှ မရှိ။

"သုံးတယ်၊ website တွေ ကြည့်ရတာ ဝါသနာပါတယ်၊ စာအုပ်တွေလည်း ဖတ်ဖြစ်တယ်၊ အထူးသဖြင့် Fashion ပိုင်းနဲ့ပတ်သက်တာတွေ ပိုလေ့လာတယ်၊ ဒါတွေအတွက်ပဲ သုံးဖြစ်တာ"

"Chat တာရော ဝါသနာမပါဘူးလား"

သူက ထိုမေးခွန်း မေးစဉ်မှာ သူမမျက်နှာပေါ်က အရိပ်အယောင်များကို မလွှတ်တမ်း စူးစမ်းအဲဖြေရှာမိသည်။





ဟမ်ဘာဂါတစ်ကိုက်,ကိုက်ပြီး ကော်ဖီငုံနေသော သူမပုံစံဟာ ပကတိအေးဆေးတည်ငြိမ်လျက် ဘာထူးခြားမှုမှ မရှိပါ။

"အမှန်အတိုင်းပြောရင် ကျွန်မကို ရှင် တုံးလုချည်လားလို့ ထင်မှာပဲ၊ Chatting တို့ Facebook တို့ ဆိုတာကို ကျွန်မ ကြားပဲကြားဖူးတာ၊ တစ်ခါမှ မသုံးဖြစ်ဘူး ...

အသိ တစ်ယောက်ကတော့ အကြံပေးဖူးတယ်၊ အကောင့်လေး ဖွင့်သုံးကြည့်ပါလားတဲ့၊ online မှာ သူငယ်ချင်းတွေရရင် အရမ်းပျော်စရာကောင်းတယ်ဆိုပဲ ...

ဒါပေမဲ့ ကျွန်မ အဲဒါတွေ ဝါသနာမပါလို့ တစ်ခါမှ မလုပ်ဖြစ်ခဲ့ဖူးဘူး"

"မင်းက ဘာဝါသနာပါတာလဲ"

"မုန့်စားတာ၊ အိပ်တာ၊ အဲလို အပျင်းကြီးကြီးကိစ္စတွေပဲ လုပ်ချင်တာ၊ ဘွဲ့ရပြီးတည်းက ခုချိန်ထိ အိမ်မှာပဲ အချိန်ကုန် ဇိမ်ကျနေတာလေ၊ မိဘတွေလည်း ပြောမနိုင်လို့ လွှတ်ထားကြတာ"

"ကျောင်းက ဘာနဲ့ပြီးတာလဲ"

"Zoo လေ၊ တိရစ္ဆာန် အကောင်ပလောင်လေးတွေ ချစ်တတ်လို့ အဲဒီမေဂျာပဲ ယူခဲ့တာ"

သူက ဟင်းခနဲပင် သက်ပြင်းချမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာပါပြီ။ မုန်းနဲ့ ဂမုန်းရိပ်ဟာ တစ်ယောက်စီ သက်သက်ပဲ ဖြစ်မှာပင်။ မုန်း ပုံစံ အကဲခတ်ကြည့်ရတာ ဂမုန်းရိပ်လို တော်တတ်ထက်မြက်ပြီး ဘဝရှည်မုန်းချက် ကြီးကြီးမားမား ရှိဟန်မတူ။ ဘာကိုမှလဲ သိပ်အလေးအနက်ထားပုံ မရပါ။

နောက်ဆုံးတော့ သူ့ရင်ထဲမှ သံသယထုထည်ကြီး အလုံးစုံ ပပျောက်ရှင်းလင်းသွားတော့သည်။ သို့သော် သူက "မုန်း"ဆိုသည့် နာမည်အတွက်တော့ သိပ်ဘဝင်မကျချင်သေးတာ အမှန်ပင်။

"ဝက်ပါက ကျွန်မအကြောင်းတွေချည်းပဲ ဆက်တိုက်မေးနေတယ်နော်၊ ရှင့်အကြောင်းရော ပြောပြဖို့ စိတ်ကူးမရှိဘူးလား"

"အင်း ... ကိုယ့်အကြောင်းက ဒီလိုပါပဲ၊ သိပ်စိတ်ဝင်စားစရာမရှိဘူး"

သူက သူ့မိသားစုအကြောင်း၊ တစ်ပိုင်းတစ်စပညာရေးအကြောင်း၊ လက်ရှိနေထိုင်ဖြစ်တည်ပုံတို့ကို သူမသိအောင် အတိုချုံး ပြောပြလိုက်ပါသည်။ (အချစ်ရေးအကြောင်းကိုတော့ ခြွင်းချက်အနေဖြင့် ချန်ထားမိသည်။)

တစ်ယောက်အကြောင်း တစ်ယောက် အကြမ်းဖျင်း သိပြီးကြချိန်မှာ သူနဲ့ မုန်း မိတ်ဆွေအဖြစ်သို့ အလိုအလျောက် ရောက်ရှိသွားကြသည်။





သူမနှင့် လမ်းခွဲပြီး ပြန်လာတော့ သူ့ခြေလှမ်းများက မြေကြီးနှင့် မထိသလို ပေါ့ပါးသွက်လက်လျက် ရှိလေသည်။ ဘာပဲဖြစ်ဖြစ် သူ ကျေနပ်သည်။ "မုန်း"နှင့် အတိုင်းအတာတစ်ခုထိ ရင်းနှီးခွင့် ရခဲ့သည်လေ။

ဒီအချိန်မှာ သူ ကွဲကွဲပြားပြား သိလိုက်တာ တစ်ခုက သူဟာ မုန်းကို ဂမုန်းထက် ပိုစိတ်ဝင်စားနေမိခြင်းကိုပင်။ အခါအခွင့်သင့်သော တစ်ရက်တော့ သူ့ဘော်ဒါကြီး ဂမုန်းရိပ်ထံမှာ မုန်းအကြောင်း ဖောက်သည်ချရပေဦးမည်။

၀ ❣ ၀



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းသည် သံချိုနှင့် ဆင်တူဝယ်ခဲ့သော အမှတ်တရပစ္စည်းများစွာထဲမှ တစ်ခုဖြစ်သည့် လည်ထောင်စပို့ရှပ်လက်ရှည် နို့နှစ်ရောင်လေးကိုကိုင်ရင်း တစ်ချက်ငိုင်သွားမိသည်။

ဒီနေ့ ဂမုန်းနဲ့ သံချိုရဲ့မွေးနေ့ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်များစွာက မွေးနေ့တိုင်းမှာ သူငယ်ချင်းနှစ်ယောက် မပျက်မကွက် ဆုံခဲ့ရပေမယ့် ဒီနှစ်မှာတော့ ဂမုန်းတစ်ယောက်တည်း အထီးကျန်စွာ နေ့တစ်နေ့ကို ခြောက်တီးခြောက်ကပ် ဖြတ်သန်းရတော့မည်။

ဂမုန်းက Revlon အောက်ခံကရင်(မ်)ခပ်ပါးပါးလူးကာ Two way ရိုက်ပြီး မျက်နှာအလှပြင်ခြင်းအလုပ် ပြီးဆုံးသည်။ Lip Gloss အညိုရွှဲရွှဲလေး ဆိုးပြီးချိန်မှာတော့ လှည့်ကြည့်စရာမလိုလောက်အောင် ပြည့်စုံသွားပြီ ဖြစ်ပါသည်။





ချောသည်ထက် ယဉ်သည့်ဘက် ပိုပေါက်သော ဂမုန်းဟာ အင်ဂျင်နီယာမလေးပီပီ အလှပြင်ခြင်းကိစ္စရပ်များကိုလည်း သိပ် Crazy မဖြစ်လှပါ။ သို့သော် ဒီလိုကိုယ့်မွေးနေ့မျိုးမှာတော့ စိတ်လိုလက်ရ ပြင်ချင်စိတ် ပေါက်တာမို့ ခုလိုအချိန်ကုန်ခံ ပြင်နေရခြင်းဖြစ်သည်။

ဂမုန်းက ဆံနွယ်ဖြောင့်စင်းစင်းများကို ဆံထုံးပုံစံကပိုကရို စည်းနှောင်လိုက်ပါသည်။ စောစောက အလွမ်းပြေကိုင်ကြည့်ခဲ့သော နို့နှစ်ရောင် အင်္ကျီလေးကိုပင် ရွေးချယ်ကာ အနက်ရောင်စကတ်ရှည်တစ်ထည်နှင့် တွဲဖက်ဝတ်ဆင်လိုက်သည်။

ဂမုန်းအလှက မရိုးမဆန်း၊ အေးအေးချမ်းချမ်းနှင့် ဆွဲဆောင်မှုရှိနေပါသည်။ ကြက်သွေးရင့်ရောင် ထောင့်ချွန်ချွန်လေးပါသည့် ကြိုးသိုင်းဖိနပ်စီးကာ လက်ဆွဲအိတ်ရှည်ရှည်လေးကိုင်ပြီး အောက်ထပ်ဆင်းလာသည့် ဂမုန်းကို မေမေက အပြုံးဖြင့် ဆီးကြိုသည်။

"သမီး … အရမ်းလှတာပဲကွယ်၊ ဒီနေ့ ဘယ်သွားပြီး ဘာလုပ်မယ့် အစီအစဉ်လေး မေမေ့ကို ပြောပြပါဦး"

"ပထမဆုံး ဘုရား၊ သံချို့အတွက်ပါ ကုသိုလ်ကောင်းမှုလုပ်ပေးရမယ်လေ မေမေ၊ ပြီးတော့ သံချိုရော သမီးပါ အရမ်းကြိုက်တဲ့ လှည်းတန်းနားက ကိုရီးယားဆိုင်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com



စားမယ်၊ လောလောဆယ် အစီအစဉ်ကတော့ ဒီလောက်ပါပဲ”

“သမီးကို တစ်ခုတော့ သတိပေးချင်တယ်ကွယ်”

“ဘာလဲ မေမေ”

“မေမေ ထွေး ပြောပြလို့ အားလုံးသိပြီးပြီနော်၊ သမီး ဂျပန်ကကျောင်းကိစ္စတွေကို ဖျက်ပြီး မြန်မာပြည် ပြန်လာရတဲ့အကြောင်းရင်းကို၊ ပြဿနာတွေ လာရှင်းတာဆို”

ဂမုန်းက မေမေ့စကားကြောင့် ပြုံးရုံပြုံးမိပါသည်။ သတင်းပို့ရုန်း မြန်လွန်းလှသော အန်တီထွေးကိုလည်း ခုချိန်မှာ ထူးပြီး အပြစ်မတင်ချင်တော့ပါ။

နဂိုတည်းက ကိုယ်မှန်တယ်ထင်လျှင် ရှေ့နောက်မကြည့်၊ ဇွတ်တိုးလုပ်တတ်သော ဂမုန်းဟာ မိဘဆွေမျိုးများရဲ့ လက်မြှောက်ဆလံပေးခြင်း ခံထားရသူဖြစ်သည်။ သံချို့ကိစ္စကိုလည်း ဘယ်သူတွေ ဘာပဲပြောပြော ဂမုန်းဘက်က ရှေ့တိုးဖြေရှင်းဖို့ ဆုံးဖြတ်ထားခဲ့ပြီးသားပင်။

“သမီး ဘာတွေ လျှောက်လုပ်မလို့လဲ … ဂမုန်း”

“ဘာမှမလုပ်ပါဘူး မေမေရယ်၊ စိတ်မပူပါနဲ့၊ ကဲ မေမေ၊ နေတောင်တော်တော်မွှင့်နေပြီ၊ အချိန်မရှိတော့ဘူး သမီး သွားတော့မယ်နော်”



“ဟဲ့ … ဒီကလေးနယ်”

ဂမုန်းက မေမေ့ပါးကို ရွှတ်ခနဲနမ်းပြီး ကားပေါ်တက်ထိုင် အပြေးအလွှား စက်နှိုးကာ မောင်းထွက်ခဲ့တော့သည်။ ဘုရားရောက်တော့ ကိုယ့်အတွက်၊ သံချို့အတွက် ကုသိုလ်ကောင်းမှုမျိုးစုံ ပြည့်ပြည့်ဝဝ ပြုပေးပြီးတော့မှ ပြန်လာခဲ့ပါသည်။

အရင်တုန်းက သံချို့နှင့် နှစ်ယောက်အတူတူသွားခဲ့သော လမ်းမထက်မှာ သံချို့ ရယ်မောသံတွေ ပဲ့တင်ထပ်နေသလို ဂမုန်းစိတ်ထဲ ခံစားရသည်။ ဂမုန်း ခုချိန်မှာ သံချို့ကို ပြင်းပြင်းပြပြ လွမ်းမိပါသည်။ ကားမောင်းရင်းမှ ဝဲတက်လာသော မျက်ရည်များကို ခပ်ဖွဖွဖယ်ရှားရင်း ဂမုန်းသည် လှည်းတန်းရှိ ကိုရီးယားစားသောက်ဆိုင်လေးဆီ ဦးတည်ချီတက်လာခဲ့သည်။

သံချို့ ရှိတုန်းက ဒီဆိုင်မှာ တစ်ပတ်တစ်ခါ ပုံမှန်လာစားနေကျ ဖြစ်ပါသည်။ ဂမုန်းက ကိုရီးယားပဲခေါက်ဆွဲနှင့် အသားကင်တစ်ပွဲမှာကာ ဆိုင်ရဲ့ထောင့်အကျဆုံးဝိုင်းမှာ နေရာယူလိုက်သည်။

ဒီတစ်ခါ စားရသော ပဲခေါက်ဆွဲရဲ့အရသာဟာ ဂမုန်းအတွက် ပေါ့ရွှတ်ရွှတ်နှင့် တစ်ခုခု လိုအပ်နေသလိုပင်။ အရင်တုန်းက ပဲခေါက်ဆွဲနှစ်ပွဲကို ခဏလေးနှင့် ဖြိုနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းဟာ နှစ်လုတ်သာစားရသေးသော ပန်းကန်ထဲ တူပစ်ချကာ ငေးငိုင်နေမိသည်။ ရင်ထဲမှာလည်း တော်တော်လေး နင်လာ့ရပါ သည်။

နောက်ဆုံး ဆိုင်ထဲမှာ ဆက်ထိုင်နိုင်စွမ်းမရှိတော့ ကာ ဝိတ်တာလေးခေါ်ပြီး bill ရှင်းဖို့ ပြင်လိုက်သည်။

"ဘယ်လောက်ကျလဲ မောင်လေး"

"ဒီဝိုင်းအတွက် ရှင်းပြီးသွားပါပြီ အစ်မ"

ထိုကောင်လေးစကားကြောင့် ဂမုန်း မျက်မှောင်တစ် ချက် ကုတ်သွားရသည်။ ဘယ်သူ လာရှင်းသွားတာပါလိမ့်။

"အစ်မ မရှင်းရသေးပါဘူး မောင်လေးရဲ့"

"ဟိုဘက်အစွန်ဆုံးဝိုင်းက အစ်ကို ရှင်းလိုက်တာပါ အစ်မ"

ဂမုန်းက ဝိတ်တာလေး ညွှန်ပြသောဝိုင်းဆီ ဆတ် ခနဲလှည့်ကြည့်လိုက်ပါသည်။

အို ... တိုက်ဆိုင်လွန်းလှချည့်။ သူက ဂမုန်းကို လှစ်ခနဲ ပြုံးပြကာ သူ့ဝိုင်းမှထပြီး ဂမုန်းရှိရာ လျှောက်လာသည်။

အနက်ရောင်ရှပ်လက်တို ဖစ်တင်နှင့် စစ်စိမ်းရောင် ဘက်ဂီဘောင်းဘီမှ ဝတ်ဆင်ထားသော သူ့စတိုင်လ်က ပေါ့ပေါ့ လန်းဆန်းနေသည်။ သူက ဂမုန်းရှေ့ခုံမှာ ဝင်ထိုင်ရင်း ...

ဝက်ပါမိုးတိမ်ထက်သို့ သိမ်မွေ့စွာပြာဆင်းသော ၁၁၅

"မုန်း နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ရှင် ပိုက်ဆံရှင်းလိုက်တယ်ဆို"

"အင်း ... ကိုယ်တို့က မိတ်ဆွေတွေပဲလေ၊ ဘာဖြစ်လို့လဲ၊ အရင်တစ်ခေါက်က မင်း ကော်ဖီတိုက်ခဲ့တာပဲ"

ဂမုန်းက သူ့အပြောကြောင့် မဲ့ပြုံးလေး ပြုံးမိပါ သည်။

"ရှင် ကျွန်မကို ဘယ်တုန်းက တွေ့တာလဲ"

"မုန်း ဝင်လာကတည်းကပဲ၊ မုန်း မျက်နှာသိပ်မကောင်းလို့ တွေ့တွေ့ချင်း နှုတ်မဆက်သေးဘဲ အခြေအနေ စောင့်ကြည့် နေတာ၊ မုန်း ဘာဖြစ်နေလဲဟင်"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး"

"မညာပါနဲ့ မုန်းရယ်၊ ကိုယ် မင်းမျက်နှာကို အစအဆုံး အကဲခတ်နေခဲ့တာပါ။ မင်းပုံစံက တစ်ခုခုအတွက် ဖီးလ် ဖြစ်နေသလိုပဲ၊ အစားအသောက် စားတာလည်း စိတ်မပါ သလိုကြီး၊ ဟိုတစ်ခါတွေ့တုန်းက ဒီစတိုင်(လ်)မှ မဟုတ် တာ"

ဂမုန်းက သူ့မျက်လုံးတည့်တည့်သို့ စူးစိုက်ကြည့် လိုက်ပါသည်။ ကျွန်မ ဘာဖြစ်နေလဲဆိုတာ ရှင့်ကို ပြောပြဖို့ သိပ်ကိုစောပါသေးတယ် ဝက်ပါ။ တစ်နေ့ကျရင်တော့ ကျွန်မ

www.burmeseclassic.com



စိတ်နဲ့ကိုယ်မကပ်ဖြစ်နေရခြင်းရဲ့ အဓိကဘရားခံဟာ ရှင်ပဲဆိုတာ ဖွင့်ပြောဖြစ်အောင် ပြောပြမှာပါ။ ရှင် စိတ်ချပါ။

သူ့မျက်ဝန်းများက ခုချိန်မှာ အနူးညွှံဆုံးရီဝေနေကြသည်ဟု ဂမုန်း ထင်ပါသည်။ ဒီမျက်လုံးတွေကို သံချို ဆိုတဲ့ မိန်းမ သိပ်ကိုရူးသွပ်ခဲ့ဖူးတာပေါ့။ ဂမုန်းက သူ့မျက်ဝန်းများကို "လူသတ်မျက်ဝန်းများ"ဟု ပစ်ပစ်ခါခါ သတ်မှတ်ပစ်လိုက်မိသည်။

"ကျွန်မ ဝန်ခံပါတယ် ဝက်ပါ၊ ဒီနေ့ စိတ်ညစ်စရာကိစ္စလေး နည်းနည်းရှိနေလို့ပါ၊ သိပ်မကြည်ဘူး ဖြစ်နေတယ်"

"ကိုယ် သိခွင့်ရှိမလား၊ နှစ်သိမ့်ပေးချင်လို့ပါ"

"အဟင်း ... ကိစ္စက ရှင့်အတွက်တော့ ထူးဆန်းစရာဖြစ်ချင်မှ ဖြစ်မှာပါ၊ ကျွန်မ သူငယ်ချင်းတစ်ယောက်ကို သတိရနေလို့ပါ၊ ဒီနေ့ သူ့မွေးနေ့လေ"

"ဪ ... သူက အခု ဘယ်ရောက်နေလို့လဲ"

"ဟိုးအဝေးကြီးမှာ ကျွန်မနဲ့ဆုံနိုင်ဖို့ ခဲယဉ်းတဲ့နေရာတစ်ခုမှာပေါ့"

"မုန်း သူ့ကို တော်တော်ချစ်မယ်ပုံပဲနော်"

"အရမ်းချစ်တာပေါ့၊ ကျွန်မ မိဘတွေပြီးရင် ဒုတိယအချစ်ဆုံးပဲ၊ သူက အရမ်းချစ်ဖို့ကောင်းတာ"



"Foreign မှာလား၊ မုန်း သူ့ကို mail ပို့ပြီး Birthday Wish လေး လှမ်းလုပ်လိုက်လေ၊ ဖုန်းလည်းဆက်လို့ရတာပဲ"

"အင်း ... ဖုန်းဆက်တာတော့ အဆင်ပြေမှာပါ၊ mail ပို့တာတော့ ကျွန်မမှ ဝါသနာမပါတာ"

"ဪ ... ဆောရီး၊ ကိုယ် မေ့သွားလို့၊ ဘာပဲဖြစ်ဖြစ် မုန်း ဒီလိုမှိုင်နေတာ မြင်ရတော့ ကိုယ့်စိတ်ထဲ တစ်မျိုးကြီးပဲ၊ ကိုယ် ဘာလုပ်ပေးရမလဲဟင်၊ မုန်း သူငယ်ချင်းကို ခေါ်ပေးလို့ရရင် ကိုယ် ခုချက်ချင်းသွားခေါ်ပေးချင်ပါတယ်"

ရှင်ပဲ ကျွန်မနဲ့ အဝေးဆုံးရောက်အောင် တွန်းပို့ပစ်ခဲ့တာ။ ရှင် ဘယ်လိုပြန်ခေါ်ပေးလို့ ရမှာလဲ ဝက်ပါရယ်။

"ကိုယ် တစ်ခုလောက် ထပ်မေးလို့ရမလား မုန်း"

"ရပါတယ်"

"အဲဒီသူငယ်ချင်းက ဟို ... ကျားလား၊ မ လား"

ဂမုန်းက နွမ်းနေသည့်ကြားမှပင် သူ့မေးခွန်းကြောင့် ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

"ရှင် ဘယ်လိုထင်လဲ"

"မထင်တတ်ဘူး၊ စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းက မိန်းကလေးပါ၊ မွေးကင်းစတည်းက ချစ်ခဲ့ရတဲ့ သူငယ်ချင်းလေ"

"ဟုတ်လား ... တော်သေးတာပေါ့ဗျာ"

"အမ် ...၊ ဘာဖြစ်လို့လဲ"

"ဟို ... မဟုတ်၊ ဘာမှမဖြစ်ပါဘူး"

သူက ခေါင်းငုံ့ရင်း မပွင့်တပွင့်ဆိုတော့ ဂမုန်း သူ မမြင်အောင် မဲ့ပြုံးပြုံးလိုက်မိသည်။ ဝက်ပါ ... ရှင်က ဆရာကြီးဆို ခုမှ ဘာဖြစ်လို့ ကျွန်မရှေ့မှာ တပည့်လေးပုံစံ ဖမ်းနေရတာလဲ။ ရှင် ဒီလိုဖြစ်နေသရွေ့ ကျွန်မထောင်ထားတဲ့ ကျော့ကွင်းထဲ တဖြည်းဖြည်း တိုးဝင်လာသလို ဖြစ်နေမှာပေါ့။

"မုန်း ဒီနေ့ ဘယ်တွေသွားပြီး ဘာတွေထပ်လုပ်ဦးမှာလဲ ဟင်"

"အိမ်ပဲ ပြန်တော့မှာပါ၊ ဒီနေ့က သူငယ်ချင်းမွေးနေ့ဖြစ် နေလို့ သူနဲ့အတူတူ စားခဲ့တဲ့ ဒီဆိုင်မှာ တမင်လာစားတာ သတိရလို့ပါ"

"မုန်းနဲ့ ကိုယ့်ဆုံတွေ့မှုက အမြဲတမ်း တိုက်ဆိုင်တတ်တာ များတယ်နော်"

"အင်း ... ကံတရားက ဖန်တီးပေးတာ ဖြစ်မှာပေါ့ ဝက်ပါရော ဒီကပြန်ရင် ဘယ်နိုးမှာလဲ"



"ကိုယ် ဆိုင်သွားရဦးမယ်၊ ဟိုးတစ်နေ့က မုန်းကားပျက် တဲ့နားမှာ (.........)ဆိုတဲ့ ကားပစ္စည်းအရောင်းဆိုင် ရှိ တယ်လေ၊ အဲဒါ ကိုယ်နဲ့မိတ်ဆွေတစ်ယောက် စပ်တူဖွင့် ထားတဲ့ဆိုင်ပေါ့"

"ဟုတ်လား ... ဝက်ပါက စီးပွားရေးလုပ်ငန်းရှင်ကြီးပေါ့"

"အဟဲ ... အဲလောက်ကြီးလည်း မမြင့်သေးပါဘူး၊ ခုမှ စရုံပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလုပ် တာ ကောင်းတာပေါ့၊ ကဲ ... ဝက်ပါ၊ ကျွန်မ ပြန်တော့ မယ်၊ ဒီနေ့ ဒကာခံတဲ့အတွက် Thank you နော်"

"မုန်း ... ကိုယ်လိုက်ပို့ရမလား"

"ကျွန်မမှာ ကားပါတယ်လေ၊ တော်ကြာ ရှင် ကျွန်မအိမ် သိသွားရင် နောက် အမြဲတမ်း ချော့သည်လာလုပ်နေဦး မယ်၊ ဟုတ်တယ်ဟုတ်"

"ဟာဗျာ ... မုန်းကတော့ ခွပ်ပြန်ပြီ"

မုန်းက သူ့ကို အပြုံးတစ်ချက်ဖြင့် နှုတ်ဆက်ကာ ဆိုင်ထဲမှ လှမ်းထွက်လာခဲ့ပါသည်။ ထင်သည့်အတိုင်းပင် ကိုယ့် ကားနောက်မှ သူ့ကားလေး တောက်လျှောက်လိုက်လာတာကို မြင်သော် ဂမုန်းတစ်ယောက် ခေါင်းလှန်မော့ကာ ရယ်မောချလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါဆိုသော ယောက်ျားဟာ သူကိုယ်တိုင် ရှပ်ထွေးလွန်းလှသော ဝက်ပါတစ်ခုထဲသို့ မိုက်မိုက်မဲမဲ တိုးဝင်လျက်ရှိတာကို သူ့ကိုယ်သူ သတိမမူလေရော့သလား။

၀ း ၀



သူသည် online ပေါ်တက်လာသော ဂမုန်းရိပ်ရဲ့အကောင့်ကိုမြင်သော် ကွန်ပျူတာရှေ့ အပြေးရောက်သွားမိပါသည်။ တစ်ဖက်ကလည်း သူ့ဆီ အရင်စပြီး "Hi"ဟု လှမ်းလုပ်သည်။

"ဂမုန်းရိပ် ဒီည ထူးထူးဆန်းဆန်း Chat ဖြစ်တယ်နော်၊ အလုပ်တွေ ပြီးသွားပြီလား"

"အင်း ... ဆိုပါတော့၊ ယူနဲ့တွေ့ချင်တာလည်း ပါတာပေါ့"

"ငါ ညတိုင်း မင်းကို မျှော်သေးတယ် ဘော်ဒါကြီးရဲ့"

"ဆောရီးပါကွာ၊ တို့ တကယ်ကို မအားလို့ပါ၊ ယူ တို့ကို ပြောစရာရှိလို့လား"

"ဒါပေါ့၊ ပြောစရာတွေများ ပုံနေတာပဲ"

"ကဲ ... ကဲ၊ ဆိုစေ ... ဘာများလဲ"

"မင်းဆီမှာ ရင်ဖွင့်ချင်လို့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒိုင်အသစ်နဲ့ ကိုနိုင်ချစ်ပါလား၊ တို့ စိတ်ဝင်စားလာပြီ၊ မြန်မြန်ပြောတော့ ဂက်ပါ"

"ငါ အခု ကောင်မလေးတစ်ယောက်ကို တွေ့ထားတယ်၊ ဘယ်လိုပြောရမလဲ၊ မချော်လင့်ဘဲ ဆုံခဲ့တာပေါ့၊ သူ့နှာမည်က မင်းနဲ့ခပ်ဆင်ဆင်ပဲကွ၊ မုန်းတဲ့"

"အလို ! ယူ ... တကယ်ပြောတာလား"

"တကယ်ပါ ဂမုန်းရိပ်၊ အဲဒါကြောင့် ငါ မင်းကို ရင်ဖွင့်ချင်တာပေါ့၊ ငါ သူ့ကို စိတ်ဝင်စားနေပြီကွာ၊ ငါ မင်းကို တစ်ခုတော့ ဝန်ခံရဦးမယ်"

"ဘာများလဲကွ"

"ငါ မင်းနဲ့ဆုံတဲ့အချိန်ဟာ သူနဲ့ဆုံတဲ့အချိန်နဲ့စာရင် သိပ်မကွာဘူး၊ အစကတော့ ငါ မင်းအပေါ်မှာ မသိမသာလေး စိတ်ဝင်စားခဲ့မိသေးတယ် ဂမုန်းရိပ် ...

ဒါပေမဲ့ အခု ကွဲကွဲပြားပြား သိလာရပြီ၊ ငါ မုန်းကို ပိုပြီးစိတ်ဝင်စားမိတယ် ဆိုတာလေ"

"ဟား ဟား ... ယူ့ကို တို့ နားလည်ပါတယ်ကွာ၊ တို့နှစ်ယောက်က တကယ့် real ဘော်ဒါတွေပဲ၊ ဒါတွေထားလိုက်ပါ၊ ဆက်စမ်းပါဦး၊ အဲဒီ မုန်း အကြောင်းကို တို့ သိချင်လှပြီ ဂက်ပါ ..."



ယူ သူ့ကို ကြိုက်နေပြီလား"

သူက ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်စွာ ရှက်ရယ်ရယ်လိုက်မိသည်။ ဘာပဲဖြစ်ဖြစ် သူ ဂမုန်းရိပ်ထံမှာ ရင်ဖွင့်ရသျှင် အနည်းနဲ့အများတော့ စိတ်သက်သာရာ ရနိုင်ပါမည်။

"ငါ သူ့ကို ချစ်များ ချစ်သွားပြီလား မသိဘူး ဂမုန်းရိပ်"

"ဟယ် ... တော့၊ တကယ် ! "

"ဟုတ်တယ်၊ ငါ တစ်ခါမှ မချစ်တတ်ခဲ့ဘူးလို့ ပြောရင် မင်း ယုံမှာမဟုတ်ဘူး၊ ငါ့ဘဝမှာ အချစ်လို့ ထင်ခဲ့တဲ့ အရာတွေ အများကြီး တွေ့ခဲ့ဖူးတယ်၊ ဒါပေမဲ့ အဲဒါအားလုံး အတုတွေ၊ တစ်ခုမှ စစ်မှန်မှု မရှိခဲ့ဘူး"

"ယူက အရင်က ရည်းစားများခဲ့လို့လား"

"ဝန်ခံပါတယ်၊ ရည်းစားတွေ များခဲ့တယ်၊ ဒါပေမဲ့ ချစ်သူတော့ မရှိခဲ့ဘူး၊ အဲဒါ လုံးဝ sure ပဲ၊ ငါ့နှလုံးသားအတွက် ငါ အပြည့်အဝ အာမခံတယ် ဂမုန်းရိပ်"

"ဟော့ ... ဟော့၊ ဒီစကားတွေကို ယူ့မုန်းရှေ့မှာ ပြောပြရမှာနော်၊ လူမှားနေပြီ"

"သူ့ကိုပြောဖို့ အခွင့်မသာသေးလို့ပါကွာ၊ မင်းက ငါ့ဘော်ဒါဆိုတော့ အရင် ရင်ဖွင့်ရတာပေါ့"

www.burmeseclassic.com



"တို့ မေးပါရစေဦး၊ ယူ တစ်ခါမှ မချစ်ဖူးခဲ့တဲ့ကိစ္စအပေါ် တို့ [illegible] မြင့်မြတ်ဖို့ခဲယဉ်းနေတယ်၊ ရည်းစားတွေ အများကြီးထားခဲ့တဲ့လူက အချစ်ကို ရှာမတွေ့ခဲ့ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

"ငါ မိန်းကလေးတစ်ယောက်ကို ချစ်သလိုလို ဖြစ်ခဲ့ဖူးတာ ထပ်ဝန်ခံရဦးမယ် ဂမုန်းရိပ်"

"ဟော ... တွေ့လား၊ ခုမှပေါ်လာပြီ၊ အဲဒီကောင်မလေးက ဘယ်ရောက်သွားလို့လဲ"

"ငါ မင်းကို တကယ့်သွေးသောက် ရဲဘော်လို သဘောထားလို့ ဒီအကြောင်း ပြောမှာနော် ဂမုန်းရိပ်၊ မင်း ငါ့အပေါ် အပြည့်အဝ နားလည်ပေးနိုင်ပါ့မလား"

"စိတ်ချပါ ဝက်ပါရယ်၊ တို့က ယူ့ကိုတင်မကဘူး၊ လူသားအားလုံးအပေါ်၊ လောကကြီးအပေါ်မှာပါ နားလည်တတ်အောင် ကြိုးစားနေတဲ့သူပါ၊ ကဲ ... ပြောပြ၊ ဘာအကြောင်းလဲ"

"ငါ မိန်းကလေးတစ်ယောက်နဲ့ နောက်ဆုံး ပတ်သက်ခဲ့ဖူးတယ်၊ သူဟာ အရမ်းဖြူစင်အေးချမ်းတဲ့ ကာရိုက်တာလေးပါ၊ ငါ့အပေါ်မှာထားတဲ့ သူ့ချစ်ခြင်းမေတ္တာ အင်အားက အရမ်းကြီးမားခဲ့ပါတယ် ...



ဘယ်မိန်းမအပေါ်မှာမှ မထားခဲ့ဖူးတဲ့ သံယောဇဉ်မျိုးနဲ့ သူ့ကို လက်ထပ်ဖို့အထိတောင် ငါရည်ရွယ်ခဲ့တယ်၊ ဒါပေမဲ့ ..."

သူက ဆက်မရိုက်နိုင်တော့ဘဲ ခဏရပ်လိုက်ပါသည်။ အာရုံထဲမှာလည်း သံချို့မျက်နှာကို တစ်စတစ်စ မြင်ယောင်လာမိသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဆက်ပြောလေ ဝက်ပါ"

"သူ့မိဘတွေက ငါ့လိုကောင်နဲ့ သဘောမတူကြဘူး၊ သူက ငါ့ကို အရမ်းချစ်လွန်းလို့ အားလုံးကို အတိုက်အခံလုပ်ပြီး ငါ့နောက်လိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ တကယ်တမ်း နှစ်ဦးသဘောတူ လက်ထပ်ခါနီးကျမှ ငါ တွေဝေလာမိတယ် ဂမုန်းရိပ် ...

အဲဒီအချိန်မှာ ငါ သေချာသိလိုက်တာ တစ်ခုက သူ့ကို တကယ်မချစ်ခဲ့ဘူး ဆိုတာပဲ၊ သူ့မိဘဘက်ကလည်း သဘောမတူတဲ့ ငါလည်း မချစ်တာ သေချာသွားတဲ့ မိန်းမတစ်ယောက်ကို ငါ အချိန်မီ လမ်းခွဲဖို့ ကြိုးစားခဲ့တယ်၊ အဓိက,ကတော့ သူ့ဘဝလေး မနစ်မွန်းစေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ ကွန်ပျူတာရှေ့ ခေါင်းငိုက်စိုက်ချရင်း ငြိမ်သက်နေမိသည်။ ဂမုန်းရိပ်ကလည်း တစ်ဖက်မှာငြိမ်ချက်သား ကောင်းနေပါသည်။ သူ့အကြောင်း သိပြီးချိန်မှာ ဂမုန်းရိပ် စိတ်ထဲ ဘယ်လိုတွေးထင်သွားပြီလဲ။

မိန်းမတစ်ယောက်ကို တကယ်မချစ်ဘဲ လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးမှ ဘလိုင်းကြီး ဖြတ်ချခဲ့သော သူ့ကိုယောက်ျား မဆန်သူဟုများ သတ်မှတ်လိုက်ပြီလား။

"ဝက်ပါ ... ယူ ဆက်ပြောလေ"

"ငါ ... ငါ ဆက်မပြောနိုင်တော့ဘူး ဂမုန်းရိပ်၊ ငါ သူ့အတွက်နဲ့ ခုချိန်ထိ ရင်ထဲမှာ အကြွေးတင်သလို ခံစား ရတယ်၊ ဒါပေမဲ့ အဲဒီအကြွေးကို ဘယ်လိုနည်းနဲ့မှ ပြန် ဆပ်နိုင်မှာ မဟုတ်တော့ဘူး၊ ငါ အရမ်းကို မှားခဲ့ပါတယ်"

"ကဲပါလေ ... ယူ ဆက်ပြောနိုင်စွမ်း မရှိရင်လည်း အကြောင်း ခဏထားလိုက်ပေါ့၊ အခု မုန်းကိုရော ယူ တကယ်ချစ်သွားတာလား၊ ချစ်သလိုလို ဖြစ်နေတာလား

ယူ့ကိုယ်ယူ သေချာဆန်းစစ်ကြည့်ဦးလေ၊ လူ တာ တစ်ခါမှားခဲ့ပြီးရင် နောက်တစ်ခါ ထပ်မမှားအောင် ကြိုးစားဖို့ တာဝန်ရှိတယ် မဟုတ်လား"



"ငါ အချိန်အတိုင်းအတာ တစ်ခုထိတော့ စောင့်ကြည့်ဦး မှာပါ ဂမုန်းရိပ်၊ ခုလောလောဆယ်တော့ ငါ သူ့ကိုနာရီ တိုင်းလိုလို သတိရနေမိတယ်၊ သူ့မျက်နှာကို အမြဲတွေ့ ချင်တယ်၊ သူ့အသံလေး နေ့တိုင်းကြားချင်တယ်၊ အဲလို feeling တွေ ခံစားနေရတာပေါ့ ...

ငါ့ဘဝအတွက် အမှန်တကယ် မရှိမဖြစ် လိုအပ်တဲ့ သူလို့ သေချာသွားတဲ့ တစ်နေ့ကျရင်တော့ သူ့ကို ရိုးရိုး ရှင်းရှင်းလေးပဲ ချစ်ခွင့်ပန်ဖြစ်မှာပါ"

"သူ့ဘက်ကရော အခြေအနေ ဘယ်လိုရှိလဲ ဝက်ပါ၊ ယူ့ အပေါ် ပြန်လက်ခံနိုင်လောက်တဲ့ အနေအထားမျိုးရှိလား"

"သူက တစ်မျိုးပဲ ဂမုန်းရိပ်ရဲ့။ ခင်းလိုပဲ နည်းနည်းနား လည်ရခက်တယ်၊ trick လုပ်တတ်တဲ့ ပုံစံမျိုးလေးပဲ"

"ယူ ဝင့်လည်မှာရော မကြောက်ဘူးလား၊ တော်ကြာ ယူ တကယ်ချစ်သွားတဲ့သူက ယူ့ကို ပြန်လှည့်စားရင် ဘယ် လိုလုပ်မလဲ"

သူ သက်ပြင်းတစ်ချက် ကျိတ်ချမိပါသည်။ ဒီ အချက်ကို သူ မတွေးမဟုတ်၊ မုန်းအပေါ် စိတ်ဝင်စားမိသော အချိန်တည်းက ကြိုတွေးခဲ့ပြီးသားဖြစ်သည်။ အချစ်အတွက်နဲ့ အလှည့်စားမခံရဖူးသော သူဟာ ကိုယ်တိုင်ကိုယ်ကျ ခံစားရ ဒီခံစားချက်ကို နားလည်နိုင်မှာဖြစ်သည်။

www.burmeseclassic.com



နှလောလောဆယ်တော့ သူ့မှာ ဂမုန်းရိပ်ကို ပေးစရာ အဖြေမရှိ။

"လှည့်စားလဲ ခံရတော့မှာပေါ့ကွာ၊ ဒါပေမဲ့ အရေးကြီးတာက ငါ အခု ဘာဆက်လုပ်ရမလဲ၊ အကြံပေးပါဦး"

"ယူပြောသလို အချိန်အတိုင်းအတာတစ်ခုထိ စောင့်ကြည့်လိုက်ရင် ပိုမှန်လိမ့်မယ်၊ တို့က တစ်ခါမှ မချစ်ဖူးခဲ့လို့ အချစ်အကြောင်းတော့ သေချာမသိပါဘူး၊ ဒါပေမဲ့ ကြားဖူးနားဝရှိတာတော့ အချစ်ဆိုတာ တမင်လုပ်ယူလို့မရဘူးတဲ့၊ တကယ်ချစ်မိသွားပြီဆိုရင်လည်း ချစ်သူနားကနေ တစ်ဖဝါးမှ မခွာချင်ကြတော့ဘူး ...

ယူ မုန်းအပေါ် တကယ်ချစ်သွားတာ သေချာရင် သူနဲ့အမြဲအတူ နေချင်တဲ့စိတ် ဖြစ်လာလိမ့်မယ်၊ စောင့်ကြည့်ပေါ့ ဝက်ပါ"

"ဒါနဲ့ မင်းနဲ့ကရော ဘယ်တော့ လူချင်းဆုံခွင့် ရမှာလဲ"

"ဟော့ ... အေးဆေးပေါ့၊ တို့ ဘယ်မှထွက်မပြေးပါဘူး။ လူချင်းတွေ့ဖို့ကတော့ ယူနဲ့မုန်း မင်္ဂလာဆောင်ပြီးရင်လည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ ဟုတ်ဘူးလား"

"လုပ်ပြီ၊ မင်းကတော့ အမြဲမတင်မကျပဲ"





"ကဲ ... ကဲ၊ ညဉ့်နက်ပြီ၊ ယူလည်း မုန်းအကြောင်း စိတ်ကူးယဉ်ပြီး အိပ်လိုက်တော့၊ ဪ ... မေးရဦးမယ်၊ ယူ မုန်းအကြောင်းကိုရော တော်တော်လေး စုံစေ့အောင် လေ့လာပြီးပြီလား"

"အင်း ... အိမ်တော့ သိပြီ၊ ဒီလိုပဲ ဖြည်းဖြည်းချင်း ကြိုးစားရမှာပေါ့"

"OK ... ဆက်ကြိုးစားပါ၊ တို့ကိုလည်း သတင်းထူးသမျှ ပြန်ပြီး Report တင်ဦးနော်၊ ဒီညတော့ ဒီလောက်ပဲ ဝက်ပါ၊ တို့ စာကျက်များလို့ ခေါင်းနည်းနည်းအုံနေတယ်၊ အိပ်တော့မယ်"

"ကောင်းပြီ ဂမုန်းရိပ်၊ ပျော်ရွှင်ပါစေ"

"ယူလည်း good luck ဖြစ်ပါစေနော်"

သူနှင့် ဂမုန်းရိပ် အပြန်အလှန် နှုတ်ဆက်ကြပြီးတော့မှ Chatting ထဲကထွက်လိုက်ပါသည်။ သူက ခေါင်းကို ဟိုဘက် ဒီဘက် လှည့်ချိုးပျင်းကြောဆန့်ကာ ဖြိုးဝေ ရှိရာ ခုတင်ဆီ ဝုန်းခနဲ ခုန်တက်လိုက်ရာ ...

"ဟဲ့ ... သောက်ခွေး၊ လန့်လိုက်တာကွာ"

"မအိပ်နဲ့ဦးကွာ။ ငါ မင်းကို ပြောစရာရှိလို့ပါ"

www.burmeseclassic.com



"ဘာလဲ ... ဘာလဲ၊ ကိုယ့်ကိုမှုပြီးရင်လည်း အေးဆေးနေကွာ၊ ငါ ဒီမှာ သီချင်းနားထောင်နေတာ လာမနှောင့်ယှက်နဲ့"

သူက ဖြိုးဝေ နားထဲမှ MP4 နားကြပ်ကို အတင်းဖြုတ်ယူကာ ...

"မရဘူး၊ မင်း ငါပြောတာ နားထောင်ရမယ်"

"ကျွတ် ... ဟာကွာ၊ မင်း တော်တော်ရစ်တာပဲကွ၊ ကဲ ... ကဲ ... ဘာလဲ ... ပြော၊ ဘာပြောမှာလဲ"

"ငါ့ဘဝရဲ့နောက်ဆုံးအချစ်ကို ရှာဖွေတွေ့ရှိသွားပြီကွ"

"ဟွန်း ... မင်းအတွက် နောက်ဆုံးတွေက ဆုံးပဲမဆုံးနိုင်တော့ပါဘူးကွာ၊ တော်ပါတော့ နားငြီးတယ်"

"ငါ တကယ်ပြောတာ ဖြိုးကြီး၊ ငါ့ပါးစပ်က အချစ်ဆိုတဲ့စကားထွက်ခဲ့တာ မင်း အသိဆုံးပါကွာ၊ ခုမှ တကယ်ကိုခံစားရတာ"

"ယုံချင်စရာ တော်တော်ကောင်းတာကိုး၊ အလကား"

"ဖြိုးကြီး ... မင်း ဒီလိုတော့ ရမ်းသမ်းမပြောနဲ့ကွာ၊ ရည်းစားများတဲ့သူတစ်ယောက်ကလည်း တစ်ချိန်မဟုတ် တစ်ချိန်တော့ အချစ်ကို နက်နက်နဲနဲ ခံစားမိနိုင်မှာပဲ၊ ငါ့အတွက်လုံးဝသေချာသွားပြီကွ"





"ဘာကို သေချာတာလဲ၊ မယ်ကျောက်ခဲလား၊ online လား"

သူ့မှာ မျက်နှာကြက်ဖြူဖြူကို မော့ကြည့်ပြီး ဆွေးမြည့်ရီဝေစွာ ပြုံးလိုက်မိတော့သည်။

"မုန်း"

"အေးလေ ... ဘယ် မုန်းလဲလို့ မေးတာ၊ မင်းမှာက မုန်းနှစ်မုန်းတောင် ရှိတဲ့ဟာ"

"online မုန်းက တကယ့် ဆော်ဒါအကန့်ပါကွာ၊ အခုကအပြင်က မုန်းကိုပြောတာ၊ သူ့ကို တကယ်ချစ်သွားပြီ ဖြိုးကြီးရာ"

ဖြိုးကြီးက "စိတ်ညစ်တယ်"ဟုဆိုပြီး လက်ဝါးခါပြကာ စောင်ခေါင်းမြီးခြုံရင်း တစ်ဖက်လှည့်သွားတော့သည်။ သူကတော့ ဂမုန်းရိပ် ပြောခဲ့သလိုပဲ တော်ရုံနှင့် အိပ်မပျော်နိုင်သေးပါ။

မုန်းအကြောင်း စဉ်းစားရင်း အတွေးတွေ နယ်ချဲ့လိုက်သည်မှာ မနက်သုံးနာရီထိုးခါနီးအထိပင်ဖြစ်သည်။ မိန်းမတစ်ယောက်အတွက် အချိန်ကုန်ခံကာ အာရုံတွေ မစားခဲ့ဖူးသောသူဟာ ဒီညမှာ ကိုယ့်ရာဇဝင် ကိုယ်ပြန်ရိုင်းလိုက်ရသည့်အတွက် ဆူးထူးဆန်းဆန်း ကျေပင်ကျေနပ်နေမိသေးသည်။



www.burmeseclassic.com

သူက ခုချိန်မှာ မုန်းကို သိပ်ချစ်သလို သူ့ရဲ့ရင်ဖွင့်ဖော် ဂမုန်းရိပ်ကိုလည်း ပြင်းပြင်းပြပြ လွမ်းချင်းဆုံချင်နေပါသည်။

၀း၀





"ကိုသားကြီးရာ၊ နောက်ကျလိုက်တာ၊ ကျွန်တော် တစ်မနက်လုံး ဖုန်းခေါ်နေတာ busy ချည်းပဲ ဖြစ်နေတယ်ဗျ၊ ဘယ်တွေလျှောက်သွားနေတာလဲ"

"ငါ့အသိတစ်ယောက် ကားဝယ်ချင်တယ်ဆိုလို့ ပွဲစားတစ်ယောက်ဆီ ခေါ်သွားတာပါကွာ၊ ဟိုမှာ အလုပ်ကိစ္စပြောရင်း ကြာသွားတာ၊ အပြန် ကျောင်းသားရေးရာ ခဏဝင်သေးတယ်လေ ..."

ဘာဖြစ်လို့လဲ မင်းထက်၊ ဆိုင်မှာ ကိစ္စရှိလို့လား"

"ဟုတ်တယ်၊ ကိုသားကြီးနဲ့ တွေ့ချင်လို့တဲ့၊ ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ စောင့်နေတာ ကြာလှပြီ"

"ဘယ်သူတုန်းကွ၊ ကားကိစ္စလား"

"မဟုတ်ဘူး၊ ကိုသားကြီး မိတ်ဆွေလို့ပြောတယ်၊ အစ်မကြီးတစ်ယောက်ပဲ၊ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတယ်"

www.burmeseclassic.com



သူ့ရင်တွေ ဒိုင်းခနဲ ခုန်ပေါက်သွားပါသည်။ သီချင်းသံ စာဖြင့် ခြေလှမ်းတို့ကို မြန်မြန်သွက်သွက် အလုပ်ပေးရင်း ဧည့်ခန်းရှိရာ ဒရောသောပါး ပြေးဝင်လာခဲ့ရာ ...

"ဟင် ! "

သူ့ရင်ထဲ အံ့အားသင့်မှုနှင့် ပျော်ရွှင်မှုက လှစ်ခနဲ ပင် တစ်ပြိုင်တည်း ပေါက်ဖွားလာတော့သည်။ ကြည့်စမ်း ... သူမ

သူမက သူ့ကိုမြင်သော် ဖိုင်ရာမှ ဖြည်းဖြည်းချင်း ထရပ်ပြီး ...

"ဝက်ပါ ... သိပ်အံ့သြသွားပြီလား"

"မုန်း ဘယ်က ဘယ်လို ရောက်လာတာလဲဗျာ၊ စောင့်နေရတာ ကြာပြီဆို၊ ဆောရီးပါ"

"ရပါတယ်၊ ရှင် အလုပ်ရှုပ်နေတာ ကျွန်မ နားလည်ပေးရမှာပေါ့၊ ရှင်ပဲ ဟိုတစ်ခါ ပြောဖူးတယ်လေ၊ ဒီဆိုင် ရှင့်ဆိုင်ဆိုတာ၊ ရှင့်ကို ဒါကျွေးချင်လို့ လာတာ ...

ရှင် နေ့လယ်စာ မစားရသေးဘူး မဟုတ်လား"

မုန်းက ပြောပြောဆိုဆို လက်ထဲကိုင်လာသော ဖော့ဘူးလေးကို မြှောက်ပြသည်။ သူ အံ့သြရှိန် မပြယ်သေးပဲ ကြောင်အ,နေခိုက် ...





"အိမ်မှာ လုပ်စားတာလေ၊ Spaghetti ခေါက်ဆွဲနဲ့အသားလုံးဟင်းရယ်၊ ပြီးတော့ ပန်းသီးဖျော်ရည်ရယ်၊ ရှင့်ကိုသတိရလို့ စားစေချင်တာနဲ့ လာပို့ပေးတာ ...

ဘယ်လိုလဲ၊ ခုတစ်ခါတည်း စားမလား၊ ဒီခုံပေါ်မှာပဲ ပြင်လိုက်မယ်လေ"

"မုန်း ... မုန်းရယ်"

သူ တကယ်ကို ဘာမှဆက်မပြောနိုင်တော့ချေ။ ကိုယ် တိတ်တခိုး တယ်ငြိရသူထံမှ ဒီလို ဂရုစိုက်မှုလေး ရလိုက်ချိန်ဟာ ကိုယ့်အတွက် ကမ္ဘာပေါ်မှာ ပြီးပြည့်စုံဆုံး အချိန်ပဲဖြစ်တော့သည်။ (ပရိသတ်ကြီးလည်း သူ့ဆန္ဒနဲ့ ထပ်တူကျ ခံစားနိုင်မည်ဟု ယုံကြည်မိပါသည်။)

သူ့ဘဝမှာ မိန်းကလေးအများစုရဲ့ ဂရုစိုက်မှု၊ ယုယမှုပေါင်းများစွာကို လက်ခံရရှိခဲ့ဖူးသည်။ သို့သော် ဒီတစ်ခါလောက် အဓိပ္ပာယ်ပြည့်ဝလွန်းတာ မရှိခဲ့ချေ။ သူ့အပေါ် နှင့်နှင့်သီးသီး ချစ်ခဲ့သော သံချို့ဆီက ဂရုစိုက်မှုတောင်မှ ခုလို ရင်ခုန်သာယာချင်စရာ မကောင်းခဲ့တာ အမှန်ပင်။

မုန်းက သူစားဖို့ Spaghetti နဲ့ ဖျော်ရည်တို့ကို ကျကျနနပြင်ဆင်ပေးပြီး တူနှင့် ဇွန်း၊ ခက်ရင်းတို့ကိုပါ တစ်ရှူး

www.burmeseclassic.com



နှင့် စင်ကြယ်အောင် သုတ်ပေးသည်။ သူ့ရင်ထဲတော့ မစားရသေးဘဲနဲ့ကို ပီတိများဖြင့် အလိုလို ပြည့်နေတော့သည်။

"ကဲ ... စားလို့ရပြီ ဝက်ပါ"

"ကိုယ်နဲ့ မုန်း ဆုံလိုက်တိုင်း အစားအသောက် တစ်မျိုးမဟုတ်တစ်မျိုးတော့ ပါတတ်တယ်နော်"

"အင်း ... ဟုတ်တယ်၊ ကျွန်မတို့ ဟိုဘဝက အလှူတွေ အတူတူလုပ်ခဲ့လို့ ထင်တယ်နော်"

မုန်းက ပြောပြီးရယ်ရာ သူက ထိုမျက်နှာလေးကို ချစ်မဝစွာ ငေးကြည့်မိသည်။

"ကိုယ်တစ်ယောက်တည်း စားရမှာ မြိုမကျဘူး မုန်းရယ်၊ အတူတူ စားပါလား"

"ဟင့်အင်း ... ကျွန်မ အိမ်မှာတည်းက အမုန်းဆွဲခဲ့ပြီးပြီ၊ ရှင်ပဲ ဝအောင်စားပါ၊ ပြီးရင် ဖျော်ရည်နဲ့ အချိုတည်း"

သူက ချစ်သူယူလာပေးသော spaghetti ကို မြိန်ရေရှက်ရေ အားပေးမိသည်။ အင်း ... ညကျမှ ဘော်ဒါကြီး ဂမုန်းရိပ်ကို ဒီအကြောင်းပြောပြပြီး ဂုဏ်ယူစွာ ကြွားရဦးမည်။ ဂမုန်းရိပ်ကတော့ သူ့အချစ်ကံဇာတာတွေ မြင့်မားလာပြီဟု ကောက်ချက်ချလေမလား။





"ကောင်းလား ဝက်ဗါ၊ အဲဒါ မေမေ့လက်ရာလေ"

"အရမ်းကောင်းလွန်းလို့ ခေါင်းတောင် မဖော်နိုင်ဘူး၊ တကယ်ပါ၊ မုန်းမေမေကို ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောပေးပါဦးနော်"

မုန်းက ဘာမှပြန်မပြောဘဲ ရယ်မြဲရယ်နေပါသည်။ သူ့ကို လက်ပိုက်ကြည့်နေသော မုန်းပုံစံက သူ့မျက်စိထဲမှာ အရမ်းကို ချစ်စရာကောင်းနေတော့သည်။

ပန်းဆီရောင်ဖျော့ဖျော့ ကိုယ်ကျပ်စပို့ရှပ်၊ ဒူးအထိ ဂျင်းစကတ်တိုလေး ဆင်မြန်းထားသော မုန်းဟာ ချပ်ရပ်လှပစွာ ကြည့်ကောင်းနေသည်။ ခေါင်းလျှော်ထားဟန်တူသော မရိုမခြောက်ဆံနွယ်ပျော့စင်းစင်းများက ဝဲဝဲလေး ဖြာကျကာ ရှန်ပူနံ့သင်းသင်းလေး လိုက်ဖြာနေသလိုပင်။

ဘာပဲဖြစ်ဖြစ် သူ့ရင်တွေ ပြောမပြတတ်အောင် ခုန်နေခဲ့သည်။ သူ့ရဲ့မုန်းဟာ ဘယ်အချိန် ဘယ်လိုပဲကြည့်ကြည့် အဆင့်မြင့်မြင့် ဟန်ပန်လေးနှင့် အမြဲလိုလို ဆွဲဆောင်မှုရှိနေတတ်ပါသည်။

"ကဲ ... ဝပြီလား"

"အင်း ... ကိုယ့်ဗိုက်ကြီး တင်းကားပြီး ပေါက်ထွက်တော့မယ်၊ ညနေစာတောင် စားနိုင်တော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ ပိုလိုက်တာကွယ်"

"မပိုပါဘူးကွာ၊ တကယ်ပါ"

"ဒါဆို ကျွန်မ ပြန်ဦးမယ်၊ မေမေ ခိုင်းထားတဲ့ကိစ္စလေး တစ်ခု လုပ်ပေးစရာရှိသေးလို့ ပြန်မှဖြစ်မယ် ဝက်ပါ"

"ခုလို မအားလပ်တဲ့ကြားက တကူးတက လာပို့ပေးတဲ့ အတွက် ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ် မုန်းရယ်"

"ရပါတယ်၊ ဒီနေ့တော့ ကျွန်မ နောက်ကနေ လိုက်ချောင်းနဲ့တော့နော်၊ ရှင် အိမ်သိပြီးပြီ မဟုတ်လား"

သူက မထင်မှတ်ထားသောစကား ကြားလိုက်ရချိန်မှာ အံ့အားသင့်မှုနှင့်အတူ ရှက်ကိုးရှက်ကန်း ရယ်မိလေသည်။

ဟုတ်သားပဲ ... မုန်းက အချဉ်မှ မဟုတ်တာကိုး သူ့အကြံကို ရိပ်မိခဲ့တာ သိပ်တော့မဆန်းလှပါ။

"မုန်း သိပြီးပြီပေါ့"

"ဒါပေါ့၊ ကဲ ... ဝက်ပါ လစ်ပြီ၊ နောက်မှတွေ့မယ်"

မုန်း ကားထဲဝင်ထိုင်ပြီး စက်နှိုးနေစဉ်မှာ သူအနားသို့ အမောတကော ပြေးသွားကာ ဆိုမိသည်။

"ကိုယ် မင်း Phone No လေး သိချင်တယ် မုန်း"

သူမက လှစ်ခနဲ ပြုံးပြီး ...





"The next time ကျမှပေါ့၊ OK "

ဟု ဆိုကာ ဝူးခနဲ မောင်းထွက်သွားတော့သည်။ သူ့ရင်ထဲ ဟတ်ကော့ကြီး ဖြစ်ကျန်ခဲ့ကာ "မုန်းရာ"ဟု မချိတင်ကဲ ရေရွတ်မိတော့သည်။ သို့သော် ဒီနေ့လေးအတွက် ဘာပဲဖြစ်ဖြစ် သူ အတိုင်းမသိ ကျေနပ်မိပါသည်။

ဖြစ်နိုင်လျှင် ချစ်သူကျွေးခဲ့သော Spaghetti နှင့် မျော်ရည်ကို နောက်တစ်နေ့ အစာဟောင်းအဖြစ် စွန့်ပစ်ရမှာပင် သူ ကြံဖန်နှမြောနေမိသည်။

အင်း ... သူ့အဖြစ်ဆိုးပုံများ ပြောပါတယ်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါသည် ချစ်သော မုန်းအကြောင်း ဂမုန်းရိုပ်ထံ အစီရင်ခံနေချိန်မှာ စိတ်တွေက အဆုံးမရှိ လွတ်လပ်ပေါ့ပါးနေခဲ့ပါသည်။ သူ့အပေါ် သူမတူအောင် နားလည်ပေးနိုင်စွမ်းရှိသော ဂမုန်းရိုပ်ကလည်း အားရပါးရ ပြန်ပြီးကောင်းချီးပေးသည်မှာ ...

"ရာသီဥတုက ယူ့ဘက် အရမ်းပါနေပြီ ဝက်ပါ၊ နည်းနည်းလေး ဆက်ကြိုးစားရင် အောင်မြင်မှုပန်းတိုင် ရောက်တော့မယ်၊ မုန်းစိတ်ကို တို့မိန်းကလေးချင်း အကဲခတ်ကြည့်ရမယ်ဆိုရင် သူ ယူ့ကို ရှစ်ဆယ်ရာခိုင်နှုန်းလောက်တော့ ပြန်လက်ခံနေတာ သေချာပြီ ...

ဒါနဲ့ ယူကရော သူ့ကိုတကယ်ချစ်သွားတာ 100% Sure လား၊ ကိုယ့်နှလုံးသား ကိုယ်ပြန်ဆန်းစစ်ဦးနော်





တော်ကြာ အရင်တစ်ယောက်လိုဆို ကိုယ့်ကျိုးနည်းရချည်သေးရဲ့၊ ယူက တကယ်မချစ်လို့ ပါးပါးလေး လမ်းခွဲလိုက်တာဆိုပေမယ့် တစ်ဖက်သား မိန်းကလေးအတွက် အရမ်းနစ်နာတယ်လေ ...

တို့ပြောတာ သဘောပေါက်လား"

"သဘောလည်း ပေါက်တယ်၊ ကျောလည်း ပေါက်တယ်၊ အခု မင်းဆီမှာ သူ့အကြောင်း ပြောနေရတာနဲ့တင် ငါ့ရင်တွေ အရမ်းခုန်နေတယ် ဂမုန်းရိုပ်ရယ်၊ တကယ်ပြောတာပါ၊ ငါတော့ တကယ်ကို ချစ်တတ်သွားပြီ ထင်ပါတယ်"

"တို့ကြားဖူးတာ တစ်ခုရှိတယ်၊ ယောကျ်ားတွေရဲ့အချစ်ဆိုတာ အမြဲမပြတ် ပေါက်ဖွားနေတတ်တဲ့ အရာတဲ့၊ ဆိုလိုတာက သူတို့ဘဝမှာ အချစ်ဆုံးဆိုတာ မရှိဘူး ...

ပထမတစ်ယောက်ကို ချစ်တယ်၊ ဒုတိယ ထပ်ပေါ်လာရင် ထပ်ချစ်ပြန်တယ်၊ တတိယအတွက်လည်း ချစ်စရာ အချစ်ကျန်နေသေးတယ်၊ နောက်ထပ်များစွာကိုလည်း ဆက်ဆက်ပြီး ချစ်သွားနိုင်သတဲ့ ...

ယူ အဲလိုဖြစ်နေရင်တော့ တို့ ခွင့်မလွှတ်ဘူးနော်"

www.burmeseclassic.com



"ဂမုန်းရိပ်ရယ် ... မင်း ငါ့ကို တော်တော်အထင်သေးတာပဲ မင်း စောင့်ကြည့်နေပါ၊ ငါ သူ့အချစ်ကိုရပြီးရင် လက် ထပ်ဖို့ အခြေအနေထိရောက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းတော့မှာ၊ ငါ့ကို သူ့မိဘအသိုင်းအဝိုင်းဘက်က သဘောတူ လက်ခံလာစေရမယ်၊ သူ့အတွက် ငြင်းလောက် စရာမရှိ ဖြစ်စေရမယ်၊ ငါ့စကားကို မယုံမရှိနဲ့ သိလား"

"အလို ! ဝက်ပါ၊ ယူ ဝက်ပါမှ ဟုတ်သေးရဲ့လား၊ ယူ က သူ့စိတ်တိုင်းကျဖြစ်အောင် အရာအားလုံးအတွက် လေးလေးနက်နက် ကြိုးစားတော့မယ်ပေါ့၊ ဒီလိုလား ...

ယူ့စိတ်ဓာတ်တွေကို အရောင်ပြောင်းပေးနိုင်စွမ်းရှိတဲ့ မုန်းဆိုတဲ့ မိန်းကလေးက ဘယ်လိုလေးပါလိမ့်နော် ...

တို့ တွေ့ဖူးချင်လိုက်တာ"

"ဒါပေါ့ ... တစ်နေ့ကျရင် မလွဲမသွေ တွေ့ရမှာ၊ သူက အရမ်းချစ်ဖို့ကောင်းတယ် ဂမုန်းရိပ်ရဲ့၊ ငါ့မျက်စိထဲမှာ တွေ့လိုက်တိုင်း အမြဲတမ်း Romance and Attraction ပဲ ...

နေစမ်းပါဦး ... မေးရဦးမယ်၊ မင်းကရော ဘယ် တော့ ကိုယ်ထင်လာပြမှာလဲ၊ ပုန်းနေတာ တော်တော်ကြာ ပြီနော်"

"ဟင်း ... ဟင်း၊ မပူပါနဲ့ တွေ့ရမှာပေါ့"





သူက ထိုစာကိုဖတ်ပြီး ဘာပြန်ရိုက်ရမှန်း မသိဘဲ ငြိမ်နေစဉ်မှာပင် သူ့ဖုန်းမြည်သံ ကြားလိုက်ရသည်။ သူနဲ့ရင်းနှီး ချွမ်းဝင်ခြင်းမရှိသော နံပါတ်အသစ်မို့ သူက အံ့အားသင့်စွာ ...င့်နားထောင်လိုက်ပါသည်။ ဘယ်သူပါလိမ့်။

"ဟယ်လို"

"ဝက်ပါလား"

"ဟုတ်, ... ဘယ်သူ ...၊ ဟို ... မုန်း ... မုန်းလားဟင်"

သူ့ရင်ထဲ ဝမ်းသာလုံးဆို့သွားမိတာများ ပြောမပြ ...တ်အောင်ပင်။ အချစ်ရဲ့တန်ခိုးစွမ်းအင်တွေကြောင့် ထင်ပါရဲ့။ "...က်ပါလား"ဟု မေးသော အသံတိုတိုလေးကိုပင် သူမမုန်း ...ဝ်အပ်သိလိုက်မိသည်။ မုန်းက ဟက်ဟက်ပက်ပက် ရယ်မော ...

"ဟုတ်ပါ့ရှင်၊ အခု ဘာလုပ်နေတာလဲ"

"ကိုယ်ပျင်းလို့ Chatting ဝင်နေတာ၊ ခဏလေး online ပေါ်က ကိုယ့်ဘော်ဒါကို နှုတ်ဆက်လိုက်ဦးမယ်နော်၊ ပြီးမှ မုန်းနဲ့ အေးဆေးပြောမယ်"

"ရတယ် ... ရတယ်"

သူက ဖုန်းကို ဘေးနားအသာချပြီး ဂမုန်းရိပ်ထံ ...ပြန်ရိုက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆော်ဒါရေ ... ငါ့နတ်သမီးလေးဆီက ဖုန်းဝင်လာလို့ ဒီညတော့ ဒီလောက်နဲ့ ရပ်လိုက်တော့မယ်နော်၊ နောက်မှ တွေ့မယ်"

"အိုး ... ဟုတ်လား၊ OK ... OK ၊ ယူ့အတွက် တို့ တကယ်ကို Congratulate လုပ်ပါတယ်၊ တို့လည်း ညီ ဝမ်းကွဲတစ်ယောက် online ပေါ် ထပ်တက်လာလို့ သူနဲ့ ဆက် Chat လိုက်ဦးမယ်၊ ဘိုင့်ဘိုင် ဝက်ပါ"

သူက "ဘိုင့်"ဟု ပြန်နှုတ်ဆက်ကာ Chatting ထဲ မှ အပြီးထွက်ပြီး ခုတင်ပေါ် စိတ်လွတ်ကိုယ်လွတ် ပစ်လှဲချလိုက် သည်။

"ဟယ်လို ... မုန်း"

"ဘယ်လိုလဲ၊ သံယောဇဉ်ဖြတ်လိုက်ပြီလား၊ ကျွန်မကြောင့် ဆိုရင်တော့ ဆောရီးပါနော်"

"ဟာ ... ရပါတယ်၊ ကိုယ်က မုန်း ဖုန်းစဆက်လို့ အရမ်း အံ့ဩနေတာ၊ နေ့လယ်တုန်းကတော့ ကိုယ့်ကို မရိုးမ ဖြစ်အောင် လုပ်သွားပြီးတော့"

"အခု ရှင်လိုချင်တဲ့ ကျွန်မ Phone No ရပြီဆိုတော့ ကျေ နပ်တော့နော်၊ ရှင့်ကတ်ကိုတော့ ဆိုင်က မင်းထက် ဆို ကောင်လေး ပေးတာ"





"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ် အရမ်းဝမ်းသာတယ် မုန်းရယ်၊ အမှန်တိုင်း ဝန်ခံရရင် ကိုယ် ခုချိန်မှာ မင်းအသံကို အရမ်းကြားချင်နေတာ၊ အခုမှ ဆန္ဒပြည့်ဝတော့တယ်"

မုန်းက သူ့စကားကြောင့် ခပ်တိုးတိုး ရယ်ပါသည်။ ထို့နောက်မှ ...

"ဘာလို့ ကြားချင်တာလဲ"

"အဲ ... ဟို"

သူ့နှုတ်တွေ ရုတ်တရက် ဆွံ့အသွားရသည်။ ပြော လျှင် ယုံကြမှာမဟုတ်။ ရည်းစားတွေ အများကြီးထားခဲ့ဖူးသော သူဟာ "ချစ်တယ်"ဆိုသော စကားကိုလည်း လျှာအရိုးမရှိတိုင်း ကြိမ်ဖန်များစွာ ပြောခဲ့ဖူးပါသည်။ သို့သော် ထိုသို့ပြောချိန်တိုင်း မှာ ခံစားချက်က ဆားမပါသောဟင်းလို ပေါ့ရှတ်ရှတ်နိုင်ခဲ့တာ ကိုယ့်ကိုယ်ကိုယ်သာ သိသည်။

ကိုယ်တကယ်ချစ်သော မိန်းကလေးတစ်ယောက်ကို ကျမှ ဒီစကားမျိုး ထုတ်ဖော်ပြောရမှာ ဆွံ့အနေမိသည်။ သူ မုန်း ကို ပြောမပြတတ်အောင်ချစ်ကြောင်း အလိုလို သိနားလည်စေချင် ပါသည်။

"ဝက်ပါ ပြောရမှာ ခက်နေရင် ကျွန်မ ပြောပေးရမလား"

"ကိုယ် မှကြားပါရစေနဲ့ မုန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... မပြောတော့ပါဘူး၊ ဒါပေမဲ့ မေးချင်တာလေး
တော့ ရှိတယ်၊ ဖြေပေးပါလားနော်"

"အင်း ... မေးပါ မှန်း၊ ကိုယ် ဖြေပါ့မယ်"

"ဝက်ပါ့မှာ ရည်းစားရှိလားဟင်"

သူ့ရင်ခွင်ပေါ် ကြယ်တစ်ပွင့် ဖြုတ်ခနဲ ကြွေကျလာ
သည့်နှယ်။ ဘာမှန်းမသိသော ခံစားချက်တချို့ မွေးဖွားလာသည်

"မင်း ဘာရည်ရွယ်ချက်နဲ့မေးမှန်း မသိပေမယ့် ကိုယ့်ဘက်
ကတော့ အရိုးသားဆုံး ဝန်ခံပါရစေ မှန်း၊ ကိုယ် ရည်းစား
တွေ မှိုလိုပေါက်အောင် ထားခဲ့ဖူးပါတယ်၊ နောက်ဆုံးနှစ်ဦး
သဘောတူ လက်ထပ်ဖို့ ရည်ရွယ်ခဲ့တဲ့ ချစ်သူတောင် ရှိခဲ့
ဖူးတယ် ...

ဘယ်လိုလဲ မှန်း၊ ကိုယ့်ကို ရွံသွားပြီလား"

"ရည်းစားများတတ်တာ ယောကျ်ားလေး သဘာဝပါ
ဝက်ပါ၊ ကျွန်မ နားလည်ပါတယ်၊ ကျွန်မ ရွံ့မရွံ့ဆိုတာ
က ရှင် အဲဒီမိန်းကလေးတွေအပေါ်မှာ ဘယ်လိုပြုမူဆက်ဆံ
ခဲ့လဲဆိုတဲ့ အချက်ပေါ် မူတည်ပါတယ်"

"အဲဒါတော့ ကိုယ် သစ္စာရှေ့သောက်ပြီး ကျိန်ဆိုကျိန်
တယ် မှန်း၊ ဒီနေ့ ဒီချိန်ထိ ကိုယ် ဘယ်မိန်းကလေး





အပေါ်မှာမှ ကျော့ရရုံမကြံခဲ့ဘူး၊ အခွင့်အရေး မယူခဲ့ဘူး၊
ကိုယ်က တစ်ဦးတည်းသော သားပေမယ့် ကိုယ့်မှာမရှိတဲ့
ညီမနဲ့ နှိုင်းယှဉ်ပြီး အားလုံးအပေါ်မှာ ကိုယ်ချင်းစာစာ
ဆက်ဆံခဲ့တာပါ ...

ဒါပေမဲ့ ကိုယ့်ဘက်က အရင်စပြီး မျက်နှာမထောက်
တမ်း လမ်းခွဲခဲ့ဖူးတဲ့ သူတွေတော့ ရှိခဲ့ပါတယ်"

"ဘယ်လိုလူမျိုးတွေလဲ"

"ကိုယ်နဲ့ ရှေ့ဆက်မဖြစ်နိုင်တော့ဘူး၊ ကိုယ် တကယ်မချစ်
ဘူးလို့ ခံစားမိလာတဲ့ သူမျိုးတွေပေါ့"

"နှစ်ဦးသဘောတူ လက်ထပ်ဖို့ ရည်ရွယ်ခဲ့တယ်ဆိုတဲ့
တစ်ယောက်နဲ့ရော ဘာလို့ကွဲသွားတာလဲ"

သူက ထိုမေးခွန်းကို အဖြေပြန်မပေးမိ အသက်ဝဝ
ရှူလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် မှန်းဆီမှာ သူ့ စိတ်ရှင်းရှင်းနှင့်
ဖြစ်ကြောင်းကုန်စင် ဝန်ခံချင်ပါသည်။ တခြားယောကျ်ားတွေရဲ့
အတိတ် ဘယ်လိုရှိမှန်း မသိပေမယ့် သူကတော့ ကိုယ်တကယ်
ချစ်မိသော ကောင်မလေးကို သူ့ဆိုးကြောင်း၊ ကောင်းကြောင်း
တွေ နှိုက်နှိုက်ချွတ်ချွတ် သိထားစေချင်သည်။ ရိုးသားမှုရှိချင်ပါ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုလည်း ကိုယ် တကယ်မချစ်ဘူးလို့ ခံစားလာရချိ မှာ အားမနာတမ်း လမ်းခွဲခဲ့တာပါ မုန်း၊ ဒါပေမဲ့ သူက အရင်လူတွေနဲ့ သိပ်မတူဘူး၊ ကိုယ့်အပေါ် မျက်စိစုံမှိတ် ချစ်နိုင်စွမ်းရှိခဲ့တဲ့ ကိုယ့်ဘဝရဲ့အဖြူစင်ဆုံး ကောင်မလေး ပါ ...

သူနဲ့ပတ်သက်ပြီး ကိုယ် ခုချိန်ထိ တမြည့်မြည့် နောင်တရနေမိတယ်၊ သူ့ကို သနားစိတ်၊ အားနာစိတ်တွေ နဲ့ တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်မှာမဟုတ် ဘူး"

"သူက အခု ဘယ်ရောက်သွားလို့လဲ ဝက်ပါ၊ ရှင့်ကို တကယ်ချစ်တယ်ဆိုရင် ရှင် ဘယ်လိုပဲ ဖြတ်ယော ခဲ့ပေမယ့် သူ မဖြစ်,ဖြစ်တဲ့နည်းနဲ့ တွယ်ကပ်နေဦးမှာ အဲဒါ သေချာတယ်"

"သူ မရှိတော့ပါဘူး မုန်းရယ်"

"ဘယ်လို ! မရှိတော့ဘူး ဆိုတော့"

"ဟုတ်တယ် မုန်း၊ သူ ဒီကမ္ဘာကြီးထဲမှာ မရှိတော့ ကိုယ့်စိတ်နဲ့ပဲ ဆုံးသွားခဲ့တာပါ"

"ဘုရားရေ ... ကြားရတာ စိတ်မကောင်းလိုက်တာ ဒီလို မိန်းကလေးမျိုးလည်း ရှိသေးတာပဲနော်"



သူက မုန်း ရေရွတ်သံကြောင့် သူ့ကိုယ်သူ ပိုလို့ အပြစ်မကင်းသလို ခံစားရပါသည်။

"ရှင် နောင်တရမှာပေါ့နော် ဝက်ပါ"

"နောင်တတွေရော၊ သင်ခန်းစာတွေပါ သေလောက်အောင် ရခဲ့တာပေါ့ မုန်းရယ်၊ သူ့အတွက်ကြောင့်ပဲ မိန်းမတွေနဲ့ ထပ်မပတ်သက်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာ၊ ဒါပေမဲ့ ကိုယ် ..."

"ဘာဖြစ်လဲ၊ ဆက်ပြောလေ"

"အဲဒီ ဆုံးဖြတ်ချက်က ကိုယ် တစ်စုံတစ်ယောက်ကို ထပ် တွေ့လိုက်တဲ့အချိန်မှာ ပြန်ပြီးပြိုလဲသွားတယ်၊ အဲဒီတစ် ယောက်က ကိုယ့်အတွက် အရာအားလုံးကို ပြောင်းလဲပစ် ခဲ့တယ် မုန်းရယ် ...

စိတ်ဓာတ်တွေရော၊ ဘဝနေထိုင်မှုပုံစံရော အားလုံး အားလုံးပဲ"

မုန်းဘက်မှ ခေတ္တအသံတိတ်သွားသည်။

ဒီလောက်ဆို မင်း သိလိုက်ပါတော့ ချစ်သူ။ ကိုယ် ဒီ့ထက်ပိုပြီး ပွင့်လင်းနိုင်ဖို့ အင်အားတွေ မရှိတော့လို့ပါ။

"မုန်း"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် မှန်းအကြောင်းကို အများကြီး ထပ်သိချင်သေးတယ်၊ မှန်းက ဘယ်လိုမိန်းကလေးမျိုးလဲဟင်”

“ဝက်ပါက ဘယ်လိုထင်လို့လဲ”

“ကိုယ် မင်းကို Defination ဖွင့်ဖို့ ခဲယဉ်းနေတယ်၊ မင်းက နားလည်ရ ခက်သလိုပဲကွာ”

“ဟင်း ဟင်း ... ဝက်ပါကတော့ တကယ်နောက်တတ်တာပဲ၊ ကျွန်မလည်း သာမန်မိန်းမတစ်ယောက်ပါပဲကွယ်”

“မဟုတ်ဘူး၊ နည်းနည်းထူးခြားနေတယ်၊ မင်းမှာ ရည်းစားရှိလားဟင် မှန်း”

သူက ထိုမေးခွန်းကိုတော့ အရဲစွန့်ကာမေးရခြင်းဖြစ်ပါသည်။

သူမ ပြန်ပေးမည့်အဖြေစကားဟာ (Plus)လား၊ (minus)လား။

သူ ရင်ခုန်လှပါသည်။

“ရည်းစားတွေရော ချစ်သူတွေပါ တွက်ကြည့်ရင် အားလုံးပေါင်း အယောက်သုံးဆယ်လောက် ရှိတယ်၊ ဒါတောင် အိစိကလီတွေ၊ ဟိုမရောက် ဒီမရောက်တွေ မပါသေးဘူး”

“မှန်းရာ ... တကယ်ပြောနေတာလား”





“တကယ်ပေါ့၊ ပရိုပို့စ်လုပ်ထားဆဲတန်းလန်းတွေပါ ထပ်ပေါင်းကြည့်ရမယ်ဆိုရင် ... အင်း၊ သုံးဆယ့်ရှစ် ... လေးဆယ့်ငါး၊ လေးဆယ့်ရှစ် ... ငါးဆယ် ...”

“တော် ... တော်ပါတော့ကွာ တောင်းပန်ပါတယ်၊ ဆက်မပြောပါနဲ့တော့”

“ဟား ဟား၊ ဘာလဲ ... ရှင်နဲ့ type ချင်း တူနေလို့လား”

“မဟုတ်ပါဘူး၊ ကိုယ် မကြားချင်လို့ပါ”

“ကဲပါလေ ... ကျွန်မတို့ ဖုန်းဘီလ်တွေ တော်တော်တက်နေလောက်ပြီ၊ တော်သင့်ပြီနော်၊ ဂွတ်နိုက် ဝက်ပါ”

“မှန်း”

“ပြော”

“ကိုယ် နောက်နေ့တွေ မှန်းကိုတွေ့ချင်ရင် ဘယ်ကိုလာခဲ့ရမလဲဟင်၊ အိမ်ဘက် လာခဲ့ရမလား”

“အို ... မလုပ်ပါနဲ့၊ ကျွန်မအိမ်ကသိရင် မလွယ်ဘူး”

“ဒါဆို သတိရတိုင်း ဖုန်းလေးတော့ ဆက်ပါရစေနော်၊ အဲဒါလေးတော့ ခွင့်ပြုပေး”

“အင်း ... ခဏ ခဏတော့ မလုပ်နဲ့နော်”

“ကိုယ် နားလည်ပါတယ်ကွာ၊ မှန်း စိတ်ညစ်အောင်မလုပ်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ဘိုင့်"

မုန်းက သူ့ကို နှုတ်ဆက်ပြီး ဖုန်းပိတ်သွားလေသည်။ ဒီညတော့ သူ အိပ်ပျော်နိုင်ဖို့ အတော်လေး ကြိုးစားယူရဦးမည်။ ဒီအချိန်မှာ သူ သိလိုက်တာ တစ်ခုက မုန်းကို လုံးဝ အဆုံးရှုံးမခံနိုင်အောင် ချစ်သွားမိခြင်းပဲ ဖြစ်ပါတော့သည်။

○:○





သူက အဆက်မပြတ် မြည်နေသော ဘဲလ်သံကြောင့် အိပ်နေရာမှ ဆတ်ခနဲပင် လန့်နိုးလာပါသည်။ နာရီကြည့်လိုက်တော့ မနက်ကိုးနာရီခွဲတိတိ။ အိမ်ပြန်ခဲလှသော သူဟာ ညကတော့ ကိုယ့်အိမ်မှာပဲ ပြန်အိပ်ဖြစ်ခဲ့သည်။

မနက်စောစောစီးစီး ဘယ်သူပါလိမ့်ဟု တွေးရင်း မျက်စိနှစ်လုံးကို အသာပွတ်ဆွဲကာ သူ တံခါးရှိရာသို့ ယိုင်တိယိုင်တိုင် လျှောက်လာခဲ့ပါသည်။ ထို့နောက် အတွင်းကျွန်းတံခါး ဖွင့်လိုက်ရာ မထင်မှတ်ထားသော လူတစ်ယောက်ကို မြှန်းစားကြီး တွေ့လိုက်ရတော့သည်။

"ဟာ ! ဖေဖေ"

"အေး ... ခုထိ မထသေးဘူးလား သားကြီး"

"ညက အိပ်ရာဝင် နောက်ကျသွားလို့ပါ၊ ဖေဖေ တစ်ယောက်တည်းလား၊ ဟိုမိန်းမကြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့ခံစားချက်ကို နားလည်သူပီပီ အပြုံးတစ်ချက်ဖြင့် တုံ့ပြန်ရင်း သူနှင့်အတူ အိမ်ထဲလိုက်ဝင်လာသည်။

"မေမာကလည်း မင်းအကြောင်း ကောင်းကောင်းသိလို့ ဟိုတယ်မှာပဲ ကျန်ခဲ့ပါတယ်ကွာ"

"ဖေဖေတို့ ဘာလာလုပ်တာလဲ၊ အလုပ်ကိစ္စလား"

"ဆိုပါတော့၊ မင်းရော ဟိုတလောက ဖွင့်တဲ့ဆိုင်အခြေအနေ ဘယ်လိုရှိလဲ၊ အိုကေရဲ့လား"

"အိုကေပါတယ်၊ ဒီလိုပဲ ဖြည်းဖြည်းချင်း သွားနေရတာပေါ့"

သူက ဖေဖေနှင့် စကားစမြည်ပြောဆိုပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို မြန်မြန်သွက်သွက်ပင် လုပ်လိုက်သည်။ ရန်ကုန်ရောက်ခဲလှသော ဖေဖေဟာ အလုပ်ကိစ္စကြောင့်သာမဟုတ်လျှင် သူ့ကိုပါ သတိတရ မရှိတတ်ချေ။ သို့သော် တစ်ခါတလေမှ ရောက်တတ်သော ဖခင်ဖြစ်သူကို သူက အိမ်လာတိုင်း နွေးထွေးစွာ ကြိုဆိုဖို့ ကြိုးစားမြဲပင်။

သူတို့သားအဖ အစေးမကပ်ခဲ့တာဟာ ဖေဖေ ဒေါ်ဇေမာ ဆိုသည့် မိန်းမကြီးနှင့် နောက်အိမ်ထောင်ပြုပြီးကတည်းက ဖြစ်သည်။





သူက ဝတ်စားပြင်ဆင်ပြီးတော့ ဖေဖေရှိရာ ဧည့်ခန်းထဲ ဝင်လာခဲ့ပါသည်။

"ဖေဖေ Breakfast ဘာစားမလဲ"

"ငါ ဟိုတယ်မှာ စားခဲ့ပြီးပြီ သားကြီး၊ မင်းကိုတွေ့ချင်လို့ ထွက်လာတာ"

"ဟိုမိန်းမကြီး တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

"သူလည်း ဒီနေ့ ရန်ကုန်မှာရှိတဲ့ သူ့သူငယ်ချင်းတစ်ယောက်အိမ် သွားလည်မယ် ပြောတာပဲ"

"ကောင်းပါတယ်၊ ဖေဖေ တစ်ယောက်တည်းလာတာ ပိုအဆင်ပြေတယ်၊ နို့မို့ ဖောဖောစီးစီး မမြင်ချင်တဲ့ မျက်နှာ မြင်နေရဦးမယ်"

"ကဲပါကွာ၊ အဲဒါ ခဏထားလိုက်ပါ၊ ငါ မေးရဦးမယ်၊ မင်း ဘာစိတ်ကူးပေါက်ပြီး ဆိုင်တွေဖွင့်၊ အလုပ်တွေထလုပ်နေတာလဲ၊ အရင်တုန်းက မင်းပဲ ငါ့စည်းစိမ်တွေ ပြုတ်ပြုတ်ပြုန်းအောင် ထိုင်ဖြုန်းမယ်ဆိုပြီး ကြွေးကြော်ခဲ့တာလေ ...

အဲဒီကိစ္စ ငါ အရမ်းသိချင်နေတယ်ကွ"

သူက ပခုံးတစ်ချက်တွန့်ကာ ပြုံးလိုက်မိသည်။ ဘိုတည်းက ပွင့်လင်းဖြောင့်ကျလွန်းသော သူဟာ ဖေဖေ့ကိုမှာ

www.burmeseclassic.com



အမှန်တိုင်း ဝန်ခံလိုက်ဖို့ကလွဲလို့ ဘာမှ ရှည်ရှည်ဝေးဝေးတွေ လျှောက်စဉ်းစားမနေတော့ပါ။

"ကျွန်တော် လူတစ်ယောက်ကြောင့် ကိုယ့်ဘဝကိုယ် အရေခွံလဲပစ်ဖို့ ကြိုးစားနေတာ ဖေဖေ"

"ဟား ... တယ်ဆိုတဲ့ စာပါလား၊ မဟုတ်မှလွဲရော မင်း ကောင်မလေးကြောင့်များလား၊ ဘာလဲ ... အဝတ်တွေ ထည်လဲဝတ်ခဲ့ပြီးမှ နောက်ဆုံးကျန်တဲ့ တစ်ထည်ကို မချွတ် တမ်းဝတ်ထားဖို့ ဆုံးဖြတ်လိုက်ပြီလား သားကြီးရ"

"ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော် သူ့ကိုအရမ်းချစ်သွား မိလို့ အကောင်းဆုံးတွေချည်းပဲ ပေးအပ်ဖို့ ခုလို ကြိုးစား နေတာပါ၊ ကျွန်တော် ဖေဖေနဲ့တူလို့ မျက်နှာများခဲ့ပေမယ့် ဖေဖေ့လိုတော့ အိမ်ထောင်နှစ်ဆက် ထူထောင်ဖြစ်မှာ မဟုတ်ပါဘူး"

"ဟော့ကောင် ... မင်း နေရင်း ထိုင်ရင်း ငါ့ကို ဘာလိုင်းကြီး မနှိပ်ကွပ်နဲ့နော်၊ နေစမ်းပါဦး ... သူနဲ့ မင်းက ချစ်သူတွေ ဖြစ်နေကြပြီလား၊ သူက ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော့်ဘက်က ခြေလှမ်းစတုန်းပဲ ရှိပါသေးတယ် ဖေဖေ၊ အားလုံး အဆင်ချောတော့မှ ဖေဖေ့ဆီကို မိန်း တောင်းပေးဖို့ လှမ်းအကြောင်းကြားပါ့မယ်"





သူက ခပ်ပြတ်ပြတ် ဆိုတော့ သူ့အပေါ် ဘယ်တုန်း ကမှ အပြစ်မယူခဲ့ဖူးသော ဖေဖေတစ်ယောက် ခွက်ထိုးခွက်လန် ပင် ရယ်ပါသည်။ ထို့နောက် သူ့ပခုံးကိုပုတ်ကာ အားပေးသည်။

"ငါ့သား ... ငါ့သား၊ မင်းကတော့ တကယ့်ကောင်ပဲကွာ၊ အဲဒါလည်း တစ်မျိုးကောင်းတာပါပဲ၊ အဝေးမှာရောက်နေ တဲ့ မင်းကို ငါ့အစား ထိန်းကျောင်းလမ်းညွှန်ပေးမယ့်သူ ရှိနေပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ငါ စိတ်အေးရပြီပေါ့ ...

ကဲ ... သားကြီး၊ ငါ ရွှေဘုံသာလမ်းက မိတ်ဆွေ တစ်ယောက်နဲ့ အလုပ်ကိစ္စ စကားပြောစရာရှိလို့ ချိန်းထား တယ်၊ မင်း ဘာလိုသေးလဲ"

"ဟင့်အင်း ... မလိုပါဘူး၊ ဖေဖေတို့ ရန်ကုန်မှာ ကြာဦး မှာလား၊ ဘယ်နေ့ပြန်မှာလဲ"

"မှန်းထားတာတော့ သန်ဘက်ခါလောက်ပဲကွ၊ မင်းရော မိုးကုတ်ပြန်လာဖို့ စိတ်ကူးမရှိဘူးလား"

"ခုချိန်ထိတော့ ပြန်လာချင်စိတ်ကို မရှိသေးဘူး ဖေဖေ၊ ဟိုမိန်းမကြီး မရှိတော့ရင်တော့ မပြောတတ်ဘူး၊ ပြန်ကောင်း ပြန်ဖြစ်လိမ့်မယ်၊ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ ဖေဖေ ကျွန်တော် ရန်ကုန်မှာ အစစအရာရာ အဆင်ပြေပါတယ်"

www.burmeseclassic.com



"အေးပါကွာ ... ဟုတ်ပါပြီ၊ ကဲ ... ဒါဆို ငါပြန်ဦးမယ် သားကြီး၊ မိုးကုတ်မပြန်ခင် ဖုန်းဆက်လိုက်မယ်"

"ရပါတယ် ဖေဖေ၊ မဆက်ချင်လည်း မဆက်ပါနဲ့၊ ကျွန်တော်က ဖေဖေ့အတွက် ဘယ်တုန်းကမှ အရေးပါတဲ့ကောင် မဟုတ်ပါဘူး"

ဖေဖေက ဆက်မပြောနိုင်တော့ပုံဖြင့် ဟင်းခနဲ သက်ပြင်းချကာ သူ့ရှေ့မှ ဖြည်းဖြည်းချင်း လှမ်းထွက်သွားတော့သည်။ တစ်ယောက်တည်း ကျန်ခဲ့ချိန်မှာ သူ ဆိုဖာနောက်မှီကို လက်သီးဖြင့် အချက်ပေါင်းများစွာ ထိုးနေမိသည်။

သူ ဒီလိုစိတ်ရှိတိုင်း ပေါက်ကွဲခဲ့ရတာ ဘဝမှာ အကြိမ်ပေါင်း မရေတွက်နိုင်အောင် များပြားခဲ့ပါသည်။ အထူးသဖြင့် သူ့ကိုယ်သူ အလိုမကျနိုင်သော၊ စိတ်ဓာတ်တွေ သိမ်ငယ်ပျက်စီးနေတတ်သော အချိန်တိုင်းမှာပေါ့။

၀ း ၀





ဂမုန်းသည် ညှော်ခန်းထဲမှ လွင့်ဝဲပျံ့နှံ့လာသော အသံတချို့ကြောင့် လှမ်းလက်စခြေလှမ်းတို့ တုံ့ခနဲရပ်ကာ အသာနားစွင့်မိပါသည်။ ဒါဟာ မေမေနဲ့ ညှော်သည် အန်တီဝေမာ တို့ အသံများပင်။

အကြောင်းအရာများက ဂမုန်း စိတ်ဝင်စားမှုကို အရှိန်အဟုန်မြှင့်ပေးလိုက်တာမို့ ဂမုန်းက ညှော်ခန်းအကွယ် နံရံထောင့်မှာ ပုန်းကွယ်ရပ်ကာ စပ်စုခန်းဖွင့်လိုက်သည်။

ရုပ်ရှင်သရုပ်ဆောင် ခင်မို့မို့အေးတို့လို ချောမောကြည့်ကောင်းကာ ခေတ်ဆန်လှသော အန်တီဝေမာဟာ စကားပြောရာမှာလည်း အလွန်သွက်လက်ချက်ချာသူ ဖြစ်ပါသည်။ မေမေပြောတာတော့ အန်တီဝေမာ ဆိုတာ အလယ်တန်းကျောင်းတက်တုန်းက အလွန်ရင်းနှီးခဲ့သော 'သူငယ်ချင်းတဲ့'၊ ခုလည်း ဂမုန်းနှင့် မိတ်ဆက်ပေးဖို့ ခေါ်တာမို့ အောက်ထပ်ဆင်းလာရခြင်း ဖြစ်သည်။



www.burmeseclassic.com

"ဒါဆို နင့်ကို သင်းက မိထွေးစစ်စစ် အရာထားပြီး သေအောင်မုန်းပြနေတာပေါ့၊ ဟုတ်လား ဝေမာ"

"အောင်မယ်လေး ... ပြောမနေပါနဲ့တော့၊ ငါကတော့ ယောက်ျားဘက်ကပါတဲ့ stepson ဆိုပေမယ့် ကိုယ့်သားလေးလို အမြင်ကြည်ကြည်နဲ့ ချစ်ချင်ပါတယ်၊ သင်းက တကယ့်ဂြိုဟ်ကောင်၊ ငါ့ကိုလည်း ကွယ်ရာမှာ ဟိုမိန်းမကြီး၊ ဟိုမိန်းမကြီးနဲ့ နင်ပဲငဲဆဲပြောတာ၊ သူ့အဖေနဲ့ ငါယူတာကို မကြည်ဖြူနိုင်လို့ အိမ်ပေါ်ကနေ ကောက်ကာငင်ကာဆင်းပြီး ရန်ကုန်မှာ တစ်ယောက်တည်း တိုက်ခန်းဝယ်နေတာလေ၊ နေရင်း ထိုင်ရင်း လောကကြီးအပေါ် အမြင်စောင်းနေတဲ့ problem child လေး"

"နင့်လူကရော အေးဆေးပဲလား"

"သူက တကယ့်လူကောင်းပါပဲ၊ သူ့သားနဲ့ ငါ့ကြားက ပဋိပက္ခကိုလည်း တတ်နိုင်သမျှ ပြေလည်အောင်ဖြေရှင်းပေးရှာပါတယ်၊ တကယ်ဆို တစ်ပင်လဲပြီးမှ တစ်ပင်ထူချင်တဲ့ အစ်ကို့စိတ်ဓာတ်က လေးစားစရာပါ၊ ငါကလည်း အစ်ကို့ချမ်းသာမှုထက် အားကိုးချင်စိတ် သက်သက်နဲ့ ပြန်လက်ခံခဲ့တာပါ"





"ဘာပဲဖြစ်ဖြစ် ဒီကောင်လေး သူ့လမ်းသူလျှောက်သွားတာ တစ်မျိုးကောင်းပါတယ်ဟယ်၊ တစ်အိမ်တည်းနေပြီး အပြစ်မရှိ အပြစ်ရှာနေရင်သာ နင် စိတ်ဆင်းရဲရမှာ"

"ငါက ကိုယ်တိုင်လည်း သားသမီးမယူနိုင်လို့ ဒီလင်၊ ဒီသားနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်တာပါ၊ ဒါကို သင်းက နားမလည်ဘူး၊ တယူသန်၊ တစ်ဖွတ်ထိုး၊ သူ့ဖြစ်ချင်တာပဲ သိတဲ့ကောင်။ သူ ခုလိုလုပ်သွားတော့ ပတ်ဝန်းကျင်က မိထွေး ဆိုတဲ့အမြင်နဲ့ ငါ့အပေါ် တစ်မျိုးမြင်ကြတာပေါ့၊ ဝက်ပါ ဆိုတဲ့နာမည်နဲ့လိုက်အောင် အားလုံးအပေါ် ရုပ်ထွေးဖြောင်းဆန်အောင် မွှေနှောက်ချင်တဲ့ကောင်"

အလို ... ဘုရား ... ဘုရား။

ဂမုန်း ခေါင်းတစ်ခုလုံး အိုးထိန်းစက်လို ချာချာ ည်သွားသလိုပင်။ ဝက်ပါ ... ဒီနာမည်ဟာ ကမ္ဘာပေါ်မှာ နှစ်ယာက်မရှိနိုင်လောက်အောင် ရှားသောနာမည်ပင်။

ပြီးတော့ အန်တီဝေမာ ပြောနေသော အကြောင်းရာတို့ဟာ ဂမုန်း သိထားသော သူ့ဘဝအကြောင်းနှင့် ထပ်တူနေပါသည်။ တိုက်ပဲ တိုက်ဆိုင်လွန်းလှချည်။

"ကြာတော့ ငါလည်း တစ်ဦးမေတ္တာ၊ တစ်ဦးစေတနာဆိုသလို သင်းအပေါ် အမြင်မကြည်နိုင်တော့ဘူး၊ အခု သူ့

www.burmeseclassic.com



အဖေ တစ်ယောက်တည်း သူ့အိမ်သွားလေရဲ့၊ ငါကအေ
မျက်နှာမြင်ရင် အသက်တိုနေမှာစိုးလို့ သွားကိုမသွားဘူး
ပြီးတော့ ပြောသေးတယ်၊ သင်းက သူ့အဖေစ
စိမ်တွေကို သူတစ်ယောက်တည်း ထိုင်ဖြုန်းပစ်ဦးမယ်ဆို
ဘယ်လောက်ပုပ်စက်လိုက်သလဲဆိုတာ စဉ်းစားသာကြ
တော့ ခင်လေးရေ"

"ဒါဆို သူအခု ရန်ကုန်မှာ တစ်ယောက်တည်း ပေတေ
လွင့်နေတာပေါ့"

"ဟုတ်မှာပေါ့၊ အဖေတစ်ယောက်လုံး အရှင်လတ်လ
ရှိနေရက်နဲ့ မိဘမျက်နှာပျက်အောင် လုပ်တဲ့ကောင်။
တလောကတော့ သတင်းကြားတယ်၊ ကားပစ္စည်း
တစ်ဆိုင် ဖွင့်လိုက်တယ်ဆိုလားပဲ၊ သိပါဘူး၊ သူ့အ
ပြောတာပဲ"

ဂမုန်းက နံရံအကွယ်မှထွက်ကာ ညှော်ခန်းထဲ
လာခဲ့ပါသည်။ မေမေက ဂမုန်းကိုမြင်သော် ...

"ဟော ... သမီးတောင် လာပြီ၊ ဝေမာ ... ဒါ ငါ့သ
လေ၊ B.E နဲ့ပြီးတဲ့ အင်ဂျင်နီယာမလေးပေါ့၊ ဂျပန်
ဗိသုကာကျောင်းဆက်တက်နေတယ်၊ အခု ပြန်မာ
ခဏပြန်လာတာပေါ့"





"ဟယ် ... ကြည့်စမ်း၊ ချောလည်းချော တော်လည်းတော်
တဲ့ ဒီလိုသမီးလေး တစ်ယောက်လောက်တော့ လိုချင်သား
ဟယ်၊ တွေ့ရတာ ဝမ်းသာတယ်နော် သမီး"

"ဟုတ်ကဲ့ ဂမုန်းလည်း ဝမ်းသာပါတယ်၊ ဂမုန်းနာမည်
အပြည့်အစုံက ဂမုန်းရိပ်ပါ အန်တီ"

"နာမည်လေးကလည်း အဆန်းပဲကွယ်၊ သမီး အန်တီတို့
မိုးကုတ်ကို လိုက်လည်ပါလား၊ ဂျပန်လိုပဲ ဟိုမှာအရမ်း
အေးတာ"

"Thank you ပါ၊ နောက်ကြုံမှပဲ လာခဲ့ပါ့မယ် အန်တီ"

ဂမုန်းက မေမေ မိတ်ဆက်ပေးခြင်း အစီအစဉ်ပြီး
ပြီမို့ အန်တီဝေမာတို့ရှေ့မှ ထထွက်လာခဲ့ပါသည်။ လူကြီးနှစ်
ယောက်ကတော့ စကားလက်ဆုံကျရင်း ကျန်ရစ်ခဲ့သည်။

ခြံထဲရောက်မှ ဘောင်းဘီအိတ်ထဲ ထည့်ထားသော
ဖုန်းကိုထုတ်ပြီး သူ့ဆီ လှမ်းခေါ်လိုက်မိသည်။ စိတ်ထဲမှာ သူ့
ကို သတိရခြင်းတစ်ခုတည်း ဖြစ်ပေါ်နေသည်မို့ ရှေ့နောက်မစဉ်း
စားဘဲ ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် မိသားစုကဲ ချို့တဲ့ပြီး မိဘမေတ္တာ
အပြည့်အဝ မရသော သူ့အပေါ် ဂမုန်း သနားကရုဏာတော့

www.burmeseclassic.com

www.burmeseclassic.com



သက်ရသည်။ ဂမုန်းသည် online ပေါ်မှ ဂမုန်းရိပ်အဖြစ်၊ အပြင်မှ မုန်းအဖြစ် သူ့ကို ပုံစံမျိုးစုံနှင့် စမ်းသပ်ပြီးဖြစ်ရာ သူ့စိတ်မှ သဘောထား အစစ်အမှန်ကို ခပ်ရေးရေးတော့ သဘောပေါက်နားလည်ခဲ့ပြီ ဖြစ်ပါသည်။

ဂမုန်း သူ့ဖုန်းကို ဆက်တိုက်ခေါ်သော်လည်း တစ်ဖက်က တုံ့ပြန်လာခြင်းမရှိ။ မြည်သာမြည်နေပြီး ကိုင်သူမရှိတာမို့ စိတ်ထဲ သံသယဝင်လာမိသည်။

သူ ဘယ်ရောက်နေတာလဲ။ ဖုန်းတခြား လူတခြား ဖြစ်နေပုံထောက်ရင် ရေချိုးနေလို့များလား။ ဂမုန်းက ဇွဲမလျှော့ဘဲ တစ်ခေါက်ပြီးတစ်ခေါက် ဆက်တိုက်ခေါ်သည်။ သို့သော် အချည်းနှီးပင်။ နောက်ဆုံး သူ့ဆိုင်ကို ဆက်ကြည့်ပြန်တော့လည်း "ကိုသားကြီး ဆိုင်မရောက်သေးပါဘူး"ဆိုသည့် သတင်းကိုသာ ရခဲ့ပါသည်။

ဂမုန်းသည် သူ့ထံဘယ်လိုမှ ဆက်သွယ်လို့မရတော့သည့်အခါ မင်းထက် ပေးခဲ့သည့် ကတ်ထဲက သူ့လိပ်စာအတိုင်း လိုက်သွားဖို့ ဆုံးဖြတ်မိတော့သည်။ ခုချိန်မှာ သင့်တော်၏၊ မသင့်တော်၏ ဆိုတာတွေထက် သူ့ကို တွေ့ခွင့်ရဖို့သာ ဂမုန်းအတွက် ပိုအရေးကြီးနေပါသည်။ အန်တီဝေမာ ပြောစကားအရ



သူ့အဖေက သူ့ကိုသွားတွေ့သည်တဲ့။ ဒါဆို သူ ဖုန်းမကိုင်နိုင်လျှင်တောင် သူ့အဖေကိုင်ဖြစ်မှာ သေချာသည်။ ခုတော့ အကြောင်းမထူး။

ဂမုန်းသည် ချက်ချင်းပဲ ကားစက်နှိုးကာ ကတ်ထဲက လိပ်စာရှိရာသို့ ဒုန်းစိုင်းခရီးနှင်ခဲ့မိသည်။ သူ့ကို ဘာကြောင့် အသည်းအသန် တွေ့ချင်နေရသလဲ။ ဟင့်အင်း ... မစဉ်းစားချင်။ ခုချိန်မှာ မလိုအပ်သော အတွေးတို့ကို ခေါင်းထဲက ထုတ်ပစ်ထားတာ ပိုကောင်းမည်ထင်သည်။

သူ့တိုက်ခန်းရောက်တော့ တံခါးကအဆင်သင့် ပွင့်လျက်သား။ ဂမုန်းက အထဲသို့ အသာချွတ်နင်း ဝင်ရောက်လာခဲ့ပါသည်။

သူဟာ လူက ဝက်ပါဆိုသည့်အတိုင်း အခန်းကိုပါ နာမည်နဲ့လိုက်အောင် ရုပ်ပွဗရုတ်ကျအောင် ဖန်တီးထားသည်။

နံရံပတ်ပတ်လည်မှာ နိုင်ငံခြား သရုပ်ဆောင်၊ အဆိုတော်များရဲ့ ပိုစတာ၊ ဝေါလ်ရှိတွေ ပလူပျံလျက်။ ဘာမှန်းမသိသော ကာတွန်းရုပ်ပုံ စတစ်ကာလေးတွေလည်း နေရာအနှံ့မှာ ညှဲအောင် ကပ်ထားပါသည်။ ပစ္စည်းမျိုးစုံကလည်း ဟိုတစ်စု ဒီတစ်စု၊ ဟိုတစ်နေရာ၊ ဒီတစ်နေရာ ပတ်လည်ဝိုင်းလျက်။

www.burmeseclassic.com



ဂမုန်းက စိတ်မသက်မသာနှင့် သက်ပြင်းချရင်း သူ့နာမည်ကိုပါ တကြော်ကြော် အော်ဟစ်ခေါ်မိသည်။ သူ ဘယ် ရောက်နေပါလိမ့်။

"ဝက်ပါ ... ရှင် ဘယ်မှာလဲ၊ ကျွန်မ မုန်းပါ"

ပါးစပ်ကအော်လျက် တရွေ့ရွေ့နှင့် လျှောက်လှမ်း တိုးဝင်လာခဲ့သော ဂမုန်း နားထဲသို့ အသံတစ်သံ ထိုးဖောက်ဝင် ရောက်လာသည်။ ရေကျသံ ...။ ဟုတ်တယ်။

ဒါ ရေချိုးခန်းထဲက ရေပန်းဖွင့်ချထားသော အသံ ဆိုတာ သိသာသည်။ သူ ရေချိုးနေတာများလား။

ဂမုန်းက အသံကြားရာဆီ မှန်းဆလျှောက်လာရင်း အခန်းတစ်ခုရှေ့အရောက်မှာ တံ့ခနဲ ရပ်လိုက်မိသည်။ ထို့ပြင် ပါးစပ်အဟောင်းသားလည်း ပွင့်သွားရတော့သည်။

မြင်ကွင်းက ဂမုန်း အတွက် ရတ်တရက် အံ့အား သင့်စရာပင်။ ပွင့်ထားသော ရေချိုးခန်းတံခါးပေါက်မှ သူ့ကို ရေပန်းအောက်ထိုင်ချနေသည့် အသွင်ဖြင့် မြင်ရကာ သူ့အဝတ် အစားတွေရော သူ့တစ်ကိုယ်လုံးပါ ရွှဲရွှဲစိုနေပါသည်။

ဂမုန်းသည် ချက်ချင်း အခန်းထဲဝင်ကာ ရေပန်းကို အလျင်စလိုပိတ်ပြီး သူ့ဘေးနား ထိုင်ချလိုက်သည်။ သူက ခေါင်းငိုက်စိုက်ကျနေရာမှ ဖြည်းဖြည်းချင်း မော့ကြည့်လာသည်။





... သူ့မျက်ဝန်းတွေ အဆမတန် နီရဲစိုစွတ်လျက်။ သူ ငိုနေ ာလား။ သူက ဂမုန်းကို တစ်ခုခုပြောချင်သလို နှုတ်ခမ်းတွေ ာ တရွရွ လှုပ်ခတ်နေကာ ခန္ဓာကိုယ်က ဆတ်ခနဲ ဆတ်ခနဲ ုန်တုန်တက်နေပါသည်။

"ဝက်ပါ ... ရှင် ... ရှင် ဒါဘာလုပ်နေတာလဲ၊ ကြည့်စမ်း ရှင် မိုက်ရူးရဲဆန်လိုက်တာ၊ ဘယ်အချိန်တည်းက ဒီလို လုပ်နေတာလဲဟင်၊ ရှင် ရူးနေလား ဝက်ပါရဲ့"

"မုန်း ... ကိုယ် ... ကိုယ့်ဆီရောက်လာတယ်နော်"

"ရှင်ထပါ၊ ဒီလောက် အကြာကြီး ရေထဲမှာစိမ်နေရင် ရှင် အအေးပတ်ပြီး သေလိမ့်မယ်"

"မုန်း ... ကိုယ့် ... ကိုယ့်ကို ... နားလည်ပါကွာ ... နော်၊ တကယ်တော့ လောကကြီးမှာ ကိုယ်က တစ်ယောက်တည်း၊ တစ်ဘဝတည်း ရှင်သန်ခဲ့ရတာ၊ ကိုယ် အရမ်းအထီးကျန် တယ် မုန်းရယ်"

သူက ပြောပြီး ဂမုန်း လက်မောင်းပေါ် ခေါင်းမှီ ာင်ကာ ပုံခနဲ လဲကျသွားလေသည်။ ဘုရား ... သူ ဘာဖြစ်သွား ပြီလဲ။ ဂမုန်းသည် ခုမှပိုပြီး ထိတ်လန့်သွားမိကာ သူ့ခန္ဓာကိုယ် ကို ရှိသမျှအားနှင့် ဆွဲကိုင်လှုပ်ယမ်းပြီး အာခေါင်ခြစ် အော်မိ ာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ပါ ... ဝက်ပါ၊ ရှင် ... ဝက်ပါ၊ ရှင် ထပါဦး၊ ဒု
ပဲ"

နောက်ဆုံး ဘယ်လိုမှ ခေါ်မရတာမို့ ဂမုန်းအသ
ဆရာဝန်တစ်ယောက်ထံ အပြေးအလွှား ဖုန်းဆက်လိုက်ပါသည်။
ထို့နောက် သူ့ကိုယ်ကြီးကို မနိုင့်တနိုင် ဒရွတ်တိုက်ဆွဲကာ
အခန်းထဲသို့ပို့သည်။ သူက သတိလစ်မေ့မျောနေကာ နှုတ်ခမ်း
သားများက မဲနယ်ရောင်လို ပြာနှမ်းနေသည်။ ဂမုန်း တစ်ယောက်
သူ့မျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်ရင်း ဆရာဝန် အမြန်ဆုံး
ရောက်လာပါစေဟု မနားတမ်း ဆုတောင်းနေရပါသည်။

ဝက်ပါ ... ရှင် ဘာမှမဖြစ်ပါနဲ့။

မကြာမီမှာပင် ဆရာဝန် ရောက်လာကာ သူ့အတွက်
လိုအပ်သမျှ အားလုံးပြည့်စုံအောင် လုပ်ပေးပါသည်။ "နည်းနည်း
နောက်ကျသွားရင် မလွယ်ဘူး" ဆိုသည့် ဆရာဝန့်စကားကြောင့်
ဂမုန်းမှာ အိပ်ပျော်နေသော သူ့မျက်နှာကို တစ်ချက် မျက်စောင်း
လှမ်းထိုးလိုက်မိသေးသည်။

ဆရာဝန်ပြန်သွားပြီးတော့ သူ့နဖူးပေါ် ရေခဲတဘက်
လေး တင်ပေးပြီး သူ့အတွက် စားသောက်ဖွယ်ရာတချို့ ပြင်ဆင်
ပေးရန် နောက်ဖေးခန်းထဲ ဝင်လာခဲ့မိသည်။





ရေခဲသေတ္တာထဲ ရှိသမျှလှန်လှောရှာဖွေကြည့်တော့
ဆန်ပြုတ်လုပ်ဖို့ လုံလောက်သော တန်ဆာပလာတချို့ တွေ့ရ
သည်။ ဟုတ်ပြီ ... လူမမာအတွက် ဘဲသားဆန်ပြုတ်လေးပဲ လုပ်
ပေးမှ။

ဂမုန်းက မေမေ သင်ပေးထားသည့်နည်းအတိုင်း
စပါယ်ရှယ်ဘဲသားဆန်ပြုတ်လုပ်ရာ နာရီဝက်ခန့်အကြာမှာ သူ့
အတွက် အရသာရှိ ခံတွင်းတွေ့စေမည့် ဆန်ပြုတ်တစ်အိုး ကျက်
သွားပါသည်။

ထို့နောက် သူ နိုး,မနိုး အခြေအနေ ကြည့်ရန်
အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

"ကိုယ့်ကို တစ်ယောက်တည်း ပစ်မထားပါနဲ့ မုန်းရယ်၊
အဟင်း ဟင်း ... ဟီး ဟီး၊ ကိုယ် မင်းကို အရမ်းချစ်
တယ်၊ မင်း မရှိရင် မဖြစ်ဘူး မုန်း၊ ကိုယ့်ကို နားလည်
ပါ မုန်းရယ် ... ဟီး ဟီး ... အား ... ချမ်းလိုက်တာ"

ဘုရားရေ ... ဒါ သူ ကယောင်ကတမ်း ညည်းညူ
နေသော အသံပါလား။ ဂမုန်း နေရာမှာတင် ကြက်သေ သေ
သွားမိသည်။ ထို့ပြင် ဖြူဖျော့နေသော သူ့မျက်နှာကို ငေးစိုက်
ကြည့်ရင်း ဂမုန်းရင်ထဲ အဆမတန် ဆို့နင့်လှိုက်ဟာလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ဂမုန်းအာရုံထဲ မျက်နှာနှစ်ခုက တစ်လှည့်စီ ပြေးလွှားထင်ဟပ်နေသည်။ ပထမတစ်ခုက သူ့မျက်နှာ။

ဒုတိယကတော့ အချစ်ဆုံး သူငယ်ချင်း သံချို့မျက်နှာ။ ဂမုန်း ဘာဆက်လုပ်ရမလဲ။ ရှေ့ဆက် တိုးရမလား၊ နောက်ပြန်ဆုတ်ရပလား။ လမ်းခုလပ်မှာ ရပ်မနေသင့်တာတော့ အမှန်ပင်။

"ကိုယ့် ... ကိုယ့်ကို ပြန်ချစ်ပါ မုန်းရယ်"

သူ့ဆီက ဒုတိယမြောက် ညည်းတွားသံ ကြားရချိန်မှာ ဂမုန်း ခြေလှမ်းတို့ သူ့ရှိရာ တရွေ့ရွေ့ ခရီးနှင်ခဲ့ကြသည်။ အပြစ်ကင်းစင်စွာ အိပ်မောကျနေသော သူဟာ ခုချိန်မှာတော့ ဝက်ပါဆိုသော နာမည်နဲ့ လုံးဝလိုက်ဖက်မနေချေ။

ဂမုန်းသည် အပူရှိန်ငွေ့ငွေ့ရဆဲဖြစ်သော သူ့လက်ဖျားလေးတစ်ဖက်ကို ခပ်ဖွဖွလေး ဆုပ်ကိုင်ရင်း အတန်ကြာငိုင်နေမိသည်။ သူက ခဏညည်းညူပြီး ပြန်လည်ငြိမ်သက်ကာ အိပ်ပျော်နေပြန်သည်။

သူ အိပ်ပျော်နေပုံကိုကြည့်ပြီး သံချို့ပုံရိပ်ကို ဘွားဘွားကြီး ပြန်မြင်ယောင်လိုက်သည့်ခဏမှာ ဂမုန်း သူ့လက်များကို ယောင်ယမ်းလွှတ်လိုက်မိသည်။ မဖြစ်။ သူ့နားမှာ ဆက်နေလျှင် တဒိတ်ဒိတ် တိုးခုန်နေသော ရင်ခုန်သံများရဲ့အင်အားကို ဂမုန်း အံတုတွန်းလှန်နိုင်မှာ မဟုတ်တော့။





ဂမုန်းသည် အခန်းထဲမှ လစ်ခနဲ ပြေးထွက်ကာ ဝရန်တာမှာ တစ်ယောက်တည်း ငူငူကြီး ထိုင်ချမိလေသည်။ တကယ်ဆို အိမ်ပြန်ဖို့ သင့်နေပြီပဲ။ ဘာကြောင့် သူ့ကို တစ်ယောက်တည်း လက်လွှတ်စပယ် မထားခဲ့နိုင်တာလဲ။

အို ... ဒါတွေ ဖြစ်လာစရာ အကြောင်းမရှိ။ သူဟာ ဂမုန်း သူငယ်ချင်းကို ကမ္ဘာ့အပြင်ဘက်ရောက်အောင် ရက်ရက်စက်စက် ဆွဲထုတ်ပစ်ခဲ့တဲ့ ဂမုန်း အလွန်မုန်းရသော လူတစ်ယောက်ပဲ။

ဘာလို့ သူ့အတွက် ငဲ့နေရမှာလဲ။ ဂမုန်းသည် သူ့ညည်းတွားသံတချို့ ကြားယောင်လိုက်စဉ်မှာ ရင်ထဲ နူးညံ့မှုတချို့ စီးဆင်းသွားရပြန်သည်။ ဒုက္ခပဲ ... ဘာဆက်လုပ်ရမလဲ။

ကြာလျှင် ဂမုန်း ရူးသွားတော့မှာ သေချာပါသည်။

○•○

www.burmeseclassic.com

www.burmeseclassic.com



Estee Lauder ရေမွှေးနံ့။

ထိုရနံ့သင်းဖျော့ဖျော့လေးဟာ သူ့နှာဝနားမှာ ဝေ့ဝဲလည်ပတ်လျက်ရှိသည်။ ပြီးတော့ သူ့မျက်ခွံတွေ အဆမတန်လေးလံနေသော ခံစားမှု။ ခေါင်းတစ်ခုလုံးလည်း ထုရိုက်ထားသလို နာကျင်အုံခဲနေသည်။ သူ ဘာဖြစ်နေတာလဲ။

သူက လတ်တလော ဝေဒနာကို ဖွတ်မေ့ပျောက်ပြီး မျက်ဝန်းများကို အားယူဖွင့်လိုက်ပါသည်။ မဖွင့်ဘဲ မနေနိုင်အောင် ရေမွှေးနံ့က သူ့ကို လှုလှုပပဆွဲဆောင်နေပြီလေ။

သေချာတာတော့ သူ ဝယ်ထားခဲ့သော ရေမွှေးပုလင်းဟာ ပါကင်ပိတ်အတိုင်း သူ့ဗီရိုထဲမှာ ရှိနေသေးသည်။ ဒါဆို ဒီအနံ့က ဘယ်သူ့ဆီက ရတာလဲ။ သူ့ခေါင်းထဲ မိုက်ခနဲဖြစ်သွားတာကို ဖြည်းဖြည်းချင်း ပြန်စမ်းဖိထိန်းကာ ခုတင်ပေါ်မှ အသာ



ဆင်းလိုက်သည်။ အာရုံထဲမှာလည်း သူ့ဆီ ပေဖေရောက်လာပုံ၊ ထိုမှ ရေချိုးခန်းထဲ ရေပန်းဖွင့် ထိုင်ချနေပုံများကို တရိပ်ရိပ် ပြန်မြင်ယောင်လာသည်။

ထိုနောက်ပိုင်း ဘာတွေဆက်ဖြစ်သလဲ။ သူ မမှတ်မိတော့ပါ။ သူ အခန်းထဲမှထွက်ကာ အိမ်ရှေ့ဘက်သို့ ယိုင်တိုင်တိုင် လျှောက်လာစဉ် ဝရန်တာမှ မြင်ကွင်းတစ်ခုက သူ့အတွက် အံ့အားသင့်မှုနှင့်အတူ ဆီးကြိုနေပါသည်။

သူက မျက်လုံးများကို ကပျာကယာ ပွတ်ခါပြီး ထိုမြင်ကွင်းကို ဒုတိယအကြိမ်မြောက် စူးစိုက်ကြည့်လိုက်သည်။ သေချာပါပြီ။ ဘယ်လိုမှ မလွဲနိုင်တော့ပါ။

"မုန်း"

သူမက သူ့ခေါ်သံကြောင့် ဆတ်ခနဲ လှည့်ကြည့်လာသည်။

"ရှင် နိုးပြီလား"

"မုန်းက ဘယ်လိုကနေ ဘယ်လို ကိုယ့်ဆီရောက် ..."

"ကဲ .., မေးခွန်းတွေ နောက်မှထုတ်၊ ခုလောလောဆယ် ရှင် ဆေးသောက်ဖို့အစားတစ်ခုခု စားရမယ်၊ ကျွန်မ ရှင့်အတွက် ဆန်ပြုတ်ပြုတ်ထားတယ် ...

www.burmeseclassic.com



လာ ... နောက်ဖေးသွားရအောင်"

သူမက ပြောပြီး ရှေ့မှ ဦးဆောင်ဝင်သွားရာ သူလည်း ဘုမသိ ဘမသိ အူတူတူဖြင့် လိုက်လာခဲ့သည်။ ထမင်းစားပွဲဝိုင်းမှာ အသင့်ပြင်ထားသော ဆန်ပြုတ်ပွဲကို တွေ့စဉ်မှာတော့ သူ့မျက်ခုံးတွေ အလိုလို ပင့်တက်သွားကြတော့သည်။

ကြည့်စမ်း ... ဒါတွေဟာ သူမလေးရဲ့လက်ရာတဲ့လား။ ဒီဆန်ပြုတ်နံ့က ကမ္ဘာပေါ်မှာ အမွှေးဆုံးဟု သူ ထင်သည်။

"ကဲ ... ဝက်ပါ၊ ပူပူလေး အရမ်းကောင်းတယ်၊ စားလိုက်ဦး၊ ပြီးရင် ရှင် ဆေးသောက်ရမယ်နော်"

သူ ခေါင်းတစ်ချက်ဆတ်ညိတ်ပြကာ သူမစကားအတိုင်း တစ်သဝေမတိမ်း နာခံလိုက်ပါသည်။ အရသာထူးကဲကောင်းမွန်လှသော ဆန်ပြုတ်တစ်ခွက် ဗိုက်ထဲရောက်သွားချိန်မှာ သူ့တစ်ကိုယ်လုံး အားသစ်တစ်မျိုး တိုးပြည့်သွားသလိုပင်။

မုန်းက ဆန်ပြုတ်ပြီးတော့ ဆေးပါဆက်တိုက်သည်။ ထို့နောက် အဘွားအိုပေါက်စလေးလို ဆူပူရေရွတ်လာတော့သည်။

"ရှင် တော်တော် တဇွတ်ထိုးနိုင်တဲ့သူပဲ ဝက်ပါ၊ ရေချိုးခန်းထဲ ရေပန်းဖွင့်ချတဲ့ အဓိပ္ပာယ်မရှိ လုပ်ရပ်မျိုး ဘာလို့လျှောက်လုပ်ရတာလဲ၊ ကျွန်မသာ အချိန်မီရောက်မလာရင် ရှင် တောင့်ခဲပြီး သေနေမှာ မြင်ယောင်သေး"





"မုန်း ကိုယ့်ဆီ ဘယ်လိုရောက်လာတာလဲ"

"ရှင့်ဖုန်းကိုဆက်တာ ကိုင်မယ့်သူ မရှိဘူးလေ၊ ဆိုင်ဆက်တော့လည်း ရှင် မရောက်သေးဘူးတဲ့၊ အဲဒါ ကတ်ထဲက လိပ်စာအတိုင်း ရောက်လာတာပေါ့၊ ရှင် ဘာဖြစ်နေတာလဲ ဝက်ပါ"

သူက ကိုယ့်အဖြစ်ကိုယ် ပြန်အောက်မေ့ရင်း သက်ပြင်းပူတစ်ချက် ရှိုက်ထုတ်မိသည်။ သူ့ Broken family အတွက် ခံစားရသော ဒဏ်ရာဒဏ်ချက်များအကြောင်း မုန်း သိအောင်ပြောပြဖို့ ဝန်လေးနေရသည်။

သူ့အကြောင်းကြားပြီး ချစ်သူ စိတ်ညစ်သွားမှာမျိုး မလိုချင်ပါ။

"ထားလိုက်ပါတော့ မုန်းရယ်၊ ဒါနဲ့ မေးရဦးမယ်၊ ကိုယ့်ကို ရေချိုးခန်းထဲကနေ ဒီအနေအထားမျိုးရောက်အောင် ဘယ်လိုပြောင်းလဲပစ်ခဲ့တာလဲ"

မုန်းက သူ့စကားကြောင့် ချစ်စဖွယ်မျက်စောင်းလေး ထိုးသည်။

"ကျွန်မတစ်ယောက်တည်း ဘယ်ဖြစ်မှာလဲ၊ အသိဆရာဝန်ကို အကူအညီတောင်းပြီး ရှင့်ကို အဝတ်လဲပေးရတာပေါ့၊ သူက ကျွန်မနဲ့ တော်တော်လေး ရင်းနှီးလို့ ကူညီပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ မုန်းကို တစိမ့်စိမ့် ငေးစိုက်ကြည့်ရင်း ငြိမ်သက်နေမိသည်။ မုန်းကလည်း သူ့ကို မရဲတရဲလေး ပြန်ကြည့်ပါသည်။

စက္ကန့်ပိုင်းမျှကြာအောင် အကြည့်ချင်းဆုံပြီးမှ မုန်းဘက်က စတင်ကာ ဆတ်ခနဲ မျက်နှာလွှဲသွားသည်။ သူ့ရင်ထဲ မချိတင်ကဲ ဖြစ်သွားရပါသည်။

ဘာဖြစ်လို့လဲ မုန်းရယ်။ ရိုးတိုးရိတ်တိတ်လေး ပြောင်းလဲချင်နေတဲ့ အခြေအနေအတွက် မင်း ဒီလောက်တောင် ခါးခါးသီးသီး ငြင်းဆန်ဖို့ ကြိုးစားနေပြီလား။

“ကျွန် ... ကျွန်မ ပြန်တော့မယ်နော် ဝက်ပါ”

“လောလိုက်တာ မုန်းရယ်”

“ပြန်မှဖြစ်မယ်၊ ကျွန်မ အိမ်ကို ဘာမှမပြောဘဲ ထွက်လာတာ၊ ဆေးကို ရှင့်စာကြည့်စားပွဲပေါ်ပဲ တင်ထားတယ်နော်၊ ဆန်ပြုတ်စားခါနီးကျရင် ပြန်နွေးဖို့ မမေ့နဲ့ဦး”

သူက ခေါင်းသာ အသာအယာညိတ်ပြမိပါသည်။ အင်း ... သူ ကျေနပ်ရမှာပေါ့လေ။ ချစ်သူရဲ့ယုယမှုကို ဒီ့ထက်ပိုပြီး လောဘကြီးကြီး ယူချင်နေလို့ မဖြစ်သေးပါဘူး။

မုန်းနဲ့ သူက အတိအလင်း ချစ်သူတွေမှ မဟုတ်သေးတာပဲကိုး။





သူ တိုက်ခန်းပေါ်ကနေ မုန်း ကားလေးပျောက်ကွယ်သွားချိန်အထိ ငုံ့မိုးကြည့်ပြီးမှ အခန်းထဲ ပြန်ဝင်လာခဲ့ပါသည်။

သူ့ဘဝအတွက် ဒီကောင်မလေး အမှန်တကယ်သိုအပ်သွားခဲ့ပြီဖြစ်သည်။ သူ ဘာဆက်လုပ်ရမလဲ။

သူမကို ရင်ခွင်ထဲမှာ တစ်သက်လုံး ထွေးပိုက်ထားနိုင်ဖို့ ရှေ့ဆက်တိုးပြီး ကြိုးစားရတော့မည်လား။

သူ့ရင်ထဲ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု အလိုအလျှောက် ပေါက်ဖွားလာခဲ့ချိန်မှာတော့ ...။

○ ❢ ○



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နားမလှမ်းမကမ်းမှာ မီးလောင်ကျွမ်းနေသော ကားတစ်စီး။

ထိုမြင်ကွင်းက ဂမုန်းကို လက်ယပ်ခေါ်နေသည် ဂမုန်းသည် ခြေလှမ်းများကို ခပ်သွက်သွက် အလုပ်ပေးရင်း နားသို့ တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့ပါသည်။

မီးညွန့်မီးလျှံများက ကြည့်နေရင်းနှင့် ပိုပိုပြီး အားပြင်းထန်စွာ လောင်ကျွမ်းလာသလို ထင်ရသည်။ ဂမု အနီးနားဝန်းကျင်မှာ ဘယ်သူမှမရှိ။ ဂမုန်းသည် မီးလောင် နှင့် ငါးပေအကွာမှာ ဆွံ့အငြိမ်သက်နေခိုက် ...

"ဂမုန်း"

ဟင် ! ဒါ ... ဒီအသံဟာ ဂမုန်းနဲ့အလွန်ရင်း ကျွမ်းဝင်နေသည့် အသံပဲ။ ဂမုန်းက အသံကြားရာဆီ လှည့် စူးစမ်းလိုက်ရာ ...





"ဟင် ! သံ ... သံချို"

မျက်နှာတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်သတ်နေသော သံချို့ခန္ဓာကိုယ်ပေါ်မှာ သွေးအလိမ်းလိမ်း ယိုစီးဆင်းလျက်။ သံချိုက ဂမုန်းကို စူးစူးနစ်နစ် စိုက်ကြည့်ကာ ရှေ့သို့ ဖြည်းဖြည်းချင်း တိုးလျှောက်လာသည်။

ဂမုန်း နေရာမှာတင် ကြက်သေ,သေကာ ကြောင်အနေဆဲ။

"နင် ငါ့ကို မမှတ်မိဘူးလား ဂမုန်း၊ နင့်ရဲ့အချစ်ဆုံး သူငယ်ချင်း သံချိုညောင်းလေ၊ သူ့ကြောင့် ငါ ဒီလိုဖြစ်ခဲ့ရတာ၊ ငါ သူ့ကို သိပ်မုန်းတယ် ဂမုန်း ...

နင် ငါ့အတွက် ပြန်ပေးဆပ်ပါ၊ ငါ ခံစားရသလို သူ့နှလုံးသားကို ရက်ရက်စက်စက် ပြန်သတ်ပေးပါ ဂမုန်းရယ်"

"သံချို ... နင် ... နင်"

"ငါပြောတာ မမေ့နဲ့နော်၊ ဝက်ပါဆိုတဲ့လူကို နင် ပြန်လက်စားချေပေးပါ၊ ပြန်လက်စားချေပေးပါ၊ နင်နဲ့ငါ တကွဲတပြားစီ ဖြစ်ခဲ့ရတာ၊ အဲဒါ သူ့ကြောင့် ...

အဲဒါ သူ့ကြောင့်"

"သံချို ... နေပါဦး၊ ငါ့ကိုစောင့်ပါဦး"

www.burmeseclassic.com



"မလိုက်ခဲ့နဲ့၊ နင် ငါ့နောက်မလိုက်ပါနဲ့၊ သူ့ကိုပဲ ငါ့အစား ပြန်လက်စားချေပေးပါ ဂမုန်း"

"သံချို"

"အား"

ဂမုန်း သံချို့နောက်သို့ ဒရောသောပါး ပြေးလိုက်လာခဲ့မိသည်။ သို့သော် သံချိုက မျက်စိတစ်မှိတ်အတွင်းမှာပင် ဂမုန်းနဲ့ အဝေးတကာ့အဝေးဆုံးသို့ ထွက်ပြေးကွယ်ပျောက်သွားခဲ့လေပြီ။

နောက်ဆုံးတော့ ဂမုန်း အာခေါင်ခြစ် အော်လိုက်ပါတော့သည်။

"သံ ... ချို"

၀ ❢ ၀





ဂမုန်းသည် ဆိုး၀ါးလှသော အိပ်မက်ကြီးထဲမှ ရုတ်တရက် လန့်နိုးလာချိန်မှာ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျလျက်ရှိသည်။ သံချို့ကို ပြက်ပြက်ထင်ထင် တွေ့ခွင့်ရခဲ့သော ထိုအိပ်မက်သည် ဂမုန်း ရင်ကို နင့်သီးနာကျင်အောင် ဆွဲညှစ်ခြေလိုက်သလိုပင်။

သံချို ဘယ်ဘ၀ရောက်လို့ ဘာတွေများ ဖြစ်နေပြီလဲ။ အိပ်မက်ထဲမှာ သံချိုက သူမအတွက် လက်စားပြန်ချေပေးဖို့ ဂမုန်းဆီမှာ တတွတ်တွတ် တောင်းဆိုသွားခဲ့သည်။ သူ့ကို စွဲလမ်းစိတ်ဖြင့် ခက်ခက်ခဲခဲ အသက်ထွက်သွားခဲ့သော သံချိုဟာ အိပ်မက်ထဲမှာတော့ သူ့ကိုမုန်းကြောင်း တရစပ် ရွတ်ဆိုနေခဲ့သတဲ့။

ဂမုန်းသည် ရေခဲသေတ္တာထဲမှ ရေသန့်ဘူးထုတ်ကာ မော့ယူသောက်ပြီး နာရီတစ်ချက် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညတစ်နာရီတိတိ။ ပြန်အိပ်ချင်စိတ်လည်း မရှိတော့တာမို့ ဂမုန်း ကွန်ပျူတာရှေ့ထိုင်ပြီး အတန်ကြာ ငိုင်နေမိသည်။ နောက်ဆုံးတော့ စိတ်ပိုင်းဖြတ်ကာ online တက်ဖို့ ကြိုးစားလိုက်ပါသည်။

အစီအစဉ်မရှိဘဲ Chat ထဲ ဝင်လိုက်သော ဂမုန်းသည် online ပေါ် တစ်စုံတစ်ယောက် ကြိုရောက်နေတာကိုမြင်လျှင် အံ့အားသင့်မှုနှင့်အတူ ထိတ်ခနဲ စိတ်လှုပ်ရှားသွားရသည်။

သူ နေကောင်းသွားပြီလား။ အို ... မုန်းအဖြစ်နှင့်သူ့ကို ဂရုတစိုက် ပြုမူပေးခဲ့တာပဲ။ ဂမုန်းက ခုချိန်မှာ online မှ သူ့ဘော်ဒါကြီး ဂမုန်းရိပ်အဖြစ် Chat ရမှာမို့ သူ နေကောင်းမကောင်း မေးဖို့ မဖြစ်နိုင်ပါ။

သူက ဟိုဘက်ကနေ "ဟေး"ဟု လှမ်းနှုတ်ဆက်သည်။

"ယူ ... ဒီည ထူးထူးဆန်းဆန်းပါလား"

"ဘာဖြစ်လို့လဲ ဘော်ဒါကြီးရဲ့၊ ငါ ထူးဆန်းသလို မင်းလည်း ထူးဆန်းနေတာပဲ၊ ဒီအချိန်ကြီးကျမှ Chat ထဲဝင်နေတယ်"

"ဟုတ်တယ်၊ အိပ်မပျော်လို့ပါ"



"ငါလည်း အတူတူပဲပေါ့၊ ငါမနက်က ကောက်ကာငင်ကာကြီး ထဖျားသေးတယ် ဂမုန်းရိပ်ရဲ့"

"ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ အအေးပတ်လို့လား"

"အင်း ... ဆိုပါတော့၊ ဒါပေမဲ့ အခုတော့ ဝေဒနာတွေ ယူပစ်သလို ပျောက်ကင်းသွားပြီကွ"

"အံမယ် ... အလန်းစားဒိုင်တွေ လာကျွေးနေပါလား"

"ဟုတ်တယ်၊ ငါ မင်းကို ကြွားရဦးမယ်၊ ငါ့အသည်းလေး မုန်းက ယုယုယယနဲ့ လာပြုစုပေးတာ၊ ဆန်ပြုတ်လည်း သူကိုယ်တိုင် ပြုတ်ပေးတယ်၊ မင်း စဉ်းစားကြည့်စမ်းပါကွာ၊ ငါ ဘယ်လောက်တောင် ပီတိဖြာခဲ့ရသလဲဆိုတာ၊ ငါ့အတွက် ဒီနေ့က တန်ဖိုးအရှိဆုံးနေ့လေးပဲ"

ဂမုန်းသည် ရုတ်တရက် ဘာမှပြန်မဆိုနိုင်အောင် ရင်ထဲ နင့်သွားရပါသည်။ အဲဒီလောက်တောင်ပဲလား ဝက်ပါရယ်။

"ဂမုန်းရိပ်"

"ပြော"

"သူ ငါ့ကို ဘာလို့ ဒီလို ဂရုစိုက်တာလဲဆိုတာ မင်း နည်းနည်းလေး ခန့်မှန်းကြည့်ပေးပါလား၊ ငါ့စိတ်ထဲမှာ မှန်းထားတာနဲ့ တစ်ထပ်တည်းကျ,မကျ သိချင်လို့"

"ယူက ဘယ်လိုမှန်းထားလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူ ငါ့ကို ပြန်များချစ်နေပြီလားလို့၊ ဒါ ငါ့ဘက်က အပိုင်တွက်ပြီး ထင်နေတာ မဟုတ်ဘူးနော်၊ နှလုံးသားထဲက အလိုလို ခံစားပြီး သိလာလို့"

ဟား ... ဘယ်လိုဆက်လုပ်ရပါ့။

ဂမုန်း အမှန်ပဲ ဘောကျပ်နံရျပ် ဖြစ်လာရသည်။ ဒီတိုင်းဆက်သွားလို့တော့ ပြဿနာက အေးအေးဆေးဆေး ပြီးသွားမည် မဟုတ်ပါ။

ဂမုန်း တစ်ခုခုကို မြတ်ပြတ်သားသား ဆုံးဖြတ်ရမည်။

"ဟော့ ... မင်း ဒီည သိပ်မသွက်သလိုပဲနော်"

"ယူ ထင်လို့ပါ၊ အင်း ...၊ ယူ့မုန်းရဲ့သဘောထား ဘယ်လိုရှိမလဲဆိုတာ ဟို့ မှန်းရခက်နေတယ်"

"ဟွန်း ... သူပဲ အရင်က တစ်ခုပြီးတစ်ခု ဟောခဲ့ပြီးတော့"

"ယူ သူ့ကို ပရိုပို့စ် မလုပ်သေးဘူးလား"

"ငါ မလုပ်ဘဲနဲ့ သူ ရိပ်မိနိုင်ပါတယ်ကွာ၊ တစ်ခါတလေ နှုတ်ကဖွင့်ပြောရုံနဲ့ မလုံလောက်တဲ့စကားမျိုးတွေ ရှိတတ်တယ်ကွ၊ ငါက သူ့ကို ပြောမပြတတ်အောင် ချစ်သွားတာ"

ကီးဘုတ်ပေါ် တင်ထားသော ဂမုန်း လက်ချောင်းတို့ခနဲ ရပ်တန့်သွားသည်။ ဂမုန်းရိပ် ... နင် သတိထားစမ်း





သူဟာ နင် အရမ်းမုန်းတဲ့သူ။ ဒီလို ယောကျ်ားတစ်ယောက်ရဲ့စကားအတွက် ညွှတ်ပျောင်းပျော်ဝင်သွားစရာ လိုလို့လား။ ပြီးတော့ နင် သံချိုအတွက် လက်စားချေပေးရဦးမှာ။ အဲဒါကို နင် မေ့နေပြီလား။

ဂမုန်းသည် ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးကာ အသက်ဝဝရှုရင်း လက်ချောင်းများကို သွက်လက်စွာ လှုပ်ရှားလိုက်ပြန်သည်။

"ဝက်ပါ ... ယူ့ကို ဟို့ ကိုယ်ထင်လာပြဖို့ အချိန်ရောက်ပြီလို့ ထင်တယ်"

"ဟာ ... တကယ်၊ မင်း တကယ်ပြောတာလား ဂမုန်းရိပ်"

"တကယ်ပေါ့၊ ယူက ခုမှ ဟို့နဲ့တွေ့ရမှာ ဝန်လေးနေပြီလား"

"ဟာကွာ ... အံ့သြလွန်းလို့ ဝမ်းသာနေတာကွ၊ ငါက မင်းကို မတွေ့ချင်ဘဲ ရှိပါ့မလား၊ ပြောပါဦး ... ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လိုပုံစံနဲ့ လာမှာလဲ"

"လာမယ့် Sunday ကျရင် ဟို့ LAKE FRONT ကနေ စောင့်နေမယ်၊ အချိန်က 9:00 AM ၊ စိမ်းပြာရောင်အကျႌလေး ဝတ်ထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"OK ... ဒါဆို လုံလောက်ပြီ၊ မင်း Phone No လည်း ပေးဦးလေ၊ မင်းကို တော်ရုံနဲ့ ရှာမတွေ့ရင် လှမ်းဆက်လို့ ရအောင်"

"ရှာတွေ့မှာပါ၊ မယူပါနဲ့တော့"

"မင်းက ဘော်ဒါရင်းတွေ ဖြစ်နေတာတောင် Phone No လေးပေးဖို့ တွန့်တိုနေတုန်းပဲနော်၊ ကဲပါ ... ထားလိုက်ပါတော့၊ ငါလည်း မင်းနဲ့ဆင်တူဖြစ်အောင် စိမ်းပြာရောင် တီရှပ်လေးပဲ ဝတ်လာခဲ့မယ်၊ ရှာရလွယ်ကူတာပေါ့"

"တခြားသူတွေလို နှင်းဆီပန်းကိုင်လာတာမျိုးတွေတော့ မလုပ်နဲ့နော်"

"အေး ... ဟုတ်သားပဲ၊ ငါမေ့နေတာ၊ နှင်းဆီပန်း ကိုင်မလာပဲ ပန်လာရင် ပိုထူးခြားမလား မသိဘူးနော် ... ဟား ဟား"

ဂမုန်းသည် သူ့ အရွှန်းဖောက်တာကို လိုက်မရယ်မိဘဲ နှုတ်ခမ်းကိုက်ရင်းသာ ငြိမ်သက်နေမိသည်။ ကြာတော့ သူကပင် ရိပ်မိလာကာ ...

"ဂမုန်းရိပ် ... မင်း ဒီည တော်တော်လေးကို Cold နေတယ်နော်၊ နေမကောင်းလို့လား"

"ကောင်းပါတယ် ဝက်ပါရယ်၊ ယူ ထင်လို့ပါ"





"အရင်တုန်းက သွက်လက်တက်ကြွပြီး ဖျတ်လတ်နေတတ်တဲ့ မင်းမှ ဟုတ်သေးရဲ့လားလို့ ငါ သံသယဝင်နေတယ်ကွ"

"ယူကတော့ ကောင်မလေးနဲ့ အဆင်ပြေလို့ တော်တော်အူမြူးနေမှာပဲနော်"

"အေး ... ငါ ဝန်ခံတယ်၊ ငါတောင် Sunday ကျရင် သူ့ကို ဖွင့်ပြောရကောင်းမလား စဉ်းစားနေတာကွ၊ တိုက်တိုက်ဆိုင်ဆိုင် မင်းနဲ့ဆုံရမယ့်ရက် ဖြစ်နေတယ် ...

ရပါတယ်လေ ... ဘော်ဒါကြီးနဲ့ အရင်တွေ့ပြီးမှ အေးအေးဆေးဆေး ပရိုပို့စ် လုပ်လိုက်ပါမယ်"

"ဒါဆို ဂွတ်နိုက် ဝက်ပါ၊ ဘိုင့်"

"အိုကေ ... မင်း တစ်ခုခု မကြည်စရာ ဖြစ်နေတယ်ဆိုတာ ငါရိပ်မိတယ်၊ အလိုက်သိရမှာပေါ့၊ အိပ်ပျော်အောင် အိပ်လိုက်နော် ဂမုန်းရိပ်"

"အင်းပါ"

သူက နှုတ်ဆက်ပြီး ထွက်သွားသည်။ ဒီညမှာတော့ ဂမုန်း ဘယ်လိုမှ ပြန်အိပ်ပျော်တော့မယ် မထင်ပါ။ ဂမုန်းအတွက် တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ အချိန်ကျရောက်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။

ဂမုန်း တွေဝေနေလို့ မဖြစ်တော့ပါ။

အချစ်ဆုံး သူငယ်ချင်း သံချို့အတွက် သံချို့ဆ အတိုင်း သူ့ကို လက်တုံ့ပြန်ရမည်။

ဂမုန်းသည် သက်ပြင်းမောတစ်ချက် နှာကျင်စွာ ရှိုက်ထုတ်ပြီး မျက်ဝန်းများကို အသာမှေးမှိတ်ထားလိုက်မိပါသည်။

၀ ႏ ၀



သူသည် ကားမောင်းနေရင်းမှ ရုတ်တရက် ထမြည် လာသောဖုန်းကို တစ်ချက် မျက်မှောင်ကုတ် ကြည့်လိုက်သည်။ လက်စသတ်တော့ ဖြိုးဝေဆီက မြစ်နေတာကိုး။

"ဟယ်လို ... ဟေ့ကောင် ... ပြော၊ ငါ ကားမောင်းနေ တာကွ"

"ဘယ်လစ်မလို့လဲ သားကြီး၊ မင်း ခုတလော ပျောက်ချက် သားကောင်းလှချည်လား၊ ဆိုင်လည်း ပုံမှန်မသွားဖြစ်ဘူး ဆို"

သူက ဖြိုးကြီးစကားကြောင့် လှစ်ခနဲ ကျိတ်ပြုံးမိ သည်။ ပျောက်ချက်သား ကောင်းမှာပေါ့။ အချိန်ရှိသရွေ့ မုန်းတို့ အိမ်ဘက်ကိုပဲ ခြေဦးလှည့်ဖြစ်နေတာကိုး။ ခုတလော မုန်းဆီ ဖုန်း ဆက်တိုင်း စက်ပိတ်ထားတာနဲ့သာ ကြုံတာများသည်။ အိမ်နား အရိပ်အယောင် သွားချောင်းတော့လည်း အကြောင်းမထူးခဲ့ချ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်မှာပဲ ရှိပါတယ်ကွာ၊ ဟိုနေ့က နည်းနည်း Fl ဝင်ပြီးဖျားလို့ တွင်းအောင်းပြီး အနားယူနေတာ၊ အခု လူ တစ်ယောက်နဲ့ ချိန်းထားတာ သွားတွေ့မလို့ကွ"

"ဘယ်သူတုန်း၊ မဟုတ်မှလွဲရော"

"ငါ့ရဲ့ online ဘော်ဒါ ဂမုန်းရိပ်ပါ၊ သူက ဒီနေ့ လူချင်း တွေ့ရအောင်တဲ့"

"ဩော် ... ဒီလိုလား၊ ဒါဆိုလည်း အနှောင့်အယှက်ကင်း ကင်း သွားပါတော့၊ ဟော့ကောင် ... ဂမုန်းရိပ်ကို မင်း မုန်းထက်ပိုပြီး စိတ်ဝင်စားသွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ ... ဒါတော့စိတ်ချ၊ ငါ့မုန်းက ငါ့ဘဝမှာ တစ်ယောက် တည်း၊ ဘယ်သူနဲ့မှ လိုက်မယှဉ်နိုင်ဘူး၊ ဂမုန်းရိပ်ကိုလည်း ခုချိန်ထိ ဘော်ဒါရင်း အကန့်ထဲပဲ သွင်းထားတာ၊ မင်း သံသယတွေကို နည်းနည်းလျှော့ထား ဖြိုးကြီး"

"ဟား ဟား ... ငါက မင်းအကြောင်းသိလို့ ကြိုသတိပေး တာပါကွာ၊ ကဲ ... ကဲ ... ကောင်းကောင်းသွားဦး၊ ဒါပဲ"

သူက ဖြိုးဝေနှင့်ပြောပြီး ကားကိုအရှိန်မြှင့် မောင်းလာ ခဲ့ရာ မကြာမီ LAKE FRONT သို့ ရောက်လာသည်။ အချိန်က လည်း ကိုးနာရီထိုးဖို့ ငါးမိနစ် ကွက်တိပင်။





လေတရွှီးရွှီးချွန်ရင်း စိမ်းပြာရောင်အင်္ကျီပိုင်ရှင်ကို ဝေ့ဝဲရှာဖွေတော့ ... ဟော ... ဟိုမှာ။ တွေ့ပြီ။ သူ့ကိုနောက် ကျောပေးထားကာ တစ်ယောက်တည်း ထိုင်နေသော ကောင်မ လေးဟာ ဂမုန်းရိပ်ပဲ ဖြစ်မှာပင်။

သူက သူမရှိရာဝိုင်းသို့ ခပ်သွက်သွက်ပင် လျှောက် လာခဲ့ပါသည်။ ထို့နောက် မျက်နှာချင်းဆိုင်ရပ်ပြီး "ဟိတ်"ဟု လှမ်းစဖို့ လက်ကာလိုက်စဉ်မှာ ...

"ဟင် ! "

သူ့နှုတ်တွေ တဒင်္ဂအတွင်း ဆွံ့အသွားရတော့သည်။ ပြီးတော့ သူ့အာရုံတွေ၊ သူ့အသက်ရှူနှုန်းတွေ၊ သူ့ရင်ခုန်သံတွေ ကြောက်စရာကောင်းလောက်အောင် ရပ်တန့်သွားကြပါသည်။

ဟုတ်ပါ့မလား။ သူ့ အမြင်တွေများ ဝေဝါးသွားလို့ လား။ သူ့ရှေ့မှာ ယစ်မူးဖွယ် အပြုံးတစ်ပွင့်နှင့် သူ့ကို စွန်းစွန်း စားစား စိုက်ကြည့်နေသော ကောင်မလေးဟာ ...။

"ထိုင်လေ ... ဝက်ပါ"

သူ သတိဝင်လာမှ ခုံပေါ် ဖြည်းဖြည်းချင်း ထိုင်ချ မိသည်။ တစ်ပြိုင်နက်တည်းမှာပဲ သူ့ရင်ထဲ မတင်မကျအတွေး အချို့ ကြီးစိုးလွှမ်းမိုးလာတော့သည်။

www.burmeseclassic.com



မုန်း သူ့ကိုညာတယ်။ အဲဒီအတွက် သူ မကျေနပ်နိုင်ပါ။ မုန်းတစ်ဖြစ်လဲ ဂမုန်းရိပ်က သူ့မျက်နှာစူတူတူကို ရိပ်မိသွားပုံဖြင့် နှစ်သိမ့်သလို ဆိုလာပါသည်။

"ကျွန်မကို စိတ်ဆိုးသွားပြီလား ဝက်ပါ"

"ကိုယ်က ပုံစံမျိုးစုံနဲ့ စမ်းသပ်ခံခဲ့ရတာပဲ၊ ခုမှ ကိုယ့်ကိုယ်ကိုယ် အရမ်းအ,မုန်း သိတော့တယ်၊ ရက်စက်လိုက်တာ မုန်းရာ"

သူ ဒီလိုပြောတော့ မုန်းက မျက်နှာငယ်လေးနှင့် သူ့လက်တစ်ဖက်ကို ဖွဖွလေး အုပ်မိုးကိုင်သည်။ ရင်ထဲ နွေးခနဲ ဖြစ်သွားပေမယ့် သူက မျက်နှာကြောကို ဆက်တင်းထားဆဲ။

"ကျွန်မ တောင်းပန်ပါတယ် ဝက်ပါရယ်၊ တကယ်တော့ အစီအစဉ်မရှိဘဲ နှစ်ကိုယ်ခွဲလိုက်ရတာပါ၊ ဘာပဲဖြစ်ဖြစ် ရှင်က ကျွန်မရဲ့ဝက်ပါပဲ၊ မုန်းနဲ့ ဂမုန်းရိပ်လို့ တဒင်္ဂကွဲပြားခဲ့ပေမယ့် ကျွန်မသိတဲ့ ဝက်ပါကတော့ ရှင်တစ်ယောက်တည်းပါပဲ"

"ကိုယ် ရက်တယ် မုန်း၊ တကယ်ဆို မုန်းနဲ့ ဂမုန်းရိပ် အတူတူဖြစ်နေမလားလို့ သံသယဝင်မိချိန်တည်းက ဒီကိစ္စကို သေချာဖော်ထုတ်ခဲ့ရမှာ၊ ခုတော့ ကိုယ် တစ်ကွက်ခံလိုက်ရတယ် ...





ကိုယ့်ကို ရှေ့ဆက် ဘယ်လို trick တွေ ထပ်လုပ်ဦးမှာလဲ မုန်းရယ်၊ ကိုယ် ထပ်ပြီး အလိမ်မခံပါရစေနဲ့တော့"

"ကျွန်မကို ယုံပါ ဝက်ပါ၊ ကျွန်မအပေါ် အရမ်းချစ်နိုင်တဲ့ ရှင့်လိုချစ်သူမျိုးကို ဘယ်လိုလိမ်ဆင်တွေမှ ထပ်မထုတ်တော့ပါဘူး၊ ကျွန်မ ကတိပေးပါတယ် ... နော်"

သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"အင်းပေါ့လေ၊ မင်းက ကိုယ့်အကြောင်း၊ ကိုယ့်အားနည်းချက်တွေ အကုန်သိပြီးပြီပဲ၊ ရှေ့လျှောက် မင်းကြိုးကိုင်သလို ကိုယ့်ဘက်က လည်စင်းပေးရုံပဲ ရှိတော့တာပေါ့ ...

ဒီက ချစ်ရတဲ့ကောင်ကိုး"

"အဟင်း ... ဝက်ပါကလည်း တကယ့် ကလေးလေးလိုပဲကွယ်"

"နေပါဦး၊ ကိုယ်က မင်းရဲ့ဘယ်ဘဝကို အတည်လို့ယူရမှာလဲ၊ Bright ဖြစ်လွန်းတဲ့ အင်ဂျင်နီယာမ,လား၊ အကောင်ပလောင်တွေ ချစ်တတ်တယ်ဆိုတဲ့ Zoo မမလား"

"ကျွန်မ B.E နဲ့ပြီးတဲ့ အင်ဂျင်နီယာမ အစစ်ပါ၊ ကျွန်မ စိတ်နေသဘောထားကတော့ မုန်းနဲ့ ဂမုန်းရိပ် နှစ်မျိုးလုံးမှာရှိတဲ့ ပုံစံအတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဒါနဲ့များ သူ့ကိုယ်သူ တစ်မျိုးစီခွဲထုတ်ပြီး ထီး
ပြင်ပြင် သရုပ်ဆောင်နိုင်တာ အံ့ပါရဲ့၊ မင်း သိထားဖို့
ကိုယ် မင်းတို့နှစ်မျိုးလုံးအပေါ် ဘာတစ်ခုမှ ထိမ်ချန်ခြင်း
မရှိခဲ့ဘူးနော်၊ မုန်းရော ဂမုန်းရိပ်ပါ သိထားခဲ့တဲ့ ဝက်ပါ
ရဲ့ဘဝဖြတ်သန်းပုံ၊ အယူအဆ၊ စိတ်ဓာတ်စရိုက်တွေ
အားလုံးက တစ်မျိုးတည်း၊ တစ်ခုတည်းပဲ"

"သိပါတယ်ရှင်၊ ဒါကြောင့်လည်း ကျွန်မက ရှင့်ကို
အတော်ဆုံး ဆုတစ်ခု ချီးမြှင့်ပေးဖို့ ဆုံးဖြတ်ခဲ့တာပေါ့"

ဂမုန်းက မျက်လုံးလေးဝင့်ပြီးဆိုရာ သူ့မှာ နား
လည်နိုင်အောင် ဖြစ်သွားရသည်။

"ရှင် အဲဒီဆုကို မလိုချင်ဘူးလားဟင် ဝက်ပါ"

"ဘာလဲ မုန်း၊ ကိုယ့်ကို မင်းက ..."

"ဟုတ်တယ်၊ ရှင့်အချစ်ကို လေးစားတဲ့အနေနဲ့ ကျွန်မ
ဘက်ကလည်း တန်ဖိုးကြီးမားတဲ့ အချစ်တွေ ပြန်ပေးအပ်
ချင်တယ်လေ၊ ကျွန်မတို့ ချစ်သူဆိုတဲ့ အမိုးလေးအောက်
မှာ အတူတူ ခိုလှုံကြရအောင် ဝက်ပါ၊ ရှင် သဘောတူ
လားဟင်"

သူ တကယ်ကို Shock ရသွားသည်။ ရုတ်တရက်
မယုံနိုင်လွန်းစွာ မုန်း မျက်နှာကို ငေးကြည့်တော့ တကယ်ပဲ သူ





အတွက် အချစ်များဖြင့် ပြည့်လျှမ်းစီးဝင်နေသော မျက်ဝန်းများ
နှင့် တည့်တည့်ဆုံပါသည်။ ဟား ... သူ ပျော်လိုက်တာ။ သူ့
ဘဝမှာ မိန်းမတစ်ယောက်ဆီက အချစ်ကိုရ၍ ထူးထူးခြားခြား
ပျော်ရွှင်ရသည်ဆိုတာ ဒီနေ့ တစ်နေ့ပဲ ရှိပါသည်။ ဒါဟာ သူ
ထိုမိန်းမကို တကယ်ချစ်သွားသည်ဆိုသော ခိုင်လုံသည့် အကြောင်း
ပြချက်ပဲပေါ့။

"ကိုယ် မင်းကို ဘယ်လိုခေါ်ရမလဲ"

"ခေါ်နေကျအတိုင်း မုန်းလို့ပဲ ခေါ်ပေါ့၊ အဲဒါ ကျွန်မနာမည်
ပဲ၊ ရှင့်ကိုတော့ ကို့လို့ ပြောင်းခေါ်မယ်"

"ကို ! ဟုတ်လား"

"အင်း ... ကိုက ကျွန်မချစ်သူဖြစ်သွားပြီလေ၊ ဘာဖြစ်လို့လဲ"

"အမှန်တိုင်း ဝန်ခံရရင် ကိုယ့်ကို မောင်၊ ကိုကို၊ ကို အဲလို
အမျိုးမျိုးခေါ်တာ ခံခဲ့ရဖူးတယ်၊ ဒါပေမဲ့ မုန်းခေါ်တဲ့ ကို
လောက် ဘယ်ဟာမှ ရင်ခုန်စရာ မကောင်းဘူး၊ ကိုနဲ့
မုန်းပေါ့"

"ကို့ကို မေးရဦးမယ် ... မုန်းနဲ့ ဂမုန်းရိပ် ဘယ်သူ့ကို
ချစ်ခဲ့လဲ၊ မှန်မှန်ဖြေနော်"

သူက ချစ်စဖွယ် ကောင်မလေးရဲ့နဖူးကို အရဲစွန့်
ပြီး လက်ညှိုးဖြင့် ခပ်ဖွဖွတို့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေးပုံကိုက နှစ်ယောက်လုံး သူ မဟုတ်တာ ကျနေတာ ကိုယ်က မုန်းကိုပဲ တကယ်ချစ်ခဲ့တာပါကွာ၊ ဒါပေမဲ့ အ တော့ ဂမုန်းရိပ်ကိုပါ ထပ်ချစ်သွားပြီ ...

သူငယ်ချင်းလိုရော ချစ်သူလိုပါ နှစ်မျိုးလုံး"

"ဒီညရော Chatting ထိုင်ဦးမှာလား"

"ဒါပေါ့၊ ဒီ မုန်းက ကိုယ့်ရဲ့အပြင်ချစ်သူ၊ online ဂမုန်း ရိပ်ကလည်း ကိုယ့်ချစ်သူပဲ၊ နှစ်ယောက်လုံးကို လက်လွှတ် ခံလို့ ဘယ်ဖြစ်မလဲ"

မုန်းက သူ့စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်ပါသည်။ သူကတော့ ပူပူနွေးနွေး ချစ်သူလေးရဲ့မျက်နှာ မဝတမ်း ငေးမောလျက်။ သူ မုန်းကို အရမ်းချစ်သွားမိလေပြီ

ထို့အတွက် ချစ်သူနှင့် အမြန်ဆုံးနီးစပ်ဖို့ ကြိုး မည်။ မုန်းဟာ သူ့အနာဂတ်လမ်းအတွက် တစ်ဦးတည်းသော လက်တွဲဖော်၊ နှစ်ယောက်မရှိနိုင်သော ရင်ခုန်ဘက်ပဲ ဖြစ်ပေ သည်။

၀ ႏ ၀





သူ ဒီည online တက်ရတာ စိတ်ထဲ သူမတူအောင် လန်းဆန်းပေါ့ပါးနေပါသည်။ မတက်ခင် သူက မုန်းထံဖုန်းဆက် ရာ စက်ပိတ်ထားတာနှင့် ကြုံတာမို့ online က စောင့်နေလောက် မှာပဲဟု တွေးမိသည်။ ခုတလော မုန်း အမြဲလိုလို ဖုန်းပိတ်ထား သည့်ကိစ္စအတွက်လည်း သူ သိပ်ဘဝင်မကျချင်။

သို့သော် သူက ချစ်သူအပေါ် နားလည်ရခက်ခက် နှင့်ပင် အရာမယွင်း ဆက်ချစ်နေဆဲဖြစ်သည်။

ဒီညမှာလည်း သူ Gtalk ထဲ ဝင်ကြည့်လိုက်ရာ Gamoneshade ဆိုသည့်အကောင့်မှ message တိုလေး ငါးကြောင်း ကိုသာ လက်ခံရရှိခဲ့ပါသည်။

"ကို ... ဒီည online မတက်ဖြစ်တော့ဘူး၊ ခုတလော အိမ်ကိစ္စလေးတွေနဲ့ နည်းနည်းရှုပ်နေတယ်၊ ကို့ကိုအရမ်း ချစ်တယ်၊ နောက်မှ ဖုန်းထပ်ဆက်မယ်နော်၊ ညကျရင်



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးထွေးထွေးအိပ်ဦး၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကိုကို ကျွန်မ အမြဲချစ်နေမှာ၊ ယုံနော် ... သိလား"

ဟူသည့် စကားလုံးများကိုဖတ်ရင်း သူ့ရင်ထဲမှာ မတင်မကျ။ သို့သော် ဘာတတ်နိုင်မှာလဲလေ။ ချစ်သူရဲ့မိသားစုရေးဆိုတော့လည်း သူ အပြည့်အဝ နားလည်ပေးရမည်ပေါ့။

ခုတော့ သူ့မှာ ရင်ဖွင့်စရာ online ဘော်ဒါ ဂမုန်းရိပ်လည်း မရှိတော့။ တခြားအကောင့်တွေနဲ့လဲ မ Chat ချင်ဘာမို့ စောစောစီးစီး အိပ်ရာဝင်ဖို့သာ ကြိုးစားရတော့သည်။

အိပ်မပျော်ဘဲ မျက်လုံးပြူးကြောင်ကြောင်နှင့် အိပ်ရာပေါ်လှဲနေရသည့်ဖိလင်က အတော်တော့ ဆိုးဝါးပါသည်။

အင်း ... ချစ်သူပေးတဲ့ ဒီလောက်ဒုက္ခလေးကအစ ခံနိုင်ရည်ရှိအောင် ကြိုးစားရတော့မှာပေါ့။

ဝ း ဝ



ဖုန်းသံ ...။

ထိုဖုန်းသံဟာ အိပ်မောကျနေသော သူ့မျက်လုံးများကို ဖျတ်ခနဲ နိုးပွင့်သွားစေသည်။ သူက ခေါင်းအုံးဘေးက ဖုန်းကို အလျင်စလို ယူကြည့်လိုက်ရာ အလွန်မြတ်နိုးရသော ချစ်သူရဲ့နံပါတ် ဖြစ်နေတာမို့ မြောက်ခနဲ့နေအောင် ဝမ်းသာသွားရသည်။

"ဟယ်လို ... မုန်း"

"ရှစ်နာရီ ထိုးနေပြီ၊ မထသေးဘူးလား ကိုရဲ့"

"အင်း ... အင်း၊ ထပြီ ... ညက ကိုယ် မုန်းအကြောင်းတွေးပြီး သုံးနာရီကျော်မှ အိပ်ဖြစ်တာကွာ၊ ခုဘယ်မှာလဲ"

"ဟား ဟား ... သိချင် ထွက်ကြည့်"

"အမ် ! ဘယ်လို"

"ဟုတ်တယ် ... ကိုအိမ်ရှေ့တံခါးပေါက်တည့်တည့်မှာ ရပ်နေတာ၊ မယုံရင် အခုထွက်ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တ ... တကယ်၊ မုန်း တကယ်ပြောတာလား၊ ခဏလေး၊ ကိုယ်လာပြီ သိလား"

သူက ကပျာကယာထပြီး အိမ်ရှေ့တံခါးဆီ သုတ်ခြေတင်လာခဲ့သည်။ ဖွင့်ကြည့်လိုက်တော့ တကယ်ကိုပဲ သူ့အချစ်နတ်သမီးလေးကို အဖြူရောင်ဝတ်စုံလေးနှင့် တွေ့လိုက်ရပါသည်။ မုန်းက အဖြူရောင်ဂါဝန်တိုလေးနှင့် လေဒီရှူးစ်အနက်ရောင်စီးကာ ကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်စွာ ရှိဖို့ကောင်းနေတော့သည်။

"အိပ်ပုပ်ကြီး၊ ကျွန်မသာ ရောက်မလာရင် ဘယ်အချိန်ထိ ကုလားသေ၊ ကုလားမော အိပ်နေဦးမလဲ မသိဘူး၊ သွား ... မျက်နှာသွားသစ်၊ အာပုပ်နံ့ကြီးနဲ့ ရွံစရာကြီး"

"မရွံပါနဲ့ကွာ၊ ကိုယ် အာဝါးပေးရမလား"

"ဟာ ... သွား ... သွား၊ အနားမကပ်နဲ့"

သူက မုန်းကို ချစ်စနိုးနှင့် ပါးစပ်ထဲမှ လေမှုတ်ထုတ်ရင်း အနားတိုးကပ်ကာစရာ မုန်းတစ်ယောက် အကြောက်အကန်ပင် သူ့ကို တွန်းလွှတ်တော့သည်။ သူ့တိုက်ခန်းအတွင်းမှာ ချစ်သူနှစ်ဦး၏ ရယ်မောသံများဖြင့် တစ်မုဟုတ်ချင်း ဝေစည်သွားပါသည်။



"ကဲ ... ကိုဝက်ပါ၊ မြန်မြန်ရေချိုးခန်း ဝင်ပါတော့၊ ပြီးရင် ကျွန်မကိုယ်တိုင်ဖျော်လာတဲ့ Mocha ကော်ဖီ၊ Sandwich နဲ့ Breakfast ဆွဲရအောင်"

"ဟာ ... အားနာစရာကြီးကွာ၊ ကိုယ့်အတွက် မုန်းက ချည်းပဲ အမြဲတမ်း စီစဉ်ပေးနေရတယ်"

မုန်းက "တော်စမ်းပါ"ဟု ဆိုပြီး ကြိမ်ခြင်းတောင်းလေးထဲမှ ကော်ဖီဓာတ်ဘူး၊ မုန့်ဘူး၊ တစ်ရှူး အစရှိသည်တို့ကို တစ်ခုချင်း ဆွဲထုတ်ခင်းကျင်းနေပါသည်။ သူလည်း လေတချွန်ချွန်နှင့် ရေချိုးခန်းဝင်၊ တစ်ကိုယ်ရေသန့်ရှင်းရေး မြန်မြန်လုပ်ကာ ချစ်သူနှင့် မျက်နှာချင်းဆိုင်ပြီး Breakfast စားဖို့ပြင်သည်။

သူ့အတွက် ဒီမနက်ခင်းလေးက အနှိုင်းအဆမဲ့စွာ တောက်ပအသက်ဝင်နေစေတော့သည်။

"ကို ... ပါးစပ်ဟ"

"အင် ... ဘာလဲ မုန်းရဲ့"

"မုန့်ခွံ့ကျွေးမလို့လေ၊ ဟ၊ဆို ဟ၊ကွာ"

မုန်းက ခက်ရင်းဖြင့် ထိုးထားသောမုန့်ကို သူ့မျက်နှာရှေ့ ဝဲယမ်းပြီး နွဲ့ဆိုး,ဆိုးကာ ဆိုလာပါသည်။ သူကလည်း အလိုက်တသိပင် ဝါးခနဲဟပြီး စောင့်နေခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟား ဟား … ကြည့်စမ်း၊ ရှက်လည်းရှက်ဘူးကွယ်၊ သူ့ကိုလည်း မကျွေးဘဲနဲ့ ပါးစပ်ကြီး ဟထားတယ်၊ ကရော် ကရော်"

"တကယ်ကွာ … မုန်း အရမ်းဆိုးတာပဲ"

မုန်းက သူ့ကိုကျွေးသလိုလိုနှင့် သူမပါးစပ်ထဲ ဖျတ်ခနဲ ပြန်ထည့်လိုက်ခြင်းဖြစ်သည်။ သူက ရင်ထဲက လှိုက်ခါ ဆို့နင့်နေအောင် ချစ်ရသော ချစ်သူလေးကို စိတ်မထိန်းနိုင်တော့စွာ ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားလိုက်မိသည်။

"အံမယ် … လွှတ်ပါ၊ ဘာလုပ်တာလဲ၊ လူလည်ကြီး"

"ကိုယ် အရမ်းချစ်တာပဲ မုန်းရယ်၊ ဘယ်လိုချစ်တယ် ဆိုတာ ပြောမပြတတ်အောင်ပဲ၊ ကိုယ့်ကို ခွဲမသွားပါနဲ့နော်၊ မုန်း ကတိပေးပါကွာ … နော် …

ကိုယ်တို့ လက်ထပ်မယ်၊ အခု ကိုယ်နဲ့မုန်းအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားနေတယ်၊ သာယာတဲ့ဘဝလေး တစ်ခုတည်ဆောက်ကြမယ် မုန်းရယ် … နော်၊ ကိုယ့်ဘဝမှာ မင်းမရှိလို့ တကယ်မဖြစ်ဘူး၊ အဲဒါ သေချာတယ်"





သူ ဗလုံးဗထွေး ရေရွတ်မိသည်။ တကယ်လည်း မုန်းအပေါ် ချစ်စိတ်များဖြင့် သူ့ရင်တွေ ပေါက်ကွဲထွက်သလားပင် ထင်လာရပါသည်။ မုန်းက သူ့မျက်နှာကို ဖြည်းဖြည်းချင်း မော့ကြည့်ကာ …

"ကို"

"အင်"

"ကျွန်မကို ဘာလို့ ဒီလောက်တောင် ချစ်နိုင်ရတာလဲ"

"ကိုယ်မရှင်းပြတတ်ဘူး၊ ကိုယ် မင်းနဲ့အမြဲ အတူနေချင်တယ်၊ တစ်ခါက Chatting မှာ မင်း ပြောခဲ့ဖူးသလိုပဲ။ မင်းကို အရမ်းလိုအပ်နေပြီ မုန်းရယ်၊ ကိုယ်တို့ ဘယ်လို အကြောင်းကြောင့်နဲ့မှ မခွဲကြနော် …

ကိုယ် စိတ်ကူးတွေ ယဉ်ထားတာ အများကြီးပဲ၊ မုန်းနဲ့လက်ထပ်ပြီးရင် ပျော်ရွှင်တဲ့ မိသားစုဘဝလေး ဖန်တီးမယ်၊ ကိုယ် အပြည့်အဝမရခဲ့တဲ့ မိဘမေတ္တာကို ကိုယ်တို့သားသမီးလေးတွေအပေါ် ပုံပေးနိုင်အောင် ကြိုးစားမယ်၊ ကိုယ်တို့ Broken Family မဖြစ်အောင် အတတ်နိုင်ဆုံး ဆင်ခြင်ကြမယ် …

မုန်းရော ကိုယ့်အစီအစဉ်ကို သဘောကျလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မုန်းက ဘာမှပြန်မပြော။ အရည်လဲ့ဖြာနေသော မျက်ဝန်းကြည်ကြည်များဖြင့်သာ မော့ငေးကြည့်နေဆဲ။

သို့သော် မုန်း သူ့ကိုချစ်တာ သူ ခံစားလို့ရပါသည်။ နှုတ်ဖျားက ဖွင့်မပြောပေမယ့် မုန်းရဲ့မျက်ဝန်းထဲမှ အရိပ်အယောင် တချို့က အကောင်းဆုံး သက်သေပင် ဖြစ်နေတော့သည်။

"ကိုကို တစ်ခုတော့ မေးချင်တယ်"

"အင်း ... မေးလေ"

"ကိုနဲ့ လက်ထပ်ခါနီးကျမှ အရင်တစ်ယောက်လိုမျိုး ကျွန်မအပေါ် စိတ်ပြောင်းသွားရင် ဘယ်လိုလုပ်မလဲဟင်၊ ကို ကျွန်မကို ချစ်သလိုလို ဖြစ်နေတာလား၊ တကယ်ချစ် တာလား ဆိုတာ အချိန်ယူပြီး စောင့်ကြည့်ပါဦးလား"

သူ ရုတ်တရက် ဆွံ့အသွားရပါသည်။ တကယ်ဆို သံချိုညောင်းအပေါ် ထားခဲ့သော သူ့ခံစားချက် အစစ်အမှန် ကို သူ့ကိုယ်သူမှလွဲ၍ ဘယ်သူမှ မသိပါ။ အဲဒီတုန်းက Feeling နဲ့ အခု မုန်းကိုချစ်သော ချစ်စိတ်ဟာ ဘာမှမဆိုင်၊ အပုံကြီးကွာ နေပါသည်။

"ကိုယ် ခုချိန်မှာတော့ မုန်း နားလည်အောင် မရှင်းပြနိုင် သေးဘူး၊ ဒါပေမဲ့ ကိုယ် အပြောထက် အလုပ်နဲ့ပဲ သက်





သေပြပါရစေ။ ဒီရက်ပိုင်းအတွင်း ကိုယ့်ဖေဖေဆီ ဖုန်းဆက် ပြီး မိန်းမတောင်းမယ့်ကိစ္စ ရန်ကုန်ဆင်းလာဖို့ ပြောမယ်၊ ပြီးရင် မင်္ဂလာကိစ္စအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင် မယ်၊ ဒါက ကိုယ့်ဘက်က အပိုင်းတွေပေါ့၊ မုန်းကရော ကိုယ့်ကို မိဘတွေနဲ့ ဘယ်တော့ တွေ့ပေးမှာလဲ"

"တစ်ချိန်မဟုတ် တစ်ချိန်ပေါ့ ကိုရယ်၊ အရမ်းကြီးလည်း ဆန္ဒမစောပါနဲ့ဦး"

"ကိုယ်မှ မခွဲနိုင်တော့တာ၊ ဘာလဲ ... မုန်းက ကိုယ့်ကို လက်ထပ်ဖို့အထိ မရည်ရွယ်ထားဘူးလား"

"မဟုတ်ပါဘူး၊ ကိုယ့်ချစ်သူပဲ လက်ထပ်ချင်တာပေါ့"

"ဒါဆို ကိုယ့်လိုပဲ ကြိုးစားပေါ့၊ ကိုယ် မုန်းကို စိတ်မချ နိုင်တော့ဘူး၊ တကယ်ပါကွာ"

"ချစ်သူဘဝနဲ့ အကြာကြီးနေရင် ပိုပျော်စရာကောင်းမယ် ထင်တယ် ကိုရဲ့၊ တော်ကြာ စောစောစီးစီးယူပြီး နေ့တိုင်း ရန်ဖြစ်နေရင် စိတ်ညစ်ရမှာ ... သိလား"

သူက မုန်း ပါးလေးကို တစ်ချက်ဆွဲဖျစ်ကာ ...

"ကိုယ်က ချစ်သူကို စိတ်ညစ်အောင် လုပ်ပါ့မလား မုန်း ရဲ့၊ စိတ်ချ ... မုန်း မျက်နှာတစ်ချက် မညိုစေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မရခင်တော့ ဒီလိုပဲ ပြောကြတာပါပဲ၊ ရပြီးမှ ... ဟွန်း"

သူ ဘာမှ ဆက်မပြောတော့ဘဲ မုန်း ခေါင်းလေးပေါ် မေးအပ်ထားလိုက်မိသည်။ သူ့စိတ်ကူးတွေက ခုချိန်မှာ ရွှေရောင်တောက်ပလွန်းနေပါသည်။ ဒီစိတ်ကူးတွေဟာ အချစ်သစ်ပင်ကြီးမှတစ်ဆင့် ဝေဆာစွာ ယှက်ဖြာလာသည့် အကိုင်း၊ အခက်၊ အရွက်၊ အလက်များပဲ ဖြစ်ချေတော့သည်။

မုန်းလည်း သူ့ဆန္ဒနဲ့ ထပ်တူကျမည်ဟု သူ တစ်ထစ်ချယုံကြည်နေသည်။ မုန်း သူ့ကို သိပ်ချစ်တာ သူသိပါသည်။

၀ ❢ ၀





ဂမုန်းသည် အန်တီကြူ ပေးလိုက်သော CD ချပ်လေးကို တစ်ချက်ငုံ့ကြည့်ပြီး ဒက်(ရှ်)ဘုတ်ပေါ် လှမ်းတင်လိုက်သည်။ ဒီနေ့ဟာ သံချို ဆုံးခဲ့သော ဆယ်လတိတိပြည့်နေ့ ဖြစ်ပါသည်။

အိမ်မှာပဲ ဘုန်းကြီးဆွမ်းကပ်ပြီး ကောင်းမှုကုသိုလ်လုပ်ရာ ဂမုန်းလည်း မနက်တည်းက ရောက်နေခြင်းဖြစ်သည်။

ဧည့်သည်များ ပြန်သွားပြီးတော့ အန်တီကြူက ဂမုန်းကို သံချို့ အခန်းထဲ တိတ်တိတ်လေး ခေါ်သွားသည်။ ထို့နောက် သံချို့ဖေဖေ မတွေ့အောင် ဖွက်သိမ်းထားသော CD ချပ်လေးတစ်ချပ် လက်ထဲထည့်ပေးရင်း ...

"သမီး ဦးက သံချို့ကိစ္စကို တရားနဲ့ဖြေဖို့ အတန်တန်နားချခဲ့တယ် ဂမုန်းရယ်၊ သံချို့နဲ့ပတ်သက်တဲ့ အမှတ်တရပစ္စည်းလေးတွေကိုတောင် အန်တီ မသိအောင် သိမ်းဖွက်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာ၊ ဒါတွေမြင်ရင် အန်တီ ပိုခံစားနေရမှာစိုးလို့ပဲ လေ ...

ဒီ CD ကိုတော့ အန်တီ သူ့မသိအောင် တိတ်တိတ်လေး နိုးပြီးကူးထားတာ၊ သမီးအတွက် တစ်ခွေ အပိုကူးထားလို့ ယူသွားလိုက်နော် ...

အဲဒါ သမီးသူငယ်ချင်းရဲ့ ဈာပနအခမ်းအနား အစအဆုံးကို သေချာရိုက်ထားတဲ့ Video ခွေပဲ ဂမုန်း၊ သမီးအလွမ်းပြေ အမှတ်တရကြည့်ပေါ့"

ဟု ဆိုသည်။ ဂမုန်းကတော့ အန်တီကြူ့ကို အတတ်နိုင်ဆုံး အားပေးနှစ်သိမ့်ခဲ့ပါသည်။ ဂမုန်းကို ဖက်ဖက်ပြီး တရှုံ့ရှုံ့ငိုနေသော အန်တီကြူ့ပုံစံကိုကြည့်ပြီး ရင်ထဲမကောင်းပါ။ သံချိုအကြောင်း ပြောနေစဉ်မှာ ဂမုန်း အာရုံထဲ မမေ့နိုင်စရာကောင်းသော လူတစ်ယောက်ကိုပါ ယှဉ်တွဲမြင်ယောင်နေခဲ့သည်။

အပြန်မှာ စိတ်တွေ နောက်ကျိ ရှုပ်ထွေးနေကာ ဂမုန်း အိမ်သို့ဘယ်လိုတယ်ပုံ ပြန်ရောက်လာသလဲပင် မသိတော့ချေ။

အိမ်ရောက်ရောက်ချင်း ကိုယ့်အခန်းထဲ တန်းဝင်ကာ သံချို့ဈာပန(Funeral)ခွေကို ဦးဆုံးဖွင့်ကြည့်လိုက်သည်။ အားလုံးဟာ ဂမုန်းကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ခဲ့သော အပြင်က Funeral အတိုင်းပင်။ ဘာမှပြောင်းလဲမှု မရှိပါ။





သို့ပေမယ့် သံချိုကို သတိရသောစိတ်တို့က ဂမုန်းအတွက် တစ်ကျော့ပြန်လည်ကာ ဖိစီးနှိပ်စက်လာပြန်သည်။ ဂမုန်းရင်ထဲက ဒဏ်ရာဒဏ်ချက်များဟာ ခုချိန်ထိ ပူနွေးလတ်ဆတ်နေဆဲပဲ ဖြစ်ပါသည်။

ဂမုန်းသည် ကြည့်လက်စတန်းလန်းအခွေကို ဖျတ်ခနဲပိတ်ကာ အခန်းပြတင်းမှတစ်ဆင့် အပြင်သို့ မျှော်ငေးလိုက်သည်။ ဘာလိုလိုနှင့် ဂမုန်း မြန်မာပြည်ပြန်ရောက်တာ တစ်နှစ်နီးပါး ပြည့်တော့မည်။ ရည်ရွယ်ချက်က ဂမုန်း အလွန်မုန်းသော ယောကျ်ားတစ်ယောက်ကို လှလှပပ လက်စားပြန်ချေဖို့။

ခုဆိုလျှင် လက်စားချေရန် လုံလောက်သော လက်နက်တချို့ကိုလည်း ကိုယ့်ဘက်က ပြည့်ပြည့်စုံစုံ စုဆောင်းမိပြီဖြစ်သည်။ နောက်ဆုံး အဆင့်တစ်ဆင့်သာ ကျန်ပါတော့သည်။

ထိုအဆင့်ပြီးမြောက်သွားလျှင်တော့ ဂမုန်း သံချို့အတွက် တာဝန်ကျေပြီ။ ကိုယ့်လမ်း ကိုယ်ဆက်လျှောက်ဖို့ပဲရှိတော့မည်။

ဝက်ပါ ...

ဂမုန်း ထိုလူတစ်ယောက်ရဲ့ အကြင်နာမျက်ဝန်းများကိုတော့ ခက်ခဲစွာ မျက်ကွယ်ပြုထားရမှာဖြစ်သည်။ ဂမုန်းသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်း တွေးစဉ်မှာ အမည်ဖော်ရခက်သော ခံစားချက် တချို့ ရင်ထဲမွှေးဖွားလာပါသည်။

ထိုနောက် နိုင်မာသော ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သူ့ဖုန်းနံပါတ်ကို တစ်လုံးချင်း စိမ်ပြေနပြေ နှိပ်လိုက်သည်။

"ဟယ်လို ... မှန်းလေး"

"ကို အခု ဘယ်ရောက်နေလဲဟင်"

"ဆိုင်မှာ ပစ္စည်းသစ်တွေရောက်လို့ အလုပ်ရှုပ်နေတာ မှန်းရဲ့၊ ဘာကိစ္စရှိလို့လဲ ... ပြောလေ"

"ကိုက အလုပ်အရမ်းကြိုးစားနေတယ်ပေါ့"

"ဒါပေါ့ကွာ၊ ကိုယ့်ချစ်သူ အားကိုးထိုက်တဲ့ ယောကျ်ား ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားရမှာ ကိုယ့်တာဝန် လေ"

"အခု ကိုနဲ့ တွေ့ချင်တယ်"

"အင်း ... တွေ့မယ်လေ၊ မှန်း ပြောစရာရှိလို့လား"

"ဆိုပါတော့၊ အရေးကြီးတဲ့စကား ပြောမလို့"

"ကိုယ်လည်း မှန်းကို အံ့သြစရာတစ်ခု ... အင်း ... မှာ ဆန်းစရာလို့ ပြောရင် ပိုမှန်မယ်၊ အဲဒါလေး ပြစရာရှိတယ် OK လေ၊ ကိုယ် ဘယ်ကိုလာခဲ့ရမလဲ"





"ကန်ပေါင်ဆို အဆင်ပြေမလား"

"ပြေရမှာပေါ့၊ ကိုယ့်အသည်းလေးအတွက်ပဲ၊ ကိုယ် နောက် ဆယ့်ငါးမိနစ်ဆို ရောက်မယ်နော်"

"အင်း ... ဒါပဲနော် ကို"

သူက "အာဘွား"ဟု ရွှတ်နောက်နောက် ပြန်ပြော ပြီး ဖုန်းပိတ်သွားပါသည်။

ချိန်းထားသည့်အတိုင်း ကန်ပေါင်ရောက်တော့ သူ က ဂမုန်းမျက်နှာကို အရိပ်တကြည့်ကြည့်ဖြင့် ငေးကာဆိုလာ သည်။

"ကိုယ့်စိတ်ထင်လို့ပဲလား မသိဘူး၊ မှန်း တစ်ခုခု ဖြစ်နေ သလိုပဲနော်၊ ကိုယ့်ကို ဘာပြောစရာရှိလို့လဲဟင် ... မှန်း"

ဂမုန်းက သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မျက်စိ စုံမှိတ်ပြောချလိုက်ပါသည်။

"ကျွန်မတို့ လက်ထပ်ကြရအောင် ဝက်ပါ"

ဒီစကားမျိုး ပြောချိန်မှာ ဂမုန်း သူ့ကိုမျက်နှာချင်း မဆိုင်ရဲပါ။ ဆိုင်ဖို့ သတ္တိမရှိတာ ကိုယ့်ကိုယ်ကိုယ်သာ သိနေသည်။ သူက ဂမုန်း ဆံနွယ်စလေးများကို ဖွဖွသပ်ပေးရင်း အလွန်ဝမ်း သာလှိုက်မောနေသော အသံဖြင့် ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မုန်းရယ်၊ ခုလို တစ်ဘဝစာ အတူတ နေခွင့်လက်မှတ် ပဏာမချီးမြှင့်လိုက်တဲ့အတွက် တကယ် ကို ကျေးဇူးပါ၊ ဒါဆို ကိုယ်လည်း မုန်းကို ဒါလေး ရဲ ဝုံဝုံ ပြရတော့မယ်"

သူက ဘောင်းဘီအိတ်ထဲမှ တစ်စုံတစ်ရာ ထုတ်ယ ပြီးပြသည်။ ဂမုန်း ကြည့်လိုက်တော့ အနီရောင်ကတ္တီပါဘူးလေး ဖြစ်နေပါသည်။

"လှလားဟင် မုန်း"

"ဟင် ! ဒါက"

"ကိုယ် မိုးကုတ်က ဖေဖေ့ဆီ လှမ်းမှာပြီး စပါယ်ရှယ်လု ခိုင်းထားတဲ့ စေ့စပ်လက်စွပ်လေ၊ မုန်း မကြိုက်ရင် တခြား ဒီဇိုင်း ပြောင်းမှာပေးမယ်၊ ကိုယ့်ဆီမှာ ကတ်တလော လည်း ရှိတယ်၊ မုန်း ကြိုက်တာရွေးလို့ရတယ် သိလား ဒီပုံစံကတော့ ခုတလော ဈေးကွက်ထဲမှာ တော်တော်လေး ပေါ်ပြူလာ ဖြစ်နေတယ်တဲ့"

ဂမုန်းသည် စိန်တစ်ပွင့်တည်း သီးသန့်တင်ထားသည် ရွှေလက်စွပ်မောင်းကွင်းလေးကိုတစ်လှည့်၊ သူ့မျက်နှာကိုတစ်လှည ကြည့်ပြီး ဘာစကားမှ ပြန်မဆိုနိုင်ချေ။ ရင်ထဲ နင့်သွားမိတ တော့ အမှန်ပင်။





"ကိုယ် ဖေဖေ့ကို အားလုံးဖွင့်ပြောလိုက်ပြီ မုန်း၊ ကိုယ့် ချစ်သူလေးဘက်က Ready ပဲဆိုရင် ရန်ကုန်ဆင်းပြီး မိန်းမ လိုက်တောင်းပေးမယ်တဲ့၊ ကဲ ... မုန်းဘက်ကရော ဘာတွေ စစ်ဆင်ရေး လုပ်ပြီးပြီလဲ၊ မိဘတွေကိုရော အသိ ပေးပြီးပြီလား ...

မုန်းပုံစံက အေးတိအေးစက်ကြီးကွာ"

"မပူပါနဲ့ ကိုရယ်၊ ကျွန်မကို အိမ်က အခွင့်အရေးတွေ အားလုံးဝကွက် ပုံအပ်ထားတာပါ၊ ဖေဖေတို့ကို နှစ်ခါပြော စရာ မလိုဘူး၊ ကျွန်မ ကိုယ်ပိုင်ဦးနှောက်နဲ့ ဆန်းစစ်ရွေး ချယ်ထားတဲ့ ချစ်သူကို ကြည်ကြည်ဖြူဖြူပဲ လက်ခံမှာပါ"

"ဒါဆို ကိုယ်တို့လမ်းကြောင်းလေး ဖြောင့်ဖြူးသာယာမယ် ပေါ့ ... ဟုတ်လား"

"အင်းပေါ့"

"မင်္ဂလာပွဲအတွက် မုန်း ဘာမှ Stress မထားနဲ့နော်၊ ကိုယ် အားလုံးအဆင်ပြေအောင် စီစဉ်လိုက်မယ်"

"ကိုပဲ စေ့စပ်ပွဲ အရင်လုပ်မယ်ဆို"

"အင်းလေ၊ နှစ်ပွဲလုံးအတွက် ခုတည်းက ကြိုတင်အကွက် ချ စီစဉ်ရမှာပေါ့၊ မုန်းရော ကိုယ်တို့ကိစ္စနဲ့ ပတ်သက်ပြီး ဘာတွေ စိတ်တိုင်းမကျတာ ရှိနေလဲ၊ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မုန်းက သူ့မျက်နှာကို စူးခနဲ စိုက်ကြည့်ကာ သက်ပြင်းတစ်ချက် ကျိတ်ရှိုက်မိပါသည်။ ထို့နောက် လပေါင်းများစွာ သန္ဓေတည်လာခဲ့သော အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ဖွင့်ပြောပြလိုက်သည်။

သံချို ... နင် ကျေနပ်နိုင်ပါစေ သူငယ်ချင်းရယ်။

"ကို့ကို တစ်ခုလေးပဲ တောင်းဆိုချင်တယ်၊ စေ့စပ်ပွဲနေ့ကို April 1 day မှာ လုပ်ချင်တယ်၊ အဲဒါ ကို ဘယ်လိုသဘောရလဲဟင်"

မုန်းသည် ထိုစကားကို သူ့လက်ခုံထက် အနမ်းတစ်ပွင့်ခြွေရင်း ရင်ခုန်တိမ်းမူးစွာ ပြောလိုက်ခြင်း ဖြစ်ပါသည်။ သူက နှုတ်ခမ်းတွေ ခပ်ဟဟ ပွင့်သွားကာ မုန်း မျက်နှာကို အံ့အားသင့်စွာ ငုံ့ကြည့်သည်။

"မုန်း"

"ပြောလေ ကို"

"အဲဒီနေ့ ... အဲဒီနေ့က၊ ဟို ... တခြားနေ့ လုပ်ပါလားကွာ၊ ကိုယ်တို့အတွက် နေ့တွေအများကြီး ရှိတာပဲ၊ ဥပမာ ချစ်သူတွေအတွက် အမှတ်တရ ရင်ခုန်စရာကောင်းတဲ့ ဖေဖော်ဝါရီ(၁၄)လိုမျိုးပေါ့"



"ကျွန်မ ကြိုက်လို့ပါ၊ ကျွန်မက April လကို ကြိုက်တယ်လေ၊ ပြီးတော့ အဲဒီလရဲ့ ပထမဆုံးနေ့ကိုလည်း အရမ်းကြိုက်တယ် ကိုရဲ့၊ ဘယ်လိုပြောရမလဲ၊ ကျွန်မ ဆိုက်ကိုတစ်မျိုးပေါ့"

"ဟင်းကွာ"

"သက်ပြင်းမချပါနဲ့ ကိုရယ်၊ အဲဒီနေ့ပဲ လုပ်ရအောင် ... နော်"

ဂမုန်းက သူ့အပေါ် နွဲ့ဆိုး,ဆိုးပြီး ကယုကယင် ဆိုလိုက်ရာ နောက်ဆုံး သူ ဘာမှမတတ်နိုင်တော့ဟန်ဖြင့် ...

"ကဲ ... ကဲ ... ကဲ၊ မထင်မှတ်တာတွေ လုပ်ပြတတ်တဲ့ ကိုယ့်ချစ်သူကိုတော့ ဆလံပေးပါတယ်၊ သဘောပါ၊ ဒါပေမဲ့အဲဒီနေ့ကျမှ ကိုယ့်ကို April fool လုပ်ရင် ကိုယ် ရင်ကျိုးရမှာနော် ...

ပြီးတော့ မင်္ဂလာဆောင်ကိုရော ဘယ်နေ့လုပ်ချင်လဲ၊ မိန့်တော်မူစမ်းပါဦး သခင်မလေးရဲ့"

"စေ့စပ်ပွဲကိုပဲ အရင် အကောင်အထည်ဖော်ပါဦး၊ မောင်တော်ရယ်၊ ကျန်တဲ့ကိစ္စ နောက်မှရှင်းတာပေါ့"

သူက မုန်း စကားကြောင့် ခေါင်းမော့လှန်ရယ်မောပြီး တင်းကျပ်စွာ ပွေ့ဖက်ထားတော့သည်။ မုန်းလည်း သူ့ရင်ခွင်ထဲမှာ နှုတ်ဆိတ်ငြိမ်သက်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မုန်းအတွက် အချိန်က နှစ်လသာကျန်တော့သည်။ ထိုနှစ်လတာကာလလေးသည် သူနဲ့မုန်းကို တိကျသော အဖြေတစ်ခုပေးအပ်ရန် အသင့်စောင့်ကြိုနေပြီ ဖြစ်ပါသည်။

၀ း ၀



"ဟော့ကောင် ... ဘာလာလုပ်တာလဲ၊ သွား ... သွား ... မနက်ဖြန် သန်ဘက်ခါ မီန်းမရတော့မယ့် ကောင်မျိုးတွေနဲ့ မပေါင်းချင်တော့ဘူး၊ လူပျိုဂုဏ်သိက္ခာကျတယ်ကွ"

"ယောက်ဖကလည်းကွာ၊ ငါ မင်းကို သတိရလို့ လာတာပါ၊ ဒီည မင်းဆီမှာ အိပ်မယ်လေ"

ဖြိုးဝေက သူ့ကို မျက်စောင်း ပက်ခနဲထိုးသည်။ နှုတ်ခမ်းများကတော့ ပြုံးစစနှင့်ပင်။ သူ ဖြိုးဝေ ဆိုင်ဘက် သဝေမထိုးတာတောင် တော်တော်ကြာပြီ ဖြစ်လေသည်။

ဒီနေ့တော့ Yes I Do မှာ မင်္ဂလာဝတ်စုံရွေးပြီး အပြန်လမ်းကြုံသဖြင့် ဝင်လာခဲ့ခြင်းပင်။ ထင်သည့်အတိုင်းပဲ ဖြိုးဝေ တစ်ယောက် သူ့ကိုမြင်မြင်ချင်း ဆောက်နဲ့ထွင်းတော့သည်။

"တော်တော်ပျော်နေတယ်ပေါ့ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွ၊ ဇေ့စပ်ဖို့ တစ်ပတ်လောက်ပဲ လိုတော့တဲ့ သတို့သားလောင်းတစ်ယောက်ရဲ့ ခံစားချက်မျိုး မင်းမှ မခံစားဖူးပဲ၊ ဒါမျိုးက ကိုယ်တိုင်ကြုံမှ ကိုယ်ချင်းစာတတ်တာကွ"

"မင်းဟာလေးနဲ့ ငါ့ကို မိတ်ဆက်ပေးဦးလေ သားကြီး"

"သူလည်း ခုတလော နည်းနည်း Busy ဖြစ်နေတယ်ကွ၊ မတွေ့ပါဘူးကွာ၊ ဇေ့စပ်ပွဲနေ့ကျရင် မင်းပါ လိုက်မှာပဲ၊ အဲဒီကျမှ ကြည့်တော့"

"ငါတော့ ဂမုန်းရိပ်ကို တော်တော်လေးစားတယ်ကွာ၊ မုန်း တစ်မုန်းကို နှစ်မုန်းဖြစ်အောင် ခွဲပြီးသရုပ်ဆောင်နိုင်တာ တကယ်ကို bravo ပေးတယ်"

သူက မုန်းအကြောင်း ဖြိုးကြီးသိအောင် ပြောပြခဲ့တာမို့ ဒီကောင်က ကြုံတိုင်း တဖွဖွ ချီးကျူးတတ်ပါသည်။

"မင်း သူ့မိဘတွေနဲ့ရော သွားတွေ့ပြီးပြီလား၊ တော်ကြာ သံချို့လိုမျိုး သဘောမတူတာမျိုးတွေ ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

"မုန်းက ဒီကိစ္စအတွက် ဘာမှမပူပါနဲ့တဲ့၊ ဖေဖေတို့ သွားတောင်းရမ်းတဲ့နေ့ကျမှ ငါ ယောက္ခမလောင်းတွေနဲ့ ပထမဆုံး ဆုံရမှာ၊ ရင်တွေ အရမ်းခုန်တာပဲ ဖြိုးကြီးရာ"





သူက ဖီးလ်အပြည့်နှင့် တက်တက်ကြွကြွ ဆိုလိုက်ပေမယ့် ဖြိုးဝေ ပုံစံက မထုံတက်တေး။ ပြီးတော့ မေးစေ့ပွတ်ပြီး နဖူးကြောနှစ်ခုကို ရှုံ့တွထားပုံက ဆရာကြီးလိုလို၊ ဘာလိုလို။

"ငါ မင်းကောင်မလေးကို နားမလည်နိုင်တာ တစ်ခုရှိတယ် သားကြီး"

"ဘာတုန်းကွ၊ သူများချစ်သူရည်းစားချင်း စိတ်ဝမ်းကွဲအောင် သွေးမထိုးနဲ့နော်"

"မနောက်နဲ့၊ ငါ အတည်ပြောမှာ၊ သူက သူ့မိဘတွေနဲ့ မင်းကို အရင်ဆုံး တွေ့ပေးရမှာ သားကြီး၊ ခုဟာက သဘောတူပါတယ်ဆိုတာ သူ့အပြောပဲ ရှိတာလေ။ ပြီးတော့ သူ့အဖေ၊ အမေတွေ ပုံစံကိုလည်း မင်းနဲ့ လူချင်းထိပ်တိုက်ဆုံမှ အကဲခတ်ကြည့်လို့ ရမှာပေါ့"

သူက ဖြိုးဝေ အပြောကြောင့် ခဏတော့ တွေသွားရသည်။ ဟာ ... မုန်း တစ်ယောက်လုံးက သဘောတူပြီး OK ကြောင်း အတိအကျ အာမခံထားတာပဲ။ ဘာမှသံသယဝင်စရာ မရှိပါဘူး။

"နောက်တစ်ခုက ဇေ့စပ်ပွဲနေ့ကို April 1 day ရွေးလိုက်တဲ့ကိစ္စပဲကွ၊ ငါ အဲဒါကို အကြီးအကျယ် နားမလည်နိုင်ဖြစ်နေတယ်၊ မင်းရော ဘယ်လိုထင်လဲ"

www.burmeseclassic.com



"ဒါတွေနဲ့ ပတ်သက်ပြီး သူနဲ့ ငါ ညှိနှိုင်းတိုင်ပင်ပြီးပြီ ဖြိုးကြီး၊ သူက အဲလိုပဲ ထင်မထားတာလေးတွေ လုပ်တတ်တဲ့အကျင့်ရှိတာ၊ သူ့ကို ငါကလွဲပြီး ဘယ်သူမှ နားလည်မပေးနိုင်ဘူး"

"ငါက မင်း April fool အလုပ်ခံရမှာ စိုးလို့ပါကွာ"

"သူ အဲလောက်ကြီးတော့ ငါ့အပေါ် မရက်စက်နိုင်ပါဘူး၊ ငါ့ကို အရမ်းချစ်တာ ငါအသိဆုံးပဲ ဖြိုးကြီးရ၊ မင်း စိုးရိမ်နေတာကိုလည်း ငါ နားလည်တယ်၊ ကျေးဇူးလည်းတင်တယ်"

"ဒါပေမဲ့ မင်း မနှစ်က April 1 day ကို မှတ်မိသေးတယ် မဟုတ်လား"

သူ သက်ပြင်းတစ်ချက်ချရင်း လေးပင်စွာ ခေါင်းညိတ်ပြလိုက်မိသည်။ မမှတ်မိဘဲ နေမလား။ သူ့ဘဝအတွက် တစ်သက်မမေ့နိုင်စရာ အကောင်းဆုံးနေ့ပဲ။

"မင်းရဲ့မှန်းကလည်း စေ့စပ်မယ့်နေ့ကို April 1 day ရွေးလိုက်တာ ငါ့စိတ်ထဲ တိုက်ဆိုင်နေသလိုပဲကွာ"

"ဖြိုးကြီး ... တော်တော့ကွာ၊ မှန်းအပေါ် ဒွိဟခံစားချက်တွေ ဖြစ်လာအောင် တွန်းအားမပေးပါနဲ့၊ ငါ ခုချိန်မှာ အကောင်းဆုံးတွေ ပိုင်ဆိုင်လာဖို့ပဲ မျှော်လင့်ထားချင်တယ်..."





အဲဒီနေ့က သံချို ဆုံးခဲ့တဲ့နေ့၊ ငါ့အတွက် အပြစ်ရှိဆုံးနေ့တစ်နေ့ဆိုတာ သိပါတယ်၊ ဒါပေမဲ့ အဲဒီတုန်းက ငါ ငြင်းခဲ့တာ ရိုးရိုးလေးပါ၊ သူ့ကို အတတ်နိုင်ဆုံး အိမ်ပြန်ဖို့ ဖျောင်းဖျခဲ့တယ်၊ ငါ မှားသွားတာ တစ်ခုက တရားရုံးရှေ့မှာ အကြာကြီးစောင့်နေတဲ့ သံချိုဆီ လူကိုယ်တိုင် ရောက်မသွားဖြစ်ခဲ့တာပဲ ...

တကယ်လို့ သူ့ကိုသာ ကိုယ်တိုင်ကိုယ်ကျ အိမ်ပြန်ပို့ပေးနိုင်ခဲ့ရင် ခုလို အခြေအနေတွေ ဆိုးဝါးခဲ့မှာ မဟုတ်ဘူး ...

ငါ့ကိုယ်ငါ သရဲဘောကြောင်တဲ့ကောင်လို့လည်း ခံယူခဲ့မိပါတယ် ...

ဒါပေမဲ့ ဒီအကန့်တွေက အတိတ်မှာ အားလုံးကျန်ခဲ့ပြီ ဖြိုးကြီး၊ ဘာမှ ပြန်ပြင်လို့ မရတော့ဘူး"

"ငါက တိုက်ဆိုင်မှုလေးတွေ ရှိတာကိုပဲ ပြောပြတာပါကွာ၊ မင်းတို့ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်ကြတယ် ဆိုတာလဲ ငါ အသိဆုံးပါ ...

ကဲပါ ... ငါပြောတာတွေ မေ့လိုက်တော့၊ စိတ်ကို အရှင်းဆုံးဖြစ်အောင် ထားလိုက်တော့၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူ အင်တင်တင်နှင့် ခေါင်းညိတ်ပြမိသည်။ ဖြစ်နိုင်လျှင် မုန်းနှင့်ပတ်သက်ပြီး သံသယအမှုန်မွှား၊ အစအနလေးပင် သူ မခံစားလိုပါ။ မုန်းဟာ သူ့ဘဝအတွက် တကယ့် စင်းလုံးချော ကျောက်ကောင်းလေးတစ်ပွင့်ဟု သူ အမြဲတမ်း ယုံကြည်ထားချင်သည်။

○:○





ဝက်ပါသည် လက်နှစ်ဖက်ကို မေးထောက်လျက် ကိုယ့်မျက်နှာကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေသည့် ချစ်သူလေးအား နှာခေါင်းလှမ်းရှုံ့ပြလိုက်မိသည်။

ဒီနေ့ မုန်း အမူအရာတွေ အနည်းငယ် ထူးဆန်းနေသည်ဟု သူ ထင်ပါသည်။

"ဟိတ် ... လူကို ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေတာလဲ၊ နေတတ်တော့ဘူးနော်"

"ကိုက ချောတယ်နော်"

"အာ ... မုန်းကလည်း"

"ဟုတ်တယ်၊ အဲဒါကြောင့် မဒီရူးလေးတွေ သည်းသည်းလှုပ်နေကြတာဖြစ်မှာ၊ ကျွန်မကိုက ကိုရီးယားကား 'ပြောင်းလဲမရတဲ့အချစ်' ကားထဲက အဖွဲ့မှူးဟန်ထယ်ဂူနဲ့ တူတယ် ...

www.burmeseclassic.com



သူက လူကြီးဆန်တယ်၊ ကို့ကတော့ လူငယ် စတိုင်(လ်) ဖန်စီလေးပေါ့၊ ဒါပေမဲ့ ချောတာချင်းတူတယ်"

"မုန်းနော် ... ကိုယ့်ကို အသည်းယားအောင် လာပြောမနေနဲ့၊ အာဘွားပေးပစ်လိုက်မှာ၊ ဘာမှတ်နေလဲ ... ဟွန်း"

"ကို့ဖေဖေက ကျွန်မနဲ့ သဘောတူပါ့မလားဟင်"

"ဟာ ... ဒါတော့ စိတ်ချ၊ ဖေဖေက ကိုယ်တကယ်ချစ်တဲ့ မိန်းကလေး တွေ့ထားပြီလို့ သတင်းကြားတည်းက ကိုယ့်ထက်တောင် ပိုဝမ်းသာနေတာ၊ လူချင်းတွေ့ချင်တယ် တဖွဖွ ပြောနေလို့ မနည်းတားထားရတယ်၊ ကိုယ်က မုန်းမိဘတွေ သဘောမတူမှာပဲ စိုးရိမ်နေတာ"

မုန်းက သူ့အပြောကြောင့် ယဲ့ယဲ့လေး ပြုံးပါသည်။

"ကို့ဖေဖေ ဘယ်တော့ ရန်ကုန်ဆင်းလာမှာလဲ"

"ဒီညရောက်မယ်တဲ့၊ ဖုန်းဆက်ထားတယ်၊ မနက်ဖြန်ကိုးနာရီတိတိ ဟော်ဒီကာ ချွေမင်းသမီးလေးကို တန်ဖိုးရှိရှိတောင်းရမ်းဖို့ ကြွမြန်းလာခဲ့ပါ့မယ်၊ ဟုတ်ပြီလား"

သူက ပြောပြီး ချစ်သူရဲ့မေးစေ့လေးကို တစ်ချက်ဖျစ်ညှစ်လိုက်ပါသည်။ ဂမုန်း မျက်တောင်လေး သူ့ထံ ဝဲခနဲရောက်ရှိလာသည်။





"မုန်း"

"အင်း ... ပြောလေ"

"ကိုယ်က တက်ကြွနေသလောက် မုန်းက ရေခဲတုံးကြီးလိုပဲနော်၊ မုန်း စိတ်မလှုပ်ရှားဘူးလားဟင်"

"လှုပ်ရှားပါတယ်"

"ကြည့် ... ဖြေပုံကိုက အားမရချင်စရာကြီး၊ တကယ်ဆို ချစ်သူနဲ့ လက်ထပ်ခါနီး မိန်းကလေးတစ်ယောက်ရဲ့ပုံစံက ဒီလို အေးတိအေးစက်ကြီးတော့ ဖြစ်မနေသင့်ဘူးလေ၊ ပြီးတော့ ကိုယ် စီစဉ်တာမုန်းသမျှ ကောင်းလည်းမပြော၊ ဆိုးလည်းမပြော တေမိကြီးလိုပဲ"

"ကိုက ကျွန်မအတွက် အကောင်းဆုံးတွေချည်းပဲ ဖြည့်ဆည်းပေးမှာ ယုံကြည်နေတယ်လေ၊ ဘာပြောစရာ လိုသေးလို့လဲကွယ်"

"ဒါတော့ ဒါပေါ့၊ ကိုယ်ကတော့ ကိုရယ် ဟိုဟာမကောင်းဘူး၊ ဒါလေးရွေးလိုက်ပါလား၊ ဒီပုံစံလေးဆိုရင် ပိုသင့်တော်မယ်၊ ဒါမျိုးကြီး မကြိုက်ဘူးကွာ စသဖြင့် အဲလို complain တက်သံလေးတွေ ကြားချင်တာ၊ မုန်းက ဘာလေးမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက နေရာတကာ လိုက်ဂိုဏ်ကျတတ်တဲ့သူမျိုး မဟုတ်ဘူး ကိုရဲ၊ ဥပမာ ... ကို့အရင်ရည်းစားတွေလိုပေါ့"

သူက မုန်းစကားကြောင့် မျက်နှာတစ်ချက်တော့ ပျက်သွားပါသည်။ ထို့နောက် သက်ပြင်းရှိုက်ရင်း မုန်း လက်လေးကို ဖွဖွဆုပ်ကိုင်ကာ ...

"အမှန်အတိုင်း ဝန်ခံရရင် ကိုယ် ရည်းစားတော်ခဲ့တာများများရဲ့ ဆိုးနွဲ့ဂိုဏ်ကျ စိတ်ကောက်ခြင်းတွေ ခံခဲ့ရဖူးတယ် မုန်း၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ စိတ်ရှည်လက်ရှည် လိုက်ချော့ခဲ့ဘူး၊ အချိန်တန်ရင် သူ့ဟာနဲ့သူ ပြီးသွားတာပဲ ...

မုန်းကိုတော့ ကိုယ့်အပေါ် အမြဲစိတ်ကောက်စေချင်တယ်၊ အနိုင်ယူ နွဲ့ဆိုးဆိုးစေချင်တယ်၊ ကိုယ့်ဘက်က အလျှော့ပေး လိုက်ချော့ရင်း ခံစားရတဲ့ ပီတိမျိုး လိုချင်တယ်၊ အဲဒါ ကိုယ် မင်းကို သိပ်ချစ်လို့ပါ မုန်းရယ်"

"သိပါတယ် ကိုရယ်၊ ကောက်စရာရှိရင်လည်း ကောက်မှာပေါ့၊ ကျွန်မတို့က ဆယ်ကျော်သက်စုံတွဲလေးတွေမှ မဟုတ်တာ၊ လူကြီးဆန်မှ ဖြစ်မယ်လေ၊ ကျွန်မရဲ့ နဂိုစိတ်အခံကိုက ဘယ်သူ့အပေါ်မှာမှ ဂိုဏ်ကျစိတ်ကောက်တာမျိုး မလုပ်တတ်တာ ကိုရဲ့ ...



မမေဆို အမြဲပြောတယ်၊ ကျွန်မက မွေးကတည်းက အရမ်းအေးလွန်း၊ တိတ်လွန်းတဲ့ ကလေးတဲ့၊ အမေ့ဗိုက်ထဲက ကျွတ်ကျွတ်ချင်း အုဝဲလို့ တစ်ခါပဲအော်ပြီး ငြိမ်နေတတ်တာဆိုပဲ"

"ကဲပါ ... ဟုတ်ပါပြီ မမအေးရယ်၊ မကောက်ချင်လည်း မကောက်ပါနဲ့၊ ဒီက ချော့ချင်လို့ဟာကို ...

သြော် ... မနေ့က ဝတ်စုံရတယ်၊ မုန်း အစမ်းဝတ်ကြည့်ပါလား"

သူက ထုံးစံအတိုင်း အားရတက်ကြွစွာ ဆိုလိုက်ပြန်ရာ ချစ်သူလေး မိအေးကတော့ သာမန်အပြုံးဖြင့်သာ တုံ့ပြန်လျက် ...

"အဆင်ပြေရင် ပြီးတာပဲ ကိုရယ်၊ ရာသီဥတုက ပူကပူနဲ့၊ မဝတ်ကြည့်တော့ပါဘူး"

"တွေ့လား ... လုပ်ပြန်ပြီ၊ အဲဒါတွေပေါ့၊ သူများစိတ်ကသိကအောက် ဖြစ်ရတာ"

သူ့စိတ်ထဲ တကယ်ကိုမတင်မကျ ဖြစ်လာရပါသည်။

သူ မုန်းကို ဒီထက်ပိုပြီး သွက်လက်မြူးဖျနေစေချင်သည်။ ခုတော့ သူ့ချစ်သူဟာ ဒီပွဲကို သူမနဲ့ မဆိုင်သလို မှိမ်းစိမ်းပြတ်ပြတ်ကြီး နေနိုင်လွန်းသည်ဟု သူ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ့မှာ မုန်းကိုကြည့်ရင်း ကြည့်ရင်း အသည်းယားစွာ မချင့်မရဲ ဖြစ်နေရတာ မောတောင်မောလှပြီ။

"ကို ... ကျွန်မ ပြန်တော့မယ်၊ ညကျမှ ဖုန်းဆက်လိုက်မယ်နော်"

"ဘာလဲ ... ကိုယ်နဲ့အတူ ဆက်မနေချင်တော့ဘူးလား"

"မဟုတ်ပါဘူးကွယ်၊ ဒီနေ့ ခေါင်းသိပ်မကြည်လို့ပါ"

"အင်း ... ဒီလိုဆိုတော့လည်း ခွင့်ပြုရမှာပေါ့၊ မုန်း အိမ်ရောက်ရင် ဆေးသောက်ပြီး နေကောင်းအောင်နေနော်၊ တော်ကြာ မနက်ဖြန်ပွဲမှာ မူးလဲနေဦးမယ်၊ စိုးရိမ်လို့ပါ"

မုန်းက ချစ်စဖွယ် ခေါင်းညိတ်ပြရင်း သူ့လက်ညှိုးလေးကို တစ်ချက်ကိုက်ကာ နှုတ်ဆက်ထွက်ခွာသွားပါသည်။

မုန်းဟာ မာရေကြောရေနှင့် ဆတ်ဆတ်ကြဲပုံစံမျိုးပေမယ့် တစ်ခါတစ်ရံမှာ သူ ချစ်မဝနိုင်သော ထိုအပြုအမူလေးများဖြင့် ကျီစယ်တတ်ပါသေးသည်။

ဟိုးလွန်ခဲ့သော တစ်နှစ်လောက်အချိန်၊ နေ့တစ်နေ့၊ Shopping centre တစ်ခုမှာ Estee Lauder ရေမွှေးပုလင်းထဲ အတူတူ လက်လှမ်းခဲ့ဖူးသော သူနဲ့ မုန်း။

ခုတော့ သူ့ကို မြင်မြင်ချင်း မုန်းပါသည်ဟု ကြွေးကြော်သွားခဲ့သော ကောင်မလေးနှင့် သူ စုံဖက်ထိမ်းမြားရတော့မည်။



ဒီနေ့အချိန်ထိ သူ မုန်းကို နင့်နင့်သီးသီး ချစ်နေဆဲ။ အဆုံးရှုံးလည်း မခံနိုင်တော့ပါ။ အကြောင်းတစ်စုံတစ်ရာကြောင့် ဝေးကွာသွားရမည့် အဖြစ်မျိုးကိုလည်း သူဟာ စိတ်ကူးထဲမှာပင် အဖြစ်မခံလိုချေ။

သူ မုန်းကို ထာဝရ ပိုင်ဆိုင်ချင်ပါသည်။

ဒါဟာ သူ့ရင်ထဲမှာ အင်အားကြီးမားစွာ ဖြစ်တည်နေသော ဆန္ဒထုထည်ကြီးပင် ဖြစ်တော့သည်။

၀ း ၀

www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ... ညစာစားဖို့ အသင့်ဖြစ်ပြီ၊ ဒီနေ့ မေ့သမီး လေးကြိုက်တဲ့ ... ဟင်"

ဂမုန်းသည် လိုအပ်သည့် အဝတ်အစား၊ အသုံး အဆောင်ပစ္စည်းများ ထည့်ထားသည့် Samsonite ခရီးဆောင် သေတ္တာပေါ် ခေါင်းအုံးရင်း နဖူးပေါ်လက်တင် ငြိမ်သက်နေရာမှ အခန်းထဲ ဝင်လာသော မေမေ့ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။

မေမေကတော့ ပြောလက်စ စကား တိခနဲရပ်ကာ ဂမုန်းမျက်နှာကို အံ့ဩတကြီး ငေးကြည့်နေဆဲ။ ထို့ပြင် သေတ္တာ ကိုလည်း လက်ညှိုးတထိုးထိုးဖြင့် ...

"ဒါ ... ဒါက"

"မေမေ ... သမီး မဆာသေးဘူး၊ မစောင့်ဘဲ စားနှင့်တော့ နော်"

"နေပါဦးကွယ်၊ မေးပါရစေဦး၊ ဒါ ဘာလုပ်တာလဲ သမီး"



ဂမုန်းက သေတ္တာဖုံးကို တဘုတ်ဘုတ်ရိုက်ရင်း ပြုံး လိုက်မိသည်။

"ပြန်တော့မယ်လေ မေမေ"

"ဟဲ့ ... အလိုတော်၊ ကောက်ကာငင်ကာကြီး၊ ဘာလို့ မေမေတို့ကို အရိပ်အမြွက်လေးတောင် မပြောပြခဲ့တာလဲ၊ မေ့သမီးကတော့လေ မထင်မှတ်တာတွေ လုပ်တတ်လွန်းလို့ မိဘတွေတောင် မျက်စိလည်ရတယ်ကွယ် ...

ဘာလဲ ... တွေး ပြန်ခေါ်နေပြီလား"

"ဟုတ်ပါဘူး မေမေရယ်၊ သမီး ဒီမှာ အနားယူလို့ဝပြီ၊ ပြန်ဖို့သင့်ပြီလေ၊ ဟိုမှာ လုပ်စရာရှိတာတွေ ထပ်လုပ်ရ ဦးမယ်"

မေမေက ဂမုန်းဆံပင်လေးများကို ဖွဖွသပ်ပေးကာ ...

"အင်း ... တစ်နှစ်ဆိုတဲ့ အချိန်က ဒီလောက်တောင်အကုန် မြန်သလားကွယ်၊ သမီးတက်ချင်တဲ့ သင်တန်းတွေ၊ ဒီပလိုမာ စာမေးပွဲတွေ အကုန်ဖြေပြီးရင်တော့ မေမေတို့နဲ့ပဲ အတူတူ နေနိုင်အောင် ကြိုးစားတော့နော် ... သမီး"

"စိတ်ချပါ မေမေ"

"လေယာဉ်လက်မှတ်ရော အဆင်သင့် ဖြစ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတစ်ယောက် အားလုံးလိုက်လုပ်ပေးထားတယ် မေမေ၊ သန်ဘက်ခါ ထွက်ဖြစ်မယ်၊ ဖေဖေနဲ့ မေမေ ကျန်းမာရေး ဂရုစိုက်နော်"

"အေးပါကွယ်၊ ဒါနဲ့ သမီးဖေဖေရော ဒီကိစ္စ သိပြီးပြီလား"

"ဟင့်အင်း ... ညကျမှ မေမေ ပြောပြလိုက်တော့"

မေမေက တစ်ချက်တိုးဆန်ပြီး လုပ်ချင်ရာလုပ်တတ်သည့် ဂမုန်း အကျင့်ကို သိထားသို့ပီပီ ဆက်မပြောနိုင်တော့ဟန်ဖြင့် ...

"ကဲ ... ကဲ၊ မယ်ဂမုန်းရိပ်ကိုတော့ တကယ်ကို ဆလံသပါတယ်၊ ခုလောလောဆယ် dinner စားရအောင် ... လာ"

"သမီး မဆာသေးဘူး မေမေ၊ နောက်မှစားပါ့မယ်"

"သိပ်အဆာမခံနဲ့နော် သမီး၊ ဪ ... ညနေကတောင် ကြူကြူဖုန်းဆက်သေးတယ်၊ မနက်ဖြန်ကျရင် သံချို့ တစ်မှန် ပြည့် ဘုန်းကြီးဆွမ်းကပ်မယ်တဲ့၊ အဲဒါ လှမ်းပြောတာ ..."

သမီးလည်း လတိုင်းမပျက်မကွက် သွားနေကျဆို တော့ မနက်ဖြန် နှုတ်ဆက်တဲ့အနေနဲ့ သွားလိုက်ဦးနော်"

ဂမုန်းက လေးပင်စွာ ခေါင်းညိတ်ပြမိသည်၊ ရင်ထဲ မှာတော့ သိပ်သည်းကျစ်လျစ်မှုတွေ အုံဖွဲ့စုစည်းကာ မွန်းကျပ်နေ





ပါသည်။ မနက်ဖြန် April 1 day ။ ဂမုန်းနဲ့ သံချို့ကို အပြီး တိုင် ဝေးကွာစေခဲ့သော အကျည်းတန်နေ့တစ်နေ့ ဖြစ်သည်။

ဂမုန်း ခုချိန်ထိ ကိုယ့်ကိုယ်ကိုယ် နောင်တမရမိ သေး။

နောင်တမရသလို အမှား၊ အမှန်လည်း တိတိကျကျ မဝေခွဲနိုင်သေးပါ။

ဂမုန်းသည် Wall Paper ပေါ် တင်ထားသည့် သူ့ ဓာတ်ပုံကို စက္ကန့်ပိုင်းမျှကြာအောင် စိုက်ကြည့်ပြီး သူ့ဆီ ဖုန်းခေါ် လိုက်ပါသည်။

သူ့ကို စကားတွေအများကြီး ပြောချင်နေခြင်းက လည်း ခုချိန်မှာ ထူးဆန်းလှသည့် ခံစားချက်တစ်ခု ဖြစ်နေသည်။

ခဏကြာတော့ သူ့ထူးသံချိုချိုကို ကြားလိုက်ရသည်။

"မုန်းလေး"

"ကို ... အခု ဘာတွေလုပ်နေလဲဟင်"

"ကိုယ်လား ... မနက်ဖြန် မုန်းနဲ့ ခုစပ်ရတော့မယ့် အကြောင်း ကြိုတွေးပြီး ရင်ခုန်နေတာ၊ ဒါပေမဲ့ စိတ်ထဲမှာ နည်းနည်းလေးနေတယ် မုန်းရာ"

"ဘာဖြစ်လို့လဲဟင် ... ကို"

www.burmeseclassic.com



သူ့ဆီက သက်ပြင်းရှိုက်သံတစ်ချက် ကြားရပြီးနောက် ...

"မနက်ဖြန်က သူဆုံးတာ တစ်နှစ်ပြည့်နေ့လေ၊ ကိုယ်ဝမ်းနည်းတစ်ဝက်၊ ပျော်တစ်ဝက် ခံစားနေရတာ၊ အပြည့်အဝ မပျော်ရဲဘူး"

"ကျွန်မအပေါ်မှာရော ကို စိတ်မပြောင်းသေးဘူးလားဟင်"

"ဟာ ... ဒါတော့ လုံးဝ sure ပဲ၊ ကိုယ် မုန်းကို တစ်စက္ကန့်ပြီး တစ်စက္ကန့် ပို့ပိုင်ဆိုင်ချင်လာတာပဲရှိတယ်၊ ကိုယ် ဖြစ်နိုင်ရင် မင်းကို ခုချက်ချင်း လက်ထပ်ပစ်လိုက်ချင်တယ် မုန်းရယ်၊ တကယ် ပြောတာပါ"

ဂမုန်း နာကျင်စွာ အံကြိတ်လိုက်မိသည်။ ကျွန်မကို ချစ်ရုံချစ်ပါ ဝက်ပါ။ ခွင့်လွှတ်ဖို့တော့ ဘယ်တော့မှ မကြိုးစားပါနဲ့။

ကျွန်မ အချစ်ဆုံး သူငယ်ချင်းအတွက် ရှင့်ကို အနနည်းသုံးပြီး ရက်စက်ခဲ့ပါရစေ။

သူက ဂမုန်း အသံတိတ်နေတာကို ရိပ်မိပုံရသည်။

"မုန်း ... ဘာမှလဲ ဟုတ်တိပတ်တိ မပြောဘူး၊ ညကျရင် ဖုန်းဆက်ပြီး စကားတွေအများကြီး ပြောမယ်ဆို"

"ဘာပြောရမလဲ စဉ်းစားနေတာပါ"





"ကိုယ့်ကိုချစ်တဲ့အကြောင်းပြော၊ နားထောင်ချင်တယ်"

"အဲဒီစကားက ပါးစပ်ကပြောနေရုံနဲ့ လုံလောက်မယ်ထင်လို့လား ကိုရယ်၊ ကျွန်မက ကို့ကို ပြောမပြတတ်အောင် ချစ်တာပါ"

"ဟား ... ရီလာကိုစတာကြီး စီးလိုက်ရသလိုပဲ၊ ရင်ထဲမှာ အေးခနဲဖြစ်သွားပြီ မုန်းရယ်၊ ကိုယ် ချစ်လိုက်တာ"

"ကို ... ကျွန်မကို စိတ်ကူးထဲမှာ ခဏလောက် မုန်းကြည့်လိုက်ပါလားဟင်"

ဂမုန်းစကားကြောင့် သူက အနည်းငယ် အံ့အားသင့်သွားပုံရသည်။ တော်တော်နှင့် ခွန်းတုံ့မပြန်ဘဲ တိတ်ဆိတ်နေပါသည်။ ခဏကြာမှ ...

"မုန်း ... ကိုယ့်ကို ဘာလို့ ဒီလိုပြောတာလဲဟင်"

ဟု မေးသည်။

"သဘောပြောပြတာပါ၊ ဥပမာ မင်းသားနဲ့ မင်းသမီး အရမ်းမုန်းတဲ့အခန်း ရိုက်သလိုပေါ့၊ အပြင်မှာ မမုန်းပေမယ့် ဇာတ်ရုပ်သဘောအရ မုန်းပြရတယ်လေ ...

ကို အဲသလို ခဏလောက် သရုပ်ဆောင်ကြည့်လိုက်ပါလား"

"That is impossible for me"

www.burmeseclassic.com



"ကိုကလည်း တကယ်မဟုတ်ပါဘူးဆို"

"ဆက်မပြောနဲ့တော့ မုန်းရယ်၊ ကိုယ် မင်းကို မုန်းကြည့်ဖို့ဆိုတာ အဆိပ်တစ်ခွက်သောက်ဖို့ထက်တောင် ပိုခက်ခဲနေလိမ့်မယ်၊ ကျေးဇူးပြုပြီး အဲဒီစကားကို ပြန်ရုပ်သိမ်းပေးပါ"

ဂမုန်းသည် သူ့နောက်ကွယ်မှာ တိတ်တိတ်လေးနိုးကျလာသော မျက်ရည်စများကို လက်ခုံဖြင့် အသာတို့သုတ်လိုက်မိသည်။

သူ့ဝန်ခံစကားဟာ ဂမုန်း နှလုံးသားကို အပ်အစင်းပေါင်းများစွာ ထိုးစိုက်ခံရသလို တစစ်စစ်နှင့် စူးရှနာကျင်စေပါသည်။

"ကို"

"ပြောလေ မုန်း"

"ကျွန်မ ... ကျွန်မလေ"

ဂမုန်း လည်ချောင်းဝကို တစ်စုံတစ်ရာနှင့် ပိတ်ဆို့တားဆီးလိုက်သည့်နှယ်။

"ဘာ ... ဘာဖြစ်လို့လဲဟင် မုန်း၊ ပြောလေကွာ"

"ကျွန်မလေ ကို ... ကို့ကို အရမ်းချစ်ပါတယ်"

"ဒါကို ကိုယ်သိတယ် မုန်းရဲ့၊ ချစ်သူ ကိုယ့်ကို တကယ်ချစ်,မချစ်ဆိုတာ ကိုယ်တိုင်ခံစားပြီး သိနိုင်တယ်၊ ကိုယ်လည်း အတူတူပဲပေါ့ ...





ကိုယ်တို့ မခွဲရတော့ပါဘူး မုန်းရယ်၊ အချိန်ခဏလေးပဲ လိုတော့တာ၊ အားတင်းထားနော် ...

ကိုယ် အခု မနက်ဖြန်ပွဲတက်ဖို့ စတစ်ကော်လာအင်္ကျီဖြူနဲ့ ပိုးပုဆိုးရာနေတာ သိလား၊ တစ်သက်နဲ့တစ်ကိုယ် ခုလို လူကြီးဆန်ဆန် တစ်ခါမှ မဝတ်ခဲ့ဖူးတော့ စိတ်ထဲရှက်သလိုလိုတောင် ဖြစ်နေတယ် ... အဟဲ၊ မနက်ဖြန် ကိုယ် ဂိုက်ပေးကြမ်းတဲ့ပုံနဲ့ ရောက်လာမယ်နော် ... မုန်း"

" ......... "

"ဟိတ် ... ဘာလို့ တိတ်နေတာလဲ"

"ကျွန်မ ကို့ကို ဘာပြောရမှန်းမသိ ဖြစ်နေတာပါ"

"မုန်း အိပ်ချင်နေပြီလား"

"ကိုရေ"

"ကိုယ်ကတော့ ဖြစ်နိုင်ရင် မနက်မိုးလင်းတဲ့ထိ စကားတွေ ထိုင်ပြောချင်တာပေါ့၊ ဒါပေမဲ့ မုန်း ညဘက်အိပ်ရေးပျက်လို့ မနက်ဖြန် မိတ်ကပ်ပြင်ရင် မျက်နှာကြီး ချောင်နေလိမ့်မယ်၊ အိပ်ချင်အိပ်တော့လေ"

"ဒါ ... ဒါဆို ... ကျွန်မ ဖုန်းပိတ်လိုက်တော့မယ်နော် ကို၊ ကို့ကို အရမ်းချစ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဟားဟား ... ကိုယ့်မုန်းကတော့ ဒီညကျမှ ထူးဆန်းနေတယ်၊ ချစ်စကားတွေပဲ တဖွဖွ ပြောနေပါလားကွာ ...

ကဲ ... ကဲ၊ ကိုယ်လည်း same to you ပါနော်၊ ဘိုင့်"

ဂမုန်းသည် ဖုန်းကို တိခနဲ ပိတ်ချပြီး မျက်လုံးများကိုပါ မှေးမှိတ်ထားလိုက်ပါသည်။

ကျွတ် ... ဒီမျက်ရည်တွေကလည်း ကျပဲကျနိုင်လွန်း။ ဘယ်လိုများ ဖြစ်နေပါလိမ့်။ မငိုချင်ပါဘူး ဆိုကာမှ ရင်ထဲကလည်း နာကျင်နေလိုက်တာ အောင့်မျက်နေတာပဲ။


သံချို ... နင် ကျေနပ်တော့နော်။ ငါ နင့်အတွက် အကောင်းဆုံး ပြန်ပေးဆပ်ခဲ့ပြီးပြီ။

ဒါပေမဲ့ ငါ့မျက်ရည်တွေကို တားဆီးရပ်တန့်ပစ်နိုင်ဖို့ နင် ငါ့ကို နည်းလမ်းကောင်းလေး တစ်ခုလောက်တော့ ညွှန်ပေးပါဦး သူငယ်ချင်းရယ်။

ငါ့ရင်တွေ မချိအောင် နာနေလို့ပါ။

၀ ႏ ၀






www.burmeseclassic.com

www.burmeseclassic.com



“ငါ့သား … မင်းကြည့်ရတာ တော်တော်လေး Excited ဖြစ်နေသလိုပဲကွ၊ ဒါ စေ့စပ်ပွဲပဲ ရှိသေးတာနော်၊ မင်္ဂလာဆောင်ကျရင် ငါမြင်ယောင်ပါသေးတယ်၊ မင်း မျောက်အုန်းသီးရသလို ဖြစ်နေမှာပဲ”

သူက ခုချိန်မှာ ဖေဖေ့စကားအတွက်လည်း ထူးပြီးဖွေ့မယူမိချေ၊ တကယ်လည်း ဟုတ်နေတာကိုး။

ဖေဖေက သူ့ပခုံးကို တစ်ချက်ဖျစ်ညှစ်ကာ အားပေးသည်။ ခုချိန်မှာ သူက အေးကထိုင်စီးသူ ဖြစ်ပါသည်။ စိတ်လှုပ်ရှားလွန်းအားကြီး၍ သူ့မှာ ကားမောင်းဖို့ပင် အခက်အခဲ ဖြစ်နေသည်မှာ ထူးဆန်းလှပေစွ။

“ဖေဖေ … ဝေမာ့ကို ခေါ်သေးတယ် သားရဲ့၊ မိထွေးဆိုပေမယ့် သူလည်း သားကို ချစ်ရှာတာပဲလေ၊ ဒါပေမဲ့ ခု



ကိစ္စမှာတော့ မင်း သူ့အတွက်နဲ့ အနှောင့်အယှက် ဖြစ်မှာစိုးလို့ဆိုပြီး ကျန်နေခဲ့တာ၊ ခုတော့ ဖေဖေ တစ်ယောက်တည်း စေ့စပ်ကြောင်းလမ်းရတော့မှာကွ”

ဟာ … သွားစမ်းပါ။ အဲဒီ ဒေါ်ဝေမာ ဆိုတာကြီးကိုလည်း သူ ခုချိန်မှာ သတိမရ၊ စိတ်မဝင်စားချင်။ သူ့ရင်ထဲမှာ လတ်တလော ရှိနေတာက အချစ်ဆုံးချစ်သူ “မုန်း”သာလျှင်ဖြစ်တော့သည်။ မုန်းရော ဘယ်လိုမျိုးလေး ပြင်ဆင်ထားမှာလဲ။ သူ တွေ့ရမှာ ရင်ခုန်လှပါဘိ။

မနက်က ထွက်လာခါနီး ဖုန်းဆက်တော့ ဖုန်းပိတ်ထားတာမို့ သူ မုန်းကို ဘာမှမပြောခဲ့ရပါ။ သူနဲ့အတူ နောက်ခန်းမှာထိုင်နေသော ရှေ့နေကြီးကပင် သူ့ပုံစံ ဂနာမငြိမ် ဖြစ်နေပုံကိုကြည့်ပြီး ဝင်အရွှန်းဖောက်သေးသည်။

“အန်ကယ်တို့လဲ မင်းတို့လို ခံစားခဲ့ရဖူးပါတယ် မောင်ရင်ရယ်၊ ရင်ခုန်ပြီး စိတ်လှုပ်ရှားလိုက်တာ ဘယ်ပြောကောင်းမလဲ၊ ဒါမျိုးဆိုတာ ဒီအရွယ်တိုင်းမှာ ဖြစ်တတ်ကြတဲ့သဘာဝပဲ၊ အန်ကယ် မင်းကိုလုံးဝနားလည်တယ် ဝက်ပါ”

သူက ရှေ့နေကြီးကို “အဟဲ”ဟုသာ တစ်ချက်ရယ်ပြလိုက်သည်။ ကိုးနာရီထိုးခါနီးလေ သူ့စိတ်တို့က မရိုးမရွှင်

www.burmeseclassic.com

www.burmeseclassic.com



ထူပူပြောင်းဆန်လာလေ ဖြစ်ပါသည်။ ဖေဖေ့ကားမောင်းနှုန်းကို လည်း အားမလို အားမရဖြစ်ကာ လှမ်းအပြစ်တင်လိုက်မိသေး သည်။

"မြန်မြန်မောင်းပါ ဖေဖေရာ၊ နောက်ကားတွေတောင် ကျော်တက်ကုန်ကြပြီ၊ နှေးလိုက်တာ"

"ခွေးကောင် ... ဒီလောက် အရှိန်မြှင့်ထားကာတောင် မင်း ဘယ်လိုဖြစ်နေတာလဲ၊ တော်တော်မွန်နေတယ် ... ဟုတ်လား"

"မဟုတ်ပါဘူးဗျာ"

"မဟုတ်ရင် ပါးစပ်ပိတ်ပြီးလိုက်ခဲ့ ... ဒါပဲ"

သူက ဓက်လေးပုကာ အမြီးကုပ်ပြီးသာ လိုက်ပါခဲ့ ရသည်။

ထိုသို့ခရီးနှင်ခဲ့ရာ မကြာမီ သူ့အချစ်နတ်သမီးလေး ဂမုန်းအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တော့သည်။

ခြံစောင့်ကြီး ဖွင့်ပေးသော တံခါးမှ ကားကိုအထဲ မောင်းဝင်ကာ ပေါ်တီကိုရှေ့ ထိုးရပ်ပြီးနောက် သူက ဘေးဘီ ဝန်းကျင်သို့ တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ စိတ်ထဲကြောက် သလိုလိုလည်း ဖြစ်နေတာမို့ သူ့ဖြစ်အင်ကို ရိပ်မိသော ဖေဖေက





"ကဲ ... သတ္တိခဲကောင်၊ ငါပဲ ရှေ့ကဦးဆောင်ဝင်တော့ မယ်၊ ဟုတ်ပြီလား"

ဟု ဆိုကာ ရှေ့နေကြီးနှင့်အတူ အိမ်ထဲအရင်ဝင် သွားပါသည်။ သူကတော့ နောက်မှ ကုပ်ချောင်းချောင်းနှင့်။

အထဲရောက်သော် ဖေဖေနှင့် အရွယ်မတိမ်းမယိမ်း ကွာသော အမျိုးသမီးကြီး တစ်ယောက်ကို တက်တင်းထိုးနေသော အနေအထားဖြင့် တွေ့လိုက်ရသည်။ ဟင် ! ဒီအန်တီကြီးက ဂမုန်းအမေ ဖြစ်မှာပဲ၊ သမီး စေ့စပ်မယ့်နေ့မှာ ဘာလို့ ဖြီးလိမ်း ပြင်ဆင်ထားခြင်း မရှိဘဲ အိမ်နေရင်း အဝတ်အစားနှင့် အေးအေး လူလူ ဖြစ်နေရတာလဲ။

ဝက်ပါက မုန်းနှင့် ခပ်ဆင်ဆင်တူသော အန်တီကြီး ကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေဆဲ။ ထိုအန်တီကြီးကလည်း သူတို့အုပ်စုကို အထူးအဆန်းသဖွယ် ပြန်ကြည့်ကာ ...

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"ဟု မေးသည်။ သူ့ရင်တွေ တလှပ်လှပ် လှုပ်မောတုန်ယင်ကာ မုန်းအရိပ်အယောင် ကို အမောတကော ရှာဖွေမိသည်။ မုန်း ... ဘယ်မှာလဲ။ တကယ် ဆို စေ့စပ်တော့မယ့်ဆဲဆဲ သတို့သမီးလောင်းတစ်ယောက်ရဲ့အိမ် ဟာ အနည်းနဲ့အများတော့ ပြောင်းလဲသက်ဝင်နေရမှာ မဟုတ်ဘူး လား။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အခြေအနေတစ်ခုကို ရိပ်စားမိပုံဖြင့် သူ့မျက်နှာကို အဓိပ္ပာယ်တစ်မျိုးဖြင့် လှမ်းကြည့်ကာ အန်တီကြီးနှင့် စကားပြောဖို့ ရင်ဆိုင်လိုက်သည်။

"ဟို ... ဒီက ညီမရဲ့သမီးကို ကျွန်တော့်သား ဝက်ပါက တောင်းရမ်းဖို့ လူကြီးစုံရာနဲ့ လာခဲ့တာပါ၊ သူတို့ လူငယ်ချင်း မေတ္တာမျှနေကြတာလည်း တော်တော်ကြာပါပြီ ...

ပြီးတော့ သမီးကလည်း သူ့မိဘတွေဘက်က သဘောတူထားပြီးပြီလို့ ကျွန်တော်တို့ သိထားပါတယ်၊ ဒီနေ့ စေ့စပ် ..."

"ခ ... ခဏလေးပါရှင်၊ ကျွန် ... ကျွန်မ သိပ်နားမလည်လို့ပါ၊ ကျွန်မသမီးကို ဒီက လူကြီးမင်းရဲ့သားက ..."

"လာတောင်းတာပါ၊ သားနဲ့ သမီးကလည်း ချစ်သူတွေဖြစ်နေကြတာ တော်တော်ကြာပြီဆိုတော့ အခု ကျွန်တော်တို့ဘက်က မိဘားဖသားပီပီ စေ့စပ်ကြောင်းလမ်းဖို့ လာတာပါ"

ဖေဖေ့ ချက်ကျလက်ကျ ရှင်းပြမှုအဆုံးမှာ ဂမုန်းမေမေရဲ့မျက်နှာပေါ် အရိပ်တစ်မျိုး ဖြတ်ပြေးသွားသည်။ သူကတော့ အလုပ်မရှိ အလုပ်ရှာသလိုနှင့် လက်ဖဝါးနှစ်ဖက်ကိုသာ တရှမ်းရှမ်း ပွတ်နေမိတော့သည်။ လတ်တလော စိတ်လှုပ်ရှားမှု ပြေပျောက်စေရန် ဖြစ်ပါသည်။





မုန်း ... ကျေးဇူးပြုပြီး ကိုယ့်ကို April fool တော့ မလုပ်လိုက်ပါနဲ့ကွာ။

သူဟာ ခုချိန်မှာ အခြေအနေတစ်ခုကို လက်ခံချင်သလိုလို၊ လက်လည်း လက်မခံရဲသလိုလို ဘာမှန်းမသိသည့် အပူထုကြီးတစ်ခု ရင်ထဲနေရာယူနေသည်။ ထိုခံစားချက်က အတော်လေး ဆိုးဝါးလှပါသည်။

"ဒီက လူကြီးမင်းတို့ တစ်ခုခုတော့ လွဲနေပြီထင်ပါတယ်ရှင်၊ ကျွန်မသမီး ဂမုန်းရိပ်မှာ ချစ်သူရှိတယ်လို့ တစ်ခါမှ မသိခဲ့ရဘူး၊ ပြီးတော့ စေ့စပ်ဖို့ကိစ္စတွေ အဲဒါလည်း ကျွန်မ တကယ်ကို နားမလည်ပါဘူး ...

သား ... မင်းကိုတော့ အန်တီ မြင်မြင်ချင်း ခင်မင်စိတ် ဝင်မိပါတယ်၊ ဒါပေမဲ့ အန်တီ့သမီးက သားရဲ့ချစ်သူဆိုတာတော့ ... ဟို ..."

သူ့နှလုံးခုန်သံတွေ ကြောက်စရာကောင်းလောက်အောင် တုံ့ရပ်သွားသလိုပင်။

သူ နားကြားများ လွဲသွားတာလား။ ဘုရား ... ဆိုးဝါးသော အပြောင်းအလဲကြီး တစ်ခုကို သူ နာကျင်စွာ လက်သင့်မခံပါရစေနဲ့။ မုန်း သူ့ကို နောက်နေတာပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မုန်းရေ ... ကိုယ်ယောင်ဖျောက်နေရင်လည်း အမြန်ဆုံးထွက်ခဲ့ပါတော့ကွာ။ ကိုယ် တကယ်ကို ရူးရတော့မှာပါ။

နောက်ဆုံးတော့ သူ အသက်ဝဝရှူကာ ဂမုန်းမေမေနှင့် တည့်တည့် မျက်နှာချင်းဆိုင်လိုက်သည်။ သူ တိကျပြတ်သားသော အဖြေတစ်ခုကို သိချင်စိတ် ပြင်းပြနေခဲ့ပြီ။

"ကျွန်တော် အခု မုန်းနဲ့တွေ့လို့ ရမလား အန်တီ၊ သူ ဘယ်မှာလဲဟင်၊ သူ့ကို ခုချက်ချင်း တွေ့ရမှ ဖြစ်မှာပါ"

"သူ့သူငယ်ချင်းဆုံးတဲ့ တစ်နှစ်ပြည့် ဆွမ်းကျွေးသွားတယ်သားရဲ့၊ မနက်ဖြန် သူ ဂျပန်ပြန်မှာဆိုတော့ သူငယ်ချင်းရဲ့မိဘတွေကိုလည်း နှုတ်ဆက်ရင်း သွားလည်တာ"

"ဗျာ !!"

သူ့အသိစိတ်တွေ လွတ်ခနဲ လွင့်မျောသွားသည်။ သူ့မြင်ကွင်းထဲမှာ အမှောင်ထုကြီးတစ်ခု ဖုံးလွှမ်းကာ နလုံးသားတစ်ခုသည်လည်း တစ်ပိုင်းစီ တစ်စစီ တရိရိ တမြည့်မြည့်။

သွားပြီ ... သူ လုလုပပကြီး April Fool လုပ်ခံလိုက်ရပြီ။

အန်တီ ဆက်ပြောပြသော အကြောင်းအရာများက သူ့နားထဲ မဝင်တစ်ချက်၊ ဝင်တစ်ချက်။





"သမီးက ဂျပန်မှာ ဗိသုကာကျောင်းဆက်တက်နေတာလေ၊ ပြီးနှစ် April တုန်းက သူ့အချစ်ဆုံးသူငယ်ချင်း သဲချိုညောင်းဆိုတဲ့ ကောင်မလေး ရုတ်တရက် ကား Accident ဖြစ်လို့ ဆုံးသွားတာ၊ အဲဒီအသုဘအမီ သူ ပြန်လာတာ၊ ပြီးတော့ မြန်မာပြည်မှာ နေဦးမယ်ဆိုပြီး တစ်နှစ်လောက် အနားယူနေတာ ...

သမီးက တစ်ခါတလေကျရင် မိဘတွေတောင် လိုက်မမီနိုင်လောက်အောင် ဉာဏ်များလွန်းတယ်ကွယ်၊ အဲ ... မနေ့ညကမှ သူ ကောက်ကာငင်ကာကြီး ဂျပန်ပြန်တော့မယ်ဆိုတဲ့အကြောင်း ထပြောပြတာ၊ လေယာဉ်လက်မှတ်တွေတောင် အဆင်သင့် ဖြစ်နေပြီတဲ့ ...

ဒါနဲ့ သားနဲ့ကရော ဘယ်တုန်းက ပတ်သက်ခဲ့တာလဲ၊ ကြည့်ရတာ အန်တီ့ကို ဒီကိစ္စကျတော့ အသိမပေးဘဲ ချန်ထားချင်လို့လား မသိဘူး"

သူက မျက်စိမျက်နှာပျက်နေပြီဖြစ်သော မေမေနှင့် ရှေ့နေကြီးရဲ့ စူးစမ်းမျက်ဝန်းများကို မတတ်သာစွာ ဥပေက္ခာပြုရင်း ဂမုန်းနဲ့စတွေ့ချိန်မှ ယနေ့အချိန်ထိ ဆုံစည်းပတ်သက်သည်ကို အတိုချုံး ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံးကတော့ နာကျင်လွန်း၍ မွမွကြေနေရပြီ။

"အင်း ... သားပြောပုံအရဆို အန်တီ့သမီးက တော်တော်လေးကို နားမလည်ချင်စရာ ဖြစ်နေပြီကွယ်၊ အန်တီလည်း ဘာပြန်ပြောရမှန်းကို မသိတော့ဘူး ...

နေဦး ... သားနာမည်က ဝက်ပါနော်၊ ဒီနာမည် ... ဒီနာမည် ... ဪ ... မှတ်မိပြီ၊ သားက ဝေမာရဲ့ Stepson ဆိုတာမျိုးလား၊ ဟိုးတလောက ဝေမာ ရန်ကုန်လာတုန်း အန်တီ့ဆီ ဝင်လည်တော့ ဒီနာမည်ပြောတာ မှတ်မိတယ်"

သူ ဘာမှပြန်မပြောနိုင်ခင် ဖေဖေက ပွဲဝင်ထိန်းလိုက်ပါသည်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ၊ အဲဒီတုန်းက ဝေမာ သူ့သူငယ်ချင်းအိမ် သွားမယ်လို့ပြောတာ ဒီကညီမအိမ် ဖြစ်နေတာကိုး"

"ဟုတ်ပါ့ရှင်၊ ကြည့်စမ်းပါဦး၊ အခု ဝေမာရော မပါဘူးလား"

"သူ ဟိုမှာ အလုပ်နည်းနည်းရှုပ်နေလို့ ကျန်ခဲ့တယ်"





ဖေဖေနှင့် ဂမုန်းမေမေက ဆက်လက် လေပေးဖြောင့်နေဆဲ။

နောက်ဆုံး သူ ဘယ်လိုမှ သည်းမခံနိုင်တော့စွာ လူကြီးတွေကို အားနာပါးနာပင် နှုတ်မဆက်နိုင်ဘဲ နေရာမှ တစ်ချိုးတည်း လစ်ပြေးလာခဲ့မိသည်။

ဖေဖေက "သား ..."ဟု လှမ်းအော်ပြီး ကျန်ခဲ့ပါသည်။

ဖြစ်နိုင်လျှင် သူ မိုးကုတ်စက်ဝိုင်း အစွန်းတစ်ဖက်သို့ရောက်အောင် မနားတမ်း ပြေးချင်သည်။

လမ်းတစ်ဝက် အရောက်မှာ ဝတ်လာသော ပိုးပုဆိုးက ကျွတ်ကျတာမို့ သူ စိတ်ရှိလက်ရှိ ဆွဲချွတ်ပစ်လိုက်သည်။

သွားစမ်း ... ဒီစတစ်ကော်လာအကျႌဖြူပါ ဟိုးအဝေးဆုံးကို။

နောက်ဆုံး မြင်းခေါင်းစွပ်ကျယ်ဖြူလေးနှင့် အောက် ဒူးအထက် ကာတွန်းရုပ်ဘောင်းဘီတိုသာ သူ့ကိုယ်ပေါ်ကျန်သည်။ သူ့ပုံစံကို လမ်းပေါ်က လူတချို့ ကွက်ကြည့် ကွက်ကြည့်နှင့် စူးစမ်းသွားကြတာကိုလည်း ဂရုမစိုက်မိ။

သူ ခြေဦးတည့်ရာ လျှောက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လှုပ်ရှားပြောင်းဆန်နေသော သူ့စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထိန်းကာ ဖြိုးဝေ ဆိုင်ရှိရာသို့ တက္ကစီငှားပြီး ရောက်လာခဲ့တော့သည်။

ဖြိုးဝေက သူ့ဒီဇိုင်းကိုမြင်သော် မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့် ကြိုဆိုလေသည်။

"ဟာ ... ဟေ့ကောင် ... သားကြီး၊ မင်း ဘယ်လိုဖြစ်လာတာလဲ၊ ကြည့်စမ်း ... ငါ တကယ်အလုပ်မအားလို့ မင်းပွဲကို မလိုက်ဖြစ်တာပါကွာ၊ ငါလည်း ဂမုန်းရိပ်ကို တွေ့ချင်တာ အမှန်ပါ ...

မင်း ငါ့ကို ဒါမျိုးတော့ ပြန်မနောက်ပါနဲ့"

"ဖြိုးကြီး"

"အေး ... ပြော"

"ငါ အပေါ်ထပ် မင်း အခန်းကို ဒီနေ့တစ်နေ့လုံးစာ ငှားလိုက်မယ်၊ တစ်ယောက်တည်း နေချင်လို့ ငါ့ကိုဘာအကြောင်းကြောင့်နဲ့မှ လာမခေါ်ပါနဲ့"

"ဟာ ... ဟေ့ကောင်၊ ဘာဖြစ်တာလဲ၊ ပြောဦးလေ"

သူ ဖြိုးဝေ အော်မေးသံကို မျက်ကွယ်ပြုပြီး အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။





အခန်းထဲရောက်တော့ ခုတင်ပေါ် ပစ်လှဲကာ ခေါင်းအုံးနှင့် မျက်နှာအပ်ထားမိပါသည်။

ခုချိန်မှာ သူ ဘာအတွေးမှ မတွေးချင်၊ ဘာအသံမှ မကြားချင်၊ ဘာစကားမှ မဆိုချင်။

သို့သော် မငိုချင်ပဲ ကျလာရသည့် မျက်ရည်တစ်စက်ကိုတော့ ဖယ်ရှားပစ်ဖို့ မေ့လျော့နေတော့သည်။

○ ❢ ○

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေ တည်ငြိမ်စပြုလာသောအချိန်မှာ ဖုန်းနံပါတ်တစ်ခုကို ဖြည်းဖြည်းချင်း နှိပ်လိုက်သည်။

ကွင်းဆက်တွေ အားလုံးကို သူ အတော်အတန် ချိတ်ဆက်သဘောပေါက် နားလည်သွားပြီ ဆိုပေမယ့် တစ်စုံတစ်ယောက်ဆီမှ ဖွင့်ဟဝန်ခံချက်ကိုတော့ မျှော်လင့်ချက်တစ်ခုဖြင့် နားဆင်ချင်သေးသည်။

သူ့အဖြစ်က နောက်ဆုံးစားချက်ကို မိုက်မိုက်မဲမဲ ဆက်လက် စောင့်စားနေသည့် တရားခံတစ်ယောက်လိုပင်။

အဆုံးမရှိ နာကျင်မှုရှမှာ ကျိန်းသေ သိနေသော်လည်း လည်စင်းပေးချင်နေမိဆဲ။

သူမက သူ တစ်နေ့လုံး ဆက်တိုက်ခေါ်သမျှ missed calls တွေကို ပြတ်ပြတ်သားသားပင် ကျော်ခိုင်းထားသည်။ လုံးဝပြန်မကိုင်ပါ။



နောက်ဆုံးတော့ ...

"မုန်း ... ကိုယ် အကြောင်းစုံ သိပြီးပါပြီ၊ တစ်ခုခုကိုလည်း ပြက်ပြက်ထင်ထင် သဘောပေါက်လိုက်ပါပြီ၊ ဒါပေမဲ့ မင်းကိုတော့ မေးခွန်းတချို့ မေးချင်သေးတယ်၊ အခု ကိုယ် မင်းကို အရမ်းတွေ့ချင်နေတယ်၊ ကျေးဇူးပြုပြီး ကိုယ့်ကို ဆက်သွယ်ပါ"

ဟူသော message တချို့ ချန်ရစ်ကာ ရင်မောမောနှင့် စောင့်နေမိပါသည်။

မုန်းကို သူ ခုချိန်ထိ ချစ်နေဆဲဖြစ်သည်။

သူ့အပေါ် April fool လုပ်ရက်သော ချစ်သူကို နားလည်ရခက်နေတာလေး တစ်ခုကလွဲလို့ သူ့ချစ်ခြင်းများက အရင်အတိုင်း မယုတ်မလျော့ တည်မြဲနေဆဲ။

ပြီးတော့ သူ ကွန်ပျူတာကိုလည်း တစ်ချိန်လုံး ဖွင့်ထားမိသေးသည်။ မုန်း online ပေါ်များ ရောက်လာလေမလားဆိုသည့် မျှော်လင့်ချက်က သူ့ရင်ထဲ အပြည့်အသိပ် နေရာယူလျက် ရှိပါသည်။

mail တွေလည်း မရေမတွက်နိုင်အောင် ပို့ထားမိသည်။ message တိုလေးတွေလည်း ပလူပျံလျက်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က မုန်းနှင့်တွေ့ခွင့်ရဖို့ နည်းလမ်းအမျိုးမျိုးရှာပြီး ကြိုးစားနေမိသည်မှာ မိနစ်လက်တံတွေ တရွေ့ရွေ့ပြောင်းလဲလာချိန်ထိပဲ ဖြစ်သည်။

မုန်း ... အချိန်တွေ သိပ်မကျန်တော့ဘူး။

ကိုယ့်ကို နောက်ဆုံးအခွင့်အရေးလေးတော့ ပေးပါ။ မင်းဆီက အစိမ်းရောင်စကားလုံးလေးတစ်လုံးပဲဖြစ်ဖြစ် နောက်ဆုံးအနေနဲ့ လက်ဆောင်ပြန်ပေးခဲ့ပါ။

ဒီလိုအနေအထားမျိုးကြီးနဲ့ ချောင်ပိတ်အကျဉ်းချခံထားရတဲ့ ကိုယ့်ဘဝဟာ ရှင်ရက်နဲ့ သေနေရသူလိုပဲ။ ကျေးဇူးပြုပြီး ကိုယ့်ကို ဒီအခြေအနေဆိုးကြီးထဲက လွတ်မြောက်ခွင့်ပေးပါ။ ရုန်းထွက်ခွင့်ပေးပါ မုန်းရယ်။

၀ း ၀



တစ်နေ့ကုန် ဘာမှမစားမသောက်ဘဲ အိပ်ရာထဲ ခွေခေါက်ပုံလဲနေသော သူ့ကို ဖြိုးဝေကလည်း အလိုက်သိစွာ ဘာမှ လာမမေး။ သူလည်း ငြိမ်မြဲအတိုင်း ဆက်နေရင်း တစ်နေ့ကုန်လုဆဲဆဲ အချိန်သို့ ရောက်လာသည်။

ဖေဖေကတော့ သူ့ဆီ အဆက်မပြတ် ဖုန်းခေါ်ရှာသည်။ သို့သော် ... "ကျွန်တော့်အတွက် ဘာမှမပူပါနဲ့၊ အခု ဖြိုးဝေနဲ့အတူ ရှိနေပါတယ်"ဆိုသော သူ့ message ပြန်ပို့လိုက်မှ အဖေ စိတ်အေးသွားပုံရကာ ထပ်မခေါ်တော့ချေ။

နေမထိ ထိုင်မသာ လိမ်ဖယ်ဖယ်နှင့် နာရီပေါင်းများစွာကို ကုန်ဆုံးစေခဲ့သော သူ့အတွက် ညဆယ်နာရီတိတိ အချိန်မှာ တစ်ဘဝလုံးစာ ပြောင်းလဲစေမည့် phone ကော(လ်)တစ်ခုကို လက်ခံရရှိခဲ့ပါသည်။

www.burmeseclassic.com



သူက Display ပေါ်မှ Mone ဆိုသည့် စာတန်းလေးကို အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ မရဲတရဲ ဖွင့်လိုက်သည်။

"ဟယ်လို"

"ဝက်ပါလား"

ဟင့်အင်း ... ကိုယ်ကြားချင်တာ ဒီအခေါ်အခေါ် မဟုတ်ဘူးလေ မုန်းရယ်။ အရင်တုန်းက "ကို"ဆိုတဲ့ အသံလေး ဘယ်ရောက်သွားပြီလဲ။

"မုန်း"

"ကျွန်မ အရင်ဆုံး တောင်းပန်ပါတယ်"

"ဒီစကားအပြင် တခြားပြောစရာ မရှိတော့ဘူးလား မုန်း ကိုယ် အဖြစ်အပျက် အစအဆုံးကို ဒီ့ထက်ပိုပြီး စုံစုံလင်လင် သိပါရစေ"

"စိတ်ချပါ၊ ကျွန်မဘက်ကလည်း အားလုံးကို ရှင်းပြချင်လို့ နောက်ဆုံးအကြိမ် ဆက်လိုက်တာပါ"

သူ့ရင်ထဲ ခါးသက်ပူလောင်သွားရသည်။ မင်း အတွက် နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်နိုင်ပေမယ့် ကိုယ့် အတွက်ကတော့ ဘယ်အချိန်ပြီးဆုံးမယ်မှန်း မသိနိုင်တဲ့ အကျည်းတန် အဆုံးသတ်ပါ ချစ်သူရယ်။





"ကျွန်မ ရှင့်ကို video ရိုက်ထားတဲ့ ပုံတချို့ ဖုန်းထဲက နေ လှမ်းပို့လိုက်မယ်နော်၊ အဲဒါ ကြည့်ပြီးမှ ပြောစရာရှိတာ ဆက်ပြောပါ့မယ်"

သူက မကြာမီမှာ သူ့ဖုန်းထဲ ရောက်လာသောပုံများကို ကြည့်ကာ ကြက်သေ သေသွားမိသည်။

လှပစွာ ပြင်ဆင်ထားသည့် Funeral တစ်ခု၊ သို့ပေမယ့် အလောင်းကတော့ ရုပ်ပျက်ဆင်းပျက်ဖြင့် မြင်မကောင်း ရှုမကောင်း၊ အသုဘပို့လာကြသော ညှော်ပရိသတ်ထုထည်ကလည်း မနည်းမနောပင်။

ဒါဟာ သူကိုယ်တိုင် ရေဝေးခန်းမရှေ့သို့ လိုက်ပါပို့ဆောင်ခဲ့သည့် သံချိုညောင်းရဲ့ Funeral ပဲပေါ့။ ပြီးတော့ အလောင်းပြင်ထားသည့် မှန်ခေါင်းရုပ်ကလာပ်နားမှာ ရပ်နေသည့် မိန်းကလေးတစ်ဦး။

သူမက သေသူရဲ့မျက်နှာကို စူးစူးနစ်နစ် စိုက်ကြည့်ကာ တစ်စုံတစ်ရာ ပွစိပွစိ ရေရွတ်နေသည်။ သူမမျက်ဝန်းတွေကတော့ အကြေကွဲဆုံး နာကျင်နိမ့်မြန်းနေကြတော့သည်။

သူ ဆက်ကြည့်နိုင်စွမ်း မရှိတော့ပါ။

"ဝက်ပါ ... ရှင် အားလုံး တွေ့ပြီးပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"မုန်း ကိုယ့်ကို ပြောချင်တာတွေ ဆက်တိုက်ပြောချပေးပါ၊ ဒါပေမဲ့ ပြန်ပြီးတော့ မေးခွန်းမထုတ်ပါနဲ့၊ ကိုယ် ခုချိန်မှာ ဘာကိုမှ တုံ့ပြန်နိုင်စွမ်း မရှိလို့ပါ"

"ကောင်းပါပြီ၊ ဒါဆို ကျွန်မ လိုတိုရှင်းပဲ ပြောပါမယ်၊ သံချို့နဲ့ ကျွန်မက တစ်ဆောင်ရုံတည်းမှာ အခန်းချင်းကပ်ရပ် အမေနှစ်ယောက်က မွေးလာခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်းတွေပါ၊ ငယ်ငယ်ကတည်းက စားအတူ၊ သွားအတူ၊ အိပ်အတူ ဘာလုပ်လုပ် အတူတူ အဲလိုသံယောဇဉ်မျိုးနဲ့ နေခဲ့ကြတဲ့ နှစ်ကိုယ့်တစ်စိတ် နီးစပ်သူတွေပေါ့ ...

ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ type တွေကတော့ သိပ်မတူခဲ့ဘူး၊ ဒီအကြောင်းကိုတော့ ကျွန်မ ပြောပြစရာမလိုဘဲ ရှင် နားလည်မှာပါ၊ ဘာလို့လဲဆိုတော့ ရှင်က ကျွန်မတို့နှစ်ယောက်စလုံးနဲ့ ထဲထဲဝင်ဝင် ပတ်သက်ခဲ့ဖူးတဲ့သူ ဖြစ်နေတယ်လေ ...

ကျွန်မ အရမ်းချစ်ရတဲ့ သူငယ်ချင်းရဲ့ရင်ထဲမှာ ရှင် နေရာယူပြီးတဲ့ အချိန်ကစပြီး အနေအထားတွေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့တယ်၊ သူ ရှင့်ကို အရမ်းချစ်ခဲ့တယ် ဝက်ပါ၊ ရှင့်အတွက် သိပ်ကို မျှော်လင့်ခဲ့တယ်၊ ရူးသွပ်ခဲ့တယ် ...





ရှင်နဲ့အတူ နေရရင် ကမ္ဘာကြီးထဲစ်ခုလုံးကိုတောင် မေ့လျော့ပစ်နိုင်စွမ်း သူ့မှာရှိခဲ့တယ်၊ အဲဒါကြောင့်လည်း အရာအားလုံးကို စွန့်လွှတ်ပြီး ရှင့်နောက်လိုက်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့"

သူ မျက်ဝန်းတွေကို မေးမိုတ်ထားမိသည်။

ရင်ထဲမှာတော့ ဆိုစရာ စကားလုံးတွေ ခန်းခြောက်နေခဲ့ပြီ။

"အဲဒီနေ့က သူ ကျွန်မဆီကို နောက်ဆုံးဖုန်းဆက်ခဲ့တယ်၊ သူပြောတဲ့ စကားတွေက ဗလုံးဗထွေးပေမယ့် ကျွန်မနားထဲမှာ ကြားလိုက်တာကတော့ တစ်ခွန်းတည်းပဲ ...

အဲဒါ ဘာလဲဆိုတော့ သူ ရှင့်ကို အရမ်းချစ်တယ်တဲ့"

မုန်း ... တရှိုက်ရှိုက်နဲ့ ညည်းနေမယ့်အစား တစ်ဆုံးနစ်ဝင်အောင် ထိုးစိုက်လိုက်ပါတော့ကွာ။

"အဲလိုပြောပြီးတာနဲ့ Accident ဖြစ်တဲ့ ဒုန်းဒိုင်းသံတွေ ကျွန်မ ကြားလိုက်ရတာပဲ၊ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကို အပြီးတိုင် နှုတ်ဆက်ခွဲခွာသွားခဲ့တဲ့ စကားက အဲဒီစကားတဲ့ ဝက်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရင်တွေ ဘယ်လောက် နာကျင်ခဲ့ရလဲ၊ ရှင် စဉ်းစားကြည့်လိုက်ပါ"

"........."

"သံချို့အတွက် ကျွန်မ ကောင်းကောင်းကြီး လက်စားပြန်ချေမယ်လို့ ဆုံးဖြတ်ချက် ချလိုက်တဲ့နေ့က သံချို ဆုံးခဲ့တဲ့ April 1 day ပဲ၊ ဒီလိုနဲ့ ကျွန်မ ရှင့်ကမ္ဘာထဲကို တစ်လှမ်းချင်း ချဉ်းနင်းဝင်ရောက်လာခဲ့တယ် ဆိုပါတော့ ...

သံချို့အကောင့်ထဲက Labyrinth ဆိုတဲ့ ရှင့်အကောင့်ကိုယူပြီး ရှင်နဲ့ online ဘော်ဒါဖြစ်အောင် လုပ်တယ်၊ အပြင်မှာလည်း ရှင့်နောက် တကောက်ကောက်လိုက်ပြီး ပုံစံမျိုးစုံနဲ့ တိုက်ဆိုင်မှုတွေ၊ ရင်းနှီးမှုတွေရအောင် ကြိုးစားခဲ့တယ် ...

ရှင် လက်လှမ်းနေတဲ့ Estee Lauder ကို ကျွန်မပါ လိုက်လှမ်းပြီး trick သုံးခဲ့တာ ရှင် မှတ်မိဦးမှာပေါ့၊ အဲဒါ ကျွန်မရဲ့စစ်ဆင်ရေး အစပဲ ...

ကျွန်မ ရှင့်ဖေဖေကို တောင်းပန်ပါတယ် ဝက်ပါ၊ လူကြီးတွေကို အပိုအလုပ်ရှုပ်အောင် လုပ်ခဲ့မိတဲ့ ကျွန်မကိုယ်ကျွန်မ အရမ်းမှားမှန်း သိပါတယ်၊ ရှင့်ကိုတော့





ကျွန်မထပ်ပြီး မတောင်းပန်ပါရစေနဲ့၊ ကျွန်မကို ခွင့်လွှတ်ဖို့ မကြိုးစားပါနဲ့တော့ ...

မနက်ဖြန် ကျွန်မ ဂျပန်ပြန်တော့မယ်၊ ရှင့်ကို အပြီးအပိုင် နှုတ်ဆက်ခဲ့ပါတယ်၊ ဟိုနှစ် April 1 day က သိခဲ့တဲ့ ဝက်ပါဆိုတဲ့ လူတစ်ယောက်ကို ဒီနှစ် April 1 day မှာ ကျွန်မ အပြီးအပိုင် မေ့လိုက်ပါပြီ၊ ဒါပေမဲ့ ကျွန်မ ... ရှင့်ကို ..."

"တော် ... တော်ပါတော့ မုန်း၊ ဆက်မပြောပါနဲ့တော့၊ ဒီလောက်ဆို လုံလောက်ပါပြီ၊ ကိုယ့်ကို ဖုန်းပိတ်ခွင့်ပေးပါ"

သူ ဆက်ကြားနိုင်စွမ်း မရှိတော့ချေ။

မုန်း ဘာပြောဦးမယ်ဆိုတာ သူ သိနေပါသည်။ အရင်လိုအချိန်မှာ သူ ကြားကောင်းကြားချင်မှာ ဖြစ်ပေမယ့် ခုချိန်မှာတော့ ထိုစကားဟာ သူ့အသည်းကို ထက်ခြမ်းခွဲချမည့် အခြင်းအရာဖြစ်ကြောင်း သူ ထိတ်လန့်စွာ လက်သင့်ခံလိုက်မိသည်။

မင်း ကိုယ့်ကို မုန်းတယ်လို့ ပြောမယ်ဆိုရင်တောင် ကိုယ် ကျေကျေနပ်နပ်နဲ့ နားဆင်ဖို့ အသင့်ပါ မုန်း။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ချစ်တယ်ဆိုတဲ့ စကားတော့ ထပ်မကြားပါရစေနဲ့။ ကိုယ် ကြောက်လို့ပါ။

ကိုယ် ဒီစကားကို အရမ်းကြောက်လို့ပါ။

○:○



ဂမုန်း ခြေလှမ်းများကို တစ်စုံတစ်ရာက ရိုက်နှက်ဖွဲ့ချိုးထားသလိုပင်။

အရင်ကလည်း ဒီလမ်းတွေကို တစ်ယောက်တည်းအေးအေးသက်သာ သွားလာနေကျဖြစ်သည်။ ဒီနေ့ကျမှ စိတ်ထဲတစ်ခုခုအတွက် အလိုမကျ ခံစားနေရသည်။

အမြဲတစေ ပေါ့ပါးမြူးတူးနေခဲ့သော ဂမုန်း ရင်ခွင်ထဲမှာ ဘာမှန်းမသိသည့် လေးလံမှုတချို့ ကြီးစိုးနေပါသည်။

ဖေဖေက ဂမုန်း ပခုံးကို ခပ်ဖွဖွပုတ်ရင်း အားပေးသလို ဆိုသည်။

"ကဲ ... ဖေ့သမီး၊ ကိုယ့်လမ်းကိုယ် တည့်တည့်မတ်မတ်လျှောက်ဖို့ ကြိုးစား၊ သမီးအတွက် လိုအပ်တဲ့ ဝမ်းစာတွေပြည့်ပြီးပြီ ဆိုရင်တော့ ကိုယ့်နိုင်ငံကိုပဲ အမြန်ဆုံးပြန်လာခဲ့ပါလို့ ဖေဖေ တိုက်တွန်းချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ သမီးကို လွမ်းနေမယ်၊ ဟုတ်ပြီလား"

မေမေကတော့ ဖေဖေမသိဘဲ ဂမုန်းတို့နှစ်ယောက်တည်းသာ သိထားခဲ့သည့် ကိစ္စတစ်ခုကို ရည်ညွှန်းပြောလာပါသည်။ မေမေ့မျက်ဝန်းထဲမှာ အရိပ်တစ်မျိုး ထင်ဟပ်လျက်။

"သမီး ... ဒီနေ့ကစပြီး ကိုယ့်ကိုယ်ကိုယ် ဆင်ဆင်ခြင်ခြင် နေတတ်အောင် ကြိုးစားတော့နော်။ အားလုံးဟာ သူ့အကျိုးပေးနဲ့သူ ကံစီမံရာအတိုင်း ဖြစ်ပျက်ပြောင်းလဲသွားကြတာပဲ၊ ရတနာသုံးပါးကို မမေ့နဲ့၊ အစွဲအလမ်းတွေကိုလည်း အတတ်နိုင်ဆုံး ပယ်ဖျောက်နိုင်အောင် ကြိုးစားပါ၊ နောင်တစ်ချိန်မှာ စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်သစ်နဲ့ အကောင်းဆုံးတွေကို ရင်ဝယ်ပိုက်ပြီး ပြန်လာနိုင်ပါစေလို့ မေမေ ဆုတောင်းပေးလိုက်ပါတယ်"

"ကဲ ... ကဲ ... သမီး အချိန်မရှိတော့ဘူး၊ ဝင်တော့နော်"

ဂမုန်းသည် ဖေဖေတို့ကို ခေါင်းတစ်ချက်သာ ဆတ်ပြပြီး ဖြည်းလေးစွာ ဝင်လာခဲ့သည်။ ကိုယ့်စိတ်ကိုယ် အတတ်နိုင်ဆုံး တည်ငြိမ်စေရန် အသက်ဝဝရှူရင်း ဖြေဖျောက်မိပေမယ့် လေးမြံအတိုင်း ဆက်လေးနေတာ အလွန်ဆိုးဝါးသော ဝေဒနာပဲ ဖြစ်တော့သည်။ ထို့ပြင် ဂမုန်းမျက်စိရှေ့တည့်တည့်က ကိန္နရီကိန္နရာ ရုပ်တုကြီးထံ အကြည့်ရောက်မိချိန်မှာ ခြေလှမ်းပင် အနည်းငယ်





ယိုင်သွားသလိုပင်။ လွမ်းသလိုလို၊ ဆွေးသလိုလို ဗီလင်ကြီးက ခံရခက်လှပါဘိ။

ဂမုန်း လုပ်ချင်တာတွေ လုပ်ခဲ့ပြီးပြီ၊ ဖြစ်စေချင်တာတွေလည်း ဖြစ်ခဲ့ပြီးပြီပဲ။ ဘာလို့ နောက်ဆံတင်းနေရပါလိမ့်။

ဟင့်အင်း ... ဒါ တကယ်ကို မဖြစ်သင့်ပါ။

ဂမုန်းသည် ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးရင်း ကျလုဆဲဆဲ ကိုယ့်စိတ်ဓာတ်အားကို အတင်းစုစည်း မြှင့်တင်ကာ ခြေလှမ်းရှေ့ဖို့ ကြိုးစားလိုက်သည်။

မလှမ်းမကမ်းမှာလည်း ဂမုန်းနဲ့ရွယ်တူ မိန်းကလေးတစ်ယောက်။ သူမက အပြင်ဘက်ကို လည်တဆန့်ဆန့် ငေးမျှော်ရင်း တစ်စုံတစ်ယောက်ကို စောင့်နေပုံရသည်။

အင်း ... ဂမုန်းလိုပဲ ဖြစ်နေပါလား။ ဂမုန်းက နွမ်းနေသည့်ကြားမှပင် ခပ်ယဲ့ယဲ့ပြုံးမိကာ ထိုကောင်မလေးကို ကျောခိုင်းပြီး လှည့်ထွက်ဖို့ ပြင်လိုက်စဉ် ...

"ဟား ... ဆောရီး မေဆုရယ်၊ ငါ တကယ်ကို တောင်းပန်ပါတယ်၊ အရေးကြီးကိစ္စရှိလို့ နောက်ကျသွားတာပါ"

ဂမုန်းက ကောင်လေးတစ်ယောက်ရဲ့အသံကို ဘာရယ်မဟုတ်ဘဲ နားစွင့်လိုက်မိသည်။

မေဆု ဆိုတာ ဟိုကောင်မလေးပဲ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



“နှင်ဟာလေ ကိုယ့်သူငယ်ချင်းကို လေဆိပ်လေး လိုက်ပို့ ဖို့တောင် ဒီလောက် ခက်ခဲပင်ပန်းနေတယ်၊ နှင့်ကြည့် လိုက်ရင် အမြဲဗြောင်းဆန်နေတာပဲ ဖြိုးဝေရယ်”

“အေး … ဒီနေ့က တကယ့် အရေးကြီး case ဖြစ်တာ မေဆုရဲ့၊ ငါ့ဘော်ဒါ တစ်ကောင်ကွာ၊ မနက်တည်းက ကားတစ်စီးနဲ့ ထွက်သွားတာ၊ အဲဒါ ခုနက Accident ဖြစ်တဲ့အကြောင်း သတင်းဝင်လာလို့ ချက်ချင်းဆေးရုံပြေး ရတာ၊ အဲဒါကြောင့် ငါ နှင့်ဆီ အချိန်မီ မရောက်လာ နိုင်တာ”

“ဟယ် … ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဟယ်”

“ဒီကောင့်အဖြစ်က အရမ်းကို သနားစရာကောင်းတယ် မေဆုရဲ့၊ မနေ့က သူ့ကောင်မလေးနဲ့ စေ့စပ်ဖို့သွားတာ အဲဒါ ကောင်မလေးဘက်က ဘာအကြောင်းပြချက်မှမရှိဘဲ စေ့စပ်ပွဲကို ဘလိုင်းကြီး ဖျက်လိုက်တယ်တဲ့ …

ဖြစ်ချင်တော့ မိုးကုတ်ကလာတဲ့ သူ့အဖေကလည်း ဒီမနက်ပဲ ပြန်သွားတာ၊ သူ့ကိုယ်သူ ဆိုက်ကိုတစ်ခုခုဝင် ပြီး လုပ်ချင်ရာ လျှောက်လုပ်လိုက်တဲ့ပုံပဲ၊ ငါ အခု နှင့် ကို ပို့ပြီးရင် ဆေးရုံပြန်ပြေးရမှာ …

ခုချိန်ထိတော့ သတိမရသေးဘူး”





“ဘာတွေ ကြီးကြီးမားမား ဖြစ်သွားသေးလဲဟယ်”

“ထိခိုက်ပွန်းပဲ့တာတော့ ရှိတယ်၊ ကျိုးကြေသွားတာမျိုး တွေတော့ မဖြစ်ဘူး၊ ဒါပေမဲ့ ခေါင်းကို ပြင်းပြင်းထန် ထန် ထိသွားလို့ သတိမရသေးတာလို့ ဆရာဝန်ကပြော တယ်၊ အခြေအနေကတော့ ဘယ်လိုရှိမလဲ ကြိုမသိနိုင် သေးဘူး …

ကဲ … မေဆု၊ နှင် ကျေနပ်တော့နော်၊ ငါ ဒီကောင့် ဆီ ပြန်ပြေးရဦးမယ်၊ နောက်မှပဲ online မှာ ဆုံတာပေါ့”

“အေး … အေး … လာနှုတ်ဆက်တာ ကျေးဇူးတင်ပါတယ် ဟယ်၊ နှင် ပြန်ရင် ပြန်တော့ ဖြိုးဝေ၊ ငါလည်း ဝင်တော့ မယ်”

“OK သူငယ်ချင်း၊ see you ဘိုင့်၊ ငါ သွားပြီ”

ဂမုန်း နေရာမှာတင် တွေတွေကြီး ရပ်နေမိသည်။

Accident ဖြစ်သော လူတစ်ယောက်တဲ့။

ပြီးတော့ ထိုသူက မနေ့ကပဲ စေ့စပ်ပွဲပျက်သွား သည်ဆိုပဲ။ မိုးကုတ် ပြန်သွားသော သူ့အဖေ။

အားလုံးထဲမှာ ဂမုန်း စိတ်ဝင်စားမိသော အချက် တစ်ချက်က မိန်းကလေးဘက်က ဘလိုင်းကြီး ဖျက်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပွဲအကြောင်း။ ဂမုန်းသည် ဆုံးဖြတ်ချက်တစ်ခု ယတိပြတ်ချပြီး ခြေလှမ်းများကို နောက်ဖက် ကမူးရှူးထိုး ပြန်လှည့်လိုက်မိသည်။

ထို့နောက် ရှေ့ကလျှောက်နေသော လူတစ်ယောက်နားသို့ရောက်အောင် မနားတမ်း ပြေးလာခဲ့တော့သည်။

ထိုသူဟာ သိပ်မကြာသေးခင်ကမှ တစ်ခွန်းတစ်စကြားခဲ့ရသည့် ဖြိုးဝေ ဆိုသည့်လူပင် ဖြစ်ပါသည်။

သူ့နားသို့ ရောက်သော် ...

"ဒီ ... မှာ ... ဒီမှာ၊ ကိုဖြိုးဝေ ... ခဏလေး"

သရုပ်ဆောင် K ညီနှင့် ခပ်ဆင်ဆင်တူသော ထိုဖြိုးဝေဆိုသူက ဂမုန်းဘက်သို့ ငဲ့ကြည့်ကာ မျက်မှောင်တစ်ချက်တွန့်သွားသည်။

"ခင်ဗျားက"

"ကျွန် ... ကျွန်မ ဂမုန်းရိပ်ပါ၊ ဟို ... ဟိုလေ ..."

ဂမုန်း စကားမှမဆုံးသေးခင် ထိုသူ့မျက်လုံးများက ပြူးထွက်သွားပါသည်။ ပြီးတော့ လက်ညှိုးတထိုးထိုးနှင့် အထစ်ထစ် ဆိုလာသည်။

"ဒါဆို ... ခင် ... ခင်ဗျားက ... ဝက်ပါရဲ့ ..."



"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ကျွန်မ သူ့ချစ်သူဂမုန်းရိပ်ပါ၊ အခု သူ ... သူ့ကို ကျွန်မ တွေ့ချင်တယ်၊ ကျွန်မကို သူရှိတဲ့နေရာ လိုက်ပို့ပေးပါနော်"

"ဟား ... ဝိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကဲပါလေ၊ ခုမှတော့ ခင်ဗျားကို အပြစ်တင်နေလည်း မထူးတော့ပါဘူး၊ သူ အခု ဆေးရုံမှာ၊ အခြေအနေ ကောင်းရင်တော့ အိမ်ပြန်ခေါ်သွားဖို့ စီစဉ်ထားပါတယ် ...

လာ ... ကျွန်တော်တို့ သွားရအောင်၊ ဒါနဲ့ နေပါဦး၊ ခင်ဗျား ကြည့်ရတာ foreign သွားမယ့်ပုံပဲ၊ အခု ဒီခရီးဆောင်သေတ္တာကြီးနဲ့ ဘယ်လိုလုပ်မှာလဲ"

ဂမုန်းသည် အလွန်ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို စက္ကန့်ပိုင်းအတွင်း ချလိုက်ကာ ...

"ကျွန်မ အစီအစဉ်ကို ဖျက်လိုက်ပါပြီ၊ ဒီဟာကိုတော့ သူ့တိုက်ခန်းမှာပဲ ခဏသွားဖွက်ထားလိုက်တော့မယ်"

ဂမုန်း အပြောကြောင့် ဖြိုးဝေ မျက်နှာ ပြုံးစစဖြစ်သွားသည်။

"အင်း ... ခင်ဗျား အဆင်ပြေရင် ပြီးတာပဲ၊ သွားရအောင်"

ဂမုန်းတို့နှစ်ယောက် သူရှိရာသို့ အလျှင်စလို ချီတက်ကြသည်။ လမ်းတစ်လျှောက်လုံး ဂမုန်း ရင်တွေ အတိုင်းအဆမရှိ ခုန်ပေါက်လှုပ်ရှားလျက်။

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ကိုယ့်လုပ်ရပ်ဟာ မှားလား၊ မှန်လား မဝေခွဲချင်။ ဂမုန်း သူ့ကိုတွေ့ချင်စိတ်တွေသာ ပြင်းပြင်းပြပြ လွှမ်းမိုးနေပါသည်။ ဝက်ပါ ... ရှင် ဘာမှမဖြစ်ပါနဲ့နော်။

ရှင့်ဘဝအတွက် အကောင်းဆုံးတွေချည်းပဲ ပိုင်ဆိုင်နိုင်အောင် ကျွန်မ အချစ်တွေနဲ့ ဖန်တီးပေးပါရစေ။

○ ◘ ○





# သိမ်မွေ့စွာ ဖြာဆင်းသော

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ခွံတွေ လေးလံလျှိုန်းနေသည်။

ခေါင်းထဲမှာ ရီဝေဝေ၊ ထွေတေတေနှင့် မှုးမိုက်နေပေမယ့် သူ့မျက်လုံးတွေကို အားယူဖွင့်နိုင်ဖို့ ကြိုးစားမိသည်။ သူ့နှာဝတစ်ဝိုက်မှာလည်း ရှတတ ရနံ့လေးတစ်မျိုး ဝေ့ဝဲလို့ကြ်ဖြာနေဆဲ။

ဒါ ... ဘာနံ့လဲ။ သေချာတာတော့ ဒီအနံ့နှင့်သူဟာ အစိမ်းသက်သက်ကြီး ဖြစ်မနေချေ။

"သားကြီး နိုးပြီလားကွ"

ဒီအသံကိုတော့ ဘယ်သူဘယ်ဝါဆိုတာ သူ တန်းခနဲ သိပါသည်။ သူ့ဘော်ဒါ ဖြိုးဝေ။

"ဘယ်လိုလဲ... မင်း သက်သာရဲ့လား သားကြီး၊ ဆရာဝန်ကြီးက အခြေအနေ ကောင်းတယ်ဆိုလို့ ငါ မင်းကို အိမ်



ပြန်ခေါ်လာတာကွ၊ ဘာမှ မစိုးရိမ်ရတော့ဘူးတဲ့၊ မင်း ခေါင်းမူးနေသေးလား"

"အင်း ... ငါ နေကောင်းပါတယ်၊ ဘာလို့ မသေတာလဲ မသိဘူး"

"မင်းက သက်ဆိုးရှည်မယ့်ကောင်ပဲကွ ၊ အားလုံးက မင်းကို တော်တော်ကံကောင်းတာပဲလို့ ပြောနေကြတာ၊ ဆေးရုံမှာ မင်း သတိပြန်ရတာ၊ ဒါပေမဲ့ မျက်လုံးတစ်ချက်ပဲပွင့်ပြီး ပြန်အိပ်ပျော်သွားတယ် ...

အဲဒါနဲ့ ဆရာဝန်ကြီးက လိုအပ်တာမှန်သမျှ အကုန်လုပ်ပေးလိုက်တယ်၊ ငါ မင်းအကြောင်း ကောင်းကောင်းသိလို့ သတိရရချင်းပဲ အိမ်ပြန်ခေါ်လာတာ၊ ခု အခြေအနေလောက်ဆို မင်း တော်တော် OK နေပြီလို့ ယူဆရမယ် သားကြီးရ"

သူ ဖြိုးဝေ စကားကြောင့် ယဲ့ယဲ့လေးသာ ပြုံးမိသည်။

သူ့ကိုယ်သူ သတ်သေခဲ့တာ ဘာလို့ မသေခဲ့တာလဲ။ အားလုံးကတော့ သူ့ကိုမသေဘဲကျန်ခဲ့တာ ကံကောင်းသည်ဟု ဆိုကြသတဲ့။ သူ တကယ် ကံကောင်းခဲ့သလား။

www.burmeseclassic.com

www.burmeseclassic.com



မသိ ... သူ ဘာမှမသိချင်။ ဘာမှဆက်မတွေးတော့တာပဲ ကောင်းမည်ထင်ပါသည်။

"မင်း တည့်တည့်ဝင်အောင်းခဲ့တဲ့ သစ်ပင်ကြီးတောင် အမြစ်ကျွတ်လုဆဲဆဲ ဖြစ်ခဲ့တာ၊ မင်းကတော့ ခုချိန်ထိ အကောင်းပကတိ ကျန်နေခဲ့တယ် သားကြီး ...

လူဆိုတာ သေနေ့စေ့မှ သေရတာ၊ မင်း သေချင်ပါတယ် တဖွဖွရွတ်လည်း သက်တမ်းစေ့ နေနိုင်မယ့်ကံ ပါလာရင် နေကိုနေရမှာပဲ၊ လူတစ်ယောက်နဲ့ တစ်ယောက် ကံတရားချင်းက မတူဘူးကွ၊ သေသွားရုံနဲ့ မင်းဘဝအပြီး တိုင် လွတ်မြောက်သွားပြီလို့ ထင်ရင် မှားသွားမှာပေါ့ ...

အများအမြင်မှာ Accident ဆိုပေမယ့် ငါကတော့ မင်း suicide လုပ်မှန်း သိကို သိတယ်"

"တော်ပါတော့ကွာ၊ ငါ့ကို ဘာမှ ထပ်မပြောပါနဲ့တော့"

"ကဲ ... ဒါဆိုလည်း မင်း အေးအေးဆေးဆေး အနားယူလိုက်ဦး၊ ငါ ဆိုင်မှာ အရေးကြီးကိစ္စတစ်ခုရှိလို့ ခဏလေး ပြန်ပြေးလိုက်ဦးမယ်၊ သိပ်မကြာဘူး ... သိလား"

"ရပါတယ်ကွာ၊ ငါ နေကောင်းပါတယ်၊ မင်းကိုလည်း အားနာတယ်၊ ငါ့အတွက်နဲ့ တော်တော် ထူပူနေမှာပဲ၊ ကျေးဇူးပဲ ဖြိုးကြီးရာ"





"အမယ်လေး ... ဒါတွေ ထားစမ်းပါကွာ၊ မင်း အရေးအကြောင်းရှိရင် ငါ့ဆီ ဖုန်းဆက်နော်၊ အလုပ်ပြီးတာနဲ့ ပြန်လာခဲ့မယ် ... ဟုတ်ပြီလား"

"ရတယ် ... ဖြိုးကြီး၊ အေးဆေးသွား၊ ငါ့ကို နောက်ဆံတင်းမနေနဲ့"

ဖြိုးကြီး ထွက်သွားတော့ သူတစ်ယောက်တည်း ငြိမ်သက်စွာ ကျန်ခဲ့ရသည်။ သူ ဘာလုပ်ရမလဲ။ ခုတင်ပေါ်မှာ တော့ နာတာရှည်ရောဂါသည်ကြီးလို ဆက်ပြီးမလှဲလျောင်းချင်တာ အမှန်ပင်။

သူ ခေါင်းကို ဖြည်းဖြည်းချင်း ဖိနှိပ်ပြီး စောင်ခြုံထဲမှ ထွက်လိုက်သည်။ သူ့ကိုယ်သူ ငုံ့ကြည့်တော့ အဖြူရောင် ဓာတ္တွန်းရုပ် ချည်သားဝတ်စုံ အထက်အောက်ဆင်တူ ဝတ်ထားလျက်သား။

ခုမှ သူ့ဗိုက်ထဲ လှိုက်ဆာလာသလို ခံစားရသည်။ နောက်ဖေးမီးဖိုချောင်ထဲမှာ ဘာများရှိပါလိမ့်။ သူ ခုတင်ပေါ်မှ ဆင်းကာအခန်းထဲမှ ထွက်လာခဲ့သည်။ သူ့စိတ်ထင်လို့ပဲလား သေး။ သူ့နှာခေါင်းထဲမှာ Estee Lauder ရေမွှေးနံ့နှင့် ဘဲသား ဆန်ပြုတ်နံ့ကို တစ်လှည့်စီ ရှူရှိုက်ရမိသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... မဖြစ်နိုင်ပါဘူး။

ဒီအမှတ်တရတွေ အားလုံး သူနဲ့ အဝေးတကာ့ အဝေးဆုံးအရပ်ဆီ လွင့်ပါးပျောက်ကွယ်သွားကြပြီပဲ။

သူက လတ်တလော အတွေးတို့ကို ခေါင်းခါယမ်းမောင်းထုတ်ပြီး မီးဖိုရှိရာ တရွေ့ရွေ့နှင့် ယိုင်တီယိုင်တိုင်လျှောက်လာခဲ့။

တဖြည်းဖြည်းနှင့် သူ့နှာခေါင်းသူ သံသယဝင်လာရသည်။

ဟား ... သိပ်တော့မဟုတ်သေးဘူး ထင်တယ်။ နောက်ဖေးခန်းနားရောက်လေ ဆန်ပြုတ်နံ့က ပိုမိုအင်အားပြင်းထန်လာလေပဲ။

သူ့ဇဝေဇဝါအတွေးတို့ကို တစ်စုံတစ်ရာက တိတိပပ အဖြေရှာပေးလိုက်ချိန်မှာတော့ ...

"ဟင် ... ! "

ထမင်းစားပွဲပေါ်မှာ အသင့်တင်ထားသည့် Bowl တစ်လုံး။ ထိုထဲမှာတော့ အံ့အားသင့်ဖွယ်ရာ မွှေးပျံ့ကြိုင်သင်းနေသော ဘဲသားဆန်ပြုတ်တချို့။

သူ ခဏတော့ မျက်မှောင်တွန့်သွားရသည်။



ဖြိုးဝေများ ပြင်ပေးခဲ့တာလား။ ဟုတ်ပြီ ... ဒါဖြစ်နိုင်သည်။ သူက တစ်စုံတစ်ယောက်များလားဟု မရဲတရဲ တွေးမိပေမယ့် ကိုယ့်အတွေးအတွက် ကိုယ်ပြန်ရှက်သွားရသည်။

သူ ဘာမှစဉ်းစားမနေတော့ဘဲ ခုံမှာဝင်ထိုင်ပြီး ထိုဘဲသားဆန်ပြုတ်ကို ခဏလေးနှင့် ပြိုက်ခနဲ့နေအောင် ဖြိုပစ်လိုက်သည်။

အရသာကလည်း တိုက်တိုက်ဆိုင်ဆိုင် သူအမြိန်ယှက်ဆုံး စားသုံးခဲ့ဖူးသည့် သူမလက်ရာ ဘဲသားဆန်ပြုတ်နဲ့မှ အတူကြီး လာတူနေလေသည်။

ဘာပဲပြောပြော သူ ဆာလောင်မှုဒုက္ခမှ ကင်းလွတ်သွားခဲ့ပြီဖြစ်သည်။

စားသောက်ပြီးတော့ သူ အိမ်ရှေ့ရှိ ကွန်ပျူတာခန်းထဲ ဝင်လာခဲ့သည်။ သူ့အတွက် လုပ်စရာတစ်ခု ကျန်သေးသည်။

အဲဒါကတော့ Gamoneshade ဆိုသည့် အကောင့်ကို အပြီးအပိုင် Block လုပ်ပစ်လိုက်ဖို့ပဲ ဖြစ်သည်။ ဒီလိုမှမဟုတ်လျှင် သူမ online ဘယ်အချိန်တက်မလဲဟု အရူးတစ်ယောက်လို မိုက်မိုက်မဲမဲ မျှော်လင့်နေရဦးမည်။

www.burmeseclassic.com



သူ ကွန်ပျူတာခုံရှေ့ ဝင်ထိုင်တော့ ခပ်တိုးတိုးဖွင့်ထားသော သီချင်းသံကို စတင်ကြားလိုက်ရသည်။

ဒါ ဖြိုးဝေ ဖွင့်သွားတာများလား။

"မင်းရဲ့မျက်ဝန်းထဲမှာ ... မျက်ရည်စများနဲ့ ... အချစ်ရေ... ကိုယ့်ဘေးနားမှာ ခဏလေးရှိချိန် ... မငိုပါနဲ့ ...

စကားတွေ ဆွံ့အ ... ပြောမထွက်ခဲ့ ... အသိစိတ်ထဲမှာ တို့ဝေးပြီ ... ငြိမ်သက်စွာနဲ့ ဖမ်းဆုပ်ထားတဲ့ ... လက်ကလေး ... ကိုယ် စွန့်လွှတ်ဖို့ ခက်နေ ... မင်းမျက်ဝန်းတွေ ငါ နားလည် ... ရင်မှာ မင်းအသံလေးတွေ ငါ ကြားတယ် ...

ဆုံတွေ့ချိန်က နောက်ဆုံးဖြစ်လို့ ... ဘဝတစ်ခုလုံးစာ ဆုံးရှုံးခဲ့လည်း ...

မင်းက ငါ အချစ်ဆုံးပါပဲ ... ဘယ်သူမှ ငါ့အနား မရှိနိုင်ဘူး ... တို့ဝေးသွားလည်း အချစ် ... looking to my eye ကိုယ်နှုတ်မဆက်ချင်ဘူး ... ဘဝရဲ့ချော်လွဲမှုတွေနဲ့ ... တို့နှစ်ယောက် ထပ်ပြီးမတွေ့တော့လည်း ... ကြေကွဲရင်းနဲ့ Baby looking to my eye ... ကိုယ် နှုတ်မဆက်ချင်ဘူး"





သူ သီချင်းစာသားထဲ အတန်ကြာ နစ်မျောပျော်ဝင်သွားရသည်။ သူဟာ ရဲလေးနှင့် အိမ့်ချစ် ဆိုထားသော "နှုတ်မဆက်ချင်ဘူး"သီချင်းကို နားထောင်ရင်း အိမ့်ချစ်ကလုံး ကောင်မလေး တစ်ယောက်ကိုလည်း ပြင်းပြင်းပြပြ သတိရမိလာသည်။

ထို့နောက် သူ အင်တာနက်ဖွင့်ကာ online တက်လိုက်ပါသည်။ သူမ အကောင့်ကို Block လုပ်ဖို့ ကြိုးစားပေမယ့် သူ့ လက်များက Click နှိပ်ချဖို့ အတော်လေး တုံ့နှေးဝန်လေးနေရသည်။ သူ ဘာဆက်လုပ်ရမလဲ။

သူမကို သံယောဇဉ်ဖြတ်ဖို့ ဘာလို့ သူ့အင်အားတွေ ဒီလောက် ယုတ်လျော့ ကုန်ခန်းနေရတာလဲ။

နောက်ဆုံးတော့ သူ စိတ်ရှိလက်ရှိပင် "ဟား"ခနဲ အော်ချလိုက်မိသည်။

ကိုယ် စိတ်ညစ်တယ် မုန်းရယ်။

မင်းက ချစ်တတ်တဲ့ပညာကိုပဲ သင်ပေးခဲ့တာ။

ကိုယ့်ကို လက်စားချေဖို့ ဆုံးဖြတ်ကတည်းက မုန်းတတ်တဲ့ ပညာတစ်ရပ်ကိုပါ သင်ပေးဖို့ လေ့လာခဲ့ရမှာပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကိုယ် မင်းကို ဆက်ချစ်နေရတာ အရမ်းပင်ပန်းလွန်းပါတယ်။

သူ အစီအစဉ်မရှိဘဲ လက်ချောင်းများကို ကီးဘုတ်ပေါ် တင်လိုက်သည်။

သူပို့သော နောက်ဆုံး message ကို မှန်း လက်ခံရရှိနိုင်မည်ဟု ယုံကြည်မိသည်။ ကိုယ့် မျှော်လင့်ချက် လက်ကျန်လေးကို ရိုက်ချိုးပစ်ဖို့ မကြိုးစားပါနဲ့။ ကိုယ့်ကို ခွင့်လွှတ်ပါ ... မှန်း။

"ချစ်သူ ...

မင်း ကိုယ့်အပေါ်ထားနေတဲ့ အငြိုးတွေကို ကိုယ့်ချစ်ခြင်းတွေနဲ့ ပြန်ခြေဖျက်ပေးပါရစေ၊ ဘာပဲဖြစ်ဖြစ် ကိုယ် မင်းကို အရမ်းချစ်တယ်၊ မင်းပေးခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေအတွက်လည်း ကိုယ် ကျေနပ်တယ် ...

ကိုယ့်အချစ်တွေ စစ်မှန်ခဲ့ရင် တစ်နေ့နေ့ တစ်ချိန်ချိန် မင်းနဲ့ မလွဲမသွေ ပြန်ဆုံနိုင်ပါစေလို့ ကိုယ် ဆုတောင်းပါတယ် ..."

သူ Enter ခေါက်ပြီးသည်နှင့် ကွန်ပျူတာခုံပေါ် ခေါင်းငိုက်စိုက် ချထားမိသည်။



မှန်းကို တစ်သက်လုံးစာ Block လုပ်ပစ်ဖို့ မပြောနှင့်။ အကောင့်ထဲမှာပင် လုပ်ပစ်ဖို့ သတ္တိမရှိပါ။ ကျေးဇူးပြုပြီး ဒီ message ကို မင်း ဖွင့်ကြည့်ပါ မှန်းရယ်။

မင်းကို သေမလောက်ချစ်ခဲ့ရတဲ့ ယောက်ျားတစ်ယောက် လောကကြီးထဲမှာ အမှန်တကယ်ကို ရှိနေပါသေးတယ်။

၀ ❀ ၀

www.burmeseclassic.com

www.burmeseclassic.com



"ကို"

ဟင် ! ဒါ ... မုန်းအသံ။

သူ့နားတွေ ဆတ်ခနဲ ထောင်သွားချိန်မှာ ရင်တစ်ခုလုံး ဖြုန်းဖြုန်းလှုပ် တုန်ခါသွားရသည်။

ဒီအသံက ဘယ်အရပ်က လွင့်ပျံ့လာတာလဲ မသိပါ။

သူ တစ်စတစ်စ သိလာရတာ တစ်ခုက ပိုပိုပြီး အရှိန်ပြင်းလာသလို ထင်ရသော ရေမွှေးနံ့။

ထိုရနံ့လေးက သူ့နား တဖြည်းဖြည်း နီးကပ်လာသလိုလိုပင်။

သူက အခိုက်အတန့် ဖြစ်ပေါ်နေသော အာရုံတို့ကို ပြန်မေ့ပျောက်ရင်း မျက်ဝန်းများကို ဆက်မှိတ်ထားမိသည်။



သူ့မသိစိတ်ထဲက လျှောက်ထင်နေတာပဲ ဖြစ်မှာပါဟု စွတ်မှိတ်တွေးနေခိုက် ...

"ကို ... ရှင့်အချစ်တွေ စစ်မှန်လို့ ကျွန်မ တကယ်ကို ရောက်လာပါပြီ၊ ကျွန်မကို လှည့်ကြည့်ပါဦး၊ ရှင့်နောက်မှာ ရပ်နေတယ်လေ"

အလို ! ဒါ တကယ်ပဲလား။ အိပ်မက်လေလား။

သူ့အာရုံကြောတွေ ဆတ်ခနဲ နိုးထသွားချိန်မှာ နောက်သို့ ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်မိသည်။

"မုန်း ... မုန်း"

ဓားတစ်ခုနှင့် ထိုင်ရာမှ ဝုန်းဒိုင်းကြဲ ထလိုက်သော သူ့ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားရပါသည်။

"အား ... ကျွတ် ... ကျွတ်"

မုန်းက သူ့ဘေးနား ဒရောသောပါး ပြေးချလာကာ သူ့ခန္ဓာကိုယ်ကို ပွေ့ထိန်းရင်း စိုးရိမ်တကြီး ဆိုသည်။

"ဖြည်း ... ဖြည်းဖြည်းလုပ်ပါ ကိုရယ်၊ ခေါင်းကိုထိထားတယ်လေ၊ တော်ကြာ တစ်ခုခု ထပ်ဖြစ်နေရင် ကိုယ်ကျိုးနည်းရချည်သေးရဲ့"

"မုန်း ... မုန်းနော်၊ ကိုယ့် မုန်း အစစ်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက မယုံသင်္ကာဟန်ဖြင့်ဆိုတော့ မုန်း မျက်နှာလေး ပြုံးယောင်သမ်းသွားတော့သည်။ ထို့နောက် ချစ်စဖွယ် ခေါင်းညိတ်ပြကာ ...

"အစစ်ပါ ကိုရယ်၊ ကျွန်မ အရမ်းချစ်တဲ့ ချစ်သူကို မခွဲနိုင်တော့မုန်း သိလို့ ပြန်လာတာပါ"

"ဟား ... ကိုယ် ... ကိုယ် ဝမ်းသာလိုက်တာကွာ၊ ဒါဆို သံချို့ကိစ္စအတွက်ရော ကိုယ့်အပေါ် ခွင့်လွှတ်နိုင်လားဟင် မုန်း"

"ကဲ ... လာ၊ ဧည့်ခန်းမှာထိုင်ပြီး စကားပြောကြမယ်"

သူ မုန်းဆွဲခေါ်ရာနောက်သို့ အလိုက်သင့် ပါလာခဲ့လေသည်။ ဆိုဖာမှာ ထိုင်ကြပြီးတော့ မုန်းက သူ့လက်ဖဝါးနှစ်ဖက်ကို သူမ လက်များဖြင့် နွေးထွေးစွာ ဆုပ်ထွေးရင်း အပြုံးတစ်ပွင့်နှင့် ...ယး၊

"ကျွန်မတို့ ဒီနေ့ကစပြီး အတိတ်ကို မေ့လိုက်ကြမယ်၊ ကျွန်မ ကို့ကို အရမ်းချစ်တယ်၊ အဲဒါကြောင့် တစ်သက်လုံး မခွဲဘဲ အတူတူနေမယ်၊ သံချို့ကိုလည်း ကျွန်မ ချစ်ပါတယ် ...

ဒါပေမဲ့ ဖြစ်ပြီးသွားတဲ့ ကိစ္စတွေကို ဘာတစ်ခုမှ အစပြန်မဖော်ချင်တော့ဘူး၊ ကို့ကိုလည်း ခွင့်လွှတ်တယ်နော်၊ ဟုတ်ပြီလား၊ ကျွန်မ ပြောတာ နားလည်လား"





သူ ခေါင်းညိတ်ဖို့ မေ့လျော့နေမိသည်။ ဝမ်းသာလွန်း၍ ဘာမှကို ပြန်မပြောနိုင်ပါ။ ခုချိန်မှာ မုန်းမျက်နှာလေးကို တစိမ့်စိမ့် ထိုင်ကြည့်နေရသော ပီတိလေးကိုပင် သူ မဝတဝခံစားနေရသည်။

"ကျွန်မ ကို့ကို ဘယ်လိုမှ အဆုံးရှုံး မခံနိုင်ဘူး ဆိုတာကို Accident သတင်း ကြားပြီးချိန်မှာ လုံးဝသေချာသွားတယ်၊ လေဆိပ်မှာ ကို့သူငယ်ချင်း ဖြိုးဝေနဲ့ တွေ့တယ်လေ၊ သူပဲ ကျွန်မကို ကို့ဆီရောက်အောင် ပို့ပေးခဲ့တာ"

"မုန်း အိမ်ကိုရော ဘယ်လိုပြန်ရှင်းပြမှာလဲ၊ ခုချိန်လောက်ဆို မုန်း ဂျပန်လည်းမရောက်၊ အိမ်လည်းမရောက် လမ်းမှာပျောက်နေတာ သိကုန်လောက်ပြီ ထင်တယ်နော်"

ဒီတစ်ခါတော့ သူ့မုန်းက ခစ်ခနဲပင် ရယ်မောပါသည်။

ပြီးတော့ သူ့ဘယ်ဘက်ရင်အုံနေရာကို လက်ဖြင့်ဖွဖွလေးရိုက်ပြီး ...

"အဲဒီအပိုင်းတွေ ကျွန်မ အကုန်ဖြေရှင်းပြီးပါပြီ ကိုရယ်၊ ဘာမှ worry မဖြစ်ပါနဲ့၊ အန်တီတွေးကို ဖုန်းလှမ်းဆက်လိုက်တယ်၊ ဂျပန်ပြန်လာဖို့ သိပ်မသေချာသေးဘူးလို့ ...

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေမေတို့ကိုလည်း သမီးချစ်သူနဲ့ နှစ်ဦးသဘောတူ လက်ထပ်လိုက်ပြီလို့ အကြောင်းကြားထားတယ်၊ ကို့မေမေကိုတော့ နောက်မှ ခြေသလုံးဖက်ပြီး တောင်းပန်ရတော့မယ်၊ ကျွန်မကို အရမ်းစိတ်ဆိုးနေမှာနော်"

သူက ချစ်သူလေးကို နူးညံ့ညင်သာစွာ ဖက်ထားရင်း ခပ်တိုးတိုး ဆိုမိသည်။

"ကိုယ့်ကို ရသမျိုးစုံပေးပြီး ပိုပိုချစ်လာအောင် စွမ်းဆောင်ခဲ့တဲ့အတွက် ကျေးဇူးပါ မုန်းရယ်၊ မင်းဟာ ကိုယ့်ဘဝအတွက် တကယ့် အရိပ်စစ်ကလေးပါ၊ နောက်ဘယ်တော့မှ ကိုယ့်ကိုခွဲမသွားနဲ့နော်၊ အဲဒီကတိတော့ ပေးပါကွာ"

"ကျွန်မက အရိပ်စစ် ဟုတ်လား ... ကို"

မုန်းက သူ့မျက်နှာကို မော့ကြည့်ပြီး ကလေးတစ်ယောက်လို ချစ်စဖွယ် မေးလာသည်။ သူကတော့ အသည်းယားစရာ ကောင်းလှသော ချစ်သူ ပါးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲလိမ်ပစ်လိုက်ပါသည်။

ထို့ပြင် စတွေ့ကတည်းက ထူးဆန်းစွာ ရင်ခုန်ခဲ့ရသည့် မုန်းရဲ့လက်ချွေးရှည်ရှည်များကို မြတ်နိုးစွာ ပွတ်သပ်ပေးရင်း ...



"ကိုယ့်ဘဝက အရမ်းကို ရှုပ်ထွေးတယ်၊ ဝက်ပါဆိုတဲ့ အတိုင်း တကယ့် အရှုပ်ဇယားကြီးပေါ့ မုန်းရယ်၊ ဒါပေမဲ့ အဲဒီဘဝကြီးကို မထင်မှတ်ထားတဲ့ အချိန်မှာ အရိပ်တစ်ခု ဖြာကျခံရတယ် ...

အဲဒီအရိပ်လေးက ဟောဒီက ဂမုန်းရိပ်လေးပဲပေါ့ မုန်းရယ်"

"အံမယ် ... ဒိုင်အသစ်ပါလား၊ သူ့ကိုယ်သူ မော်ဒန်စာရေးဆရာကြီး ကျနေတာပဲ"

"တကယ်ပြောတာ မုန်းရဲ့၊ ကိုယ်က ရှုပ်ထွေးလွင့်မျောနေတဲ့ မိုးတိမ်ကြီးပေါ့၊ အဲဒီအချိန်မှာ အရမ်းချစ်စရာကောင်းတဲ့ အရိပ်လေးတစ်ရိပ်က ဖြည်းဖြည်းချင်း ကျဆင်းလာတယ်၊ သူက ကိုယ့်ကမ္ဘာကို တစ်မျိုးတစ်ဖုံ အသက်သွင်းပေးခဲ့တယ်"

"ဘယ်လို အသက်သွင်းတာလဲ"

"သိမ်မွေ့အောင်၊ နူးညံ့သိမ်မွေ့မှု အင်အားတွေနဲ့ လှပအောင် ပြောင်းလဲပစ်ခဲ့တာပေါ့ မုန်းရယ်"

သူ့စကားအဆုံးမှာ မုန်းက အားပါးတရ အော်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ သူ့မိုးတိမ်ထက်သို့ လွင့်ဝဲဖြာဆင်းနေသော အရိပ်လေးကို မြတ်နိုးခြင်းကြီးစွာ တစ်မှိန်မှိန် ငေးကြည့်လျက်။

၀

စာဖတ်ပရိသတ်ကြီးအတွက်
သက်ဆုံးတိုင် ပေးဆပ်သွားမယ်

မြခွန်းချယ်
06 December, 2010
Monday
9:15 AM

www.burmeseclassic.com